

၂၀၁၁ ခုနှစ် စာပေဗိမာန်စာမူဆု
စာပေဒေသ ဒုတိယဆုရ

**အမှတ်ထင်ထင် ကနိုပုံရိပ်သွင်များ**

ရေးသူ - ရွှေဟသာ (မန္တလေးတက္ကသိုလ်)

အဖ ဦးတင်ရွှန်း အမိ ဒေါ်နန်းခိုင်တို့မှ ပုပ္ပားတောင် ယင်းမာပင်မြို့နယ်၌ ၁၉၃၇ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး ၁၉၅၉ ခုနှစ်တွင် သိပ္ပံဘွဲ့ ရရှိကာ ကျောင်းဆရာ အဖြစ် ထမ်းကိုင်ခဲ့သည်။

၁၉၆၀ ခုနှစ်တွင် စာတိုက်နှင့် ကြေးနန်းဌာန၌ ပြန်တမ်းဝင်အရာရှိအဖြစ် စတင်တာဝန်ထမ်းဆောင် ပြီး ၁၉၉၄ ခုနှစ်၌ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဆင့်ဖြင့် အငြိမ်းစားယူခဲ့သည်။

တက္ကသိုလ် ကျောင်းသားဘဝမှ စတင်၍ ကဗျာ ဆောင်းပါးနှင့် ဝတ္ထုတိုများ ရေးသားခဲ့သည်။ ဌာန ဆိုင်ရာ ဥပဒေများနှင့် သုတေသနစာတမ်းများကိုလည်း အလည်ရှင်းဖြင့်ပင် ရေးသားသည်။

၂၀၀၇ ခုနှစ်အတွက် ပုဂ္ဂလိကဦးထုပ်ဆောင်းစာပေဆုပြိုင်ပွဲ တွင် "အတွေ့အမြင်နှင့် အတွေးအမြင် ကဗျာများ" စာမူဖြင့် ကဗျာပေါင်းချုပ် တတိယဆု ရရှိသည်။

ယခုအခါ ရန်ကင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

အမည်ရင်း ဦးတင်ငြိမ်း ဖြစ်သည်။

နေရပ်လိပ်စာ - တိုက် (၂၇) အခန်း (၁)၊
အရှေ့ရန်ကင်း၊ ရန်ကင်းမြို့နယ်
ရန်ကုန်မြို့

အမှတ်ထင်ထင်ကနိုပုံရိပ်သွင်များ • ရွှေဟသာ (မန္တလေးတက္ကသိုလ်)

စာပေဗိမာန်စာမူဆုရ

# အမှတ်ထင်ထင်
# ကနိုပုံရိပ်သွင်များ

ရွှေဟသာ (မန္တလေးတက္ကသိုလ်)



၂၀၀၈ ခုနှစ်၊ စာပေဗိမာန်စာမူဆု
စာပဒေသာ ဒုတိယဆုရ

# အမှတ်ထင်ထင် ကနီပုံရိပ်သွင်များ

ရွှေဟင်္သာ (မန္တလေးတက္ကသိုလ်)

တည်းဖြတ်စီစဉ်သူ - ဒေါ်တင်တင်ဝင်း (ဒီဇင်ဘာမွန်း)
စာတည်း (တာဝန်ခံ)

အဖုံးပန်းချီ - ညီညီ

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၂၀၁၀ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ ၁၅၀၀

တန်ဖိုး ( ၄၅၀ ) ကျပ်

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေဗိမာန် စာတည်းမှူးချုပ်က
မှတ်ပုံတင်အမှတ် ၀၇၄၈၂ ဖြင့် ပုံနှိပ်၍
မှတ်ပုံတင်အမှတ် ၀၃၈၁၁ ဖြင့် ထုတ်ဝေသည်။

## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စု မပြိုကွဲရေး .... ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး .... ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး .... ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ေ
* မျိုးချစ် း။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# မာတိကာ


**အကြောင်းအရာ** — **စာမျက်နှာ**

**နိဒါန်း**

**အခန်း(၁)**

**ရှေးပဝေဏီ ရပ်ကန္ဒီ** ၁

- ကန္ဒီ (ကနီ) အမည်ခေါ်တွင်ရခြင်း
- ရွှေမြင်းဖြူတောင်စောင်းမှ မြို့ဟောင်းတစ်နေရာ
- မြင်းဖြူရှင်နတ်နှင့် ရွှေမြင်းဖြူတောင်

**အခန်း(၂)**

**ရှေးခေတ်ကန္ဒီနှင့် ပတ်သက်သူများ** ၁၁

- အဝေးရောက် ကန္ဒီစားများ
- အတွင်းဝန် ဦးဝိုက်
- ညောင်ဝန်း ဝန်ထောက် ဦးဖိုးအို

အကြောင်းအရာ — စာမျက်နှာ


**အခန်း(၃)**

**မြန်မာနိုင်ငံ၏ နောက်ဆုံးမြို့ဝန်နှစ်ဦး** ၁၇

- ကန္နီဝန် ဦးဒွေး ငယ်ဘဝ
- ဦးဒွေး မြို့ဝန်ဖြစ်လာပုံ
- မြို့ဝန်မင်း မြို့ဝင်ခန်း
- အင်္ဂလိပ်လက်ထက် ဦးဒွေး မြို့ဝန်ဆက်ဖြစ်ခြင်း
- ဦးဒွေးလုပ်ကြံခံရပုံ
- ဒုတိယကန္နီဝန် ဦးတုတ်
- ဦးတုတ်ကံကုန်ခြင်း

**အခန်း(၄)**

**မြို့ဝန်များနှင့် ခေတ်ပြိုင်ပုဂ္ဂိုလ်များ** ၅၁

- "ပုန်းမကြည်"စေတီ ဒါယကာ ခံမင်းကြီး ဦးအုန်းခိုင်
- မြို့သူကြီးမင်း ဝင်းမှူး ရွှေတားဗိုလ် ဦးဘုန်းမိ

**အခန်း(၅)**

**ရှေးကန္နီနှင့် နှောင်းကနီ** ၆၁

- မြန်မာမင်းများလက်ထက်က ကန္နီမြို့
- ကန္နီမှ ကနီသို့
- ဗျူရိုကရက် အရေးပိုင်နှင့် ကနီသူရဲကောင်းသုံးယောက်
- ဒုတိယကမ္ဘာစစ်မီးနှင့်အပြိုင် ကနီမီးကြီး


အကြောင်းအရာ — စာမျက်နှာ


**အခန်း(၆)**

**ဒုတိယကမ္ဘာစစ်ကာလမှ ဖ–ဆ–ပ–လခေတ်အထိ** ၈၃

- ဂျပန်ခေတ် ကနီ
- အင်္ဂလိပ် တစ်ကျော့ပြန်ကာလ အခြေအနေ
- ကနီသင်္ကြန် "ကျည်"ပက်ဟန်
- ဖ·ဆ·ပ·လ ခေတ် ကနီ
- မုံရွာခရိုင် "ကတောက်ပန်း"လှိုင်ခဲ့ချိန်က
- ဖ·ဆ·ပ·လ ချုပ်ငြိမ်းချိန်ကာလမှာ

**အခန်း(၇)**

**ထူးခြားထင်ရှား ကွယ်လွန်ပုဂ္ဂိုလ်များ** ၁၀၅

- ပဋိပတ် ကျက်သရေဆောင် ကနီဆရာတော် ဦးသောဘိတ
- ဝန်ထောက်ကြီး ဦးမဲ
- ပြိုင်ဘက်ရှားဆွန့် ဆရာကြီးဦးထွန်းညွန့်
- ပမာဆီမီးတိုင် ဆရာကြီးဦးထွန်းပိုင်
- စာရေးဆရာ ရုပ်ရှင်သရုပ်ဆောင် မင်းဏီ
- စာတို မောင်ညိုလိုလူ စံပြဦးဘသူ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **အခန်း(၈)** | |
| **ဆရာဟောင်းများနှင့် ကျောင်းနေဖက်များ** | ၁၂၇ |
| - မေ့ပျောက်မဖြစ် ထိုနှစ်နှစ် | |
| - ရောင်းရင်းတို့၏ တစ်ဦးချင်းပုံရိပ်များ | |
| **အခန်း(၉)** | |
| **အနှစ် (၄၀) ကျော်အတွင်း ပြောင်းလဲခြင်းအဖုံဖုံ** | ၁၄၃ |
| - လ·အ·က သမယမှာ | |
| - လမ်းစဉ်ပါတီ ခေတ်တွင် | |
| - တပ်မတော် အစိုးရလက်ထက်ဝယ် | |
| **အခန်း(၁၀)** | |
| **မရေရာသော ရှေ့ရေး** | ၁၆၃ |
| - အနာဂတ်မျှော်ရည် မြို့ကနီ | |
| **နိဂုံး** | ၁၆၇ |
| - ကျမ်းကိုးစာရင်း | |
| - နောက်ဆက်တွဲ | |


## နိဒါန်း

ကနီဖြစ်စဉ်များကို မည်သို့မှတ်တမ်းတင်ရမည်ကို စဉ်းစားလျက် ကာလအလျောက် ရှေ့နောက်အစီအစဉ်တကျ တင်ပြသွားရန် ရည်ရွယ်မိပါသည်။ စာရေးသူမသိမီလိုက်သော လွန်ခဲ့သည့် နှစ်ပေါင်း ၈၀ ကျော်အထက် ခေတ်သမယကို အတိတ်ကာလဟု လည်းကောင်း၊ ဤစာရေးချိန်မှအထက် နှစ်ပေါင်း ၇၀ အတွင်း စာရေးသူသိမီသည့် ခေတ်သမယကို ပစ္စက္ခကာလဟု လည်းကောင်း၊ ယခုစာရေးချိန်မှ နောင်လာမည့် အချိန်အခါကို အနာဂတ်ကာလဟု လည်းကောင်း သတ်မှတ်လိုပါသည်။

အတိတ်ကာလတွင်

- အနွတ္ထသညာ ကန္နီ ခေါ်တွင်စရာ
- မြင်းဖြူရှင်နတ်နှင့် ရွှေမြင်းဖြူတောင်
- ကန္နီမြို့နှင့် အဝေးရောက်နယ်စား ပယ်စားများ
- မြန်မာနိုင်ငံမှ နောက်ဆုံးမြို့ဝန်နှစ်ဦး
- ခုံမင်းကြီးနှင့်မျိုးဆက် ဥပဒေပညာရှင်များ
- လက်ယာဝင်းမှူး ရွှေစားဗိုလ်နှင့် မျိုးဆက်သူကြီးများ
- ကန္နီမှ ကနီသို့
- ဗျူရိုကရက်အရေးပိုင်၊ ကနီသူရဲကောင်းသုံးယောက်နှင့်
- ခေတ်ရေစီးကြောင်းအရ လူမှုစီးပွားပြောင်းလဲမှုများ

အကြောင်းတို့ ပါဝင်မည်ဖြစ်ပါသည်။

ပစ္စုပ္ပန်ကာလကို ဖော်ပြရာတွင်လည်း

- "စာတ်ဆီပုံး ဒုံးပျံ"များနှင့် မဟာမီးကျိန်း၊
- "ကျည်ဆန်"ပက်ကြသည့် သင်္ကြန်အကျနေ့၊
- ဖ.ဆ.ပ.လ ခေတ်က ပွင့်လန်းခဲ့သော ရောင်စုံပါတီပန်းများ၊
- ရေလယ်ခေါင်က သဘော်ဆိပ်၊
- "ပုန်းမကြည်စေတီ"ဒေသစာရီ၊
- သာသနိကနယ်ဝန်းမှာ ဖြစ်ထွန်းလာသည့် နတ်ကွန်းများ၊
- သီးသန့်မှတ်တမ်းတင်လိုသော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များ၊

စသည့်အကြောင်းတို့ ပါဝင်မည်ဖြစ်ပါသည်။

အထက်ပါအတိတ်နှင့် ပစ္စုပ္ပန်ကာလတို့တွင် ပါဝင်သောအကြောင်းခြင်းရာတို့မှာ စိတ်ဝင်စားဖွယ်ရာအဖြစ် ခြုံငုံဖော်ပြလိုခြင်းသာ ဖြစ်ပါသည်။ အခန်းများဖွဲ့ရာတွင် ခေါင်းစီးအမည်များအားလုံး ထပ်တူထပ်မျှရှိမည်မဟုတ်ပါ။

အတိတ်ကာလဖြစ်စဉ်များကို ဖော်ပြရာ၌ အစဉ်အလာပြောကြားခဲ့ကြသော ဥဒါန်းစကားများကို အခြေခံ၍လည်းကောင်း၊ အထောက်အထား မှတ်တမ်းများနှင့် တိုက်ဆိုင်ညှိနှိုင်း၍လည်းကောင်း တင်ပြသွားပါမည်။ ပစ္စုပ္ပန်ကာလဖြစ်စဉ်များကို ဖော်ပြရာတွင်လည်း ကိုယ်တိုင်ကြုံတွေ့သိမြင်ရသော အခြေအနေများကိုလည်းကောင်း၊ သက်ရှိထင်ရှားပုဂ္ဂိုလ်များထံ စုံစမ်းမေးမြန်း၍လည်းကောင်း၊ အထောက်အထားစာအုပ်စာတမ်းများနှင့် တိုက်ဆိုင်၍လည်းကောင်း တင်ပြသွားမည်ဖြစ်ပါသည်။

ခေတ်ကာလတစ်ရပ်၏ အခြေအနေကို ဖော်ပြရာတွင် ထိုခေတ်ကာလ၏ လူနေမှုအကြောင်းကို ဆက်စပ်ရိပ်စားလာနိုင်စေရန် ရည်မှန်းချက်ထားသကဲ့သို့ ဌာနေပုဂ္ဂိုလ်တို့အကြောင်း ဖော်ပြရာတွင်လည်း ထိုခေတ်ထိုအချိန်က အခြေအနေများကိုပါ အကဲခတ်ခွင့်ရစေရန် ရည်ရွယ်ချက်ထားပါသည်။ သို့ဖြစ်၍ ခေတ်ကာလအခြေအနေနှင့် ဌာနေပုဂ္ဂိုလ်တို့ အပြန်အလှန် ထင်ဟပ်မှုရှိစေခြင်းငှာ ကြိုးစားတင်ပြသွားပါမည်။

နောင်လာမည့်အနာဂတ်ကာလ၏ ကနီမြို့အလားအလာမှာ မသေချာ မရေရာသည့်ကိစ္စဖြစ်၍ "ရွှေဘိုမြို့နယ် ကျောက်မြောင်းမှ ဖြစ်တစ်ဖက်ကမ်းသို့ ရေအောက်ဥမင်လိုဏ်ခေါင်းတူးကာ ကားလမ်းဖောက်ခဲ့သည်ရှိသော်" ဟူသောခေါင်းစီးပါ စာစီစာကုံး တစ်ပုဒ်ကဲ့သို့ ရော်ရမ်းမှန်းဆလျက် တင်ပြသွားရမည်ဖြစ်ပါသည်။ ထို့ကြောင့် "မြို့လယ်ဘုရားကြီးသည် ရေလယ်ဘုရား ဖြစ်လာအံ့လော"ဟူ၍ တွေးတောထားပါသည်။

❖ ❖ ❖ ❖

# အခန်း (၁)

## ရှေးပဝေဏီ ရပ်ကန္ဒီ

### ကန္ဒီ (ကနီ) အမည် ခေါ်တွင်ခြင်း

**ဝက်ကြီး ကမ်းမှီ၊ ရပ်ဌာနီ၊ 'ကမ်းမှီ' ခေါ်သတတ်၊**
**ဗဒ္ဓုံနှင့်နီး၊ ကင်းတစ်သီး၊ 'ကင်းနီး' ခေါ်သတတ်၊**
**ချမ်းသာသုခီ၊ ပြည့်စုံဘိ၊ 'ကံနီ' ခေါ်ယူမှတ်၊**
**ကမ်းပါး မြေနီ၊ ရပ်ဌာနီ၊ 'ကမ်းနီ' ခေါ်တွင်မှတ်၊**
**ကန္ဒီ ထုပ္ပတ်၊ သမုတ်ဇာတ်၊ ဗျုပ္ပတ် အပေါင်းမှတ်။**

ယခုခေတ်စာလုံးပေါင်းအရ ကနီမြို့ကို ရှေးခေတ်က "ကန္ဒီမြို့" ဟု အရေးတွင်ခဲ့၏။ ကန္ဒီဟူသော ဝေါဟာရအမည်နာမကို စာရေးသူတို့၏ ဘိုးဘေးများလက်ထက်ကပင် ကြံဆခဲ့ကြဟန်ရှိသည်။ သို့ကြံဆရာ၌ အမည်ဗျုပ္ပတ်ကို ရာဇဝင်ပြုထားသည့် ပုံပြင်ဆန်သော တမင်လုပ်ဇာတ်များကို လေ့လာတွေ့ရှိပါသည်။

ပုဂံခေတ်က ပျူစောထီးမင်းသားသည် ဝက်ကြီးတစ်ကောင်ကို နှိမ်နင်းရန် လေးနှင့်ခွင်း၏။ ဝက်ကြီးလည်း မြားထိမှန်၍ ထွက်ပြေး၏။ ဝက်ကြီးသည် ပြေးလွှားရင်း မောပန်းသဖြင့် တစ်ခုသောကမ်းကို မှီ၏။ ထိုအရပ်ကို "ကမ်းမှီ"ဟု ခေါ်တွင်ခဲ့ရာမှ နောင်တွင် "ကမ်းနီ"

ဖြစ်လာပြီး "ကန္နီ"ဟု အရေးပြောင်းလာကြောင်း အဆိုရှိသည် တစ်ရပ်။ ဝက်ကြီးနောက်သို့ လိုက်သူမှာ ပုဂံပျူစောထီး မဟုတ်ဘဲ တကောင်းခေတ်မှ အိမ်ရှေ့မင်းသား ခေပဒူတ ဖြစ်ကြောင်းနှင့် ဝက်ကြီးမှီသော အရပ်ကို "ကမ်းမှီ"၊ ထိုမှ "ကမ်းနီ"၊ နောင်"ကန္နီ"ဖြစ်လာသည်ဟု အဆိုတစ်ရပ်တို့ ဖြစ်သည်။

တစ်ဖန် ပုဂံခေတ်က သလ္လာဝတီမြစ်ကမ်းတစ်လျှောက်တွင် ကင်းမြို့များ တည်ထားကြောင်း၊ ဗဒုံမြို့နှင့် အနီးဆုံးကင်းစခန်း ရှိရာ အရပ်ကို "ကင်းနီး" ဟု ခေါ်ဆိုခဲ့ရာမှ အခေါ်နာမ ရွေ့လျောလာကာ "ကန္နီ"ဖြစ်လာပုံရကြောင်း သုတေသီတစ်ဦးက ကြံဆစဉ်းစားသည်လည်း တစ်ရပ်ဖြစ်သည်။

ပါဠိဘာသာ၌ အားသန်သော ပုဂ္ဂိုလ်ကလည်း ပါဠိနှင့်နွှယ်၍ စဉ်းစားပြန်၏။ ချမ်းသာသုခအဝဝကို ဆောင်တတ်သော ဂုဏ်သကတ်ကြောင့်"ကံနိ"ဟူသော အမည်ခေါ်ဆိုခဲ့ရာမှ "ကန္နီ" ဟု ဆင့်ပွားပြောင်းလဲလာခဲ့သည်ဟု အဓိပ္ပာယ်ကောက်ယူသည်လည်း ရှိ၏။

"ကန္နီ" ဟူသော အရပ်ဒေသအမည်နာမ၏ ဗျုပ္ပတ်အကြောင်း ယခုရေးသားနေရင်း အရပ်ဒေသတစ်ခု၏ အမည်စာလုံးပေါင်းကို စာရေးသူကိုယ်တိုင် လုပ်ကြံဖန်တီးခဲ့သော ဇာတ်လမ်းတစ်ရပ်ကို ပြန်လည်အမှတ်ရမိပါသည်။

စာရေးသူတို့လက်ရှိ နေထိုင်ရာမြို့နယ်တွင် "ဗိုလ်ချိုမြေ" အမည်နှင့်တွဲ၍ ကလောင်အမည်ခံသော ဆရာမတစ်ဦးရှိ၏။ သူ၏ ဇာတိအရပ်ဒေသမှာ "သေရောက်" ဖြစ်သည်။ သူ့အရပ်ဒေသကို "ငါ့သရောက်"ဟု စာလုံးပေါင်းဖြင့် ရေးသားသုံးနှုန်းသည်ကို စာနယ်ဇင်းများတွင် တွေ့ဖူး၍ မည်သို့သောအကြောင်းကြောင့် ထိုကဲ့သို့ စာလုံး



ပေါင်းရသည်ကို မြို့နယ်စာပေဆွေးနွေးပွဲတစ်ခု၌ ယင်းအားမေးကြည့်ရာ သူလည်းမသိကြောင်း ဖြေကြားသည်။

ဤတွင် စာရေးသူက တန်ဖိုးပွတ္တိဉာဏ်ကိုသုံး၍ ယုတ္တိယုတ္တာ ကျကျ ပြောပြမိပါသည်။ ပုဂံခေတ် အနော်ရထာမင်းလက်ထက်က ရဟန်းဝတ်နှင့်ရှိသော ကျန်စစ်သားလောင်းလျာအား လူဝတ်လဲစေပြီး မင်းမှုထမ်းစေသောအချိန်က ယာယီစံနန်းတွင် စံမြန်းလျက်ရှိသည့် အနော်ရထာမင်းက "ငါ့သား ရောက်ပြီ၊ ငါ့သား ရောက်ပြီ"ဟု ဥဒါန်းကျူးရင့်လိုက်၍ ထိုအရပ်ကို "ငါ့သားရောက်" ဟု ဆိုစမှတ်ရှိခဲ့ရာမှ နောင်ကာလ၌ "ငါ့သရောက်"ဟု ဖြစ်လာကြောင်း ခပ်တည်တည် လုပ်ကြံဖြီးဖြန်း ပြောဆိုလိုက်ရာ ဆွေးနွေးပွဲတက်ရောက်သူအားလုံးက ယုတ္တိတန်မှုအတွက် ပြုံးစစနှင့် လက်ခံလိုက်ကြပါသည်။

× × × × ×

## ရွှေမြင်းဖြူတောင်ခေါင်းမှ မြို့ဟောင်းတစ်နေရာ

**'ရွှေမြင်းဖြူ'စောင်း၊ ချုံနွယ်အောင်း၊ အုတ်ဟောင်းမြို့ရိုးရှိ၊**
**နယ်စားပယ်စား၊ ကင်းစောင့်ထား၊ သီးခြား စိုးဖွယ်တည့်၊**
**ကန္နီစားသူ၊ နော်ရထာဟူ၊ မြင်းဖြူရှင်ဖြစ်၏။**

## မြို့၏တည်နေရာ

ရှေးခေတ်က ကန္နီမြို့၏ကနဦးနေရာမှာ ရွှေမြင်းဖြူတောင်ကုန်းပေါ်တွင် ရှိခဲ့ဖွယ်ရာရှိသည်။ ယခုအခါ ရွှေမြင်းဖြူတောင်ကုန်းပေါ်တွင် ချုံနွယ်တို့ဖုံးအုပ်လျက်ရှိသည့် မြို့ရိုးဟောင်းဟု ယူဆစရာ



ပုံ- ၁။ ရွှေမြင်းဖြူတောင်ပေါ်ရှိ မြို့ရိုးဟောင်းမှ အုတ်ချပ်များ

ထောင့်မှန်စတုဂံပုံသဏ္ဍာန် အုတ်ရိုးကြောင်းကြီး ဖွဲ့တည်လျက်ရှိသည်ကို တွေ့မြင်ရဆဲဖြစ်၏။ (ပုံ-၁ ရှု။) မြို့ရိုးဟုဆိုရသော်လည်း မင်းနေပြည်တော် ဖြစ်ခဲ့ပုံမရ။ ကင်းစောင့်တပ်မြို့ သို့မဟုတ် နယ်စားပယ်စား အုပ်စိုးသည့်မြို့ ဖြစ်တန်ရာပါသည်။ ကနီစားနော်ရထာသည် ပေ ၂၀၀ မြင့်သော ရွှေမြင်းဖြူတောင်ကုန်းထက်မှ ချင်းတွင်းမြစ်အတွင်းသို့ မြင်းဖြူကြီးနှင့်တကွ ထိုးချကွယ်လွန်ခဲ့၍ မြင်းဖြူရှင်နတ် ဖြစ်ခဲ့ရကြောင်းကို သီးခြားဖော်ပြထားပါသည်။

လက်ရှိကနီမြို့၏ တည်နေရာမှာ ချင်းတွင်းမြစ်၏တောင်ဘက်ကမ်းပေါ်၌တည်ရှိသည်။ ကနီမြို့အထက် နှစ်မိုင်ခန့်စ၍ ကနီမြို့အောက် လေးမိုင်ခန့်အထိ ချင်းတွင်းမြစ်သည် အနောက်မှအရှေ့သို့ စီးဆင်းလျက်ရှိ၏။ မြို့၏မြောက်ဘက်တွင် ချင်းတွင်းမြစ်၊ တောင်ဘက်တွင် ရွှေစည်းခုံဘုရားတောင်ကုန်း၊ အရှေ့ဘက်တွင် ရေဝါချောင်း၊



အနောက်ဘက်တွင် ရွှေမြင်းဖြူတောင်ကုန်းနှင့်တောတောင်ခင်တန်းများ ဝိုင်းရံလျက်ရှိသည်။

ကနီမြို့၏ တည်နေရာသည် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ၊ ၅၁ မိနစ်နှင့် မြောက်လတ္တီတွဒ် ၂၂ ဒီဂရီ၊ ၂၆ မိနစ်၊ စက္ကန့် ၃၀ အကြားတွင် တည်ရှိခြင်းဖြစ်သည်။ အဖြောင့်တိုင်းသော် နေပြည်တော် (ပျဉ်းမနား)မှ ၁၈၃ မိုင်ခန့် ဝေး၍ ရန်ကုန်မြို့မှ ၄၀၄ မိုင်၊ မန္တလေးမြို့မှ ၉၃ မိုင်ဝေး၏။ ပင်လယ်ရေမျက်နှာပြင်အထက် ၂၆၅ ပေ အမြင့်တွင်တည်ရှိသည်။

လူနေမှုနှင့် အိမ်ခြေအခြေအနေကို ဖော်ပြရသော် ဗြိတိသျှ အစိုးရတက်စလောက်က အိမ်ခြေ ၂၀၀ ခန့်နှင့် လူဦးရေ ၁၀၀၀ ကျော်လောက်သာ ရှိခဲ့သော်လည်း ၁၉၂၈ ခုနှစ် မြို့နယ်မှတ်တမ်းအရ အိမ်ခြေ ၅၀၀ ကျော်ရှိပြီးလူဦးရေ ၃၀၀၀ ကျော်အထိ တိုးတက်များပြားလာသည်ကို တွေ့ရသည်။ ဤစာရေးချိန် ၂၀၀၈ ခုနှစ်တွင် အိမ်ခြေ ၆၅၀ ခန့်နှင့် လူဦးရေ ၄၀၀၀ ခန့်ရှိလောက်ပြီဟု တွက်ချက်ရပါသည်။

× × × × ×

## မြင်းဖြူရှင်နတ်နှင့် ရွှေမြင်းဖြူတောင်

**‘ကနီမင်းမှူး၊ ဘုရင်ခံတစ်ဆူ၊ ရန်သူရောက်လာငြား၊**
**မြင်းနှင့်တကွ၊ တောင်ကုန်းမှ၊ ခုန်ချ ကံကုန်သွား၊**
**‘မြင်းဖြူရှင်နတ်’၊ ခေါ်တွင်လတ်၊ နယ်သတ် အပိုင်စား၊**
**‘ရွှေမြင်းဖြူတောင်’၊ အမည်ဆောင်၊ နတ်မောင် သူ့ကြောင့်လား။**

ကနီမြို့၏အနောက်ဘက်တွင် တောင်ကုန်းတစ်ခုရှိသည်။ ထိုတောင်ကုန်းကို "ရွှေမြင်းဖြူတောင်" ဟု ခေါ်၏။ ချင်းတွင်းမြစ်ညာမှ စုန်ဆင်းလာလျှင် "မဲတင်" ရွာကို လွန်၍ မြစ်ကွေ့ကျော်သည်နှင့် ထိုတောင်ကုန်းပေါ်က ဘုရားကို ဖူးမြင်ရသည်။ ထိုနည်းတူစွာ မြစ်ကို ဆန်တက်လာပါက "နတ်ကြီး" ရွာအလွန် "မယ်အူကြီး" အစု ကျော်လာသောအခါ ရွှေမြင်းဖြူတောင်နှင့် တောင်ပေါ်ကဘုရားကို ဖူးမြင်ရသည်။ ရွှေမြင်းဖြူတောင်ကို အစွဲပြု၍ ထိုဘုရားစေတီကို "ရွှေမြင်းဖြူဘုရား" ဟု ခေါ်ကြသည်။ (ပုံ-၂ ရှု။)

အထက်ပါတောင်သည် ကမ္ဘာတည်ကတည်းက ရှိလာခဲ့ပေလိမ့်မည်။



ပုံ- ၂။ ရွှေမြင်းဖြူတောင်ပေါ်ရှိ ဘုရားစေတီတော်များ



"ရွှေမြင်းဖြူတောင်" ဟု အဘယ်ကြောင့် အမည်တွင်ပါသနည်း။ ထိုတောင်နှင့် "ကန္နီမြင်းဖြူရှင်" နတ်တို့ မည်သို့ဆက်စပ်ပါသနည်း။

မြန်မာနိုင်ငံတွင် မိရိုးဖလာကိုးကွယ်ကြသည့်နတ်များတွင် "မြင်းဖြူရှင်" နတ်လည်း ပါဝင်၏။ "မြင်းဖြူရှင်" ဟု ခေါ်တွင်သော နတ်အမည်တစ်ခုတည်းဖြင့် ထိုအမည်ခံယူထားသော နတ်လေးဦး ရှိသည်။ ထိုလေးဦးတွင် "ကန္နီမြင်းဖြူရှင်" လည်း တစ်ဦးအပါအဝင် ဖြစ်သည်။

ပုဂံခေတ်ကဟု အဆိုရှိ၏။ မည်သည့်မင်းလက်ထက်ကဟု မသိရပါ။

"နော်ရထာ" ဟု ခေါ်သော ကန္နီစားသည် ပုဂံမင်းအား သစ္စာခံသော ဘုရင်ခံတစ်ပါးဖြစ်သည်ဟူ၏။ ထိုကန္နီစားနော်ရထာသည် လူသူလက်နက်အင်အား အတန်ကောင်းလာသောအခါ ပုဂံပြည့်ရှင်အား မရိုမသေမခန့်ညားဘဲ ဆက်သမြဲလက်ဆောင်ပဏ္ဏာကို မဆက်မသနေ၏။ ထို့ကြောင့် ပုဂံနန်းစံ ဘုရင့်တပ်သည် အလုံးအရင်းနှင့် ကန္နီမြို့သို့ ရေကြောင်းဖြင့် ချီလာ၏။ ကန္နီစားသည် အင်အားမမျှကြောင်း သဘောပေါက်ထား၏။ အညံ့ခံလျှင်လည်း သေဘေးကလွတ်မည် မဟုတ်ကြောင်းသိသဖြင့် သေရမည့်အတူတူ တစ်ပါးသူ၏သုတ်သင်မှု ကို မခံယူလို၊ မိမိကိုယ်မိမိ အဆုံးစီရင်တော့အံ့ဟု အကြံဖြစ်ကာ သူ၏မြင်းဖြူကြီးကို စီး၍ ကန္နီတောင်ရိုးအတိုင်း မြင်းကိုစိုင်းပြီး မြစ်ထဲသို့ မြင်းနှင့်တကွ ထိုးချရင်း ရေတွင်နစ်မွန်းလျက် အသက်ဆုံးခဲ့၏။

လူ့ဘဝမှ စုတေလျှင် နတ်စိမ်းဘဝသို့ ရောက်၏။ ပုဂံဘုရင် မြစ်ကို စုန်လေသောအခါ ဖောင်တော်ကို ဆွဲထား၏။ ဘုရင်က

ကြိမ်စကြာဖြင့် ရိုက်၍ခေါ်သည်နှင့် နတ်စိမ်းပေါ်လာပြီး သူ့အားနေရာပေးရန် လျှောက်ထား၏။ ဘုရင်လည်း ၎င်းအား ချင်းတွင်းမြစ်ရိုးတွင် "မြင်းဖြူရှင်"ဟု အမည်ခံ၍ အပိုင်စားခွင့်ပြုလိုက်သောကြောင့် "ကန္နီမြင်းဖြူရှင်"ဟု အမည်ထင်ရှားလာကာ မိရိုးဖလာနတ်တစ်ပါးအဖြစ် ပေါ်ပေါက်လာခဲ့ကြောင်း မှတ်သားသိရှိခဲ့ရပေသည်။

ယခုကဲ့သို့ တင်ပြရခြင်းသည် နတ်သမိုင်းစာတမ်းကို မှီငြမ်းကိုးကားခြင်းမဟုတ်။ အစဉ်အလာစကားကို ကြားဖူးသည့်အတိုင်း ဖော်ပြရခြင်းသာ ဖြစ်၏။

"ကနီမြို့နယ်မှတ်တမ်း" (၁၉၇၉)တွင် ဖော်ပြထားပုံမှာ နတ်သမိုင်းမူကွဲ ဖြစ်သည်။ ပုဂံအနော်ရထာမင်းလက်ထက်တွင် ကန္နီစားအား ကန္နီနော်ရထာဘွဲ့ဖြင့် အုပ်ချုပ်စေခဲ့သည်ဟု ဆိုထား၏။ ကန္နီနော်ရထာပုန်ကန်သောကြောင့် ဘုရင့်တပ်သားများက လိုက်လံတိုက်ခိုက်ရာ ကန္နီစား ရှုံးပြီး တောင်ကုန်းပေါ်မှ လူရောမြင်းပါ မြစ်အတွင်းသို့ ခုန်ချ၍ မိမိကိုယ်မိမိ အဆုံးစီရင်လိုက်ကြောင်းနှင့် မြင်းဖြူရှင်နတ်ဖြစ်လာကြောင်း ဖော်ပြထား၏။ သို့ရာတွင် ကန္နီမြင်းဖြူရှင်နတ်နှင့် စပ်လျဉ်း၍ ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းငယ်နတ်များအကြောင်း ဖော်ပြသကဲ့သို့ မြန်မာရာဇဝင်၌ ဖော်ပြထားသည်ကို မတွေ့ရပါ။

၂၀၀၈ ခုနှစ် စက်တင်ဘာလအတွင်းက စာရေးသူသည် မန္တလေးတက္ကသိုလ်၊ စိတ်ပညာဌာန၊ အငြိမ်းစားပါမောက္ခ ဦးခင်မောင်သန်းနှင့် တွေ့ဆုံဆွေးနွေးရာတွင် ၎င်း၏အဆိုအရ ရှေးမြန်မာကျေးလက်ဒေသရပ်ရွာများတွင် ရွာအဝင်သို့မဟုတ် ရွာ့ပြင်ထိပ်၌ ဓားဆောင်ထားသော နတ်ရုပ်၊ အနီရောင်ဦးပေါင်းရှိသောနတ်ရုပ် သို့မဟုတ် မြင်းဖြူစီးသော နတ်ရုပ်ထားရှိကာ ရွာတော်ရှင်၊ နယ်တော်



ရှင်၊ အရှင်ကြီး၊ ဘိုးဘိုးကြီး၊ မြင်းဖြူရှင်စသည့် အမည်များ တပ်၍ ကိုးကွယ်သည့် အလေ့အထရှိကြောင်း သိရပါသည်။

မြင်းဖြူရှင်နတ်ကို အကြောင်းပြု၍ ကန္နီတောင်ကို "ရွှေမြင်းဖြူတောင်"ဟု ခေါ်ဆိုကြောင်း စာရေးသူငယ်ရွယ်စဉ်ကပင် မှတ်သားလာခဲ့ရပါ၏။ သို့သော် "မြင်းဖြူရှင်နတ်"ဟူ၍ မပေါ်ပေါက်မီက ထိုတောင်ကုန်းကို တစ်စုံတစ်ခုသောအမည်ဖြင့် ခေါ်ဝေါ်ခဲ့ကြပေလိမ့်မည်။ မည်သို့ခေါ်ဝေါ်ခဲ့သည်ကိုမူ မသိရှိရပါ။

❖ ❖ ❖ ❖

# အခန်း (၂)

## ဈေးခေတ်ကန္နီနှင့် ပတ်သက်သူများ

### အဝေးရောက် ကန္နီစားများ

**ခရီးမပေါက်၊ မြို့စားမြောက်၊ အဝေးရောက်မြို့စားပင်၊**
**ကံကျွေးချထား၊ ကန္နီစား၊ ဖြစ်ပွား စစ်ပွဲဝင်။**

ရာဇဝင်စာမျက်နှာများပေါ်တွင် ပတ်ပတ်နပ်နပ် ရှာဖွေကြည့်လျှင် ကန္နီစားများအကြောင်းကို အပ်ကျမပ်ကျ တွေ့မြင်နိုင်ပါသည်။

ပုဂံခေတ်မှ ကုန်းဘောင်ခေတ်တိုင်အောင် မင်းညီမင်းသားနှင့် သူရဲကောင်းတို့အား ၎င်းတို့၏အမှုတော်ထမ်းခြင်း အောင်မြင်မှုအပေါ် ဘုရင်မင်းတို့က ကန္နီစားများအဖြစ် ချီးမြှောက်ခန့်အပ်အုပ်ချုပ်စေခဲ့သည်ကို လေ့လာတွေ့ရှိရ၏။ မြို့စားဟု ဆိုလင့်ကစား ကန္နီတွင် အခြေတကျ နေရသည်မဟုတ်။ အဝေးရောက်မြို့စားများသာ ဖြစ်၏။ သစ္စာခံထားသော ဘုရင့်အတွက် "သူ့ဆန်စား၍ ရဲရသည့်"အတိုင်း အမှုတော်ထမ်းရင်း အစဉ်သဖြင့် စစ်တိုက်ထွက်နေရသည်ကိုသာ တွေ့ရှိရပေသည်။

သက္ကရာဇ် ၇၀၄ ခုနှစ်တွင် ပင်းယ၌ နန်းတက်သော ကျော်စွာဘုရင်လက်ထက်တွင် ညီတော်နော်ရထာအား ပင်လယ်မြို့ကို စားစေခဲ့၏။ နောင်တွင် နော်ရထာသည် စစ်ကိုင်း မင်းရဲကြီးထံ ပေါင်းမိပြီး

နောက် ကန္နီမြို့ကို စားရ၏။ ထို့ကြောင့်ပင် မှန်နန်းရာဇဝင်နှင့် မဟာရာဇဝင်ကြီးတို့တွင် ကန္နီနော်ရထာအဖြစ် မှတ်တမ်းတင်ထားသည်ကို လေ့လာတွေ့ရှိရသည်။

ကန္နီသည် ရှေးခေတ်မြန်မာမင်းများလက်ထက်က အုပ်ချုပ်ရေးနှင့် စစ်ရေးအရ အချက်အချာကျသောကြောင့် ရှမ်းမင်းများလည်း မျက်စိကျခဲ့သည်။ သက္ကရာဇ် ၈၈၈ သိုဟန်ဘွားလက်ထက်တွင် ထိုစဉ်က ကန္နီစားသည် ရှမ်းတို့၏သစ္စာကို ခံခဲ့၏။ ဘုရင်နရပတိသည် အိမ်ရှေ့မင်းသားအား ကန္နီကိုတိုက်စေရာ အောင်မြင်ခဲ့၏။ သို့သော် အိမ်ရှေ့မင်းသားသည် ကန္နီတွင် ခေတ္တစံနေတော်မူစဉ်အတွင်း ညချင်းဖျား၍ ကံကုန်ကြောင်း ရာဇဝင်၌ လာရှိသည်ကို တွေ့ရသည်။

ခရစ်နှစ် ၁၆၆၀ ပြည့်နှစ်က တရုတ်တို့အား အောင်နိုင်ခြင်းကို အကြောင်းပြု၍ မင်းရဲနန္ဒမိတ်အား ရွှေကြိုးရွှေက ပေးနှင်းကာ ကန္နီကို ကံကျွေးခံရကြောင်းကိုလည်း ရာဇဝင်တွင် ကမ္ပည်းတင်ထားသည်ကို တွေ့ရပေသည်။

သက္ကရာဇ် ၁၁၂၅ ခုနှစ်တွင် တတိယအင်းဝမြို့တည် ဆင်ဖြူရှင်မင်း၏ သမီးတော် မင်းရွှေဥသည် ကန္နီကို စားရကြောင်းနှင့် နောင်တွင် ပုဂံမိဖုရားဖြစ်လာကြောင်း ရာဇဝင်၌ ပါရှိသည်။ ယင်းမင်းရွှေဥသည် အဝေးရောက် ကန္နီမြို့စားမင်းသမီးပင် ဖြစ်၏။

ကုန်းဘောင်ခေတ်မှာပင် ဦးရွှေအောင်မည်သော ပုဂ္ဂိုလ်သည်လည်း အဝေးရောက်ကန္နီမြို့ဝန်ဖြစ်ကြောင်း ဦးမောင်မောင်တင် (၁)၊ K.S.M, A.T.M ပြုစုသော ကုန်းဘောင်မဟာရာဇဝင်တော်ကြီး တတိယတွဲတွင် လေ့လာတွေ့ရှိရ၏။ (ပုံ- "၃"ရှု)

× × × × ×





ပုံ- ၃။ အဝေးရောက် ကနီမြို့ဝန် ဦးရွှေအောင်

## အတွင်းဝန် ဦးဝိုက်

**'တွင်းရွာ'ရပ်ဆီ၊ ဦးဝိုက်မှီ၊ ကန္နီအတွင်းဝန်မင်း။**

**'နေမျိုးနရာ၊ ရွှေတောင်'သာ၊ အရာ ရှေ့နေမင်း၊**

**'သိရိသင်္ခယာ'၊ ဘွဲ့'မဟာ'၊ ဂုဏ်ဝါ နေသို့လင်း၊**

**ဗေဒင်ပညာ၊ ကျွမ်းကျင်ရာ၊ များစွာ ကျမ်းပြုခြင်း။**

အတိတ်ကာလ ရတနာပုံခေတ်က ကန္နီတိုက်နယ်၊ ယခုခေတ် ကနီမြို့နယ်အတွင်းတွင် ဗေဒင်ပညာရပ်၌ တစ်ဖက်ကမ်းခပ် တတ်မြောက်ကျွမ်းကျင်သော ပုဂ္ဂိုလ်တစ်ဦး ရှိခဲ့ဖူးသည်။ ထိုပုဂ္ဂိုလ်မှာ "တွင်းရွာ"ဇာတိဖွား ဦးဝိုက်ဆိုသူ ဖြစ်သည်။ ဦးဝိုက်သည် မင်းတုန်းမင်းကြီး၏ မိဖုရားခေါင် စကြာဒေဝီမိဖုရားကြီး၏ အမှုတော်ထမ်း ဖြစ်ခဲ့၏။

နောင်တွင် အတွင်းဝန်ရာထူး၌ ခန့်အပ်ခြင်းခံခဲ့ရ၍ ကန္နီအတွင်းဝန် "မဟာသီရိသင်္ခယာ" ဘွဲ့ခံ ဦးဝိုက်ဟု ထင်ရှားသူဖြစ်သည်။

အတွင်းဝန် ဦးဝိုက်သည် ဗေဒင်ပညာတွင် သူမတူအောင် ကျွမ်းကျင်ခြင်းမှာ အမှတ်ထင်ထင်ရှိသည်။ မင်းတုန်းမင်းတရားကြီးအား ပတိမ်းမင်းသားက ထောင်ထားခြားနား ပုန်စားပုန်ကန်ပြုခဲ့ရာ "ပတိမ်းမင်းသားသည် အောင်မြင်မှုရမည်မဟုတ်၊ မင်းတရားကြီးကသာ နိုင်နင်းအောင်မြင်မည်" ဟု ဦးဝိုက်က အတိအကျ ဟောပြခဲ့သည်။ ဟောသည့်အတိုင်းပင် ကေန်အမှန် ဖြစ်လာသည်။

ဗေဒင်နက္ခတ်အတတ်တို့၌ ဦးဝိုက်၏ ထောင့်စုံအောင် တတ်မြောက်မှုမှာ မြန်မာပညာရှိများတွင်သာမက ပုဏ္ဏားပရောဟိတ် ဝေဒပဏ္ဍိတ်များ အလယ်၌ပင် ပေါ်လွင်ထင်ရှားသည်။ ပုဏ္ဏားဝေဒပညာရှင်ကြီးများသည် ဦးဝိုက်ထံ ချဉ်းကပ်၍ နည်းနာနိဿယခံယူကြရကြောင်း မှတ်သားသိရှိရသည်။

ဦးဝိုက်သည် ဗေဒင်ကျမ်းပေါင်း သုံးဆယ်ခန့်ကို ပြုစုခဲ့ကြောင်း အမှတ်အသားရှိ၏။ အဆိုပါကျမ်းများအနက် နက္ခတ္တပုံပြကျမ်း၊ နေသရကျမ်း၊ လသရကျမ်းတို့မှာ မှတ်တမ်းအဖြစ်ကျန်ရှိကြောင်း သိရသည်။

ဦးမောင်မောင်တင်(၁)ပြုစုသော "ကုန်းဘောင်မဟာရာဇဝင်တော်ကြီး တတိယတွဲ" တွင် ဦးဝိုက်၏ဘွဲ့ကို "နေမျိုးနရာ ရွှေတောင်" ဟူ၍ လည်းကောင်း၊ ရာထူးကို "အမိန့်တော်ရ" ဟူ၍လည်းကောင်း တွေ့ရသည်။ ယင်းဘွဲ့နှင့်ရာထူးတို့သည် အတွင်းဝန်မဖြစ်မီ ပျို့ရွယ်စဉ်အခါက ရခဲ့ခြင်းဖြစ်လေမလား၊ အတွင်းဝန်ဖြစ်ပြီးနောက်မှရခြင်းဖြစ်လေမလား စဉ်းစားစရာရှိသည်။

× × × × ×



## ညောင်ဝန်း ဝန်ထောက် ဦးဖိုးအို

**'ကန္နီမြောက်ယွန်း၊ ရွာညောင်ဝန်း၊ ပေါ်ထွန်း ဦးဖိုးအို'၊**
**'မဟာမင်းခေါင်၊ သင်္ခယာ'ဆောင်၊ ဂုဏ်ရောင် ဘွဲ့နှင့်ကို။**

ကုန်းဘောင်ခေတ် အမရပူရနန်းစံ သာယာဝတီမင်းလက်ထက်တွင် မြန်မာဓမ္မသတ်ကျမ်းများကို နှုတ်တက်ကျက်မှတ်ကာ အာဂုံဆောင်နိုင်သော ပုဂ္ဂိုလ်တစ်ဦးပေါ်ထွန်းခဲ့သည်မှာ ပုံပြင်မဟုတ်ပါချေ။ သူသည် ဓမ္မသတ် ဖြတ်ထုံးများကို ထုံးလိုခြေ ရေလိုနှောက်ကာ ကောင်းစွာတတ်မြောက်၍ ပိုင်နိုင်လှပေ၏။ ထိုပုဂ္ဂိုလ်ကား ညောင်ဝန်းဝန်ထောက်ဟု လူသိများသော "မင်းကြီးမဟာမင်းခေါင်သင်္ခယာ" ဘွဲ့ခံ ခရိုင်မင်းကြီး ဦးဖိုးအိုပင် ဖြစ်တော့သည်။

ဦးဖိုးအိုသည် ကန္နီစီရင်စု ညောင်ဝန်းရွာ ဇာတိဖြစ်သည်။ သက္ကရာဇ် ၁၁၈၈ ခုနှစ် နတ်တော်လဆန်း ၆ ရက် အင်္ဂါနေ့တွင် သတို့သားငယ် မောင်ဖိုးအိုကို အဖ ညောင်ဝန်းသူကြီး ဦးမှန်၊ အမိ ဒေါ်မင်းပုတို့မှ ဖွားမြင်သည်။ တရားဓမ္မသတ် ဖြတ်ထုံးများကို လေ့လာတတ်မြောက်ပြီး အသက် ၁၈ နှစ်တွင် အမရပူရမြို့သို့တက်၍ ရှေ့နေ လိုက်သည်။ ပုဂံမင်းလက်ထက် ကန္နီတွင် အစီရင်ကြီးတာဝန်ယူရ၏။ ထိုကာလအတွင်း ဦးဖိုးအို၏ဂုဏ်သတင်းကို ကြားသိရသော မောင်း ထောင် ဒုတိယသာသနာပိုင် ဆရာတော်က ခေါ်ယူပြီး တရာဓမ္မသတ် ဖြတ်ထုံးများဆိုင်ရာ မေးခွန်းများကို မေးမြန်းကြည့်ရာ သဘောကျ နှစ်ခြိုက်တော်မူသဖြင့် ဦးဖိုးအို၏ကောင်းသတင်းကို မင်းတုန်းမင်းကြီး ထံသို့ ပါးတော်မူ၏။

မင်းတုန်းမင်းတရားလည်း ဦးဖိုးအိုအား နေပြည်တော်သို့ ခေါ်ယူကာ အမှုတော်ကို ထမ်းရွက်စေ၏။ ၎င်း၏အရည်အသွေးကို အားရတော်မူသောကြောင့် လွှတ်တော်စာရေးကြီးအဖြစ် ခန့်ထားတော်မူပြီး "မင်းလှသခ်ယာ"ဘွဲ့ကိုလည်း အပ်နှင်းတော်မူ၏။ ထို့နောက် နှစ်မြို့ဝန်၊ သုံးမြို့ဝန်၊ လေးမြို့ဝန် အဆင့်ဆင့်တိုးမြှင့် ခန့်ထား၏။

၁၂၄၀ ပြည့်နှစ် သီပေါမင်းနန်းတက်သောအခါ ဦးဖိုးအိုသည် သံအရာရှိဖြစ်လာပြီး ဆင်းမလားမြို့သို့ စေလွှတ်ခြင်းခံရသည်။ ၁၂၄၅ ခုနှစ်တွင် "မင်းကြီးမဟာမင်းခေါင်"ဘွဲ့နှင့် ချင်းတွင်းကြောင်း ခရိုင်မင်းကြီးဖြစ်လာ၏။ ၁၂၄၇ ခုနှစ် သီပေါမင်းပါတော်မူပြီးနောက် ငြိမ်သက်အေးချမ်းရေးအတွက် ဗြိတိသျှတို့နှင့်အတူ လွှတ်တော်ဝန်ကြီးများ အဖွဲ့တွင် ပါဝင်ကွပ်ကဲရ၏။ ဒုတိယတရားမ တရားသူကြီးအဖြစ်လည်း တာဝန်ယူခဲ့ရပြီး ၁၂၄၈ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

ဦးဖိုးအိုသည် ညောင်ဝန်းသူဒေါ်မွှေးအုံနှင့် ၁၂၀၆ ခုနှစ်က လက်ထပ်ခဲ့သည်။ သားကြီး မြေဒူးဝန် မောင်မောင်ကြီး၊ သားငယ် မောင်မောင်ကလေးနှင့် သမီးခင်ခင်လေးတို့ ထွန်းကားသည်။ မောင်မောင်ကြီးသည် ယောမင်းကြီးဦးဘိုးလှိုင်၏သမီးနှင့် လက်ဆက်သည်။

၁၈၇၉ ခုနှစ်က ကနီမြို့နယ်မှတ်တမ်းတွင် ဦးဖိုးအိုနှင့် ဒေါ်မွှေးအုံတို့တွင် တစ်ဦးတည်းသော သားသာရှိကြောင်း ဖော်ပြထား၍ ၁၉၈၂ ခုနှစ် မြို့နယ်မှတ်တမ်းတွင် သားနှစ်ယောက်နှင့် သမီးတစ်ယောက် ရှိကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။

❖ ❖ ❖ ❖

# အခန်း (၃)

## မြန်မာနိုင်ငံ၏ နောက်ဆုံးမြို့ဝန်နှစ်ဦး

### ကန္နီဝန်ဦးဒွေး ယယ်ဘဝ

**'ကိုဒွေးဆိုသူ၊ အာဂလူ၊ ဘယ်သူ ယှဉ်မလဲ၊**
**သူခိုး ခိုးမှု၊ ပြန်ခိုးယူ၊ စွမ်းသူ ကိုဒွေးပဲ။'**

ကုန်းဘောင်ခေတ် ဘကြီးတော်မင်းတရားလက်ထက်လောက်က ကန္နီမြို့တွင် လူကုံထံစာရင်းဝင် မယ်လယ်ရောက်သည် ကိုရွှေဘူးနှင့် အိမ်ထောင်ကျသည်။ ကိုရွှေဘူးသည် မင်းမှုထမ်းလော၊ အသည်သားလော အတိအကျ ခွဲခြားပြောနိုင်ပါသည်။ ကနီမြို့နယ်မှတ်တမ်း (၁၉၈၂) မှ စာမျက်နှာ ၁၆ ၌ ဦးရွှေဘူးသည် မဲတင်ရွာသူကြီးဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။

ဦးရွှေဘူးနှင့်ဒေါ်လယ်ရောက်တို့တွင် သားသမီးကိုးယောက် ထွန်းကားသည်။ ၎င်းတို့မှာ-

၁။ ဒေါ်စို

၂။ ဦးပိုး

၃။ ဒေါ်ရွှေလှဲ့

၄။ ဒေါ်ရွှေမှဲ့

၅။ ဦးအေး
၆။ ဦးဒွေး
၇။ ဦးတုတ်
၈။ ဦးလောနှင့်
၉။ ဒေါ်ရွှေနှစ်တို့ ဖြစ်ကြသည်။

ဆဋ္ဌမမြောက် ရင်သွေးရတနာဦးဒွေးသည် မွေးချင်းကိုးယောက်တွင် သူရသတ္တိရှိ၍ ထူးခြားပေါ်လွင်သူ ဖြစ်၏။

ဤစကားအမှန်ပင် ဖြစ်၏။

မောင်ဒွေး ခုနစ်နှစ်သားအရွယ်က ကန္နီမြို့အရှေ့ဘက်ထိပ်၊ ဝက်ချေးအင်းအစပ်ရှိ "ရွှေဘိုကျောင်း"ဟုခေါ်သော ဘုန်းတော်ကြီးကျောင်းတွင် စတင်ပညာသင်ကြားရသည်။ ကျောင်းနေဖက်သူငယ်ချင်း အပေါင်းအသင်းများအနက် စာပေဘက်တွင် ပေါ်လွင်ထူးချွန်ရုံသာမက ခုံညင်းထိုးခြင်း၊ ထွေခင်းခြင်း၊ ကျည်းသားရိုက်ခြင်း၊ ဇယ်ပစ်ခြင်း၊ နပန်းလုံးခြင်း၊ ရေကူးခြင်း၊ ရေငုပ်ခြင်းစသည့် ကစားခုန်စားဘက်တွင်လည်း သူ့ကို ယှဉ်နိုင်သူမရှိ ဖြစ်သည်။ ထို့ကြောင့် မောင်ဒွေးအား "ဇ"ရှိသည်ဟု ဆိုရမည်ဖြစ်ပါ၏။

မန်းရတနာပုံခေတ် တစ်ခုသောကာလက ဖြစ်သည်။

ကိုဒွေးနှင့်ကိုအေး ညီနောင်နှစ်ဦးသည် မန္တလေးနေပြည်တော်မှ ကုန်းလမ်းခရီးဖြင့် ကန္နီသို့ ပြန်လာကြသည်။ အလုံမြို့သို့ ရောက်သောအခါ အလာခရီးတုန်းက ယူဆောင်ခဲ့သော လှေတွင် ပစ္စည်းများတင်ကာ ကန္နီသို့ ဆန်တက်ထွက်ခွာလာကြ၏။

လမ်းခရီးတွင် မှောင်ရီပျိုးချိန်ဖြစ်၍ ကိုဒွေးနှင့် ကိုအေးတို့သည် ရွာနှစ်ရွာကြားရှိ သစ်ပင်ကြီးတစ်ပင်အောက်၌ လှေကို ဆိုက်ကပ်ပြီး



ညအိပ်စခန်းချ ရပ်နားကြ၏။ ကိုဒွေးသည် ညစာအလို့ငှာ တစ်စုံတစ်ရာ ဝယ်၍ ရလိုရငြား ကိုအေးကို လှေတွင်ထားခဲ့ပြီး မလှမ်းမကမ်းရှိ ကုန်းတွင်းပိုင်း ရွာတစ်ရွာသို့ ထွက်လာခဲ့သည်။ မိမိပြန်မရောက်မချင်း မအိပ်ငိုက်မိစေဘဲ လှေပေါ်ရှိ ပစ္စည်းများကို စောင့်နေရစ်ဖို့ အစ်ကိုဖြစ်သူအား အတန်တန် မှာကြားထားခဲ့သည်။ ကိုအေးကလည်း ကတိပြုလေသည်။

ချက်ပြုတ်စရာများဝယ်၍ ကိုဒွေးပြန်လာသောအခါ ကိုအေးအား လှေဦး၌ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လျက်ရှိသည်ကို တွေ့ရ၏။ လှေ၏ ရေအတွင်းသို့ လှမ်းကြည့်လိုက်သောအခါ ခရီးဆောင် ထန်းခေါက်ဖာ သုံးလုံးအနက် တစ်လုံးမရှိတော့သည်ကို တွေ့လိုက်ရပြန်၏။ ကိုဒွေးသည် စိတ်တိုလာ၍ အစ်ကိုဖြစ်သူအား လှုပ်နှိုးပြီး

"အစ်ကိုကလည်းကွာ... မအိပ်ပါနဲ့လို့ ငါအတန်တန် မှာထားလျက်နဲ့ အိပ်ရတယ်လို့။ အခု ငါတို့ ဖာတစ်လုံး ပါသွားပြီ။ ဟိုအထက်ဆီက ခွေးဟောင်သံ ကြားနေရတယ်။ မီးလောက်သေးရဲ့။ အစ်ကိုလိုက်သွားကွာ"

"ငါတစ်ယောက်တည်းလိုက်ရမှာ.. ဟုတ်လား"

"အေးပေါ့ကွ၊ ဒါ..မင့်းတာဝန်ပဲဟာ"

"ဟာ..ငါတစ်ယောက်တည်း ဘယ်လိုက်ဝံ့မှာလဲကွ"

"မင်းကလဲကွာ၊ အကြီးဖြစ်နေပြီး ခွီးမှပဲ။ ပြောနေကြာတယ်။ ငါလိုက်ချေမယ်၊ ရော့..ရော့..ဒီဟာတွေ ယူထားလိုက်။ ငါပြန်လာရင် စားရအောင် မင်းချက်ပြုတ်ထားနှင့်"

"အေးပါကွာ.. ညီလေး သတိဝီရိယထားသွားနော်"

"ငါ့ကို မှာဖို့မလိုပါဘူး၊ မင်းသာ သတိဝီရိယနဲ့ နေရစ်"

ကိုဒွေးသည် ဓားမြှောင်တစ်လက်ကို ခါးမှာချိတ်၍ အထက်ရွာဘက်သို့ ထပ်ကြပ်မကွာ ခပ်သော့သော့ လိုက်သွားသည်။

အချိန်မှာ တစ်ပဟိုရ် (ည ၉း၀၀ နာရီ)ကျော်ကျော် ရှိလေပြီ။

မီးရောင်လင်းနေသော အိမ်ကိုရွေး၍ ရှာမှဖြစ်မည်ကို ကိုဒွေး စဉ်းစားမိသည်။ မကြာမီ အိမ်တစ်အိမ်မှာ မီးရောင်လင်းလျက်ရှိသည်ကို တွေ့ရ၏။ ထိုအိမ်နားသို့ မှောင်ရိပ်ခိုကာ ချဉ်းကပ်သွား၏။ အိမ်တွင်းသို့ ထရံကြားမှ ချောင်းကြည့်လိုက်သည်။

လင်မယားနှစ်ယောက်သည် ဖာကို အလယ်ထား၍ တီးတိုးစကား ပြောနေကြသည်ကို တွေ့မြင်ရ၏။ သူတို့ပြောသံကို အတိုင်းသားကြားနေရ၏။

"ဖာကို ကြိုးတွေ ချည်တုပ်ထားတယ်။ မဖြေသေးနဲ့ဦး၊ ဝါးကြမ်းစင်ပေါ်တင်ထားပြီး မိုးလင်းမှ ဖြေရအောင် . ."

ယောက်ျားကပြောရာ မိန်းမက

"ကျုပ်တော့ ခုချက်ချင်း ဖြေကြည့်ချင်တယ် ကိုရင်ရယ် . ." ဟု ပြော၏။

"ကိုယ့်အိမ်ရောက်လို့ ကိုယ်ပိုင်နေမင့်ဟာပဲ ရှင်မရယ်၊ အချိန်မရှိတော့ပါဘူး။ ငါလဲ ဒါကြီးကို ငါးရာတွင်းခရီးက ထမ်းလာရတာ တော်တော်နွမ်းနေပါပြီ . ."

"ကိုင်းပါ . . ကိုရင့်သဘောအတိုင်းပါပဲ"

လင်မယားနှစ်ယောက်သည် ထန်းခေါက်ဖာကို မ,ပြီး ထုပ်များပေါ်ရှိ ဝါးကြမ်းစင်ပေါ် တင်ထားလိုက်တော့သည်။



ကိုဒွေးလည်း လင်မယားနှစ်ယောက် အိပ်ပျော်သည်အထိ အိမ့်ပြင်ဘက်၌ စိတ်ရှည်ရှည်ထားကာ စောင့်ဆိုင်းနေရ၏။

သန်းခေါင်ကျော် အချိန်ရောက်သောအခါ ထိုဇနီးမောင်နှံလည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျလျက်ရှိနေပြီ။

ကိုဒွေးသည် အိမ်တွင်းသို့ အခက်အခဲမရှိလှဘဲ ဝင်ရောက်ခဲ့၏။ စောစောပိုင်းက သူတို့တင်ထားကြသော ထန်းခေါက်ဖာကို အသံပလံမထွက်စေဘဲ ဝါးကြမ်းစင်ပေါ်က ချ၍ ပခုံးပေါ်တင်လိုက်၏။ ထို့နောက် ခပ်သော့သော့ထွက်ခွာကာ လှေဆီသို့ သုတ်ခြေတင်၍ ပြန်လာခဲ့လေတော့သည်။

"အစ်ကိုရေ . . ငါပြန်လာပြီဟေ့။ ငါတို့ပစ္စည်း ပြန်ရခဲ့တယ်။"

"ဟေ . . ဟုတ်လား . .၊ မင်းမလာမချင်း ငါဖြင့် စိတ်ပူလိုက်ရတာကွာ"

"အဲဒါ မင်းကြောင့်ပဲ အစ်ကို"

"ဟုတ်ပါတယ်ကွာ . . ငါဝန်ခံပါတယ်။ ဒါ့ထက် ဒီဖာကို မင်းဘယ်လို ပြန်ရလာခဲ့တာလဲ"

"နောက်မှ အေးအေးဆေးဆေး ငါပြောပါ့မယ်ကွာ။ အခု ငါထမင်းဆာလှပြီ . ."

"အေး . . အေး၊ ငါထမင်းခူးလိုက်အုံးမယ် . .၊ ငါ့ညီက ငယ်ပေမယ့် ငါ့ထက်ပိုပြီး သတ္တိကောင်းတယ်ကွယ် . ."

ညဉ့်သန်းခေါင်ကျော်၍ သုံးပဟိုရ် (နံနက် ၃း၀၀ နာရီ) နီးပါးရှိပြီ ဖြစ်သည်။ ညီအစ်ကို နှစ်ယောက်လည်း ထိုအခါကျမှ ညစာစားကြရလေတော့သည်။

× × × × ×

# ဦးဒွေးမြို့ဝန် ဖြစ်လာပုံ

**မြင်ကွန်းအရေး၊ စွန့်စားပေး၊ ဦးဒွေး မြို့ဝန်ဖြစ်။**

မောင်ဒွေး ရှင်လူထွက်ပြီးနောက် အရွယ်ရောက်သောအခါ ဘုရင့်သေနတ်တပ်တွင် ဝင်ရောက်အမှုထမ်း၏။ လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံသူဖြစ်၍ အမှုတော်ထမ်းသက် အနည်းငယ်ကြာသောအခါ ဗိုလ်အဆင့် ရောက်လာသည်။ သေနတ်ဗိုလ် မောင်ဒွေးဟု အမည်တွင်၏။ သူကွပ်ကဲရာတွင် အကြပ်၊ တပ်သားစုစုပေါင်းအင်အား ငါးကျိပ်ကျော်လောက်သာ ရှိ၏။

သေနတ်တပ်တွင် ဗိုလ်နှင့်တကွ ငယ်သားများပါ သေနတ်ပစ်အတတ်သာမက ဓားခုတ်၊ လှံထိုး ကိုယ်ခံပညာဖြစ်သော သိုင်း၊ ဗန်တို၊ ဗန်ရှည်အတတ်များကိုပါ နေ့စဉ်မပြတ် လေ့ကျင့်ကြရသည်။

ခေတ်သမယကိုဆိုရသော် မြင်ကွန်းမြင်းခုံတိုင် အရေးတော်ပုံကာလဖြစ်၏။

ရာသီဥတုမှာ သာယာသောနေ့တစ်နေ့ ဖြစ်သည်။

နေရာကား နန်းတော်၏အရှေ့ဘက် (ယခု ကုသိုလ်တော်ဘုရား၏ အရှေ့တောင်)ရှိ ရိုးပြတ်လယ်ကွင်းပြင် ဖြစ်သည်။

ထိုနေရာ၌ သေနတ်ဗိုလ်ကိုဒွေးနှင့် တပ်သားများသည် ရန်သူတော်များဝင်လာလျှင် ရှိနိုင်ရုံမျှလောက် အင်အားဖြင့် ကင်းစခန်းချထားလျက်ရှိသည်။

နေညိုချိန် နေ့သုံးပဟိုရ်ကျော်ကျော် (ညနေ ၄း၀၀ နာရီခန့်)တွင် အောင်ပင်လယ်ဘက်မှ ဖုန်လုံးကြီးတက်လာပြီး ယင်းဖုန်လုံးကြီးသည် မိမိတို့ကင်းစခန်းချရာနေရာဆီသို့ ရွေ့ရှု့လာနေသည်ကို တွေ့ရသဖြင့်



သေနတ်ဗိုလ် ကိုဒွေးသည် မိမိ၏အကြပ်တပ်သားများအား သတိဝီရိယ ထားနေကြရန် တပ်လှန့်နှိုးဆော်ထားလိုက်သည်။

ဖုန်လုံးကြီးရှေ့က ဓားလွတ်ကိုင်မြှောက်ထားသော မြင်းစီးသူပုန်အယောက် ၈၀ ခန့် တာပေါင်း ၅၀ (၁၇၅ ကိုက်)လောက် အကွာအဝေးအရောက်တွင် တွေ့မြင်လိုက်ရ၏။ သူတို့သည် မြင်ကွန်းမင်းသား၏ လက်ရွေးစင် သူပုန်တပ်သားများ ဖြစ်ကြသည်။

သေနတ်ဗိုလ်နှင့် တပ်ဖွဲ့သားများသည် ရန်သူတော်များကို ရင်ဆိုင်ရန် ကြိုတင်နေရာယူ၍ အသင့်ပြင်ထားသည်။ မြင်းစီးသမားများ အတောင် ၅၀ ခန့်အကွာသို့ ရောက်လာ၏။

"ပစ်"

ဗိုလ်ကိုဒွေး၏အမိန့်သံကြားလိုက်သည်နှင့် သေနတ်တပ်သားများသည် တဒိုင်းဒိုင်း ပစ်ခတ်ကြသည်။ မြင်းစီးသူပုန်အချို့ ကျ၏။ ကျန်အချို့မှာ မြင်းများကို ဆက်စိုင်းလာပြီး ဝါးနှစ်ရိုက်လောက်အကွာသို့ ရောက်လာသောအခါ မြင်းများပေါ်မှ အသီးသီးဆင်း၍ ပြေးလာပြီး သေနတ်တပ်သားများအား ဓားနှင့်ဝင်ခုတ်ကြသည်။

ဘုရင့်သေနတ်တပ်သားများသည် သေနတ်များကို ချ၍ ဓားကို ဓားချင်းယှဉ်ကာ တိုက်ကြရတော့သည်။ ဓားရေးအလေ့အကျင့်ကောင်းရထားပြီးဖြစ်သော သေနတ်တပ်သားများသည် ရန်သူ သူပုန်မြင်းစီးသမားများကို ကောင်းစွာယှဉ်ပြိုင်လိုက်နိုင်သည်။ မြင်းသမားများဘက်က အခြေယိုင်နေချိန်တွင် နောက်ကလိုက်လာသော ခြေလျင်သူပုန်တပ်သား ၅၀ ခန့် မီလာသဖြင့် တိုက်ပွဲမှာ ပိုမိုပြင်းထန်လာတော့၏။ ရန်သူတော်အင်အား ၁၀၀ ခန့်အထိ ဖြစ်လာ၍ သေနတ်ဗိုလ်၏တပ်သားအင်အားထက် နှစ်ဆမျှ ရှိနေသည်။

ထိုအချိန်တွင် တိုက်ပွဲဖြစ်သည့်သတင်းကို ကြားသိထားပြီးသော မင်းတုန်းမင်းသည် အဆောင်တော်ပြတင်းမှ မှန်ပြောင်းဖြင့် ရှုစားလျက်ရှိ၏။ မိမိ၏တပ်မတော်အင်အားမှာ ရန်သူ သူပုန်အင်အားနှင့်မမျှ၍ မရှုမလှ ကြုံတွေ့ရအံ့သည်ကို တွေးကာ ရင်လေးလျက်ရှိသည်။

သေနတ်ဗိုလ်နှင့် တပ်ဖွဲ့ဝင်များမှာ ခုခံတိုက်ခိုက်ခံရသူများဖြစ်၍ မပင်မပန်း မန္တမ်းနယ်ဘဲ စောင့်ဆိုင်းရပ်နားနေသူများဖြစ်၍တစ်ကြောင်း၊ ဖွဲ့နပဲနှင့် အသက်ပေးကာကွယ်ကြ၍ တစ်ကြောင်း၊ အဝေးမှ ချီတက်လာကြသည့်သူပုန်များမှာ မျက်မြင်အားဖြင့် အင်အားများသည်ဟု ဆိုရပြားသော်လည်း ခရီးပြင်းနှင်လာရသူများဖြစ်သဖြင့် အားအင်ကုန်ခန်းနွမ်းနယ်ကာ သက်လုံကျလျက်ရှိသောကြောင့်တစ်ကြောင်း တို့ကြောင့် ကြာရှည်တိုက်ပွဲမဝင်နိုင်ဘဲ လက်လျှော့ပြီး ဆုတ်ခွာထွက်ပြေးသွားကြရတော့သည်။

တိုက်ပွဲပြီးသွားသောအခါ သေနတ်တပ်သားအချို့ ထိခိုက်ဒဏ်ရာရသည်မှတစ်ပါး အကျအဆုံးမရှိ။ ရန်သူများသာ အကျအဆုံးများ၍ ဒဏ်ရာရသူအချို့ လက်ရဖမ်းမိလိုက်သည်။

မှန်ပြောင်းနှင့် ရှုစားလျက်ရှိသော မင်းတုန်းမင်းသည် မိမိတပ်မတော်သားများဘက်က အနိုင်ရအောင်ချေမှုန်းလိုက်နိုင်သည်ကို တွေ့မြင်ရသဖြင့် များစွာအားရကျေနပ်မိသည်နှင့် ဦးစီးခေါင်းဆောင်ဖြစ်သူအား ရှေ့တော်မှောက်သို့ အမြန်ဆုံးခစားရောက်ရှိလာစေရန် ဆင့်ခေါ်လိုက်သည်။

သေနတ်ဗိုလ်ကိုဒွေး ဝင်ရောက်ခစားမိသောအခါ

"နင်ဘယ်သူလဲဟဲ့ . ."ဟု ဘုရင်မင်းမြတ် အမေးတော်ရှိ၏။

"ဘုန်းတော်ကြောင့် ကျွန်တော်မျိုး ကန္နီသား ငဒွေးပါဘုရား"



ဟု ကျိုးနွံစွာ လျှောက်တင်ဖြေကြားလိုက်သည်။

"နင့်တာဝန် လျှောက်တင်ဦး ငဒွေးငယ် . ."

"သေနတ်တပ်ဗိုလ်ပါဘုရား . ."

"နင် ဘယ်အမျိုးအနွယ်ထဲကလဲ ဟဲ့ . ."

"မှန်လှပါ . . ကျွန်တော်မျိုးဟာ ဘိုးတော်မင်းတရားလက်ထက်တော်က သေနင်္ဂဝန် ဘိုးမြတ်ရာရဲ့ အနွယ်အဆက်ပါဘုရား . ."

"အိမ်း . . သင်းအကြောင်း ငါကြားဖူးသဟဲ့။ ဒါကြောင့် ငဒွေးငယ် မခေလှသူဖြစ်ပေတယ်။ ရှေ့တိုး ခစားလကွယ့် . ."

မင်းတုန်းမင်းကြီးသည် လက်နှစ်ဖက်တွင် ဆင်မြန်းထားသော လက်ဝတ်တော်များကို အလိုက်သင့်ချွတ်ပြီး ကိုဒွေးထံသို့ ပစ်လိုက်ပြီး

"အမှုတော်ကို အသက်ပေးပြီး ကုန်စင်အောင် ထမ်းရွက်ခဲ့တဲ့အတွက် မောင်မင်းကို ဆုလာဘ်အဖြစ် ကိုယ်တော်တိုင် ချီးမြှင့်တော်မူလိုက်တယ်"ဟု မိန့်ဆိုတော်မူသည်။

သေနတ်ဗိုလ်ကိုဒွေးသည် မင်းတရားကြီး၏ မေတ္တာတော်နှင့် ကျေးဇူးတော်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း ချေငံစွာ သံတော်ဦးတင်လေသည်။

ထို့နောက် မင်းတုန်းဘုရင်သည် ဆိုင်ရာဆိုင်ရာ ဝန်ကြီးများကို ချက်ချင်းဆင့်ခေါ်တော်မူလိုက်၏။ အသီးသီးသော ဝန်ကြီးများ စုံလင်သောအခါ သေနတ်ဗိုလ်ကိုဒွေးအား ကန္နီနယ်နှင့် ဗန့်ကျီနယ်များကို စီမံအုပ်ချုပ်ရသော ကန္နီမြို့ဝန်အဖြစ် ခန့်အပ်ကြောင်း၊ မြို့ဝန်အဆောင်အရွက်များ ပြည့်စုံစေရန် ဆင်တစ်စီး၊ ရွှေထီးတစ်လက်နှင့်တကွ လိုအပ်သည်များ ဖြည့်ဆည်းပေးကြစေလိုကြောင်း၊ သေနတ်တပ်သားများကိုလည်း ငွေတိုက်တော်မှ ဆုတော်ငွေ အသပြာနှစ်ရာစီ ချီးမြှင့်

ပေးစေလိုကြောင်းနှင့် သက်ဆိုင်ရာဝန်ကြီးများက လိုအပ်သလို ဆက်လက်ဆောင်ရွက်ရန် နာခံကြစေလိုကြောင်း အမိန့်တော်ချမှတ်ပြီး အားလုံးအား ရှေ့တော်မှောက်မှ ထွက်ခွာခွင့်ပြုလိုက်တော့သည်။

ဘုရင်မင်းတရားကြီး၏ ရှေ့တော်မှောက်မှ ထွက်ခွာလာပြီးသော အခါ ကန္နီမြို့ဝန်တစ်ဖြစ်လဲလာသော ဦးဒွေးသည် ဆင်များထားရာ နေရာသို့ ဆင်ရွေးရန် သွား၏။ သူ့ကံအလျောက် အရွယ်ရောက်ပြီးစ ဆင်ပေါက်တစ်စီးသာ ရွေးစရာရှိတော့သည်။

သီတင်းတစ်ပတ်အတွင်းမှာပင် ဦးဒွေးသည် သူရရာဆင်ကို စီး၍ မြို့ဝန်အဆောင်အယောင်ဖြင့် မန်းရတနာပုံနေပြည်တော်မှ ကန္နီမြို့သို့ ထွက်ခွာခဲ့လေတော့သည်။

× × × × ×

## မြို့ဝန်မင်း မြို့ဝင်ခန်း

**ကြောင်ကြောင်ပေါ်ပေါ်၊ ငစံပြော၊ မပြောသင့်ရာပြော၊**
**သဲချောင်းအလွန်၊ မြို့အစွန်၊ မြို့ဝန်အမျက်သိုစော၊**
**စံပြောဗရုတ်၊ သုဿန်ထုတ်၊ ဓားခုတ်ခံဖို့ကော၊**
**မြို့ဝန်မယ်မယ်၊ အသက်ကယ်၊ အန္တရာယ်ကင်းအံ့လော။**

ဦးဒွေးနှင့် နောက်ပါအခြွေအရံများသည် ရတနာပုံနေပြည်တော်မှ ထွက်ခွာလာပြီးနောက် နှစ်ညအိပ်လွန်မြောက်သောအခါ အလုံမြို့သို့ ရောက်ရှိကြသည်။ ဦးဒွေးမြို့ဝန်အရာရခဲ့ကြောင်း သတင်းကြိုရထားသော ကန္နီမှ ဆွေမျိုးသားချင်းများ၊ ကန္နီနယ်,ဗန့်ကျီနယ်တို့မှ ကျေးရွာ



သူကြီးများနှင့်အခြား မကင်းရာ မကင်းကြောင်း ပုဂ္ဂိုလ်များသည် အလုံနယ်မှ စောင့်ကြိုလျက်ရှိကြသည်။

နောက်တစ်နေ့နံနက်စောစော ခရီးဆက်ရန် နေ့လေးပဟိုရ် (ညနေ ၆း၀၀ နာရီ)မတိုင်မီ အလုံမြို့မှ မြစ်တစ်ဖက်ကမ်းသို့ လှေများဖြင့် ကူး၍ ညအိပ်ရပ်နားကြသည်။

သန်းခေါင်ကျော် ပဟိုရ် သုံးချက်တီးပြီးချိန်လောက်တွင် ခရီးဆက်ရန် ပြင်ဆင်ကြရ၏။ အရုဏ်တက်၍ ရောင်နီပျို့လာသောအခါ အားလုံး ခရီးစတင် ထွက်ခွာလာခဲ့တော့သည်။

လမ်းခုလတ်တွင် ရွာတစ်ရွာ၌ သူကြီးတစ်ဦးစီမံထားခဲ့သည့် အတိုင်း နံနက်စာစားကြ၏။ ထိုရွာ၌ ကြာရှည်ရပ်နားမနေကြပါ။ မြို့ဝန်သည် သူ၏မြို့သို့ အဆောင်အယောင်များဖြင့် ခမ်းခမ်းနားနား ဝင်လိုလှပေမည်။

မွန်းတိမ်းအပြီး သုံးပဟိုရ်တီးချိန်အလွန် (ညနေ ၄း၀၀ နာရီခန့်)တွင် ကန္နီမြို့၏အရှေ့ဘက်ရှိ ချောင်းဝါကြီးကမ်းသို့ ဆင်စီးကာ ခရီးနှင်လာသော ဝန်မင်းနှင့်အတူ မြင်းသည်နှင့် ခြေလျင်တချို့ ရောက်လာခဲ့ကြပြီ။ လှည်းနှင့် လိုက်ခဲ့သူများနှင့် အခြားခြေကျင်သမားများမှာ ခရီးငါးရာတွင်း (တစ်မိုင်)ခန့် ပြတ်ကျန်ရစ်ခဲ့၏။ နှစ်နာရီသာသာ (စက်နာရီ တစ်နာရီခန့်)ကြာမှ မီလာကြသည်။

ထိုအချိန်တွင် ချောင်းခြောက်ကြီးကို တစ်စုတစ်ဖွဲ့ကြီး ဖြတ်ကူးရန် စုစည်းမိကြပြီ။ ချောင်းညာဆီသို့ လှမ်းမျှော်ကြည့်လိုက်ကြ၏။ မိုးသားများ မည်းမှောင်အုံ့ဆိုင်းလျက်ရှိသည်ကို မြင်ကြရသည်။

ဝန်မင်းသည် ရေဝါချောင်းကို ဆင်ဖြင့်ဖြတ်လျှောက်ဖို့ ဟန်ပြင်လျက်ရှိ၏။

ထိုစဉ်တွင် အတွေ့အကြုံရှိသော သူကြီးအိုကြီးတစ်ဦးက-

"ဝန်မင်းဘုရား . . ချောင်းကို မဖြတ်ကူးသင့်ပေးပါ။ ကွမ်းတစ်ယာညက်မကြာမီ ချောင်းညာဘက်က တောင်ကျရေများ ဒလဟောဆင်းလာပါတော့မယ် ဘုရား။ ချောင်းက အတန်ကျယ်တော့ ချောင်းလယ်မှာ ဘေးကြုံဖွယ်ရှိကြောင်းပါ . . ။ ဒါကြောင့် ရေကျဆင်းသွားသည်အထိ ဆိုင်းငံ့သင့်ကြောင်းပါဘုရား . . "ဟု လျှောက်ကြား၏။

အခြားသော ပရိသတ်များကလည်း ဆိုင်းငံ့သင့်ကြောင်း ထောက်ခံတင်ပြကြသည်။

ချောင်းရေ၏ အနှောင့်အယှက်ကြောင့် စိတ်ပျက်ရသော ဝန်မင်းသည် တိမ်တိုက်ကို အန်မတုဝံ့ပါ။ သစ်ပင်ရိပ်၌သာ ခေတ္တဆိုင်းငံ့လျက်ရှိသည်။

မကြာပါပြီ။ အထက်ဆီမှ ရေလုံးကြီး လိမ့်ဆင်းလာတော့၏။ ခဏချင်းပင် ချောင်းတွင်းတစ်ခုလုံး ရေပြင်ကြီး ဖုံးသွားသည်။

ထိုအချိန်တွင် ပတ်ဝန်းကျင်တစ်ခို၌ မိုးတိမ်များ ညိုမှိုင်းအုံ့ဆိုင်းလာ၏။ ချောင်းရေစီး၏နောက်ဘက် ကောင်းကင်ယံက ထက်ကြပ်မကွာ လိုက်ပါလာသော တိမ်တိုက်ကြီးနှင့် ပေါင်းစည်းမိသောအခါ မိုးများတဟဲဟဲ တဟောဟော သောသောအုန်းအုန်း တဖြုန်းဖြုန်း တဖြန်းဖြန်း ရွာသွန်းချလိုက်တော့သည်။

မိုးသည် မရပ်မနား ရွာသွန်းလျက်ရှိသည်။ ချောင်းရေပြင်မှာလည်း လျော့ကျမသွားဘဲ တန့်၍သာ နေသည်။ သို့နှင့် လေးပဟိုရ် (ညနေ ၆း၀၀ နာရီ)အနီးသို့ တိုင်ခဲ့သည်။

ချောင်းရေများ အတန်ပင် ကျဆင်းသွားပြီဖြစ်၍ ဆင်၊ မြင်း၊ နွားလှည်းနှင့် လူတို့ပါဆင်းကာ ဖြတ်ကူး၍ ရနိုင်လောက်ပြီ ဖြစ်၏။ သို့သော် မိုးကား မစဲသေး။ မသည်းသော်လည်း ခပ်ဖွဲဖွဲ ရွာဆဲဖြစ်သည်။



ဝန်မင်းလည်း စိတ်မရှည်တော့ပြီ။ ဆက်လက်ပြီး သည်းခံကာ မစောင့်ဆိုင်းလိုပြီ။

"ကဲ . . အချိန်မရှိတော့ဘူး . . ။ သည့်ထက်သည် ထပ်စောင့်နေရရင် မြို့အဝင်နောက်ကျရောမယ်။ ခုမဆိုင်း ကူးကြစို့ . . "ဟု ဟစ်အော်နှိုးဆော်ရင်း ချောင်းတွင်းသို့ ချက်ချင်းပင် ဆင်ဖြင့် ဆင်းတော့သည်။

ကန္နီမြို့ထိပ်သို့ရောက်သောအခါ အလင်းရောင်မပျောက်သေးဘဲ ထင်သာမြင်သာ ရှိသေး၏။ သို့သော် မိုးကားစဲမသွားသေး။

"မိုးတိတ်အောင် မစောင့်နဲ့တော့ . . ရွှေထီးဖွင့်လဟဲ့"

မြို့ဝန်မင်းအမိန့်ကြောင့် ထီးတော်မိုးက ရွှေထီးဖွင့်၍ မိုးပေးရတော့သည်။

မြို့တွင်းဝင်မိသောအခါ လေကလည်း တိုက်၊ မိုးကလည်း ရွာနေသောကြောင့် ရွှေထီးသည် ရွှဲရွှဲစိုရုံမက ယိုင်ယိုင်ရွဲ့ရွဲ့ မတည့်မတည်၊ မညီစောင်းစောင်း အမြင်မကောင်းအောင် ဖြစ်နေသည်။ ဝန်မင်းသည်လည်းကောင်း၊ ဆင်သည်လည်းကောင်း၊ မြင်းများသည်လည်းကောင်း၊ လူနှင့်နွားလှည်းများသည်လည်းကောင်း မိုးရေများဖြင့် စိုရွှဲလျက်ရှိသည်။

ထိုအခြေအနေတွင် မြို့ဝန်မင်း၏ ကျောင်းနေဖက် ငယ်သူငယ်ချင်း စံပြောဆိုသူသည် ပင်ကျရည်ထွေထွေနှင့်

"မြို့ဝန်မင်း မြို့တော်ဝင် ကြွလာပြီဆိုလို့ကြိုရတာ အမြင်မတင့်လိုက်လေကွာ . . ဆင်စီးကြွလာတယ်သာဆိုရ၊ ဆင်မှ ဟုတ်ပါလေစ။ ရေမွန်းနေတဲ့ ကြွက်စုတ်ကလေး စီးလာတာပဲ။ ဝန်မင်းခေါင်းပေါင်းကလည်း ရေတွေရွှဲနေတော့ ဣန္ဒြေတော် မဲ့လိုက်လေဗျာ . . "ဟု မူးမူး ရူးရူး၊ မဦးမချွတ် လွှတ်ခနဲ အော်ဟစ်ပြည်တမ်းလေသည်။

မနေသာသော လူတစ်ယောက်က ၎င်းအား လူပုံထဲက ဖွတ်တရွတ် ဆွဲခေါ်သွား၏။

မြို့တော်အဝင် မင်္ဂလာယူချိန်၌ ကြောင်ကြောင်ရူးရူး ထိုအမူး သမား ငစံပြောကြောင့် လူပုံအလယ်တွင် ဝန်မင်းခမျာ မဟာအရှက်တော် ကွဲရသည်။

စံအိမ်သို့ရောက်သောအခါ

"ငစံပြောဟာ လူပုံအလယ်မှာ ငါ့အရှက်ကို ခွဲတဲ့အတွက် နက်ဖြန်ညနေ တောင်စွယ်နေမကွယ်မီ သုဿန်မှာ ငါကိုယ်တိုင် သုတ်သင်စီရင်မယ်"ဟု အမိန့်ဆိုလေ၏။

မြို့ဝန်မင်း မြွက်ကြားလိုက်သော အမျက်စကားကို စံပြော၏ မိခင် မယ်ဖွားအုံသည် သူများပြောသဖြင့် တစ်ဆင့်ကြားသိရလေလျှင် ရှိုက်ကြီးတငင် ငိုကြွေးလျက် ဝန်မင်း၏မယ်မယ့်အိမ်သို့ အဆောတလျင် သွားလေသည်။

"ဟဲ့‥ မယ်အုံ၊ ညည်းဘယ်လိုဖြစ်လာသလဲ၊ မောကြီး ပန်းကြီးနဲ့"

ဒေါ်လယ်ရောက်က မေးမြန်းရာ

"သခင်မကြီးဘုရား‥၊ ကျွန်တော်မျိုးမသား မလိမ္မာလို့ ကယ်တော်မူပါဘုရား"

မယ်ဖွားအုံက ရှိုခိုးလျှောက်တင်လေ၏။

"အောင်မယ်‥ ‥ညည်းက ဘယ်လိုဖြစ်နေရပြန်တာတုံး‥၊ ငါ့ကို သူငယ်ချင်းလိုပဲ ဟိုတုန်းကအတိုင်း ပြောဆိုဆက်ဆံပါအေ‥ မယ်အုံရဲ့၊ ညည်းသား ဘယ်လိုမလိမ္မာတာလဲအေ‥"

"မနေ့က ဝန်မင်းဘုရား မြို့ဝင်တော်မူလာတာကို ရူးရူးမူးမူးနဲ့ မအပ်မရာတွေကို ပမာမခန့် ပြောမိပါတယ် သခင်မဘုရား‥၊ ဒါကြောင့် ဝန်မင်း ရွှေစိတ်တော် ဆိုးလို့ ဒင်းကို နက်ဖြန်နေမဝင်ခင် သုဿန်မှာ ဝန်မင်း ကိုယ်တော်တိုင် စီရင်တော့မှာပါဘုရား‥၊ သခင်မ ကယ်မ စောင့်ရှောက်တော်မူပါ ဘုရား‥"



"မယ်အုံရယ် စိတ်ချပါအေ ငါကြည့်စီမံပေးပါ့မယ်‥။ အမောပြေ ဟောသည် မန်ကျည်းဖျော်ရည်လေး သောက်သွားဦး‥၊ ငါ့ဆီ ညည်းလာတာကိုလဲ ဘယ်သူမှ မသိစေနဲ့နော်‥"

"မှန်ပါဘုရား‥၊ ကျေးဇူးကြီးလှပါပေတယ်‥"

မယ်ဖွားအုံသည် ငယ်သူငယ်ချင်းဖြစ်သော ဝန်မင်း မယ်တော် အား ကာလဒေသအားလျော်စွာ ကျိုးနွံခြင်း အပြည့်အဝဖြင့် ပြောဆို ဆက်ဆံကာ အိမ်သို့ ပြန်သွားရှာလေတော့၏။

နောက်တစ်နေ့ညနေ လေးပဟိုရ်မတီးခင် မယ်တော်ကြီး ဒေါ်လယ်ရောက်သည် သုဿန်သို့ ရောက်လာပြီး လူလွှတ်၍ ကြိုတင် စီစဉ်ခင်းကျင်းထားသော ဇရပ်ပေါ်ရှိ သင်ဖြူးပေါ်တွင် နေရာယူတော့ သည်။

အတန်ကြာလျှင် မြို့ဝန်မင်းသည် ဓားကို လွယ်လျက် မြင်းစီး၍ သုဿန်သို့ ဝင်လာ၏။

ဇရပ်ပေါ်တွင် ထိုင်နေသော မယ်တော်ကြီးကို မြင်လိုက်သည် နှင့် မြင်းပေါ်က ဆင်းလာပြီး

"မယ်ဘုရား‥ ‥ဘာလို့ရောက်နေတာလဲ‥"ဟု မေးလေရာ

"လူ့အသက်တစ်ချောင်းကို မယ်မယ် ကယ်ကောင်းပါတယ် သားရယ်‥၊ မယ်ဖွားအုံဟာ မယ်မယ်ရဲ့သူငယ်ချင်းဖြစ်သလို ငစံပြော ဟာလဲ မောင်မောင်ဒွေးရဲ့ သူငယ်ချင်းပဲ‥၊ ခွင့်လွှတ်လိုက်ပါ သားရယ်။ မယ်မယ့်သား ဇီဝိတဒါနမြောက်အောင် အလှူလာခံတာပါ‥"ဟု မယ်တော်ကြီးက ပြောကြားသည်။

"မောင်မောင်ဒွေးကိစ္စထဲ မယ်မယ်မပါပါနဲ့"ဟု ပြောဆိုကာ ဓားကိုအိမ်မှ ချွတ်လိုက်၏။

"မယ်မယ့်ကို အရင်သုတ်သင်ပြီးမှ သင်းကိုစီရင်" ဟု ဒေါ်လယ်ရောက်က ရှေ့က ဝင်ရပ်ရင်း ပြောလိုက်သည်။

ထိုစဉ် မြို့ဝန်ဦးဒွေးသည် တွေ၍ ရပ်နေသေး၏။ နောက်မှ သူ့မယ်မယ်အား ငွေရိုးကွပ်ဓားကို အပ်၍ ရိုကျိုးစွာ ရှိခိုးပြီးလျှင် နောက်ကြောင်းသို့ လှည့်ပြန်သွားလေတော့၏။

ဒေါ်လယ်ရောက်သည် ကားစင်၌ တုပ်နှောင်ထားသော မောင်စံပြောထံသို့ သွားပြီး

"ဟဲ့..ကိုရင်စံပြော..ကိုရင် ရှေ့ဆက်မိုက်ဦးမှာပဲလား.." ဟု မေးလိုက်သည်။

"မမိုက်ဝံ့တော့ပါဘုရား . .။ ဝန်မင်းကို ငယ်သူငယ်ချင်းလို သဘောထားလို့ မရတော့ဘဲ လူ့အသက်ကို အဆုံးစီရင်ပိုင်ခွင့်ရှိမှန်း သိပါပြီ။ မယ်မယ်ကြီး ပေးတဲ့အသက်အတွင်း သုရာမေရယကံနဲ့ ဝစီကံကို ရာသက်ပန် ထိန်းသွားပါတော့မယ်ဘုရား.."

"သာဓုကွယ်..သာဓု..သာဓု.."

နောက်တစ်နေ့တွင်မယ်ဖွားအုံတို့သားအမိသည် မယ်မယ်ကြီးထံသို့လည်းကောင်း၊ ဝန်မင်းထံသို့လည်းကောင်း ငှက်ပျောပွဲ၊ အုန်းပွဲများဖြင့် သွားရောက် ကန်တော့သည်။

ခြောက်လခန့်ကြာသော် ကိုရင်စံပြော၏ ပြောင်းလဲသွားသော စိတ်သဘောထားနှင့် သီလကံတို့ကို တစ်စေ့တစ်စောင်း လေ့လာသိရှိလာသည့် ဝန်မင်းသည် ၎င်းအား စံအိမ်၌ ဘဏ္ဍာစိုးအဖြစ် ခေါ်ယူခန့်ထားလိုက်သည်။ ကိုရင်စံပြောလည်း အပိုးကျိုးကာ ဝန်မင်းအပေါ်မှာ သစ္စာရှိရှိ သမာဓိတည်တည်ဖြင့် ဖြောင့်မှန်စွာ အလုပ်အကျွေးပြုစောင့်ရှောက်လျက်ရှိလေတော့သည်။

× × × × ×



## အင်္ဂလိပ်လက်ထက် ဦးဒွေးမြို့ဝန်ဆက်ဖြစ်ခြင်း

**အင်္ဂလိပ်တက်၊ ထီးနန်းပျက်၊ 'ဦးဒွေး'မြို့ဝန်ဆက်၊**
**ကျေးလက်တိုင်းကျပ်၊ စိုးကြီးကြပ်၊ ငြိမ်ဝပ် ခေတ်မပျက်။**

ဦးဒွေးသည် မင်းတုန်းမင်းလက်ထက် မြင်ကွန်းမင်းသား အရေးတော်ပုံပြီးချိန်မှစ၍ ကနီမြို့ဝန်ဖြစ်ခဲ့ရာ မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ်၊ သီပေါမင်း ပါတော်မူသည်အထိ ဖြစ်သည်။

သီပေါမင်း ပါတော်မူပြီးနောက် မြန်မာတစ်နိုင်ငံလုံး ဗြိတိသျှလက်အောက်သို့ ကျရောက်သွားသောအခါ နယ်ချဲ့တို့သည် သူတို့၏ အုပ်ချုပ်ရေးတွင် သူတို့အကျိုးရှိမည်ဆိုလျှင် မြန်မာမင်းဆွေစိုးမျိုးများနှင့် မြန်မာမင်းမှုထမ်းများအနက် ယုံကြည်စိတ်ချရသူအချို့ကို ဆက်လက်၍ တာဝန်ပေးထားလေ့ရှိသည်။ ထိုအထဲတွင် ဦးဒွေးလည်း အပါအဝင် ဖြစ်သည်။ တစ်ခေတ်ပြောင်းသွားသော်လည်း မြို့ဝန်ပင်ဆက်ဖြစ်နေသဖြင့် သူသည် ထူးခြားသည့်မြို့ဝန်တစ်ပါး ဖြစ်ပေသည်။

ချင်းတွင်းမြစ်အနောက်ဘက်၊ ဗန့်ကျီတိုက်နယ်သည် လက်လုပ်လက်စား ဆင်းရဲသား အများစုနေထိုင်ရာ ဇင်္ဂလ(မဖွံ့ဖြိုးသေးသော ကြည်းတော)အရပ် ဖြစ်သဖြင့် ရှေးခေတ်အခါက စရိုက်သွမ်းဟန်ရှိ၏။ ထို့ကြောင့် ခပ်ဖိဖိ၊ ခပ်ကြမ်းကြမ်း အုပ်ချုပ်ခဲ့ရပုံရသည်။ ယခုမျက်မှောက်ကာလတွင်ကား မြေအောက်ရေ ဖော်ထုတ်ကာ ရေလှောင်ကန်များ တည်ဆောက်၍လည်းကောင်း၊ ယမားချောင်းတို့ကို ဆည်ဖို့ပြီး ရေလှောင်ကန်များ တည်ဆောက်၍လည်းကောင်း သီးထပ်စိုက်ပျိုးရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်လာနိုင်သည့်ပြင် ကြေးသတ္တုထုတ်လုပ်ခြင်း၊ ရေနံရှာဖွေ ထုတ်လုပ်ခြင်းစသည့် စီးပွားရေးလုပ်ငန်း အခွင့်

အလမ်းများ ပေါ်ထွန်းလာသည်သာမက သစ်တောများ စနစ်တကျ ထိန်းသိမ်းခြင်းနှင့် ဒေသစိမ်းလန်းစိုပြည်စေရေးအတွက် သစ်ပင်စိုက်ပျိုးခြင်းတို့ကြောင့် ဖွံ့ဖြိုးတိုးတက် သာယာလျက် ရှိနေပြီဖြစ်၏။

မြန်မာမင်းများလက်ထက်က တန်ခိုးသြဇာ အရှိန်အဝါထက်မြက်ခဲ့သည့် ကန္နီမြို့ဝန် ဦးဒွေးအား ထိုစဉ်က ဗန့်ကျီတိုက်နယ်ကို ကန္နီတိုက်နယ်နှင့် ပေါင်းဖက်၍ နိုင်နင်းအောင် ဆက်လက်အုပ်ချုပ်စေရန် အင်္ဂလိပ်အစိုးရက မြို့ဝန်အရာ၌ပင် ထပ်မံတာဝန်ပေးထားခြင်းပင် ဖြစ်သည်။ ဦးဒွေးလည်း အရှိန်မပျက် ဆက်လက်၍ ငြိမ်ငြိမ်သက်သက်ရှိစေရန် ယခင်ကအတိုင်းပင် အုပ်ချုပ်လျက်ရှိပေသည်။

(ရှေးမြန်မာမင်းများလက်ထက်က ဗန့်ကျီတိုက်နယ်၏ လူမှုစီးပွားရေး အခြေအနေ မကောင်းခဲ့ပုံကို ကြည့်ကန်ရှင်ကြီး နန္ဒဓဇ ရေးဖွဲ့ထားသော "မေတ္တာစာ"တွင် လေ့လာပါက ထင်ရှားစွာ သိသာနိုင်မည်ဖြစ်ကြောင်း စကားချပ်အဖြစ် တင်ပြရပါသည်။)

ဦးဒွေးသည် ရတနာပုံခေတ်က မင်းထင်ရာဇာဘွဲ့ရ စစ်ကဲတစ်ဦးဖြစ်ခဲ့၏။ ထို့ပြင် သေနတ်တပ်ဗိုလ်လည်း ဖြစ်ခဲ့သေး၏။ ကျိုက်လတ်ဦးပုံးချို ပြုစုခဲ့သည့် "မဟာဂီတ ပေါင်းချုပ်"တွင် ဖော်ပြထားသော ကုန်းဘောင်မင်းဆက်အကြောင်း စည်တော်သံ ၄၉ ပုဒ်သည် ဦးဒွေး၏ လက်ရာဖြစ်ကြောင်း အမှတ်အသားရှိသည်။ ထို့ကြောင့် ဦးဒွေးသည် လက်ရုံးရည်ရော နှလုံးရည်ပါ ပြည့်စုံသူတစ်ဦးဖြစ်သည်ဟု ဆိုရမည် ဖြစ်ပေသည်။

× × × × ×



## ဦးဒွေးလုပ်ကြံခံရပုံ

**ရွှေတွင် ရှိခိုး၊ နောက်ကွယ်ငြိုး၊ လူဆိုး ငမိုက်တုံး၊**

**ငတုတ်ပရိယာယ်၊ ယုံကြည်လွယ်၊ နာမ်ကွယ် ဦးဒွေးဆုံး။**

ဗန့်ကျီနယ်တွင် မောင်တုတ်ဆိုသော လူဆိုးလူသွမ်းတစ်ဦး သောင်းကျန်းရမ်းကားလျက် ရှိ၏။ ထိုသတင်းကို ကြားသိရသော ဦးဒွေးသည် သူ၏အုပ်ချုပ်မှု အာဏာစက်အောက်ရှိ နယ်ပယ်အတွင်း ထိုသို့သော သူများကို ခပ်ကြမ်းကြမ်း နှိမ်နင်းတတ်သည်။ ဓားထက်လှသည့် ဦးဒွေးအကြောင်းကို သိထားသည့် မောင်တုတ်နှင့် နောက်လိုက်တပည့်တစ်စုတို့သည် ဦးဒွေး၏ စက်ကွင်းမှ မလွတ်ကင်းနိုင်ပုံကို အစဉ် သတိထားလျက်ရှိ၏။ ထို့ကြောင့်လည်း သူ့တပည့်တပန်းများက သူ့အား ကန္နီဝန်အပေါ် လက်ဦးရယူဖို့ အမြဲတမ်းတိုက်တွန်းမြှောက်ပင့်ပေးလေ့ရှိသည်။ မောင်တုတ်လည်း ကျိတ်၍ အကြံထုတ်လျက်ရှိသည်။

တစ်ခါသော် မောင်တုတ်သည် ဦးဒွေးအား အညံ့ခံ၍ ညော့ဝတ်ပြုလိုကြောင်းဖြင့် မိမိရှိရာနေရာဌာနသို့ ကြွရောက်ချီးမြှင့်ရန် ဖိတ်ကြား၏။ ဦးဒွေးသည် နောက်ပါအခြွေအရံ အနည်းငယ်မျှဖြင့်သာ မောင်တုတ်ဖိတ်ကြားရာသို့ ရောက်လာ၏။ မိမိအား သဘောရိုးဖြင့် ဖိတ်ကြားသည်ဟု ဦးဒွေးယုံမှတ်လျက်ရှိသည်။ စင်စစ်အားဖြင့် ငတုတ်သည် အယုံသွင်း၍ ဥပါယ်တံမျဉ်ဖြင့် မျှားကာ ပင့်ဖိတ်ခြင်းသာ ဖြစ်၏။

ပထမဦးစွာ ဦးဒွေးနှင့် အခြွေအရံတို့အား နံနက်စာဖြင့် ခမ်းခမ်းနားနား ညော့ခံ၏။ မွန်းလွဲပိုင်းတွင် အရက်သေစာများဖြင့် ထပ်မံပြုစု၏။ ညော့သည်အားလုံး အလွန်အကျွံ မူးယစ်နေကြချိန်တွင် ၎င်းတို့ပါလာ

သော လက်နက်များကို လူဆိုးတို့က သိမ်းလိုက်၏။ ထို့နောက် ဦးဒွေးနှင့်တကွ နောက်ပါတို့အား ဖမ်းဆီးချုပ်နှောင်ထားလိုက်ကြ၏။

နေညိုလာသောအခါ ယင်းမာပင်မြို့နှင့် မနီးမဝေးအရပ်သို့ ခေါ်ဆောင်၍ ခရီးသွားတို့နားနေရာ ခုတင်ကတုံးတစ်လုံးသို့ အရောက်တွင် ဦးဒွေးအား ခုတင်ကြီးပေါ်တင်လိုက်၏။ ဦးဒွေး၏ သျှောင်ကိုဖြေ၍ ဆံပင်များကို စုစည်းပြီး ခုတင်အုံးတုံးမှာ ရစ်ပတ်ချည်နှောင်ထားလိုက်၏။ လက်ခြေတို့ကိုလည်း ထန်းလျှော်ကြိုးဖြင့် တုပ်နှောင်ထား၏။ ထို့နောက် အမျိုးမျိုး နှိပ်စက်ညှဥ်းပန်းကြတော့သည်။

သူတို့လက်ဦးကြလေပြီ။ သူတို့အကြံ ထမြောက်ကြလေပြီ။

ကန္နီဝန်ဦးဒွေးသည် သူ့ခေတ်သူ့အခါက ဓလေ့အတိုင်း ကိုယ်ခံဆေးများ ထိုးနှံထား၍ ဗန်းကျီမောင်တုတ်တို့လူစု၏ ညှဥ်းပန်းမှုကို အတော်အတန် ခံနိုင်စွမ်းရှိခဲ့သည်ဟု အဆိုရှိ၏။ နေဝင်ခါနီးလေလျှင် မောင်တုတ်သည် ဦးဒွေး၏လည်ပင်းကို ဓားဖြင့် ပိုင်းခုတ်လိုက်သည်။ သို့သော် ဦးဒွေး၏ လည်ပင်းမှာ ဓားမတိုး။ သွေးပင် မစို့လာ။ နောက်ဆုံး၌ ဦးဒွေးသည် စိတ်လျှော့လိုက်သည်။ "ငတုတ်ရယ် . . နင့်အကြံ ဦးပြီပ။ ငါ့ကို နင်ဒါလောက် သေစေချင်မှတော့ ကွမ်းတစ်ယာနဲ့ ရေတစ်မှုတ်သာ ယူခဲ့တော့ဟဲ့" ဟု မိန့်ဆိုသည်။

ငတုတ်လည်း ကွမ်းတစ်ယာနှင့် ရေတစ်မှုတ်ကို ရှာဖွေစီစဥ်၍ ဦးဒွေးအား ပထမဦးစွာ ကွမ်းယာကျွေး၏။ ကွမ်းယာကုန်လေလျှင် ရေတိုက်၏။ ရေသောက်ပြီးနောက် ကန္နီဝန်သည် စိတ်ကို လုံးလုံးလျှော့လိုက်၏။ မကြာမြင့်မီ နေဝင်ချိန်၌ ငတုတ်၏လက်ချက်ဖြင့် ထိုခုတင်ကတုံးကြီးပေါ်မှာပင် ဇီဝိန်ချုပ်ရလေတော့သည်။ အင်္ဂလိပ်လက်ထက်က ဦးဒွေးအား လုပ်ကြံလိုက်သော တရားခံငတုတ်နှင့် အပေါင်းပါလူဆိုးလူသွမ်းတို့အား ဖမ်းဆီးရမိခြင်းလည်းမရှိ၊ အိန္ဒိယ ရာဇသတ်ကြီး



ပုဒ်မ ၃၀၂ အရ အရေးယူ၍ အမှုကို စီရင်ဆုံးဖြတ်အပြစ်ပေးခဲ့ခြင်းလည်း မရှိပါ။ ဗြိတိသျှလက်အောက်ဟု ဆိုရသော်လည်း ဦးဒွေးကွယ်လွန်ပြီး သူ၏ညီ ဦးတုတ်က ကန္နီဝန်အဖြစ် ဆက်ခံ၍ မြို့ဝန်၏ သီးသန့်အုပ်ချုပ်မှု အာဏာစက်အတိုင်းသာ ဖြစ်သည်။ တရားခံငတုတ်နှင့် စပ်လျဥ်း၍ ဒုတိယမြို့ဝန် ဦးတုတ်အကြောင်းတွင် ဆက်လက်ဖော်ပြပါမည်။

ဦးဒွေး၏ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ယင်းမာပင်မြို့၏ မြောက်ဘက် ငါးရာတွင်းခန့်အကွာ၊ ရွာထောင်နှင့် မြေကျက်ဆူ ဟူသော ရွာနှစ်ရွာအကြား လှည်းလမ်းအပါးရှိ မြေကွက်လပ်၌ မြှုပ်နှံသင်္ဂြိုဟ်ထား၏။

စာရေးသူ ရှင်လူထွက်စအရွယ်က ထိုအနီးအပါးသို့ ဖခင်ကြီးနှင့် အတူ ဖြတ်သွားခဲ့ဖူးသည်။ (အလျား ၆ ပေ× အနံ ၂ ပေ)ရှိ မြေပုံမို့မို့အရာကလေးပေါ်တွင် ၃ လက်မပတ်လည်ရှိ သစ်မာချောင်း လေးချောင်းကို တိုင်များအဖြစ် လူတစ်ရပ်ခန့်အမြင့် စိုက်ထူ၍ (၄ လက်မ× ၂ လက်မ) ပျဥ်ချပ်များကို အထက်နှင့် အောက်တို့၌ ပတ်လည်ခွေပြီး (၂ လက်မ× ၁ လက်မ)ပျဥ်ချောင်းများကို ကြက်တူရွေးတန်းအဖြစ် ထောင်ရိုက်ကာ ခြံခတ်၍ ရေနံချေး သုတ်ထားသည်ကို မြင်တွေ့မိ၏။ ဖခင်ကြီးအား "ဒါ . . ဘာလုပ်ထားတာလဲ အဖေ . ." ဟုမေးသောအခါ

"အဲဒါ ငါတို့အမေဘက်က အဘိုးလေးတော်တဲ့ ကန္နီဝန်ဦးဒွေး အလောင်းမြှုပ်နှံထားတဲ့နေရာမှာ ဒေါင်းခြံလုပ်ထားတဲ့ အမှတ်အသားပါကွယ်" ဟု မဖြေချင့်ဖြေချင်နှင့် ဖြေကြားခဲ့ပါသည်။

ကန္နီဝန်ဦးဒွေးသည် စာရေးသူ၏ဖခင်နှင့် မည်သို့မျိုးနွယ်ဆက်စပ်ပုံကို ပေါ်လွင်အောင် ရှင်းလင်းတင်ပြလိုပါသည်။ ဦးရွှေဘူး ဒေါ်လယ်ရောက်တို့မှ ဖွားမြောက်ခဲ့သော အကြီးဆုံးသမီး မယ်စို ခေါ်

ဒေါ်စိုသည် ထိုစဉ်အခါက ကန္နီမြို့၌ ထင်ရှားသည့် ခုံမင်းကြီး ဦးအုန်းခိုင်နှင့် ထိမ်းမြားလက်ထပ်ခဲ့၏။ ၎င်းတို့မှ ဒေါ်ကြင်ဦး၊ ဦးသိုက်နှင့် ဒေါ်ကြင်ငွေတို့ကို ဖွားမြင်ခဲ့သည်။ ဦးအုန်းခိုင်အကြောင်း လာမည့်အခန်း၌ သီးခြားတင်ပြပါမည်။

ဒေါ်ကြင်ငွေသည် ဝန်စာရေးကြီး ဦးစံရာနှင့် အကြောင်းပါ၍ ဦးတင့်ရွှန်း၊ ဒေါ်မေတင်နှင့် ဦးညဏ်ထူးဟူသော သားသမီး သုံးယောက် ထွန်းကား၏။ ဦးတင့်ရွှန်းကား စာရေးသူ၏ ဖခင်ဖြစ်သည်။ ဦးဒွေးသည် ဖခင်ကြီး၏ အဘွားဖြစ်သူ ဒေါ်စို၏ မောင်ငယ်တစ်ဦးဖြစ်သောကြောင့် စာရေးသူနှင့်ဆိုသော် အဘေးလေး တော်စပ်ကြောင်း ဆွေစဉ်မျိုးဆက်ကို ဖော်ပြရပေသည်။

ဦးဒွေးစီးနင်း အသုံးပြုခဲ့သော လှည်းယဉ်ကို မန္တလေးနန်းတွင်း ယဉ်ကျေးမှုပြတိုက်၌ ယခုအခါ ပြသထားသည်ကို တွေ့မြင်နိုင်ပါသည်။ (ပုံ-၄ ရှု။) အဆိုပါလှည်းယဉ်မှာ ကနီမြို့၏ အခြားတစ်ဖက်ကမ်းရှိ ရွာတစ်ရွာမှ ရယူသိမ်းဆည်းခဲ့ရကြောင်း မြို့နယ်ကောင်စီရုံးစာရေး ဦးမောင်မောင်ကျော် (စာရေးသူ၏ ဝမ်းကွဲညီ) ပြောပြချက်အရ သိရှိရသည်။ ဦးဒွေးသည် မြစ်၏လက်ယာဘက်ရှိ ကန္နီနှင့် ဗန့်ကျီနယ်တို့အတွင်း သွားလာလျှင် မြင်းကို အသုံးပြုခဲ့၍ မြစ်၏လက်ဝဲဘက်ကမ်းရှိ ကန္နီနယ်အတွင်း သွားလာလျှင် အဆိုပါလှည်းယဉ်ကို အသုံးပြုခဲ့သည်ဟု သုံးသပ်မိပါသည်။

ဦးဒွေးအား ကန္နီဝန်အဖြစ် ခန့်အပ်သော ခုနှစ်ကို ခရစ်နှစ် ၁၈၈၄ ဟု ကနီမြို့နယ်မှတ်တမ်း (၁၉၈၂)တွင် ဖော်ပြထားရာ စာရေးသူ၏ဖခင် ပြောကြားခဲ့သော စကားအရ မင်းတုန်းမင်းလက်ထက် ကန္နီဝန်ဖြစ်သည်ဟု မှတ်သားဖူး၍ ကွာဟချက်ရှိပါသည်။





ပုံ- ၄။ ကန္နီမြို့ဝန် ဦးဒွေးစီးနင်းခဲ့သော လှည်းယဉ်
(မန္တလေးနန်းတွင်းပြတိုက်)

အထက်ဖော်ပြပါ ကနီမြို့နယ်မှတ်တမ်း၊ စာမျက်နှာ ၁၆၄ တွင် ကုန်းဘောင်မင်းဆက်အကြောင်း ဖွဲ့ဆိုထားသည့် စည်တော်သံ ၄၉ ပုဒ် ရေးသားသူ ကန္နီစစ်ကဲ မင်းထင်ရာဇာ၏ အတ္ထုပ္ပတ္တိကို မသိရသေးကြောင်း ဖော်ပြထား၏။ သို့သော် ကနီမြို့နယ်မှတ်တမ်း ၁၉၇၉ စာမျက်နှာ ၇ တွင် ဦးဒွေးကို လက်ဖက်ရည်တော်ဆောင်၊ သင်းသေနတ်ဗိုလ်အဖြစ် ခန့်အပ်၍ ရွှေသားရေးမင်းဘွဲ့ပေးကြောင်း ဖော်ပြပါရှိသည်။ စည်တော်သံအပိုဒ် ၄၉ တွင် "ကွမ်းရေကိုင် တစ်လီချို့ပြန်လို့၊ ကန္နီမြို့ စစ်ကဲတော်၊ နောက်တစ်ဖန် မြို့ရွှေရင်း၊ သင်းသေနတ်ပေါ်၊ အရေးမျှော်၊ အတွေးတော်ကေန်သိသောကြောင့်၊ နယ်မြို့ရွာ မွေးဇာတိ ကို၊ ပေးဘိသနား . ." ဟု ရေးဖွဲ့ထားသည်ကို ထောက်ရှုလျက် ကန္နီစစ်ကဲ မင်းထင်ရာဇာမှာ ဦးဒွေးပင်ဖြစ်ကြောင်း ပို၍ခိုင်လုံပါသည်။

ဦးဒွေး မင်းမှုထမ်းဖြစ်လာပုံမှာ စိတ်ဝင်စားစရာ ဖြစ်၏။ အစ်ကိုကြီးဖြစ်သူ မဲတင်သူကြီး ဦးပိုးသည် မင်းတုန်းမင်းကြီးရတနာသိယ်သို့ ကြွတော်မူစဉ်က ရှုပ်ရှုပ်ချွံချွံ အမှုတော်ထမ်းခဲ့သူ ဖြစ်သည်။ နောင်တော် ဦးပိုးနှင့် ညောင်ဝန်းဝန်ထောက် ဦးဖိုးအိုတို့၏ အဆက်အသွယ်ဖြင့် ရတနာပုံနန်းတော်အတွင်း လက်ဖက်ရည်တော်ဆောင်၊ ကွမ်းရေကိုင် အဖြစ် အမှုတော်ထမ်းရ၏။ ထို့နောက် စစ်ကဲဖြစ်ခဲ့ပြီး တစ်ဖန် သေနတ်တပ်တွင် ဗိုလ်အဖြစ် တာဝန်ပေးခြင်းခံရသည်။

× × × × ×

## ဒုတိယ ကန္နီဝန် ဦးတုတ်

### ဦးဒွေးကွယ်လွန်၊ ရိုက်ရာမွန်၊ မြို့ဝန် ဦးတုတ်ဆက်။

ဦးဒွေးကွယ်လွန်ပြီးနောက် ဗန်ကျီနှင့် ကန္နီတိုက်နယ်ကြီး နှစ်နယ်ကို ဆက်လက်၍ စီမံအုပ်ချုပ်ရန် သူ၏ညီဖြစ်သူ ဦးတုတ်အား အင်္ဂလိပ်အစိုးရက မြို့ဝန်တာဝန်ကို ပေးခဲ့သည်။ ဦးတုတ်သည် မြို့ဝန်အရိုက်အရာကို ခန့်အပ်မှုအရ ဆက်ခံရခြင်းပင် ဖြစ်သည်။

ဦးတုတ်မြို့ဝန်ဖြစ်လာသောအခါ ကန္နီမြို့လယ်ဘုရားကြီး၏ အနောက်မြောက်ထောင့်အရပ်၊ ထိုစဉ်က မြစ်ကမ်းပါးနှင့် ၁၅ တာခန့် အကွာတွင် အတောင် ၁၀၀ ခန့် ပတ်လည်ရှိသော မြေကွက်၌ နှစ်ထပ်တိုက်ကြီးတစ်လုံးကို ဆောက်၍ နေထိုင်ခဲ့သည်။ ထိုတိုက်ကြီးသည် အလျား×အနံ အတောင် ၄၀ ခန့် ပတ်လည်ရှိ၍ အမြင့်မှာ အတောင် ၃၀ နီးပါးရှိသည်။ မျက်မှောက်ခေတ် အတိုင်းအတာအရ



ဆိုသော် ကြမ်းခင်းဧရိယာ စတုရန်းပေ ၇၀၀၀ ကျော်ရှိသည်။ ထိုတိုက်ကြီးနှင့် လိုက်လျောညီထွေဖြစ်စေမည့် ရေနည်းချိန်၌ ကမ်းစပ်သို့ ဆင်းသော အုတ်လှေကားကြီး တစ်စင်းကိုလည်း တည်ထားခဲ့သည်။ ၁၉၄၂ ခုနှစ်က ကနီမြို့ မီးလောင်ခဲ့ရာ အဆိုပါတိုက်ကြီးလည်း မီးထဲပါသွားခဲ့ရသည်။ ထိုတိုက်ပျက်ကြီးသည် ယခုထက်တိုင် ထီးထီးကြီး ဆက်လက်တည်ရှိနေသေး၏။ အုတ်လှေကားမှာမူကား ရေတိုက်စား၍ မြစ်ကမ်းပါးပြိုသည့်အထဲတွင် ပါသွားခဲ့လေပြီ။ (တိုက်ပျက်ကြီး ပုံ-၅ ရှု။)



ပုံ-၅။ ကန္နီဝန် ဦးတုတ်နေထိုင်ခဲ့သော တိုက်(၁၉၄၂ ခုနှစ် မီးလောင်ပြီးနောက်ပိုင်း)

မြို့ဝန်မင်း ဦးတုတ်တွင် ဇနီးလေးဦးရှိ၏။ ပထမဇနီး ဒေါ်ရွှေသင်း နှင့် သမီးနှစ်ယောက် ဖွားမြင်သည်။ မယ်ပြားခေါ် မမကြီးနှင့် မယ်ရွှေခဲ

ခေါ် မမကလေးတို့ ဖြစ်၏။ ဦးတုတ်သည် အဆိုပါ သမီးနှစ်ဦးအား ထူးခြား ခမ်းနားစွာ နားထွင်းမင်္ဂလာပွဲ ကျင်းပပေးခဲ့သည်။ ယင်းနားထွင်း မင်္ဂလာပွဲသို့ သံချိုဆရာကြီး မောင်းထောင် ဦးကျော်လု တက်ရောက်လာသည်။ နားထွင်းမင်္ဂလာပွဲတွင် ဦးကျော်လုသည် ကနီဝန်၏ ဆွေစဉ်အဆက်ဆက် အမျိုးအနွယ်တော် ကိုးဆယ်ကျော်အကြောင်း ကုန်စင်အောင်ပင် စာမစပ်နိုင်ပုံကို သံချိုကဗျာ ရေးဖွဲ့ချီးကျူးခဲ့ပါသည်။ သံချိုကဗျာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

"တည်အခြေ ပြည်ရွှေနီ၏၊ ဖွေမဟီ မြေညီရာသို့၊ ရေသီတာ ဖီလာခွဲပါတဲ့၊ ရွှေနဲ့ရွာမဏ္ဍိုင်က၊ အရံပိုင် ဦးကိုင်မိုးပေတဲ့၊ ပြည်စိုးဝန် သေနင်္ဂါပ၊ ဘိုးမြတ်ရာ နောင်အဖော်နှင့်၊ ဘိုးမြတ်ကျော် ညီအလတ် ကဲ့ပြင်၊ ဘိုးမြတ်သာ အလယ်လူနှင့်၊ ဘိုးမြတ်သူ ဘိုးမြတ်ရေးငဲ့ပြင်၊ အထွေး မယ်သီတာနှင့်၊ နယ်ဒီပါ ဇမ္ဗူတိုင်း၊ ကိုင်း ခြောက်ခက် ဝေလို့ဖြာ။

မျိုးပြည့်စုံ ဂုဏ်ဒြပ်ကယ်နှင့်၊ ဘိုးမြတ်သာ ရှုမငြီးပေသည့်၊ သမီး မယ်လယ်ရောက်ကဲ့ပြင်၊ ထက်အောက်စဉ် ဉာတကာပ၊ ဦးပိုးစာ အစ်ကိုနောင်နှင့်၊ ဦးပိုးစောင် မယ်လယ်(လည်)ရွှဲတို့၊ တကွဲစီ ဝေဒဟီကဲ့ သို့၊ မယ်မှီ မယ်သာအေးငဲ့ပြင်၊ အထွေး မမယ်လုံးရယ်က၊ ဆုံးပြန်နှင့်ရှာ။

ပုပ္ဖာရုံ ဝိဟာရ၏၊ ဒါနရှင် သာခါဝိကဲ့သို့၊ မွေးမိခင် မယ်တော်ကြီးက၊ သမီးမယ်စိုနှင့်၊ အငယ်ကို မဲဒင် မင်းငဲ့ပြင်၊ ဖော်ချင်းပါ မယ်ရွှေလှဲ့တဲ့၊ မယ်မဲ့မှာ လူဋ္ဌာန်က ဝေးရာပေါ့၊ ကိုအေး ဂုဏ်တံခွန်နှင့်၊ တမလွန် အခွန်ပါသည့်၊ ဝန်မဟာ နောင်တော်မြတ်ကဲ့ပြင်၊ ညီလတ်မှာ နတ်ရွာသို့စောလေငဲ့၊ ကိုလော ရွှေစာရေးနှင့်၊ အထွေး မယ်ရွှေနှစ်ကယ်က၊ မေးညစ်သည့် ကံကြမ္မာ၊ နာမ်ကွာသည့် အရေး။



ရုံးတစ်ထောင် ဘုန်းရောင်လက်ပါဘိ၊ အောင်နက်သန် ပြည်ရွှေနီသို့၊ ကေရီလွန်သဒ္ဒါသည့်၊ ဝန်မဟာ ဘုရင်ပွားငယ်က၊ မယ်ပြား တစ်သွယ်နှင့်၊ သနားဖွယ် မယ်ရွှေခဲတို့၊ ကြေကွဲစွာ နားပန်သချောတော့၊ ကုလ ဝံသာဘိနှင့်၊ ဇာတိဟုန် ဂုဏ်ဒြပ်ကယ်နှင့်၊ သာကီဝင် အစုံမှတ် လောက်ကဲ့၊ ကိုးဆယ်ကျော် အမျိုးနွယ်တော် အကုန်မစပ်နိုင်ဘူး၊ ဘိုးမြတ်သာ့ မြေး။ ။"

စာရေးသူ ဖတ်မိသမျှထဲက ပုံနှိပ်ပြီးဖြစ်သော ဦးကျော်လု သံချိုကဗျာများတွင် ဖော်ပြပါသံချိုကို မတွေ့မိပါ။ ကနီမြို့နေ အငြိမ်းစား အထက ကျောင်းအုပ်ကြီး ဦးမောင်မောင်ချို (ရုပ်ရှင်သရုပ်ဆောင် စာရေးဆရာ မင်းဏီ၏ညီ) ထံမှရရှိသည်။ သူ့ထံမှ ရရှိသော ကဗျာ စာမူတွင် ချွတ်ယွင်း တိမ်းစောင်းနေသည်များကို တွေ့ရသည်။ စာရေးသူ ငယ်စဉ်က ဖခင်ကြီး မကြာခဏ ရွတ်ဆိုပြသဖြင့် စာသားမှန်များကို နားရည်ဝလာခဲ့ရာ ကောင်းစွာ မှတ်မိနေပါသည်။ ထိုမှုအတိုင်း အထက်တွင် ဖော်ပြထားခြင်း ဖြစ်ပါသည်။

သံချိုပါ အချက်အလက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြဖို့ လိုပါမည်။ ကနီမြို့ တစ်ဖက်ကမ်း "ကနဲ" ဟူသော အရပ်တွင် ညီအစ်ကိုမောင်နှမ ခြောက်ဦးရှိခဲ့၏။ ၎င်းတို့မှာ -

၁။ သေနင်္ဂဝန် ဦးမြတ်ရာ၊
၂။ ဦးမြတ်ကျော်၊
၃။ ဦးမြတ်သာ၊
၄။ ဦးမြတ်သူ၊
၅။ ဦးမြတ်ရေးနှင့်
၆။ ဒေါ်သီတာတို့ ဖြစ်ကြသည်။

အမှတ်စဉ် (၃) မှ ဦးမြတ်သာတွင် သားသမီး ခုနစ်ယောက်ရှိသည်။ ၎င်းတို့မှာ ဒေါ်လယ်ရောက်၊ ဦးပိုးစာ၊ ဦးပိုးစောင်၊ ဒေါ်လည်ရွှဲ၊ ဒေါ်မို၊ ဒေါ်သာအေးနှင့် မမယ်လုံး (မပလုံး ဟုလည်းခေါ်သည်)ဟူ၍ ဖြစ်သည်။

အကြီးဆုံး ဒေါ်လယ်ရောက်တွင် သားသမီး ကိုးယောက်ရှိကြောင်း အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

ဦးဒွေးနှင့် ဦးတုတ် ညီအစ်ကိုနှစ်ဦးသည် ကန္နီဝန်များဖြစ်ကြသည်။ ၎င်းတို့နှစ်ဦးကြားတွင် ယောကျ်ားလေး တစ်ဦးရှိသေးသည်။ ငယ်ရွယ်စဉ်က ဆုံးပါးသွားသောကြောင့် သံချိုကဗျာတွင် အမည်နာမပင် ဖော်ပြထားခြင်း မရှိသည်ကို တွေ့ရပါသည်။

သံချိုပါ မယ်ဖြားနှင့် မယ်ရွှေခဲတို့ နားသချိန်က ၎င်းတို့၏မိခင် ဒေါ်ရွှေသင်း ကွယ်လွန်ခဲ့ပြီးဖြစ်သဖြင့် သနားဖွယ် မိခင်မဲ့မိန်းကလေးများဖြစ်၍ "ကြေကွဲစွာ နားပန်သချေတော့" ဟုဖွဲ့ဆိုထားခြင်း ဖြစ်ကြောင်း မှတ်သားခဲ့ရဖူးပါသည်။ သံချိုနောက်ဆုံးအချပိုဒ်၌ "ဘိုးမြတ်သာ့မြေး" ဟု ဖွဲ့ဆိုထား၏။ စင်စစ်အားဖြင့် နားပန်သခြင်းခံရသူများမှာ မြစ်တော်စပ်သူများသာ ဖြစ်ပေသည်။

သံချိုရေးဖွဲ့ခြင်းအတွက် ဦးကျော်လုအား ကန္နီဝန် ဦးတုတ်က ဒင်္ဂါးနှစ်ဆယ့်ငါးပြား၊ ပိတ်အုပ်တစ်အုပ်၊ တောင်ရှည်ပုဆိုးနှင့် ပိုးပဝါများဆုအဖြစ် ချီးမြှင့်ခဲ့ကြောင်းမှတ်သားရပါသည်။

ဦးတုတ်သည် မြန်မာနိုင်ငံတွင် နောက်ဆုံးရှိခဲ့သော မြို့ဝန်ဖြစ်ပြီး နှစ်ပေါင်းနှစ်ဆယ်ကျော် ကန္နီနယ်နှင့် ဗန့်ကျီနယ် နှစ်ရပ်ပေါင်းကို တာဝန်ယူအုပ်ချုပ်ခဲ့ရသည်။ နောင်တော် ဦးဒွေးအား လုပ်ကြံခဲ့သော ဗန့်ကျီနယ်မှ ရာဇဝတ်သား ငတုတ်သည် ဦးတုတ်မြို့ဝန်ဖြစ်လာသော



အခါ သေရမည့်ဘေးကို ကြောက်၍ ယောနယ်ဘက်သို့ ထွက်ပြေးလေ၏။ များမကြာမီ ထိုအရပ်မှာပင် ကံတူအကျိုးပေးဆိုသကဲ့သို့ ကြမ္မာမကောင်းစွာ မရဏာ ပြောင်းခွာရကြောင်း သိရသည်။

ဦးတုတ်သည် မုံရွာခရိုင် အရေးပိုင်ပြုလုပ်ကျင်းပသည့် မင်းပွဲစိုးပွဲများသို့ တက်ရောက်သောအခါ ရှေးမြန်မာမင်းများ လက်ထက်က ဓလေ့ထုံးစံ အစဉ်အလာဖြစ်သော ရွှေထီးဆောင်းခြင်း အဆောင်အယောင်ကို ဗြိတိသျှအစိုးရက ဆက်လက်အသိအမှတ်ပြုသည့်ပြင် "သူရဲကောင်း ငွေဓားဆုရမင်း" ဟူသော "P.D.M" ဘွဲ့နှင့် ဗြိတိသျှတံဆိပ်ပါ စလွယ်ကြီးတစ်ခုကိုလည်း ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရှိရပေသည်။

ဦးတုတ်တွင် ဇနီးလေးဦး ရှိခဲ့၏။ ပထမဇနီး ဒေါ်ရွှေသင်းတွင် သမီးနှစ်ယောက် ဖွားမြင်ကြောင်း အထက်၌ ဖော်ပြခဲ့ပြီး ဖြစ်သည်။ ဒုတိယဇနီး ဒေါ်ရွှေညွှန့်မှ ဒေါ်ကျီးကြီးနှင့် ဦးကျော်မြင့်တို့ကို ဖွားမြင်သည်။ တတိယဇနီး ဒေါ်ပုမှ ဦးလူညွှန့်နှင့် ဦးရဲညွှန့်တို့ကို မွေးသည်။ စတုတ္ထဇနီး ဒေါ်ချင်းမှ ဦးသံချောင်းခေါ် ဦးဦးတင့်ကို မွေးသည်။ လူမမည်အရွယ် ငယ်စဉ်က တိမ်းပါးသွားခဲ့ကြ၍ ကလေးသူငယ်အချို့၏ အမည်နာမများ မဖော်ပြနိုင်ခြင်းလည်း ရှိနိုင်ပါသည်။ ကနီမြို့မှ ကွယ်လွန်ပြီး ပုဂ္ဂိုလ်များထဲက ထူးခြားသူများအကြောင်းကို ရှေ့အခန်းတစ်ခန်း မှတ်တမ်းတင်သောအခါ ဦးလူညွှန့်၏ အတ္ထုပ္ပတ္တိကို အကျဉ်းချုပ်၍ သီးခြားတင်ပြသွားပါမည်။

"နဝဒေးစာပေ" မှ ၁၉၆၃ ခုနှစ်က ထုတ်ဝေခဲ့သော ကနီဦးလူညွှန့်ပြုစုသည့် "ဦးကျော်လု သံချိုများ" စာအုပ်တွင် ဆရာမောင်ကြည်ရှင်၏ အမှာစာ(စာမျက်နှာ ၁၁)၌ "ကန္နီဝန် မင်းထင်ရာဇာ

ဦးတုတ်သည် ဒေါ်ပုနှင့် အကြောင်းပါရာတွင် သားသမီးကိုးယောက် ထွန်းကားသည့်အနက် အထွေးဆုံးမှာ ဦးလူညွှန့် ဖြစ်ပေသည်"ဟု ဖော်ပြထားသည်ကို တွေ့ရ၏။ ဒေါ်ပု တစ်ဦးတည်းက သားသမီး ကိုးယောက် မထွန်းကားခဲ့ပါ။ ဦးလူညွှန့်သည် အထွေးဆုံးသားလည်း မဟုတ်ပါ။ ထို့ပြင် "မင်းထင်ရာဇာ"ဘွဲ့ရသူမှာ ဦးတုတ်မဟုတ်ဘဲ ဦးဒွေးသာလျှင် ဖြစ်သည်။ ထိုအကြောင်းကို ဦးဒွေး၏ ဖြစ်စဉ်ပုံရိပ် အခန်းတွင် တင်ပြခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် ဆရာမောင်ကြည်ရှင်၏ အမှာစာပါအကြောင်းအချက်များမှာ တိမ်းစောင်းမှုရှိသည်ဟု ဆိုချင်ပါသည်။

ဒေါ်ပုသည် ဦးအုန်းခိုင်၏ နှမအငယ်ဆုံး ဖြစ်၏။ ဦးအုန်းခိုင်၏ဇနီး ဒေါ်စိုမှာလည်း ဦးတုတ်၏ အစ်မကြီးဖြစ်၏။ ထို့ကြောင့် ဦးတုတ်နှင့် ဦးအုန်းခိုင်တို့သည် မောင်လည်း နှမလည်း သမီးယောက်ဖများ ဖြစ်ကြသည်။ ဦးအုန်းခိုင်အကြောင်း လာမည့်အခန်းတွင် သီးခြားတင်ပြသွားရန် ရည်ရွယ်ပါသည်။

ကန္နီတစ်ဖက်ကမ်း စိန်ကုန်းရွာဘုရားကြီးကို ကန္နီဝန်များ၏ အဘိုးသူဌေးကြီး ဦးမြတ်သာက သက္ကရာဇ် ၁၂၀၈ ခုနှစ်တွင် တည်ထားခဲ့ခြင်း ဖြစ်၏။ ၁၃၀၁ ခုနှစ်တွင် စိန်ကုန်းဘုရားကြီးကို အများကောင်းမှုဖြင့် အသစ်ပြုပြင် ထီးတင်ခဲ့ကြောင်း သိရှိရပေသည်။

× × × × ×



## ဦးတုတ် ကံကုန်ခြင်း

### ဆွေမျိုး ခြွေဖြုတ်၊ ကြံအားထုတ်၊ ဦးတုတ် နာမ်ကွာပျက်။

ပဉ္စမမြောက် ဂျော့ဘုရင်လက်ထက်တွင် ဦးတုတ်သည် လုပ်ကြံခံရ၏။ လုပ်ကြံသူမှာ သူစိမ်းတစ်ရံဆံမဟုတ်။ သွေးသားမကင်း ဆွေရင်းမျိုးချာထဲက ဖြစ်သည်။ ထိုသူသည် ဦးတုတ်တူမအရင်း၏ မြေးဖြစ်သဖြင့် သူ၏ဝမ်းကွဲမြစ်တော်သူပင် ဖြစ်သည်။ ဦးတုတ်၏ အစ်မအကြီးဆုံး မယ်စို၏မြစ်အရင်းဖြစ်သည်။ ထိုပုဂ္ဂိုလ်မှာ စာရေးသူ၏ဖခင်ကြီး၏ တူဝမ်းကွဲဖြစ်၏။ သို့သော် သက်တူရွယ်တူဖြစ်သဖြင့် သူငယ်ချင်းလို ပေါင်းသင်းခဲ့သူ ဖြစ်သည်။

ဦးတုတ်ကွယ်လွန်ပြီးနောက်တွင် ကျန်ရစ်သူ ဆွေမျိုးအချင်းချင်း ရိုင်းပင်းမှုကင်းကာ ခပ်စိမ်းစိမ်း ခပ်တန်းတန်း၊ ခပ်အမ်းအမ်း ခပ်စောင်စောင်ဖြစ်လာခဲ့သည်။ စာရေးသူ၏ ဖခင်သည် နှစ်ဖက်သော ဆွေမျိုးများအကြားတွင် အခင်အမင်မပျက် ဘက်မလိုက်ဘဲ ကြားထဲ၌ အနေမှန်သောကြောင့် နှစ်ဖက်စလုံးက အထူးလေးစားကြသည်။ အဖေသည် ဆွေမျိုးများအကြား စိတ်ဝမ်းကွဲပြားစေမည့်စကားကို မိမိသားသမီးတို့အားပင်လျှင် မည်သည့်အခါမျှ အသိမပေးခဲ့ပါ။ စာရေးသူ အသက် ၁၆ နှစ်အရွယ် ကန္နီ (ကနီ)သို့ ရောက်ပြီးမှ စုံစုံစေ့စေ့ လေ့လာသိရှိရသည်။

အမှန်ကိုဆိုရသော် မြို့ဝန်သည် လူ့အသက်ကို စီရင်ခွင့်ရထားသူဖြစ်သည့်အလျောက် ကန္နီမြို့ဝန် ဦးတုတ်သည်လည်း မင်းစိုးရာဇာစိတ်ဝင်၍ မာန်ကြီးသူပင် ဖြစ်၏။ သူနှင့် သွေးနီးနီး,ဝေးဝေး၊ ရင်းရင်း,

စိမ်းစိမ်း ကျိုးနွံ့အောင် ဖိနှိပ်ထားသည်။ သွေးနီးရင်းချာများက ပို၍ မခံမရပ်နိုင် ဖြစ်၏။ သူ့အား လုပ်ကြံခဲ့သူသည် တစ်စုံတစ်ခုသော ပြစ်ချက်ရှိကောင်းရှိမည်ဟု မှန်းဆရ၏။ အစိုးရိမ်လွန်ပြီး ၎င်းက လက်ဦးအောင် သူ့အဘေးလေးအား အသက်ဆုံးပါးစေခြင်း ဖြစ်ပေလိမ့်မည်။

မြို့ဝန်အနိစ္စမရောက်မီက သားချင်းဆွေမျိုးများအနက် အချို့သည် မြို့ဝန်၏ နှိပ်ကွပ်မှုဒဏ်ကို မခံနိုင်ကြသဖြင့် ကန္နီနှင့်ဝေးရာ မြစ်ညာရှိ "ကင်း"ဟု အမည်တွင်သော ရွာသို့ ပြောင်းရွှေ့သွားကြကြောင်း သိရသည်။ ကင်းရွာသို့ ပြောင်းရွှေ့သွားကြသူများသည် မကျေနပ်ချက်ကြောင့် နောင်ကာလ၌ စာစပ်ဆိုထားခဲ့သည်ကို မှတ်မှတ်သားသား ကြားဖူးထားပါသည်။ **'သည်မြို့ သည်ဝန်နှင့်၊ ကြာ . . လူကျွန်ဖြစ်ရချည့်၊ ပြေးပေါ့ . .'** ဟူ၍ ဖြစ်သည်။

လွန်ခဲ့သောနှစ်ပေါင်း ၃၀ ကျော်က မဂ္ဂဇင်းတစ်စောင်တွင် နာမည်ကျော် စာရေးဆရာမကြီးတစ်ဦး၏ ချင်းတွင်းခရီးသွားဆောင်းပါး တစ်ပုဒ်ကို ဖတ်ခဲ့မိသည်။ ထိုဆောင်းပါးတွင် ကနီမြို့လယ်ရှိ အုတ်တိုက် ဟောင်းကြီးအကြောင်း ဖော်ပြရာ၌ "ကန္နီဝန်ဦးမဲ၏တိုက်"ဟု မှားယွင်းစွာ စာဖွဲ့ထားသည်ကို တွေ့ခဲ့ရပါသည်။ အမှန်မှာ ဦးမဲသည် EAC အဆင့်ရောက် ဝန်ထောက်ကြီးသာ ဖြစ်၏။ ဝန်မင်းဦးတုတ်၏သမီးငယ် ဒေါ်မမကလေးနှင့် အကြောင်းပါခဲ့ပြီးမှ ထိုတိုက်ကြီးပေါ်သို့ ရောက်ရှိ နေထိုင်ခဲ့ခြင်းဖြစ်သည်။ အသားအရေ ဝါဝင်းနေသော ဒေါ်မမကလေး နှင့် အသားနက်ခြောက်ခြောက်ရှိသည့် ဦးမဲတို့ လက်ထပ်ခဲ့စဉ်က

**'တိုက်ကြီးပေါ်က အပျိုစင်၊ ဒယ်အိုးဖင်နဲ့ ညားရလေခြင်း'** ဟု တစ်နည်း၊



**'တိုက်ကြီးထဲက ဘဲဥဖြူ၊ ကျီးမည်းယူလို့ ချီရက်လေခြင်း'** ဟူ၍တစ်ဖုံ တိတ်တိတ်ကျိတ်ကာ စာချိုးခဲ့ကြပုံကို အခြားသူများ ပြောပြသဖြင့် သိရှိရပါသည်။ ဝန်ထောက်ကြီး ဦးမဲအကြောင်း လာမည့်အခန်း တစ်နေရာတွင် ထပ်မံတင်ပြပါမည်။

ယခု ဤအခန်းတွင် ကန္နီမြို့ဝန်နှစ်ဦး၏ ပုံရိပ်ဖြစ်စဉ်များနှင့် စပ်လျဉ်း၍ အထက်၌ မီးမောင်းထိုးပြခဲ့သည့် အကြောင်းအချက်များ အနက် အချို့မှာ စာရေးသူ ငယ်စဉ်က ဖခင်ကြီး ဦးတင့်ရွှန်း (၁၈၇၆-၁၉၆၈) ပြောပြသည့်အတိုင်း ဇာတ်ကြောင်းပြန်ကာ တင်ပြရခြင်း ဖြစ်ကြောင်း ဝန်ခံပါသည်။

❖ ❖ ❖ ❖

# အခန်း (၄)

## မြို့ဝန်များနှင့် ခေတ်ပြိုင် ပုဂ္ဂိုလ်များ

## 'ပုန်းမကြည်'စေတီ ဒါယကာ ခံမင်းကြီးဦးအုန်းခိုင်

**ဖြတ်ထုံးကျေခြင်း၊ အဂတိကင်း၊ နိုင်နင်း ဓမ္မသတ်၊**

**နလုံးရည်ပိုင်၊ ဦးအုန်းခိုင်၊ ရုံးထိုင် ခံမင်းမှတ်၊**

**သုည,ပဥ္စ၊ ဒွိ,ကော၊ တည်ထ စေတီမြတ်၊**

**စေတီဘွဲ့မည်၊ 'ပုန်းမကြည်'၊ ရှယ်ရည် ဗောဓိသတ်၊**

**မျိုးဆက်တစ်တွေ၊ အဘိုးတူပေ၊ ဥပဒေ ပညာတတ်။**

ကန္နီမြို့ဝန် ညီနောင်နှစ်ဦးနှင့် တစ်သိုက်တစ်ဝန်းတည်းသော မျိုးနွယ်စုမှ ထင်ရှားသည့်ပုဂ္ဂိုလ်တစ်ဦး ရှိသေး၏။ ထိုသူမှာ ဦးအုန်းခိုင် ဖြစ်သည်။ သူသည် ကန္နီမြို့ ခံမင်းကြီး ဖြစ်၏။ နလုံးရည်သမား သက်သက် ဖြစ်သည်။ ထိုခေတ်အခါက ခံသမာဓိလူကြီးဖြစ်ရန် မလွယ် လှပါ။ ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့နှင့် စပ်လျဉ်း၍ ယခုခေတ် ကဲသို့ ရေးဖြေစာမေးပွဲများမရှိ။ သင်ရိုးညွှန်းတမ်းလည်း မသတ်မှတ်။ ပြဋ္ဌာန်းချက်များလည်း မပိုင်းခြား။ ဓမ္မသတ်နှင့် ဖြတ်ထုံးများ နှံ့စပ်သည့် ရဟန်းပညာရှိ၊ လူပညာရှိများက နှုတ်ဖြင့် စစ်ဆေးမေးမြန်းကြ၍ ကျေနပ်လောက်အောင် ပြန်လည်ရှင်းလင်းတင်ပြနိုင်မှသာ သမာဓိ

လူကြီးအရာနှင့် ထိုက်တန်ကြောင်း သုံးသပ်ဆုံးဖြတ်ချက်ထောက်ခံမှု အရ ခံမင်းအရာကို ခံယူရပါသည်။

ဦးအုန်းခိုင်၏ မိဘနာမည်တို့ကို ပြန်လည်ခြေရာကောက်ဖို့ မလွယ်တော့ပါ။ သို့ရာတွင် သေနင်္ဂဝန် ဦးမြတ်ရာ၏ ဆွေမျိုးအသိုင်းအဝိုင်းနှင့် မကွာလှမ်းသော မိသားစုထဲက ပေါက်ဖွားလာသူဟု သုံးသပ်ရပါသည်။ အဘယ့်ကြောင့်ဆိုသော် ရှေးခေတ်အခါက ဆွေမျိုးအသိုင်းအဝိုင်းအတွင်း အခြားသူစိမ်းတစ်ရံဆံများ ရောနှောပေါင်းစပ်လာမည်ကို အလွန်စိုးရိမ်ကြောင့်ကြပြီး မိမိတို့ အနွယ်အဆက်များကိုသာ ရွေးချယ်လက်ဆက်ပေးလေ့ရှိသော ဓလေ့ကြောင့်ပင် ဖြစ်သည်။ ဤအကြောင်းအချက် ထင်ရှားကြောင်း ဦးအုန်းခိုင်နှင့် ဦးတုတ်တို့သည် မောင်လည်း နှမလည်း အပြန်အလှန် သမီးယောက်ဖများ ဖြစ်နေခြင်းက သက်သေခံလျက်ရှိပေ၏။

စာရေးသူ၏ ဖခင်ကြီးသည် သူ့အဘွားဘက်က ဆွေမျိုးသားချင်းများ အကြောင်းကို မကြာခဏ နားရည်ဝအောင် ပြောပြတတ်သော်လည်း အဘိုးဘက်က ပုဂ္ဂိုလ်များအကြောင်းကိုမူ ပြောလေ့ပြောထ မရှိကြောင်း ကြုံတွေ့ရသဖြင့် စာရေးသူငယ်စဉ်က ဤသို့ စူးစမ်းကြည့်ဖူးပါသည်-

"အဖေက ဘွားဘွားကြီး ဒေါ်စိုနဲ့ ဆွေမျိုးအုပ်အင်အကြောင်း တဖွဖွပြောပြပေမယ့် ဘိုးဘိုးကြီး ဦးအုန်းခိုင်ရဲ့ ဆွေမျိုးအသိုင်းအဝိုင်း အကြောင်း ပြောပြတာနည်းတယ်။ ပြောပြပေးပါဦး အဖေ. . ."

"ဘဖိုးဘက်က အစိုဘက်လောက် ဇာချဲ့ပြီး စာဖွဲ့လောက်အောင် မရှိလှဘူးကွယ့်"

အဖေက လွယ်လွယ်ပင် ဖြေပါသည်။



"အဲဒီအဖိုး မိဘမျိုးရိုး သိသလောက်ပြောပြပါလား အဖေ. ."

"ဘဖိုး မိဘမျိုးရိုးက မင်းမှုထမ်း မဟုတ်ဘူးကွယ့်"

"ဒါဆို ဘာအလုပ်အကိုင်နဲ့ အသက်မွေးဝမ်းကျောင်းကြသလဲ ဗျာ. ."

"လယ်ယာခြံမြေတွေ ပိုင်ကြတော့ မြေစု ယာစုက ရတာနဲ့ ရပ်တည်နေထိုင်ကြတာပေါ့ကွယ်။ အေး. .တစ်ခုပြောစရာရှိရဲ့။ ဘဖိုးရဲ့ အဘိုးက မင်းမှုထမ်းမဟုတ်ပေမယ့် နန်းတော်နဲ့ မကင်းကွာဘူးလို့ ကြားဖူးတယ်. ."

"ဗျာ. .ဘယ်လိုပါလိမ့်"

"ဒီလိုကွယ့်. .ဘဖိုးရဲ့ အဘိုးဟာလဲ တရားဓမ္မသတ် နှံ့စပ်ကျွမ်းကျင်ပြီး ဗဟုသုတနဲ့လဲ ပြည့်စုံတော့ အင်းဝနေပြည်တော်က တိုင်ပင်စရာကိစ္စရှိရင်၊ တိုင်းရေးပြည်ရာနဲ့ ပတ်သက်လို့ ဆွေးနွေးစရာရှိရင် အခေါ်တော် ရှိတတ်တယ်ဆိုပဲ။ နန်းတော်ကြီးရဲ့အတိုင်ပင်ခံ ပုဂ္ဂိုလ်ပေါ့"

"ဒါဆို. .နေပြည်တော်ထိ ပေါက်ရောက်သူပေါ့။ ဒါနဲ့တောင် သူ့ကို ဘာလို့ အမြဲတမ်းအတိုင်ပင်ခံအရာရှိအဖြစ် နန်းတော်မှာ ခေါ်ယူခန့်ထားမှုမပြုတာပါလိမ့်. ."

"ရှေးခေတ်ကလဲ သူ့အမြင်နဲ့သူကိုးကွယ့်. ."

"ဆက်ပြောပါဦး အဖေ. ."

"ဘဖိုးရဲ့ ပြောပြချက်အရ သူ့အဘိုးက စာတတ် ပေတတ်၊ လောကီလောကုတ် နှံ့စပ်တယ်တဲ့။ အရေးအသား အစီအကုံးကောင်းပြီး ပြောရေးဆိုရာမှာလဲ လိမ္မာသိမ်မွေ့လှသတဲ့။ လူလုံးလူဖန်ကတော့ သေးသေးသွယ်သွယ်ရှိပေမယ့် ခံ့ညားမှုရှိတဲ့ ဥပဓိရုပ်နဲ့ဆိုပဲ။ ဒါလဲ ဘဖိုးပြောခဲ့သမျှ မင်းတို့အရွယ်လောက်က အဖေ မှတ်သားထားခဲ့တာ"

ခုံမင်းကြီး ဦးအုန်းခိုင်၏ အထက်ဘက် အနွယ်အဆက်အကြောင်း ဤမျှသာ ကြားဖူး၊ နာဖူး ရှိခဲ့ပါသည်။

ကန့်နီမြို့တွင် ခုံမင်းကြီးအဖြစ် တာဝန်ထမ်းရွက်စဉ် ဘိုးဘိုးကြီးနှင့် ဘွားဘွားကြီး ဒေါ်စိုတို့သည် အထင်ကရ ကောင်းမှုတစ်ခုကို အတူတကွ ပြုခဲ့ကြပါသည်။ ထိုကောင်းမှုကား သက္ကရာဇ် ၁၂၅၀ ပြည့်နှစ်က ပုန်းမကြည် ဘုရားစေတီ တည်ထားခဲ့ခြင်း ဖြစ်ပေသည်။ ထိုစေတီတော်တည်စဉ်က ပုဂံခေတ်အနော်ရထာမင်း မိဖုရားတည်ထားခဲ့သော စေတီတော်ဟောင်းကို ထပ်မံပြုပြင်ပြီး ရွှေစင်ရွှေသား ဘုရားဆင်းတုတော်တစ်ဆူ သွန်းလုပ်ပူဇော်ခဲ့၍ ငွေပြားတစ်ချပ်ပေါ်တွင် အောက်ပါအတိုင်း ကမ္ပည်းမှတ်တမ်းတင်ကာ ဆုတောင်း ပတ္ထနာပြုခဲ့ပေသည်-

**'ယောစ ပူဇေယျ သမ္ဗုဒ္ဓံ သိဒ္ဓတ္ထ လောက နာယကံ**
**ဓာတုသာ သပ မတ္တပိ။ နိဗ္ဗုတဿ ပူဇေယျမေ**
**စိတ္တံ တသ္မာ တူပ ကရိတွာ ပူဇေဟိ ဇိနိဓာတုယော။'**

သမ္မာသမ္ဗုဒ္ဓ အတုလ မြတ်စွာသည် ခေမာနိဗ္ဗာန် စံလွန်တော်မူပြီးနောက် ထွန်းတောက်သာသနာ ငါးထောင်ကြာအောင် မဟာဓာတုဓာတ်မွေစုတို့၏ ကိန်းဝပ်ရာ ပေါက္ကံဒေဝီညာ အနော်ရထာမိဖုရားတည်ထားကိုးကွယ်သော အကျော်စူလာ မြတ်သေဠာဟု လေးမျက်နှာစေတီတော်ကြီး ပျက်စီးယိုယွင်း ရှိသောကြောင့် ပကတိအသစ်ဖြစ်စေခြင်းငှာ ကျောင်းဒကာ ဦးအုန်းခိုင် ကျောင်းအစ်မ မယ်စိုတို့က ၁၂၅၀ နှစ် တပေါင်းလပြည့်ကျော် ၁၂ ရက် ၄ ဟူးနေ့ ဝိသာခါနက္ခတ် မွန်မြတ်သော အချိန်တွင် အသစ်တည်ထားကာ ရတနာ ရွှေ ငွေ မိုးကြိုးတို့ဖြင့် ဌာပနာ ပူဇော်ပါသည်။



ဤကောင်းမှုကြောင့် ပညာဓိက ဘုရားအဖြစ်ကို စင်စစ်ဖြစ်ရပါလို၏။ ဘုရားအဖြစ်သို့ မရောက်မီ သံသရာ၌ ကျင်လည်သမျှ ကာလပတ်လုံး အမြဲကောင်းသော ပတ္ထနာအပေါင်းတို့ဖြင့် ပြည့်စုံရပါလို၏။

ထိုကောင်းမှုအဖို့ကိုလည်း မိခင် ဖခင် ဆရာသမား ဘိုးဘွားမှစ၍ သားမောင်လူဖေ သမီး မရွှေချိန်နှင့်တကွ ၃၁ ဘုံကျင်လည်ကုန်သော ဝေနေယျ သတ္တဝါအပေါင်းတို့အား အမျှပေးဝေပါ၏။ ကျွန်ုပ်တို့နှင့်အတူ အမျှရကြသည် ဖြစ်စေသော်(ဝ်)။

အထက်ပါ ကမ္ပည်းမှတ်တမ်းကို ယခုခေတ်စာလုံးပေါင်း သတ်ပုံအတိုင်း ဖော်ပြထားခြင်းဖြစ်ပါသည်။ ယင်းမှတ်တမ်းမူကို အငြိမ်းစား အ·ထ·က ကျောင်းအုပ်ကြီး ဦးမောင်မောင်ချိုထံမှ ရရှိသည်။

ဦးအုန်းခိုင် ဒေါ်စိုတို့သည် မူလစေတီတော်အဖြစ် တည်ထားကိုးကွယ်ခြင်းမဟုတ်။ ရှေးလေးမျက်နှာဘုရားကြီး ပျက်စီးယိုယွင်းလျက်ရှိသည်ကို "ပုန်းမကြည်"ဘွဲ့မည်သ၍ ပကတိအသစ်တစ်ဆူ ဖြစ်လာစေရန် တည်ထားခဲ့ခြင်းသာ ဖြစ်၏။ ဘုရားတည်ရခြင်း ကောင်းမှုအတွက် ဦးအုန်းခိုင်သည် ဘုရားဆုပန်ထားသည်။ အဆိုပါကောင်းမှုကုသိုလ်အဖို့ကို အမျှပေးဝေမှုတွင် သားနှင့်သမီးဖြစ်သူ မောင်လူဖေနှင့် မရွှေချိန်တို့အား ထည့်သွင်းဖော်ပြထား၏။ ဘုရားတည်ထားစဉ်က ထိုသားနှင့်သမီးတို့သည် တမလွန်ဘဝသို့ ကွယ်လွန်ပြီး ဖြစ်ပုံရသည်။

စာရေးသူ အလွတ်ပညာသင်ကျောင်းသားဘဝ ၁၉၅၀ မှ ၁၉၅၂ အတွင်းက ကနီမြို့ ပုန်းမကြည်ဘုရားပွဲတော်ကို နှစ်စဉ်တပေါင်းလဆန်း ၃ ရက်နေ့တိုင်း ကျင်းပသည်ကို ကြုံဖူး၏။ ဘုရားဆွမ်းတော်တင်ခြင်းနှင့် ညနေပိုင်းတွင် သံဃာတော်များအား ဆွမ်းခြောက်လောင်းလှူခြင်းတို့ကို ဆွေမျိုးစုများက ကမကထပြုခဲ့ကြသည်။

စေတီတော်ကြီး ပျက်စီးယိုယွင်းလာသောကြောင့် ဦးအုန်းခိုင်၏ မြစ်ဖြစ်သူ လမ်းဝန်ထောက် ဦးဘည္ဟန့်က ကမကထပြုကာ ၁၉၇၈ ခုနှစ်တွင် ပြန်လည်ပြင်ဆင်ပြီး နာဂလိုဏ်ဂူ ပထမဆရာတော်ကိုယ်တိုင် ထီးတော်အသစ် တင်ခဲ့သည်။ နှစ်အနည်းငယ်ကြာသောအခါ အရှေ့တောင်ထောင့်မှ အုတ်များ ပြိုကျပျက်စီးခဲ့သည်။ ယင်းသို့ ပြိုကျပျက်စီးလျက်ရှိသည့် ပုန်းမကြည်ဘုရားကို တူးဖော်၍ ဦးသိန်း၊ ဒေါ်သိန်းတို့၏ အိမ်နှင့် မျက်နှာချင်းဆိုင်ရှိ အခြားသော ဘုရားဟောင်းများကိုပါ ဖျက်ဖြိုပြီး ၁၉၈၆ ခုနှစ်တွင် "ဓာတ်ပေါင်းစေတီ"ဟူ၍ စေတီတော်တစ်ဆူကို ရန်ကုန်ကမ္ဘာအေးစေတီကဲ့သို့ ဖွဲ့စည်းတည်ထားသည်။ (ပုံ-"၆"ရှု)



ပုံ-၆။ ၁၉၈၆ ခုနှစ်က အသစ်ပြန်လည် တည်ထားခဲ့သော
"ဓာတ်ပေါင်း စေတီတော်"

ဓာတ်ပေါင်းစေတီတည်ထားခြင်းအကြောင်းကို လမ်းစဉ်ပါတီခေတ် အခန်းတွင် ဆက်လက်ဖော်ပြပါမည်။ ဓာတ်ပေါင်းစေတီမတည်မီ



ပုန်းမကြည်ဘုရားဌာပနာတိုက်ကို တူးဖော်စဉ်က ရရှိခဲ့သော ငွေပြားပေါ်က ကမ္ပည်းစာတန်းကို ဦးမောင်မောင်ချိုက ကူးယူလာခြင်းဖြစ်သည်။

ဘိုးဘိုးကြီး ဦးအုန်းခိုင်၏ နောင်လာနောက်သား မျိုးဆက်များအနက် ဘိုးဘိုးကြီးကဲ့သို့ ဥပဒေတတ်ကျွမ်းသူများ ရှိပါသည်။ "ဘအမျိုးဘိုးတူ"ဆိုစကားအတိုင်းပင် ဖြစ်၏။ စာရေးသူ တတ်စွမ်းသမျှ ရှာဖွေစုစည်း၍ ဥပဒေပညာရှင်များကို စာရင်းပြုစုကြည့်ရာ ဥပဒေပညာနှင့်အသက်မွေးဝမ်းကျောင်းသူရော ဝမ်းမကျောင်းသူပါ ဦးရေ သုံးဆယ်ခန့် ရှိပါသည်။ ထိုအထဲတွင် ဦးအုန်းခိုင်၏မြစ်ဖြစ်သူ ဦးဘိုးသာ B.A,B.L မှာ "ဘိုးသာဒိုင်ဂျက်"ပြုစုခဲ့ခြင်းကြောင့် ဥပဒေပညာရှင်လောကသားတို့တွင် အထူးပင် ထင်ရှား၏။ ဦးဘိုးသာသည် မင်းကင်းဇာတိဖြစ်သည်။ သို့သော် ၎င်း၏ဖခင် ဦးဘကြီးသည် ဦးအုန်းခိုင်၏ မြေးဖြစ်၍ ကနီသားဖြစ်သည်။

× × × × ×

## မြို့သူကြီးမင်း ဝင်းမှုး ရွှေဓားမိုလ် ဦးဘုန်းမို

**ဝင်းမှူးရွှေဓားပိုလ်၊ ဦးဘုန်းမို၊ နဂို လက်ရုံးနှင့်၊**
**မြို့ကိုဦးစီး၊ ကြီးစိုးပြီး၊ သူကြီးအရာနှင့်၊**
**သမက် 'မောင်ကြီး'၊ ဆက်လက်ပြီး၊ သူကြီး ထိုက်တန်သင့်၊**
**မြေးထိ ဆောင်သော်၊ ထူးထင်ပေါ်၊ 'ဦးကျော်' လက်ခံဆင့်။**

မြို့ဝန်မင်းများ အုပ်ချုပ်ကွပ်ကဲခဲ့သော ရတနာပုံခေတ်နှင့် ဝိတိုရိယဘုရင်မကြီး လက်ထက်တို့တွင် ကနီမြို့၌ ရာထူးဂုဏ်သိန် အရှိန်အဝါရှိ၍ လူကုံထံစာရင်းဝင် ပုဂ္ဂိုလ်တစ်ဦးမှာ မြို့သူကြီး

ဦးဘုန်းမိုဖြစ်သည်။ ဦးဘုန်းမိုသည် လက်ရုံးရည်နှင့် ပြည့်စုံသူဖြစ်သည့် အလျောက် ရတနာပုံခေတ်က ရွှေဓားဗိုလ်ဝင်းမှူး ဖြစ်ခဲ့သည်။ သူသည် ထိုခေတ်အခါက မင်းတုန်းမင်း၏ လူယုံတော်တစ်ဦးဖြစ်သော နန်းမတော်ဝန်လည်းဖြစ်၊ နာရီတော်ဝန်လည်းဖြစ်သည့် မင်းလှသခ်ယာဘွဲ့ခံ အတွင်းဝန် ဦးဝိုက်၏ဇနီး ဒေါ်ခွဲ၏မောင် ဖြစ်၏။ တစ်နည်းဆိုသော် ဦးဝိုက်၏ ယောက်ဖပင်ဖြစ်သည်။

ဦးဝိုက်နှင့်ဒေါ်ခွဲတို့မှ မလေးပိုဟူသော သမီးတစ်ဦး ထွန်းကား၏။ ယင်းမလေးပိုသည် နရသူဘွဲ့ခံ လက်ယာဝင်းမှူး ဦးပြား၏ မြေးဖြစ်သူ ဦးခင်မောင်နှင့် လက်ဆက်ခဲ့ရာ ဦးမောင်ကြီးဟူသော သတို့သားကို ဖွားမြင်ခဲ့၏။

အဆိုပါ ဦးမောင်ကြီးသည် ဦးဘုန်းမို၏သမီးကြီး ဒေါ်မမကြီးနှင့် လက်ဆက်ခဲ့ရာ ယောက္ခမဖြစ်သူ ဦးဘုန်းမို၏သူကြီး အရိုက်အရာကို ဆက်ခံရ၏။ ဦးမောင်ကြီးတွင် သားသမီးတစ်ကျိပ်ခန့် ထွန်းကားခဲ့၏။ သားတစ်ယောက်ဖြစ်သော ဦးကျော်သည် သူကြီး အရိုက်အရာကို ဆက်ခံခဲ့လေသည်။

မြို့သူကြီး ဦးမောင်ကြီးသည် ရွှေသိမ်တော်ဆရာတော် ဦးသောဘိတ သီတင်းသုံးရန် ရွှေကျောင်းကြီးကို ဆောက်လုပ်လှူဒါန်းခဲ့ရာ “ရွှေကျောင်းဒကာကြီး ဦးမောင်ကြီး”ဟု ကျော်ကြားခဲ့ပေသည်။

မောင်းထောင် သံချိုဆရာကြီး ဦးကျော်လှသည် ကန္နီဝန်ဦးတုတ်၏သမီးများ နားထွင်းမင်္ဂလာ အခမ်းအနားတွင် ကန္နီဝန်၏ ဆွေမျိုးစဉ်ဆက်ကို သံချိုကဗျာဖွဲ့ခဲ့သည့်နည်းတူ မြို့သူကြီး ဦးဘုန်းမိုနှင့် ပတ်သက်၍လည်း သံချိုကဗျာတစ်ပုဒ် ဖွဲ့ဆိုခဲ့သည်။ ဦးဘုန်းမိုသည် မြို့အုပ်နှင့်အတူ အရက်သေစာသောက်မိရာမှ မူးယစ်၍ အိမ်ပေါ်က



လိမ့်ကျခဲ့သဖြင့် ဆင်ခြင်တုံတရား ရှိစေရေးအတွက် သတိပေးရေးဖွဲ့ထားသောသံချိုဖြစ်ရာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**‘အရိုး အခြေ ဘိုးဖေကၢ ဒေသ ရွှေနီမြို့မှာ၊ မင်းပြည်စိုး အမွေခံ။**

**ဖွားသန့်စင် မြင်သည့်ရက်က၊ ပုခက်တင် ငယ်အခါက၊ နုရုဒ္ဓါသတို့သား ငယ်သို့၊ အစားအစာ ဘယ်ထမင်းနှင့်၊ ဘယ်ဟင်းမှာ ဘယ်က ဖြစ်သည်ဟု၊ ရင်းမြစ်ကို မသိအုံး(ဦး)ဘူး၊ ဘုန်းရှိတဲ့ကံ။**

**ဘိလပ်စံ ထပ်မံစိုးပြန်တော့၊ အရိုးကို အရှက်မဖုံးပြီးဘူး၊ ဆက်အုံး(ဦး) ပြန်ခံယူလှျင်းပေရ၊ တူရင်းချာ သမက်သားကိုဖြင့်၊ ကိုးစား၍ အပ်ကာနှံ၊ လာဘ်လာဘ ရှင်တောင်း။**

**မိတ္တိ(မိဓိ)ပြေ(ပြည်) ဝေဒဟက၊ ဒေသ မဉ္ဇူဂုံးသို့ မဟော်လုလင်ကို ခေါ်ချင်အုံး(ဦး)သော်ကြောင့်၊ ညဉ်သုံးယာမ် အခါကြီးတွင်မှ၊ မြင်းစီးကာ ကိုယ်တိုင် သွားတော့၊ တံခါးတွင် မြင်းကျွံလို့ ကျိုးပါသတဲ့၊ ပြည်စိုးကံ မတ်ရှစ်သောင်းငဲ့၊ အပေါင်းအဖော်ကြောင့်၊ ချိန်မတော် အိမ်ပေါ်က လျှောပြန့်ခဲ့ ငယ်သော ဟိုအခါ ကဲ့သို့၊ ကိုယ်ခန္ဓာကို အတင့်မရည်း(ရဲ)သာဘူး၊ ပုလင်းရေ(ရည်)ကို အပျင်းပြေ မပြည်းရစ်ပါနှင့်၊ သည်းခံဖို့ကောင်း။ ။’**

ပထမအပိုဒ်တွင် မင်းပေါက်စိုးဝင် မျိုးရိုးအဆက်အနွယ် ဖြစ်သည့် အလျောက် သူကြီးအရိုက်အရာကို ခံယူရပုံကို ဖွဲ့ဆိုထားခြင်းဖြစ်၏။ ဒုတိယအပိုဒ်တွင် “ဘုန်းမို”ဟူသော အနွတ္ထသညာနှင့်အညီ ဖွားမြင်ချိန် ပုခက်တင်စဉ်အခါကပင် အနုရုဒ္ဓါသာကီဝင်မင်းသားကဲ့သို့ ဘုန်းကံ ထူးခြားကဲပိုမိုမောက်သူတစ်ဦး ဖြစ်ကြောင်း ဗုဒ္ဓဝင်ကျမ်းကို မှီး၍ ခိုင်းနှိုင်းတင်စား ဖွဲ့ဆိုထားခြင်း ဖြစ်၏။ တတိယအပိုဒ်တွင်လည်း

ဗြိတိသျှ ဂျော့Vဘုရင်လက်ထက်တွင် တူရင်းချာဖြစ်သော သမက် (ဦးမောင်ကြီး)က သူကြီးအရိုက်အရာ ခံရပုံကို ဖော်ကျူးထားခြင်း ဖြစ်၏။ နောက်ဆုံးအပိုဒ်တွင်ကား အရက်သေရည်ဖြစ်သော ပုလင်းရေ (ရည်)ကို အပျင်းပြေပင် မမြည်းသင့်ကြောင်း မဟော်သဓာ ဇာတ်တော်လာ မိဓိလာပြည့်ရှင် ဝိဒေဟရာဇ်မင်းကြီး ကိုယ်တော်တိုင် မြင်းစီးကာ မဟော်သဓာသတို့သားအား သွားရောက်ခေါ်ယူရာ တံတားတွင် မြင်းကျွံကျိုးသည့်အခြင်းအရာနှင့် ထင်ဟပ်တင်စား၍ သတိပေးဖွဲ့ဖော်ထားခြင်း ဖြစ်ပေ၏။

❖ ❖ ❖ ❖

# အခန်း (၅)

## ဈေးကန္နီနှင့် နှောင်းကနီ

## မြန်မာမင်းများလက်ထက်က ကန္နီမြို့

### အတိတ်ကာလ၊ ကုံလုံကြွ၊ သာစွ မြို့ကန္နီ။

ကုန်းဘောင်ခေတ် သာယာဝတီမင်းစိုးစံသည့် ကာလလောက်အထိ ကန္နီသည် မြို့ဟု ခေါ်လောက်အောင် မရှိသေးဘဲ ကျေးလက်အဆင့်မျှလောက်သာ ရှိခဲ့ပုံရသည်။ ထိုအချိန်က ကန္နီ၏ တစ်ဖက်ကမ်း ကနဲနှင့် ညောင်ဝန်းသည်သာ ကန္နီထက်ပို၍ အထက်တန်းကျသော အရပ်ဒေသ ဖြစ်ခဲ့ဖွယ်ရာရှိသည်။ ထိုဒေသမှ ပေါ်ထွန်းလာသော လက်ရုံးရည်တို့နှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်များသည် ဘုရင့်နေပြည်တော်တွင် ဝင်ဆံ့နိုင်ခဲ့သည်။ သေနင်္ဂဝန် ဦးမြတ်ရာ၏ အနွယ်အဆက်များ ဖြစ်သော သားမြေးများလက်ထက်တွင်မှ ကန္နီသို့ပြောင်းရွှေ့ အခြေချပြီးနောက် ကန္နီသည် အထင်ကရ ဖြစ်လာရသည်။

ကန္နီဝန် ဦးဒွေး၏ မိခင် ဖခင်များ ကန္နီမြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြစဉ်က ယခုမြို့လယ်ဘုရားကြီး၏ အရှေ့ဘက်လောက်တွင် ဝင်းကျယ်ကြီးနှင့် နေ၍ သားသမီးများ အိမ်ထောင်ရက်သားကျပြီးနောက်တွင်လည်း ထိုဝင်းကျယ်ကြီးအတွင်းမှာပင် အိမ်များကို သီးခြားစီခွဲဆောက်ကာ သားချင်းဆွေမျိုးများ တစ်စုတစ်ရုံးတည်း နေခဲ့ကြသည်ဟု အဆိုရှိသည်။ မြေးမြစ်များ ဆက်လက်ထွန်းကားလာမှ

အနီးဝန်းကျင်ရှိ မြေကွက်လွတ်များတွင် ဝင်းခြံအသီးသီးကာရံ၍ နီးနီးကပ်ကပ်နေခဲ့ကြခြင်းဖြစ်သည်ဟု ယူဆရသည်။ ကန္နီသည် မြို့ဝန်စံမြန်းရာ မြို့ဖြစ်လာမှ ယခင်ရှိပြီး လူနေအိမ်ခြေနှင့် ပေါင်းလိုက်လျှင် စုစုပေါင်း ၂၀၀ ခန့်သာ ရှိမည်ဖြစ်ပါသည်။

ထိုခေတ်အခါက ကန္နီမြို့တွင် လူတန်းစားသုံးရပ်သာ ရှိခဲ့သည်။ မင်းမှုထမ်းများမှာ လူနည်းစုသာ ဖြစ်၏။ ပစ္စည်းဥစ္စာ ကုံလုံသော မြေပိုင်ရှင်က ထိုထက်ဦးရေ ပိုများ၏။ သာမန်လက်လုပ်လက်စား လူတန်းစားမှာ လူများစုသာ ဖြစ်သည်။ ထိုအချိန်က ကန္နီမြို့တွင် မြို့ဝန်ရုံးနှင့် ခုံမင်းကြီးရုံးနှစ်ရုံးသာ အထင်အရှား ရှိခဲ့သည်။ မင်းမှုထမ်း ဖြစ်လာသူများသည် ချမ်းသာကြွယ်ဝသော မြေပိုင်ရှင်များထဲကသာ နေပြည်တော်နှင့် ဝင်ဆံ့၍ ထိုသို့ဖြစ်လာခြင်းဖြစ်သည်ဟု မှန်းဆရသည်။ လက်လုပ်လက်စားများသည် လယ်သမားများ၊ ခြံသမားများ၊ ယာသမားများ၊ ထန်းသမားများနှင့် အခြားသော ကာယလုပ်သားများ ဖြစ်၍ အခွန်ထမ်းများသာ ဖြစ်ကြသည်။

ကန္နီမြို့၏တောင်ဘက်နှင့် အရှေ့တောင်အရပ်တို့ရှိ ရေမဝင်နိုင်လောက်သည့် ကုန်းမြင့်များတွင် ဘုရားစေတီများ၊ အမြောက်အမြား တည်ထားခဲ့သည်ကို လေ့လာရခြင်းအားဖြင့် ကန္နီမြို့၏ ထိုခေတ်အခါက စီးပွားရေးကောင်း၍ ကြွယ်ဝချမ်းသာသူများက ဘုရားဒကာ၊ ဒကာမများအဖြစ် ခံယူနိုင်ခဲ့ပုံကို အကဲခတ်၍ ရပါသည်။

လူနေအိမ်ခြေအားဖြင့် နည်းပါးသော်လည်း မြို့ပတ်လည်၌ ဘုန်းတော်ကြီးကျောင်း အရေအတွက်မှာ တစ်ဆယ်ကျော်ရှိခဲ့သည်ကို လေ့လာရခြင်းအားဖြင့် အမှီဂေါစရဂ်ကောင်းသည့်ဒေသ ဖြစ်ခဲ့ကြောင်းကိုလည်း သိသာနိုင်ပါ၏။ ဤမျှ ဘုန်းတော်ကြီးကျောင်း အရေအတွက်များပြားခြင်းကြောင့်လည်း စာပေတတ်ကျွမ်းသော ရဟန်းပညာရှိ၊ လူပညာရှိများ ပေါ်ထွန်းလာခဲ့ခြင်းမှာ အံ့သြဖွယ်ရာ မရှိပါ။

× × × × ×



## ကန္နီမှ ကနီသို့

### ခေတ်ဟောင်း ကန္နီ၊ ကျန်ခဲ့ပြီ၊ ကနီ တစ်ဖြစ်လဲ။

ဗြိတိသျှအုပ်စိုးသော ကိုလိုနီခေတ်သို့ ရောက်သောအခါ ကန္နီမြို့တွင် အစိုးရရုံးဌာနများ ဖွင့်နိုင်ခဲ့ပြီဖြစ်သဖြင့် အစိုးရအမှုထမ်းများ ရှိလာသည်။ ပထမဦးစွာ အထွေထွေအုပ်ချုပ်ရေးအတွက် မြို့ပိုင်ရုံး၊ မှုခင်း ကာကွယ်ရေးနှင့် မှုခင်းဖော်ထုတ်ရေးအတွက် ဂါတ်(ရဲဌာန)ရုံးတို့ စတင်တည်ဆောက်ပြီးနောက် ကျန်းမာရေးအတွက် ဆေးရုံတည်ဆောက်ခဲ့သည်။ တောင်ခြေအနီး ကမ်းနားတွင်လည်း အစိုးရတည်းခိုဆောင်တစ်ခု ရှိသည်။ ထို့နောက် သစ်တောရုံး ဖွင့်လှစ်သည်။ ထိုရုံးမှာ အစိုးရပိုင် အဆောက်အအုံမဟုတ်ခဲ့ပေ။ မြေစာရင်းဌာနလည်း ဖွင့်လှစ်ခဲ့သည်။ မြေစာရင်းရုံးဟူ၍ သီးခြားမရှိဘဲ မြေစာရင်းအင်စပက်တော်၊ မြေတိုင်းစာရေးတို့သည် မိမိတို့၏ အသီးသီးသော အိမ်များမှာပင် အလုပ်လုပ်ကြရသည်။ ထိုသို့ ခေတ်ပြောင်းလဲလာချိန်ကစ၍ "ကန္နီ"ဟု စာလုံးမပေါင်းတော့ဘဲ "ကနီ"ဟု စာလုံးပြောင်းသုံးလာသဖြင့် တရားဝင်ရုံးသုံးအနေမျိုးဖြင့် "ကနီ"ဟူ၍ တွင်ကျယ်စွာ သုံးနှုန်းရေးသားလာခဲ့ရာ ယနေ့တိုင်ပင် ဖြစ်တော့သည်။ (အစိုးရတည်းခိုဆောင်နှင့် ဆေးရုံပုံ "၇"နှင့် "၈"ရှု)

ကနီမြို့တွင် မူလရှိနှင့်ပြီးသော ဒေသခံ လူကုံထံများမှာ မြို့မျက်နှာဖုံး၊ မြို့မိ မြို့ဖများသာ ဖြစ်ကြ၏။ တာဝန်ထမ်းဆောင်ရန် အခြားအရပ်များမှ ပြောင်းရွှေ့လာသော မြို့ပိုင်ခေါ် မြို့အုပ်၊ ဆရာဝန်၊ တောအုပ်၊ ဌာနပိုင်တို့မှာလည်း မြို့တွင် အရေးပါအရာရောက်လာသော လူစုဖြစ်လာသည်။ ကနီသားထဲက ရှေ့နေရှေ့ရပ် ဖြစ်လာသူများလည်း ရှိလာသည်။



ပုံ-၇။ ဗြိတိသျှခေတ်က အစိုးရညှော်ဂေဟာ (ယခုမြို့နယ်ဆောက်လုပ်ရေး အင်ဂျင်နီယာ



ပုံ - ၈။ မြို့နယ်ပြည်သူ့ဆေးရုံအဝင်



ကနီမြို့ဆေးရုံတွင် တာဝန်ထမ်းရန် ရောက်လာသော ဆရာဝန်တို့မှာ ကုလားလူမျိုးများသာ ဖြစ်၏။ ယခုခေတ် M.B,B.S ဘွဲ့မျိုးရသော ခွဲစိတ်ကုသနိုင်သည့် အဆင့်မဟုတ်ပါ။ ဆေးကုသသော ဆရာသာဖြစ်၏။ ကုလားဖြူကိုသာမက အိန္ဒိယလူမျိုးများကိုလည်း အထင်ကြီးသော ဗမာများက ဆေးဆရာဟု ခေါ်မည့်အစား အလွန်အမင်းဂုဏ်တင်ချီးပင့်ကာ "ဝန်"တစ်လုံးတိုး၍ ခေါ်ခဲ့ခြင်းသာ ဖြစ်ဟန်ရှိသည်။ ထိုအချိန်မှစ၍ ကနီတွင် မြို့ဝန်အပြင် နောက်ထပ်ဝန်တစ်ဦးတိုးလာခဲ့တော့သည်။ တာဝန်ထမ်းရန် ဆရာဝန် ရောက်မလာနိုင်သော အခြေအနေ၊ အချိန်အခါမျိုး၌ "ကွန်ပေါင်ဒါ"ခေါ် ဆေးစပ်ဆရာက ဆေးရုံကို ယာယီတာဝန်ယူရသည်။ ဆေးရုံတွင် သူနာပြု/သားဖွားဆရာမနှင့် အထွေထွေအလုပ်သမားများလည်း ရှိသေးသည်။

ပညာရေးအတွက် ဖွင့်ပေးလိုက်သော ပထမဆုံးကျောင်းမှာ မူလတန်းအဆင့်သာ ဖြစ်၏။ နောင်တွင် အလယ်တန်းကျောင်း ဖြစ်လာသည်။ သို့သော် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာသင်ကျောင်းမဟုတ်။ တိုင်းရင်းမြန်မာကျောင်းသား ဖြစ်သည်။ လူလတ်တန်းစားများသာ ကျောင်းထားနိုင်ကြ၏။ အောက်ခြေလူတန်းစားများထဲက ကျောင်းထားနိုင်သူနည်းသည်။ ဘုန်းကြီးကျောင်းသို့သာ ပို့ကြရသည်။ ချမ်းသာသော လူကုံထံများသာ ၎င်းတို့၏သားယောက်ျားလေးများကို မုံရွာနှင့် မန္တလေးမြို့များသို့ ပို့၍ အင်္ဂလိပ်ကျောင်းထားနိုင်သည်။ မိန်းကလေးများမှာကား ကနီကျောင်းမှာပင် စာသင်ကြရသည်။ အလယ်တန်းအောင်သည်အထိ မထားကြဘဲ စတုတ္ထတန်းအောင်သည်အထိသာ ထားကြသည်။

မြို့ပြအုပ်ချုပ်ရေးနှင့် လူထုဆက်သွယ်ရေးအတွက် လိုအပ်လာသော စာတိုက်ရုံးကိုလည်း ဖွင့်ပေးခဲ့သည်။ စာတိုက်ကို တာဝန်ယူရသော ဝန်ထမ်းမှာ ရာထူးအဆင့်မြင့်သောသူ မဟုတ်ပါ။ မဒရပ်ဆီ

ကုလားလူမျိုးများသာ များသည်။ လူမျိုးခြားဖြစ်လျှင် "ဗိုလ်"တပ်ခေါ်ခဲ့သော ကာလဖြစ်၏။ မီးရထားစက်မောင်းကို စက်ဗိုလ်၊ တွဲထိန်းကို ဂါတ်ဗိုလ်၊ မီးသတ်တာဝန်မှူးကို မီးသတ်ဗိုလ်ဟု ခေါ်ကြသည့်နည်းတူ စာတိုက်ရုံးကို တာဝန်ယူရသူကိုလည်း စာတိုက်ဗိုလ်ဟု ခေါ်ဝေါ်ခဲ့သည်။

ကနီသည် မုံရွာနှင့် ဆက်သွယ်သွားလာနိုင်သည့် တစ်ခုတည်းသော လမ်းခရီးမှာ ရေကြောင်းလမ်းသာ ဖြစ်၏။ ထိုလမ်းခရီးမှာလည်း မိုင် ၃၀ ကျော်ရှိ၍ အလျင်အမြန်ဆက်သွယ်နိုင်ဖို့ ခက်ခဲသည်။ ထို့ကြောင့် အင်္ဂလိပ်အစိုးရသည် မုံရွာနှင့် ကနီအကြား ကြေးနန်းဆက်သွယ်မှုပေါက်ရောက်အောင် ကြေးနန်းတိုင်များစိုက်၍ လိုင်းများသွယ်တန်းတပ်ဆင်ရန် အားထုတ်ရသည်။ မကြာမီမှာပင် ကနီတွင် ကြေးနန်းရုံးဖွင့်ပေးနိုင်ခဲ့သည်။ ထိုအခါ ယခင်ရှိပြီး စာတိုက်နှင့်ပေါင်း၍ စာတိုက်နှင့် ကြေးနန်းပူးတွဲရုံးဟူ၍ ဖြစ်လာတော့၏။ ထိုအခါမှစ၍ ကနီဆက်သွယ်ရေးစခန်းဖြစ်သည့် စာတိုက်တွင် တာဝန်ယူရသည့် အမှုထမ်းကို "စာတိုက်ဗိုလ်" အခေါ်ပျောက်ကာ "ကြေးနန်းဗိုလ်"အဖြစ်သို့ ပြောင်းလဲရောက်လာခဲ့တော့သည်။

ကြေးနန်းကြိုးမှာ နှစ်ပင် (တစ်စုံ)သာ ရှိ၏။ ထိုကြေးနန်းကြိုးတစ်စုံဖြင့် မုံရွာနှင့် ကနီအကြား အပြန်အလှန် ကြေးနန်းပို့၍ရသည်။ ထိုကြေးနန်းကြိုးတစ်စုံတွင် "ကရာ,ကတ္တူ"ဟူသော အသံသင်္ကေတပို့၍ရသည့် လျှပ်စစ်သံလိုက်ဖြင့် အသံမြည်စေသော ကိရိယာအပြင် တယ်လီဖုန်းပါ ပြိုင်တူအသုံးပြုရနိုင်သောပစ္စည်း (Super imposing unit)ကို အသုံးချခြင်းဖြင့် စကားပြောကြေးနန်းကိုလည်း ထပ်မံရရှိလာသည်။ သို့ဖြင့် ကနီနှင့်မုံရွာ ဆက်သွယ်နိုင်သည့် တစ်လုံးတည်းသော ဖုန်းမှာ ကြေးနန်းရုံးတွင်သာ ရှိသည်။



ကိုလိုနီခေတ်တွင် ကနီမြို့၌ လူတန်းစားဦးရေ ယခင်ကထက် ပို၍များလာသည်။ သူတို့သည် ကျောင်းဆရာ၊ မြေတိုင်းစာရေး၊ ကျောက်ထိုးဆရာ၊ စာတိုက်အမှုထမ်း၊ ပုလိပ်အမှုထမ်း၊ သစ်တောအမှုထမ်း၊ မြို့ပိုင်ရုံးအမှုထမ်းစသည့် အစိုးရလခစားများ ဖြစ်သည်။ ထို့ပြင် စက်ရက်ကန်းထောင်သူများ၊ ကုမ္ပဏီကိုယ်စားလှယ်များ၊ ပေပျဉ်ငါးပြားထောင် လှေပိုင်ရှင်များ၊ စက်ချုပ်ဆိုင်၊ ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ဆံပင်ညှပ်ဆိုင်စသည့် ရှေးယခင်က မရှိခဲ့ဖူးသော ကိုယ်ပိုင်အလုပ်ရှိသူများလည်း တိုးတက်များပြားလာသည်။ ထူးခြားသည်မှာ အရက်နှင့်အပေါင်ဆိုင် လိုင်စင်ရသူနှင့် သားသတ်လိုင်စင်ရသူ တရုတ်လူမျိုးများ ရောက်ရှိလာခြင်းဖြစ်သည်။

လက်လုပ်လက်စား အခြေခံလူတန်းစားများတွင် တောင်သူ၊ ခြံလုပ်သား၊ ဖောင်သမား၊ လှေသမားနှင့် အခြားကျပန်းလုပ်စားသူတို့ ပါဝင်သည်။

ခေတ်ပြောင်းလာခဲ့သည်နှင့်အညီ လူနေမှုလည်း ပြောင်းလဲလာ၍ မြို့နေလူတန်းစားအားလုံးတွင် သူ့အဆင့်အတန်းအလျောက် စားဝတ်နေရေးလည်း အသွင်ပြောင်းလဲလာခဲ့သည်။ လူနေအိမ်ခြေလည်း ရှေးကထက် ပိုမိုများပြားလာသည်။ ၂၀၀ ကျော်အထိရှိခဲ့၏။ ရှေးက ကနီဇာတိ ပဝတ္တိများသာ ရှိခဲ့ရာမှ ရုံးဌာနဝန်ထမ်းများ တစ်ရပ်တစ်ပါးမှ ပြောင်းရွှေ့လာကြသဖြင့် အာဂန္တုကများ တိုးပွားလာတော့သည်။

ကနီမြို့လယ်သည် မြေနိမ့်ဝှမ်းပိုင်းဖြစ်၍ နှစ်စဉ်လိုလို ရေဝင်တတ်သည်။ ရေတစ်ခါဝင်လျှင် လေးငါးရက်ခန့် ကြာတတ်သည်။ တစ်ခါတစ်ရံ မြစ်ရေနှစ်ကျော့ ဝင်တတ်၏။ ထိုသို့ ရေဝင်ရာအရပ် ဖြစ်ခြင်း

ကြောင့် သစ်ပင်ပန်းမန်များ ဖြစ်ထွန်းသည်။ ခြံဝင်းကျယ်ကြီးများတွင် ခြေတံရှည်အိမ်များ ခပ်ကျဲကျဲ ဆောက်လုပ်ထား၏။ အိမ်ပတ်ဝန်းကျင်တွင် အုန်းပင်၊ ငှက်ပျောပင်၊ သရက်ပင်၊ မာလကာပင်စသည့် အပင်မျိုးစုံဖြင့် အုပ်အုပ်ဆိုင်းဆိုင်း၊ မှိုင်းမှိုင်းညို့ညို့ရှိသည့်ပြင် ဇွန်ရုံ၊ စံပယ်ရုံစသည့်ပန်းပင်များ စုံလင်စွာရှိသဖြင့် သာသာယာယာနှင့် နေချင့်စဖွယ်ကောင်းသော မြို့လေးတစ်မြို့ပင် ဖြစ်ပေသည်။

× × × × ×

## ဗျူရိုကရက်အရေးပိုင်နှင့် ကနီသူ့ရဲကောင်းသုံးယောက်

**မုံရွာခရိုင်၊ အရေးပိုင်၊ ဘိုစတိုင် 'အိုင်စီ အက်စ်'၊**
**အရေးပိုင်ကြီး၊ သဘော်စီး၊ ခရီးအညာထွက်၊**
**သဘော်အထက်တန်း၊ ရှေ့ဦးခန်း၊ ဖြန်းဖြန်း 'ဘတင့်' တက်၊**
**လမ်းလျှောက် ဖျပ်ဖျပ်၊ ခုံဖိနပ် 'ဂွပ်ဂွပ်' အသံထွက်၊**
**ဘိုသို့ စိတ်ပေါက်၊ ဟိုတစ်ယောက်၊ 'ဂက်ဒေါက်' ငေါက်ငမ်းပွက်၊**
**ဒေါသရှူးရှူး၊ လက်ရောက်ကျူး၊ စဦး ထိုးကြိတ်ချက်၊**
**'ဘညွန့်' ပိုင်နိုင်၊ ထိန်းချုပ်ကိုင်၊ အရေးပိုင် မလှုပ်ယှက်၊**
**'ဘတင့်' ကြံ့ခိုင်၊ ရင်အဆိုင်၊ ယှဉ်ပြိုင် အလဲနက်၊**
**တည်ကြည်ဖြောင့်မတ်၊ ဂုဏ်သကတ်၊ အမတ်ဖြစ်ဖို့အတွက်။**

မြန်မာနိုင်ငံ ဝံသာနုခေတ်ကာလ ၁၉၃၀ ဝန်းကျင်နှစ်များအတွင်းက ဖြစ်သည်။ ဗြိတိန်နန်းစံ ပဉ္စမမြောက်ဂျော့ဘုရင် လက်ထက်တွင်ဖြစ်၏။ အိန္ဒိယ ပဋိညာဉ်ခံဝန်ထမ်း အရွေးချယ်ခံတန်းဟူသော ဘွဲ့ထူးခံ မြန်မာတိုင်းရင်းသားတစ်ဦးသည် မုံရွာမြို့သို့ အရေးပိုင်အဖြစ်



တာဝန်ထမ်းဆောင်ရန် ပြောင်းရွှေ့ရောက်ရှိလာခဲ့၏။ ထိုပုဂ္ဂိုလ်သည် "ဘို" စိတ်ပေါက်၍ ဟိတ်ဟန်ကြီးလွန်းလှသဖြင့် အောက်ချင်းတွင်းနယ်သားများသည် ၎င်းအား အလွန်"ရှိန်" လျက်ရှိကြသည်။

မြစ်ရေးပါးချိန် နွေကာလ၏ ရက်တစ်ရက်တွင် အထက်ချင်းတွင်းသွား ရောဝတီကုမ္ပဏီသဘော်သည် နံနက်စောစော မုံရွာဆိပ်ကမ်းမှ ထွက်ခွာခဲ့ရာ ထိုသဘော်ပေါ်တွင် အိုင်စီအက်စ် အရေးပိုင်ကြီးလည်း အထက်တန်းမှ စီးနင်းလိုက်ပါလာသည်။

အဆိုပါသဘော်မှာပင် ကနီသား အချို့လည်း ပါလာကြသည်။ အထက်တန်းခန်းများယူ၍ လိုက်ပါလာသူများတွင် ရှေ့နေကိုညဏ်ထူး၊ လမ်းဗိုလ်ကိုဘညွန့်နှင့် တက္ကသိုလ်ဘွဲ့ရထားသော်လည်း မည်သည့်အလုပ်မှ မလုပ်ကိုင်သော ကိုဘတင့်တို့လည်း လိုက်ပါလာကြသည်။ သူတို့သည် ကနီသားများဖြစ်ရုံမက တစ်သိုက်တစ်ဝန်းတည်းသော ဆွေမျိုးစုမှ ပေါက်ပွားလာကြသော သွေးနီးကြသူများ ဖြစ်သည်။ အသက်အရွယ်အားဖြင့် ၃၀ ကျော်လောက်ရှိကြပြီ ဖြစ်၏။

ဖော်ပြပါ ကနီသား သုံးယောက်တွင် ကိုဘတင့်ဆိုသူမှာ သာမန်အရပ်သားဖြစ်၍ တစ်မူဆန်းပြား ထူးခြားသည်။ သူသည် ချမ်းသာကြွယ်ဝသော လူကုံထံမျိုးနွယ်မှ ဆင်းသက်လာသူ ဖြစ်၏။ ရန်ကုန်ယူနီဘာစီတီမှ ဘီအေဘွဲ့လည်း ရထား၏။ သူငယ်စဉ်အခါက ချင်းတွင်းမြစ်ထဲတွင် ရေနည်းချိန်ဖြစ်လျှင် နေ့စဉ် မြစ်တစ်ဖက်ရှိ ကနဲဘက်ကမ်းသို့ ရေကူး၍ ကနီဘက်ကမ်းသို့ ပြန်ကူးလာလေ့ရှိ၏။ တက္ကသိုလ် ကျောင်းသားဘဝတွင် လှေလှော်အသင်းဝင် ဖြစ်ခဲ့၏။ နိုင်ငံတကာ လက်ဝှေ့လည်း လေ့ကျင့်မှု ရှိ၏။ ထို့ကြောင့် ကြွက်သားများ ကျစ်လျစ်၍ ကြံ့ခိုင်သန်စွမ်းသူ တစ်ယောက်ဖြစ်သည်။ ချမ်းသာကြွယ်ဝ၍ ပညာတတ်ဖြစ်သော်လည်း သူ၏ဝတ်ပုံစားပုံ နေထိုင်ပုံ

ကို ကြည့်ရလျှင် ခေတ်ပညာတတ်နှင့် မတူ။ နွမ်းပါးသော သာမန် လက်လုပ်လက်စား တောသားတစ်ယောက်ဟု မှတ်ထင်ရသည်။ စင်စစ်အားဖြင့် သူသည် ကနီသားတို့တွင် ပထမဆုံးဘွဲ့ရသူဖြစ်၏။ အာဇာနည်ခေါင်းဆောင်တစ်ဦးဖြစ်သူ သခင်မြနှင့် တက္ကသိုလ်တွင် တစ်ခေတ်တည်း ပညာသင်ယူခဲ့သူဖြစ်ပေသည်။

သင်္ဘောထွက်လာပြီး အလုံအထက်ရောက်လာသောအခါ အရေးပိုင်ကြီးသည် သူ့အခန်းမှ ထွက်ခဲ့ကာ သင်္ဘောဦးခန်းသို့ ဝင်လာသည်။ ဦးခန်းတွင် ရှေးဦးစွာရောက်နှင့်၍ စားပွဲ၏ ဘေးတစ်ဖက်တစ်ချက်ရှိ ကုလားထိုင်များပေါ်တွင် မျက်နှာချင်းဆိုင်ထိုင်ပြီး စကားပြောနေကြသော ကိုဘညွန့်နှင့် ကိုဉာဏ်ထူးတို့သည် အသီးသီးသော ကုလားထိုင်များမှ ထကာ အရေးပိုင်အား

"Good morning, Sir" ဟု

ဦးညွှတ်လျက် နှုတ်ဆက်ကြသည်။

အရေးပိုင်ကြီးသည် သူတို့အား တည့်တည့်မကြည့်ဘဲ ဝတ်ကျေတန်းကျေ ပြန်နှုတ်ဆက်၏။ ထို့နောက် စားပွဲထိပ်ရှိ ကုလားထိုင်တွင် နေရာယူထိုင်လိုက်ပြီး သူတို့နှစ်ဦးအား စကားမပြောဘဲ သတင်းစာတစ်စောင်ကို ကောက်ယူ၍ ဣန္ဒြေကြီးစွာ ဖတ်ရှုနေသည်။ ကိုဉာဏ်ထူးနှင့် ကိုဘညွန့်တို့သည် ကုလားထိုင်လွတ်များရှိသော်လည်း အရေးပိုင်ကြီးအား ရာထူးအရ လေးစားသမှု ပုံစံမျိုးဖြင့် ဝင်မထိုင်ဘဲ တစ်ဖက်တစ်ချက်စီ၌ မတ်တတ်ရပ်လျက် ရှိကြသည်။ သူတို့နှစ်ဦးစလုံး ရုပ်အင်္ကျီ၊ ဘောင်းဘီများကို သေသပ်စွာဝတ်၍ ရှူးဖိနပ်များ စီးထားကြ၏။ သူတို့၏ ရိုသေလေးစားမှုဖြင့် ယဉ်ကျေးသိမ်မွေ့စွာ နေထိုင်ဆက်ဆံပုံတို့ကို အရေးပိုင်ကြီးသည် ကျေနပ်လျက်ရှိသည်။



သူ၏ကျေနပ်နှစ်သိမ့်မှုမှာ ကာလမကြာလိုက်ပါ။ မရှေးမနှောင်း ဆိုသလို ကိုဘတင့်သည် ဖြိုးဖြိုးဖြန်းဖြန်းနှင့် လှုပ်ယမ်းကာ လှေကားမှ တက်လာခဲ့၏။ ခုံဖိနပ်ကို သင်္ဘောကြမ်းပြင်ပေါ်တွင် တဂွပ်ဂွပ်မြည်သံဖြင့် ရုပ်တိုက်၍ လမ်းလျှောက်ရင်း အခန်းတွင်းသို့ စွတ်စွတ်ရွတ်ရွတ် ဝင်လာသည်။ သူသည် လုံချည်တစ်ပတ်နွမ်းကို အိပ်ရာထစပုံစံအတိုင်း ဖိုသီဖတ်သီ ဖြစ်သလို ဝတ်ထား၏။ ရုပ်အင်္ကျီ မပါ။ စွပ်ကျယ်ဖားဖားကြီးကို တစ်ဖက်နိမ့်နင်း ဝတ်ထား၏။ ကိုဉာဏ်ထူးနှင့် ကိုဘညွန့်တို့ နှစ်ယောက်မှာ သူ့ကြောင့် မျက်နှာမထားတတ်သလို ဖြစ်နေသည်။

"ဒီငနဲ ဘယ်ကကောင်လဲ ကိုဘညွန့်"

အရေးပိုင်က အင်္ဂလိပ်လို မေးလိုက်ရာ ကိုဘညွန့်က ဖြေဖို့ ပါးစပ်ပြင်ခါရှိသေးသည်။ ကိုဘတင့်က

"ကျုပ် ကနီက ဘတင့်ပါ။ ခင်ဗျားနာမည်ကော ကျုပ် သိခွင့်ရှိမလား" ဟု "ဘိုလို" သွက်လက်စွာ ပြောလိုက်ရင်း ဘေးကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

"မင်း ဒီအခန်းထဲ ဝင်လာပြီး ဘာကြောင့် စားပွဲမှာ ဝင်ထိုင်ရတာလဲ။ ရူးနေသလား . . ၊ မင်းနဲ့တန်လို့လား"

ကိုဘတင့် အင်္ဂလိပ်စကား ကောင်းကောင်းပြောတတ်မှန်းသိ၍ ဒေါသနှင့် အင်္ဂလိပ်လိုပင် မေးလိုက်သည်။

"ဒီအခန်းကို အထက်တန်းလက်မှတ်ရှိသူတိုင်း သုံးခွင့်ရှိတယ်လေ။ ကျုပ်ဆီမှာ အထက်တန်းလက်မှတ်ရှိနေတာပဲဟာ"

အရေးပိုင်နှင့် ကိုဘတင့်တို့သည် အပြန်အလှန် "ဘိုလို" ပြောနေကြခြင်းဖြစ်၏။

"လက်မှတ်ဝယ်နိုင်ရုံနဲ့ ဝင်မလာရဘူးကွ။ လူကြီးလူကောင်းလို ဝတ်တတ်စားတတ်၊ နေတတ်ထိုင်တတ်ရှိမှ ထိုက်တန်တာ"

"ဖြည့်စွက်ပြောရရင် လူကြီးလူကောင်းပီပီ မောက်မောက်မာမာ မပြောဆိုဘဲ သိမ်သိမ်မွေ့မွေ့ ပြောဆိုဆက်ဆံတတ်ဖို့လဲ လိုတယ် မဟုတ်လား"

"ဘာကွ၊ မင်း ငါ့ကို ရန်စကားပြောတာလား၊ သောက်ရူး၊ ခုချက်ချင်း ထွက်သွား။ မင့်မျက်နှာ ငါမမြင်ချင်ဘူး၊ အမြန်ဆုံးထွက်သွား"

အရေးပိုင်ကြီးသည် မျက်နှာနီလျက် ဒေါသတကြီး ကိုဘတင့်အား ဆူပွက်ငေါက်ငမ်းကြမ်းတမ်းစွာ ဆဲဆိုလျက် နှင်ထုတ်နေသည်။

ကိုဘတင့်သည် အပြုံးမပျက်ဘဲ

"ကျုပ်မျက်နှာ မမြင်ချင်ရင် ဒီအခန်းကို ခင်ဗျား စွန့်ခွာထားရစ်တာက ပိုကောင်းမယ်ထင်ပါ့ဗျာ . . ."ဟု ပြောလိုက်သည်။

ကိုဘတင့်စကားသည် အရေးပိုင်၏ ဒေါသမီးကို ပို၍တောက်လောင်စေရုံမက လမ်းဗိုလ်နှင့် ရှေ့နေတို့ရှေ့၌ မထီမဲ့မြင် အပြောခံလိုက်ရသောကြောင့် ရှက်ရှက်နှင့်

"မင်းထွက်မသွားရင် ငါ့အကြောင်း သိစေရမပေါ့ကွာ"ဟု ပြောရင်း ထိုင်ရာမှ ရုတ်ခြည်းထလိုက်ပြီး ကိုဘတင့်၏မျက်နှာဆီသို့ လက်သီးတစ်ချက် ပစ်သွင်းလိုက်သည်။ အရိပ်အကဲ ကြည့်နေသော ကိုဘညွန့်က သူ့လက်မောင်းကို လှမ်းဆွဲလိုက်ပြီး

"အရေးပိုင်မင်း မှားမယ်၊ လွန်မယ်။ ဒီလိုလူနဲ့ တုဖက်မဖြစ်သင့်ဘူး . . ." ဟု အင်္ဂလိပ်လို ပြောဆိုဟန့်တားရင်း အရေးပိုင်အား သူ့လက်နှစ်ဖက်ဖြင့် သိုင်း၍ ဖက်ထားလိုက်ကာ ကိုဘတင့်အား မျက်ရိပ်ပြလိုက်ပုံရသည်။



ပါးကို လက်သီးရုပ်ထိသွားသည့် ကိုဘတင့်သည် အရေးပိုင်၏ မျက်နှာဆီသို့ ဘယ်ဖြောင့်လက်သီးတစ်လုံးနှင့် ညာဝိုက်လက်သီး တစ်လုံးပါ ပစ်သွင်းလိုက်သည်။ အရေးပိုင်အထိနာ၍ ယိုင်လဲမတတ် ခံစားရ၏။ နောက်ထပ် လက်သီးတစ်လုံး ဆက်သွင်းတော့မည်အပြုတွင် မိမိကိုယ်ကို ခုခံကာကွယ်ရာ၌ လိုအပ်သည်ထက် ပို၍ မတုံ့ပြန်ရကြောင်း ဥပဒေသဘောကို နားလည်ထားသည့် ကိုဉာဏ်ထူးက ကိုဘတင့်၏ လက်မောင်းကို သွက်လက်စွာ ဆွဲလျက် "ဒါဂုဏ်သရေရှိ လူကြီးလူကောင်းဗျ။ ခင်ဗျားဒီလို မတုံ့ပြန်သင့်ဘူး" ဟု အင်္ဂလိပ်လို ပြောရင်း ၎င်းအား သဘော်ဦးခန်းထဲမှ အတင်းဆွဲခေါ်သွားသည်။

ကိုဘညွန့်လည်း အရေးပိုင်ကို ချော့မော့ဖျောင်းဖျကာ သူ့အခန်းသို့ရောက်အောင် တွဲ၍ လိုက်ပို့ပေးသည်။

မဟာအရှက်တော်ကွဲခဲ့ရသည့် အရေးပိုင်မင်းသည် သင်္ဘောမာလိန်မှူးအား ဆင့်ခေါ်၍ သင်္ဘောကို အထက်သို့ ဆက်လက်မဆန်စေဘဲ မုံရွာသို့ လှည့်ပြန်ရန် အမိန့်ပေးလေသည်။ ထိုအချိန်တွင် သင်္ဘောသည် ရွှေစာရေးကို လွန်၍ အိုင်ဒေါင်ရွာအနီးသို့ပင် ချဉ်းကပ်ခဲ့ပေပြီ။

မွန်းလွဲပိုင်းတွင် သင်္ဘောသည် မုံရွာဆိပ်ကမ်းသို့ ပြန်လည်ရောက်ရှိ ဆိုက်ကပ်နိုင်ခဲ့၏။

အရေးပိုင်သည် မြစ်အတွင်း သင်္ဘောပေါ်က အဖြစ်အပျက်ကို ခရိုင်ရာဇဝတ်ဝန်အား အသိပေး၍ "ဘတင့်ဆိုသူအပေါ် အရေးယူပါ" ဟု လှမ်းအကြောင်းကြား၏။ ဤကိစ္စသည် ရာဇသတ်ကြီးပုဒ်မ ၃၂၃ နှင့်ဆိုင်၍ ဂါတ်တွင် အမှုဖွင့်မှသင့်မည်ဖြစ်ကြောင်း အရေးပိုင်အား ရာဇဝတ်ဝန်က အကြံပြုသည်။ ထိုပုဂ္ဂိုလ် ထိုသို့အကြံမပြုစေကာမူ

ရာဇဝတ်တရားသူကြီး တောက်လျှောက်လုပ်လာခဲ့သော အရေးပိုင်ကနားလည်ပြီး ဖြစ်သည်။ ပုလိပ်၏ လုပ်ပိုင်ခွင့်ဘောင်ထဲက ကိုဘတင့်အား ဂါတ်တွင် ခေါ်ယူထားဖို့ တိုက်တွန်းသည်။ ထို့ကြောင့် ကိုဘတင့်အား ဂါတ်တဲတွင် ခေါ်ယူထားရန် ရာဇဝတ်ဝန်က အဆင့်ဆင့်သော ပုလိပ်အရာရှိတို့အား ညွှန်ကြားလိုက်၏။ တိုက်ပိုင်နှင့် ဌာနပိုင်တို့မှာ ကိုဘတင့်အား ဂါတ်တဲသို့ ခေါ်ယူ၍ ပြုစုစောင့်ရှောက်ထားရတော့သည်။

အမှန်အားဖြင့် အချင်းဖြစ်ကိစ္စရပ်မှာ ရာဇသတ်ကြီး ပုဒ်မ ၃၂၃ နှင့်ငြိစွန်းခြင်းဖြစ်၍ ဖမ်းဆီးအရေးယူလောက်သော ပုလိပ်အရေးပိုင်သည့်ပုဒ်မ မဟုတ်ပါ။ သာမန်နာကျင်စေမှုသာ ဖြစ်၏။

"မင်းတို့ ငါ့ကို ဖမ်းထားတာလား၊ ဒါဆို ငါ့ကို အချုပ်ခန်းထဲထည့်ကြလေ"ဟု ကိုဘတင့်က ပုလိပ်တို့အား ငေါ့တော့တော့ ပြော၏။ ကိုဘတင့်အနီးတွင် ကနီမှ ဥပဒေတတ်ကျွမ်းသော ရှေ့နေကြီးများနှင့် အခြားအရပ်ဘက်အရာရှိများ ဝိုင်းအုံလျက်ရှိနေသည်။ ရာဇဝတ်ဘက်က တိုက်ပိုင်၊ ဌာနပိုင်နှင့် ရာဇဝတ်အုပ်များမှာ ထိုထိုသော ပုဂ္ဂိုလ်ကြီးများ၏ ဂုဏ်ဒြပ်များကို ပြန်လည်လေးစားရသူများဖြစ်သဖြင့် ကိုဘတင့်စိတ်မငြိုငြင်ရန် တောင်းပန်နေကြရသည်။ တစ်ညလုံးလည်း သူစားလိုရာမှာ၍ ကျွေးမွေးခြင်းဖြင့် ညေ့ဝတ်ကျေစွာ ပြုစုကြရတော့သည်။

ဖော်ပြပါအကြောင်းအရာများကို "ရဲအရာရှိတစ်ဦး"ဟု ကလောင်အမည်ခံ ဦးဘသော် (စာရေးဆရာ စိန်ခင်မောင်ရီ၏ဖခင်)က မဂ္ဂဇင်းတစ်စောင်တွင် "ဥပဒေ၏သဘော"ကို ရေးသားဖော်ပြခဲ့ဖူးပြီး ဖြစ်ပါသည်။ သို့သော် ထိုပုဂ္ဂိုလ်ကြီး တင်ပြပုံနှင့် စာရေးသူတင်ပြပုံတို့မှာ ထပ်တူထပ်မျှ မဖြစ်ပါ။

ကိုဘတင့်သည် ဂါတ်တဲတွင် တစ်ညတာ နေရသည်ကလွဲ၍ ဘာမှ ထိထိရောက်ရောက် အရေးယူမခံရပါ။ ကိုဘတင့်၏ ရိုးသား



ဖြောင့်မတ်မှု၊ မျိုးရိုးကောင်းမှုနှင့်တကွ ခေတ်ပညာတတ်မှုများဖြစ်သည့် သီးသန့်ဂုဏ်ပုဒ်များအပြင် ထိုစဉ်က ကုလားဖြူ၏ လက်ပါးစေဟု သတ်မှတ်ခြင်းခံရသော ဗျူရိုကရက်တစ်ဦးအား ဝံသာနုခေတ်ကာလ အလျောက် ပြောင်ပြောင်မြောက်မြောက် ပညာပေးလိုက်နိုင်ခြင်းကြောင့် လည်း မုံရွာတစ်ခရိုင်လုံးသာမက ချင်းတွင်းမြစ်တစ်ရိုး၌ အထူးထင်ပေါ်ကာ ဟိုးဟိုးကျော်သွားပါတော့သည်။

"အိုင်စီအက်စ် အရေးပိုင်ကြီးကို ကနီသား ကိုဘတင့်က လက်သီးနဲ့ အလဲထိုးသတဲ့ . ." ဟူသော သတင်းမှာ ဗျူရိုကရက်အရာရှိအား မုန်းတီးလျက်ရှိသော ဝံသာနုခေတ်က ဟိုးလေးတကျော်ဖြစ်ခဲ့ သည်မှာ အမှန်ပင် ဖြစ်ပါသည်။ သို့သော် ဤဖြစ်ရပ်ဇာတ်လမ်း ဖြစ်ပေါ်လာအောင် အကွက်ကျကျ တမင်စီစဉ် ဖန်တီးမှုများ ပါရှိမည်ဟု စာရေးသူအနေဖြင့် ဆင်ခြင်အကဲခတ်မိပါသည်။

ဗျူရိုကရက် အရေးပိုင်ကြီး၏ မောက်မာမှုနှင့် အများလူတကာ အပေါ်စီးစီးပိုးပိုး ဖိနှိပ်ဆက်ဆံမှုတို့ကို မနှစ်မြို့သော လူရွယ်ပိုင်းတွင် ကိုဉာဏ်ထူး၊ ကိုဘညွန့်နှင့် သူတို့ထက် အသက်အနည်းငယ်ကြီးသော ကိုဘတင့်လည်း ပါဝင်မည်ဖြစ်သည်။ ၎င်းတို့သုံးဦး တွေ့ဆုံကာ မာန်ကြီးလှစွာသော အရေးပိုင်အား မည်ကဲ့သို့ သင်ခန်းစာပေးမှ ဖြစ်မည်ကို ခေါင်းချင်းရိုက်၍ တိုင်ပင်ပြီး အကြံထုတ်ခဲ့ကြပါလိမ့်မည်။ အရေးပိုင်ဆုံးမခန်းဇာတ်လမ်းကို သူ့ခေတ်သူ့အခါက "မဟော်ကြီး"ဟု ကနီသားတို့ ခေါ်ခဲ့ကြသော ကိုဉာဏ်ထူးက ဦးနှောက်ကွန့်မြူးကာ စီမံဖန်တီးပြီး ဒါရိုက်တာကြီး "ဦးဘရှင်"လုပ်ခဲ့ပုံရသည်။

ဇာတ်လိုက်ကျော် "ရွှေဘ"နေရာတွင် ကိုဘတင့်အား တမင်ရွေးရခြင်းမှာ သူတို့သုံးဦးတွင် ကိုဘညွန့်မှာ အစိုးရအမှုထမ်းဖြစ်၍

အလုပ်ထိခိုက်နိုင်စရာရှိခြင်း၊ ကိုညဏ်ထူးမှာလည်း ရှေ့နေဖြစ်နေ၍ လိုင်စင် အသိမ်းခံရဖို့ ကြုံတွေ့နိုင်ခြင်းတို့ကြောင့် လူလွတ်အရပ်သား ကိုဘတင့်ကို ရွေးခဲ့ခြင်းဖြစ်ပေမည်။ ထို့ပြင် ကိုဘတင့်သည် သူတို့ သုံးယောက်တွင် လက်ဝှေ့ကောင်းစွာ ကျွမ်းသူဖြစ်ခြင်း၊ အရေးပိုင် လုံးဝမမြင်ဖူးသူ ဖြစ်ခြင်း၊ တောသားပုံပေါက်ခြင်းတို့ကြောင့် "ရွှေဘ" နေရာနှင့် အကိုက်ညီဆုံးဖြစ်သည်။ အရေးပိုင်အား စိတ်ဆိုးလာအောင် "ဆွ"ပေးခြင်း၊ ရန်စ ပွားလာခြင်း၊ အရေးပိုင်က လက်သီးစထိုးခြင်း၊ လက်သီးကို လက်သီးနှင့်တုံ့ပြန်ခြင်း၊ ကိုဘညွန့်က အရေးပိုင်၏ လက်ယာဘက်က နေရာယူ၍ အရေးပိုင်အား လက်နှစ်ဖက်ဖြင့် သိမ်း ဖက်ထားခြင်း၊ ကိုညဏ်ထူးက လက်ဝဲဘက်က နေရာယူကာ ကိုဘတင့် ၏ ညာလက်ကို အချိန်မီ ဟန့်တားနိုင်ခဲ့ခြင်းစသော အကွက်ကျကျ ဇာတ်လမ်းချထားသည့်အတိုင်း တစ်ခန်းရပ်ပြဇာတ် မျက်ဝါးထင်ထင် ပီပြင်လာခဲ့မှုမှာ "မပေါ်ကြီး"၏ ကြံရည်ဖန်ရည် အောင်မြင်မှု တစ်ရပ် ပင် ဖြစ်ဖွယ်ရာ ရှိပါသည်။

အရေးပိုင်သည် ကိုညဏ်ထူးကြောင့် လက်သီးနှစ်ချက်ထက် ပို၍ အထိုးမခံလိုက်ရသဖြင့် ၎င်းအား ကျေးဇူးတင်နေ၏။ သို့သော် ထိထိမိမိ အထိုးခံရအောင် သိမ်းကျုံးသိုင်းဖက်ထားခဲ့သည့် ကိုဘညွန့် အပေါ် နောင်သောအခါ သံသယဝင်သွား၏။ မကြာမီ ကိုဘညွန့်လည်း မုံရွာမှ ဖျာပုံသို့ ပြောင်းသွားရ၏။ နှစ်အတန်ကြာသည့်တိုင်အောင် လမ်းဝန်ထောက် ရာထူးသို့ မတက်ဖြစ်ရ၏။ သို့ဖြစ်ရခြင်းများမှာ ဗျူရို ကရက်ကြီး၏ လက်ချက်မကင်းဟု ပြောစမှတ်တွင်၍ ကျန်ရစ်ခဲ့သည်။ ကိုဘတင့်တို့ သုံးဦးလည်း "ဒါးတည်၊ ပေါ်သိုး၊ အားသိုး"တည်းဟူသော ဂေါ်စကွန်ကနီမှ သူရဲကောင်းသုံးယောက် ဖြစ်ခဲ့ရလေတော့သည်။

နှစ်အနည်းငယ် ကြာလာ၏။



ချင်းတွင်းမြစ်အနောက်ဘက်ခြမ်း မုံရွာခရိုင်ခွဲတွင် ပါလီမန် အမတ်ရွေးချယ်ပွဲ ကျင်းပရာ ဦးဘတင့် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံ၍ အနိုင်ရခဲ့သည်။ ယင်းမာပင်မှ ဦးမင်းဆိုသူနှင့် ပြိုင်၍ မဲရွေးခံခြင်း ဖြစ်၏။ ထိုမဲပေးပွဲတွင် စာရေးသူဖခင် မဲရုံမှ ထွက်လာသောအခါ

"အမိန့်တော်ရမင်း ဘယ်ပုံးထဲ ထည့်ခဲ့ပါသလဲ‥"ဟု ဝိုင်းမေး ကြ၏။

"အမတ် ဖြစ်သင့်ဖြစ်ထိုက်သူ ပုံးထဲ ဒီမဲပြား ရောက်သွားပါစေ သတည်းရယ်လို့ အဓိဋ္ဌာန်ပြုပြီး မဲပြားကို အပေါ်မြှောက်တင်လိုက် တာပါပဲဗျာ။ ဘယ်ပုံးထဲ ရောက်သွားသလဲတော့ မသိပါဘူး"ဟု ပြန်လည်ဖြေကြားခဲ့ကြောင်း စာရေးသူ အသက်ကြီးလာသောအခါ အဖေပြန်ပြောပြသဖြင့် သိရှိခဲ့ရပါသည်။ အထက်ပါမေးခွန်းကို ယင်းမာ ပင်သားတို့က မေးမည်သာ မေးကြသည်။ အချင်းချင်းမှာ ကနီသားများ ဖြစ်ရုံသာမက ညီအစ်ကိုနှစ်ဝမ်းကွဲ တော်သူများလည်းဖြစ်သောကြောင့် အရေးကြီးချိန်၌ သွေးနီးရာ ချို့မည်ဖြစ်သည်ကို စင်းစင်းကြီး သိပြီး ဖြစ်ကြပါ၏။

၁၉၂၀ ပြည့်နှစ် ယူနီဗာစီတီ အက်ဥပဒေ ဆန့်ကျင်သပိတ် မှောက်ရာတွင် သပိတ်မှောက်ကောင်စီ ဒုတိယဥက္ကဋ္ဌမှာ ဦးဘတင့် ဖြစ်ကြောင်း၊ သူသည် အမျိုးသားပညာဝန် ဦးဖိုးကျားနှင့်ကျောင်းနေဖက် မိတ်ဆွေဖြစ်ကြောင်းနှင့် ၁၉၃၂ ခုနှစ်က မုံရွာခရိုင်အနောက်ပိုင်း မဲဆန္ဒနယ် အတွက် အမတ်အရွေးခံရာ၌ ဦးဘတင့်သည် ခွဲရေးဘက်မှ အရွေးခံရကြောင်း ၁၉၈၂ ခုနှစ်က ပြုစုခဲ့သော ကနီမြို့နယ်မှတ်တမ်း မှာ ဖော်ပြထားသည်ကို တွေ့ရပါသည်။

× × × × ×

## ဒုတိယကမ္ဘာစစ်မီးနှင့်အပြိုင် ကနီမီးကြီး

**စစ်ကြီးဖြစ်ခါ၊ တိုက်ဆိုင်လာ၊ မြို့မှာ ကြမ္မာမှောက်၊**
**ကံဆိုးတစ်လီ၊ ကြုံရပြီ၊ ကနီ မီးကျိန်းရောက်၊**
**လောင်စာ သိုလှောင်၊ ထိုဂိုဒေါင်၊ ဖောင်ဖောင် ကွဲထွက်ပေါက်၊**
**ဓာတ်ဆီသံပုံး၊ လွင့်တက်ဖုံး၊ ခွင်းဒုံးကဲ့သို့မြောက်၊**
**လောင်စာဟုန်းဟုန်း၊ တအုန်းအုန်း၊ ပြုန်းပြုန်း ပြာပုံအောက်။**

၁၉၃၉ ခုနှစ်တွင် ဒုတိယကမ္ဘာစစ် စတင်ဖြစ်ပွားလာသည်။ ဥရောပတစ်ခွင်တွင် ဂျာမနီနှင့် အီတလီတို့က စစ်မျက်နှာဖွင့်၏။ အာရှတစ်ခွင်တွင် ဂျပန်က စစ်မျက်နှာဖွင့်၏။ သို့ဖြင့် ကမ္ဘာစစ်မီးသည် ရှိန်ရှိန်ညီးညီး တောက်လောင်ခဲ့ပြီ ဖြစ်သည်။ ဂျပန်၏ ရှေ့တန်းထိုးစစ်သည် ၁၉၄၂ ခုနှစ်၊ နှစ်ဦးပိုင်းမှာပင် မြန်မာပြည်သို့ ဦးတည်လျက်ရှိသည်။ ဂျပန်တို့ မဝင်ရောက်မီ မြန်မာ့လွတ်လပ်ရေးတပ်မတော်က လက်ဦးအောင် မြန်မာနိုင်ငံအတွင်းသို့ ထိုင်းနယ်စပ်မှ ချင်းနင်းဝင်ရောက်လာခဲ့ပြီ ဖြစ်သည်။ ဗြိတိသျှတပ်တို့သည် ဂျပန်မဝင်လာမီ ကြိုတင်၍ မြန်မာနိုင်ငံမှ အိန္ဒိယသို့ အမြန်ဆုံး ဆုတ်ခွာသွားနှင့်ကြသည်။ စစ်ဆုတ်ခွာရာတွင် ဂျပန်တို့၏ စစ်လမ်းကြောင်း အိန္ဒိယအထိ အလျှင်အမြန် လိုက်မလာနိုင်စိမ့်သောငှာ အချိန်အားဖြင့် နှောင့်နှေးကြန့်ကြာစေရန် ရည်ရွယ်ချက်ဖြင့် စစ်နည်းဗျူဟာအရ စစ်ကိုင်းတံတားကြီးမှ ခုံးနှစ်ခုံးကို ဗုံးခွဲဖျက်ဆီး၍ ချိုးပစ်ထားခဲ့သည်။ ထို့ပြင် ဂျပန်တပ်များအတွက် လက်နက်၊ ရိက္ခာ၊ လောင်စာဆီများနှင့် ယာဉ်ရထားများကို စစ်ရေးအတွက် အသုံးမပြုနိုင်အောင် အကွက်ကျကျ စီမံခဲ့



သည်။ အထူးသဖြင့် ရောဝတီကုမ္ပဏီပိုင် သင်္ဘောများကို မြစ်တွင်းတွင် နှစ်မြှုပ်ထားရစ်ခဲ့သည်။ ရေနံ၊ ဓာတ်ဆီစသော လောင်စာဆီများကို သွန်မှောက်ဖျက်ဆီးပစ်ခဲ့သည်။

စစ်မဖြစ်မီကာလက ကနီမြို့တွင် ရေနံ၊ ဓာတ်ဆီစသည့် လောင်စာဆီများ သိုလှောင်ရောင်းချခွင့်ရထားသော "ဘီအိုစီ" ကိုယ်စားလှယ် ဦးလူညွှန့်အား ဗြိတိသျှအစိုးရက လောင်စာဆီများ အမြန်ဆုံး ဖျက်ဆီးပစ်ရန် အမိန့်ထုတ် ညွှန်ကြားလိုက်သည်။

၁၉၄၂ ခုနှစ် ဧပြီလဖြစ်၏။ တစ်နည်းဆိုသော် "တန်ခူးကျက်ကျက် နေလင်းလက်" ချိန် ဖြစ်သည်။

လောင်စာဆီများကို မြေတွင် သွန်လောင်းစွန့်ပစ်ခြင်းဖြင့် အဟောသိကံဖြစ်စေမည့်ကိစ္စကို ဦးလူညွှန့်သည် သူ့အနေဖြင့် မစွန့်ပစ်ရက်ဘဲ လွန်စွာပင် နှမြောမိမည် ဖြစ်ပါလိမ့်မည်။ ထို့ကြောင့် လောင်စာများကို အလွယ်တကူ ရွှေ့ပြောင်းသိုဝှက်ထားနိုင်အောင် ကြံဆကြည့်ပေလိမ့်မည်။ သို့ဖြင့် ဆယ်ဝင်ပုံးဟု အများသိသော ခြောက်ဂါလန်ဆံ့ သံဖြူပုံးများအတွင်းသို့ လောင်စာများကို ဦးစွာပြောင်းထည့်မည်၊ ထို့နောက် လေလုံအောင် ပြန်ပိတ်မည်၊ ပိတ်ပြီးသောပုံးများကို လုံခြုံမည့်နေရာရှာ၍ သိုသိုသိပ်သိပ် ထိန်းသိမ်းထားမည်ဟု စိတ်ကူးမိပုံရသည်။ ထိုစိတ်ကူးကို အကောင်အထည်ဖော်ရန် သူ၏ တပည့်တစ်ဦးအား လောင်စာဆီများကို လှောင်ကန်မှ ရေနံဆီပုံးခွံများသို့ ပြောင်းထည့်စေပြီး လေလုံအောင် ခဲဂဟေဖြင့် ဖုံးပိတ်စေခဲ့သည်။

အထက်ပါလုပ်ငန်းစဉ်မှာ စိတ်ကူးကောင်းပါ၏။ သို့သော် လက်တွေ့ဆောင်ရွက်ရာ၌ မလွယ်လှပါ။ မီးကူးတောက်လောင်လွယ်သော လောင်စာဆီပုံးကို ခဲဂဟေဆော်ပိတ်ဖို့ဆိုသည်မှာ အလွန်

အန္တရာယ်ကြီးလှပါသည်။ ထိုအကြောင်းကို သာမန်လူပြိန်းတစ်ယောက်ပင် သိနိုင်ပေသေးရာ ဦးလူညွန့်ကဲ့သို့ ပညာတတ်၊ ပညာရှိ တစ်ဦးအနေဖြင့် ကြိုတင်သိနားလည်ပြီး ဖြစ်ပါလိမ့်မည်။ လိုအပ်သော အကာအကွယ်များလည်း စီမံထားပြီး ဖြစ်ပါလိမ့်မည်။ သို့သော် သူ့ကံရော၊ မြို့၏ကြမ္မာပါ မကောင်းခဲ့ပါ။ လောင်စာပုံးအဖုံးကို လေလုံအောင် ဂဟေ"တို့"ပိတ်ရာ၌ လောင်စာကို မီးစတင်စွဲပါလေတော့သည်။ သံဖြူတစ်ပုံးက နောက်တစ်ပုံး၊ ဆက်လက်၍ နောက်တစ်ပုံး၊ နောက်တစ်ပုံးဖြင့် လောင်စာပုံးများ တစ်ပုံးပြီးတစ်ပုံး မီးကူး၍ လောင်လေရာ ဂဟေဆော်သူခမျာ အသက်လု၍ ထွက်ပြေးရတော့သည်။ ဦးလူညွန့်လည်း ဘေးကင်းရာသို့ တိမ်းရှောင်ခဲ့ရလေသည်။

ကမ္ဘာ့စစ်မြေပြင် အသီးသီးတွင် ဗုံး၊ အမြောက်တို့ကြောင့် စစ်မီးဟုန်းဟုန်း တောက်လျက်ရှိ၏။ ထိုစစ်မီးနှင့်အပြိုင် ကနီမြို့တစ်မြို့လုံးလည်း မီးဟုန်းဟုန်း တောက်ခဲ့ရလေပြီ။ လောင်စာသံပုံးများသည် မီးစွဲသည်နှင့် လောင်စာများ ပန်းထွက်လာပြီး ထိုမီးတန်းကြီးနှင့်အတူ သံဖြူပုံး မီးလုံးကြီး မြောက်တက်လာတော့၏။ တစ်လုံးပြီးတစ်လုံး တက်၍ တက်၍လာ၏။ စက္ကန့်မခြားဖြစ်သောကြောင့် မီးလုံးကြီးများသည် အရပ်ရှစ်မျက်နှာသို့ တစ်အိမ်ကျော်၊ နှစ်အိမ်ကျော် စသည်ဖြင့် ပြတ်ကာပြတ်ကာ အိမ်များ ကွက်ကျားလောင်သည်။ မီးစွဲလျက်ရှိသော သံဖြူပုံးများသည် ဒုံးပစ်စင်မှ ထွက်လာသည့် ဒုံးကျည်များပမာ ကောင်းကင်တွင် မီးတောက်ပုံးပျံပဒေသာ ဖြစ်နေတော့၏။ မြို့သူမြို့သားများမှာ မီးငြိမ်းသတ်ဖို့ မစဉ်းစားနိုင်တော့ဘဲ မီးနှင့်ဝေးမည် ထင်မှတ်ရာနေရာများသို့ ပစ္စည်းတစ်စုံမျှ သယ်ယူဖို့ အချိန်မရဘဲ ကိုယ်လွတ်ရုန်း၍ အသက်လု ပြေးကြရသည်။



အချိန်မှာ နေ့ခင်း မွန်းတိမ်းကာလ နေကျက်ကျက်ပူချိန်ဖြစ်၏။ နာရီပိုင်းအတွင်းမှာပင် ကနီမြို့သည် ပြာပုံအောက်သို့ ရောက်သွားလေတော့သည်။ မြို့အစွန်အဖျားလောက်သာ ကျန်ကောင်းကျန်ရာ ကျန်တော့၏။ အုန်းပင်၊ ငှက်ပျောပင်တို့ဖြင့် ဥယျာဉ်မြို့သဖွယ် သာယာတင့်တယ်သော မြို့၏နှလုံးသည်းပွတ်နေရာ မြို့လယ်ရပ်မှာ မြင်မကောင်း၊ ရှုမလှ ဖြစ်ခဲ့ရ၏။ မြို့လယ်ရှိ ရဲတိုက်ကြီးပမာ ဟည်းနေအောင် ကြီးမားလှသည့် မြို့ဝန်မင်း စံမြန်းခဲ့ရာ အုတ်တိုက်ကြီးမှာလည်း သင်္ခါရဓမ္မကို မလွန်ဆန်နိုင်ခဲ့ပါပြီ။ ဖခမည်းဖြစ်သူ တည်ဆောက်ခဲ့သည့် တိုက်ကြီးသည် သူမွေးခဲ့သော သူ့ရင်သွေး၏ ပညာရှိ သတိဖြစ်ခဲမှုကြောင့်ပင် ပျက်စီးခြင်းမလှ ပျက်စီးခဲ့ရပါလေပြီ။ (ပုံ"၅"ရှု)

ကနီမြို့ မီးလောင်ပြီးနောက် မီးဘေးဒုက္ခသည်ဘဝ ရောက်ခဲ့ရသူများအနက် တစ်ဦးသော ကနီသားက စာစီထားခဲ့ရာ အောက်ပါအတိုင်းဖြစ်ကြောင်း မှတ်သားခဲ့ရပါသည်--

**"စတု,သုည,တြိ,ကေ၊ လူညွန့်ပယောဂ၊ မြို့ပြာကျ"**

စတု=၄၊ သုည=၀၊ တြိ=၃၊ ကေ=၁ ဖြစ်၏။ ထိုဂဏန်းလေးလုံးကို ပိဋကတ်သင်္ချာ ကောက်ယူနည်းအရ ပြောင်းပြန်ယူလျှင် ၁၃၀၄ ဖြစ်၏။ မြန်မာသက္ကရာဇ် ၁၃၀၄ ခုနှစ်ကို ဆိုလိုခြင်း ဖြစ်၏။ ဦးလူညွန့်ကို အကြောင်းပြု၍ ကနီ မီးလောင်ခဲ့ရသည့်နှစ်ကို မှတ်၍လွယ်အောင် ဆောင်ပုဒ်ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

ဤစာရေးသားနေချိန် (၂၀၀၈ ခုနှစ် ဇူလိုင်) တွင် ဦးလူညွန့်၏ မျိုးဆက်များ အထင်အရှား ရှိနေကြမည်ဟု ယုံကြည်ပါသည်။ ၎င်းတို့၏ ဂုဏ်သိက္ခာကို ထိခိုက်စေဖို့ မရည်ရွယ်ပါ။ စင်စစ်အားဖြင့် ဦးလူညွန့်သည် စာရေးသူ ချစ်ခင်လေးစားရသော အဘိုးလေးပင် ဖြစ်ပါသည်။

မိမိ၏ ဝမ်းကွဲမောင်နှမသားချင်းများ၊ တူ တူမများသည် သဘောထားကြီးစွာ နားလည်ပေးမည်ဟု မျှော်လင့်မိပါ၏။ ဦးလူညွှန့်အကြောင်းလာမည့်အခန်းတစ်နေရာတွင် သီးခြားထပ်မံ ဖော်ပြပါဦးမည်။

❖ ❖ ❖ ❖

# အခန်း (၆)

## ဒုတိယကမ္ဘာစစ်ကာလမှ ဖ.ဆ.ပ.လ ခေတ်အထိ

### ဂျပန်ခေတ် ကနီ

**အင်္ဂလိပ်ထွက်၊ ဂျပန်တက်၊ ခေတ်ပျက် ညက်ညက်ဆွေး၊**
**သုံးနှစ်ရွှေ့လျော၊ မောတကော၊ သောသော နိပ္ပွန်ပြေး။**

ဗြိတိသျှတို့စစ်ကြောင်း အိန္ဒိယသို့ ဆုတ်ခွာ၍ အထက်မြန်မာပြည်သို့ ရောက်ပြီး မရှေးမနှောင်းမှာပင် ဂျပန်တို့လည်း မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသည်။ ဗမာ့လွတ်လပ်ရေး တပ်မတော် (B.I.A)နှင့် ဂျပန်တပ်များသည် ရန်ကုန်မြို့ကို **၁၉၄၂** ခုနှစ်၊ မတ်လ **၈** ရက်တွင် သိမ်းပိုက်ပြီး တစ်လခန့် အကြာ၌ ကနီမြို့ မီးကြီးလောင်ခဲ့ခြင်း ဖြစ်၏။ မီးလောင်ထားပြီး ကနီမြို့သို့ ဂျပန်တို့ ဝင်ရောက်လာသောအခါ ၎င်းတို့သည် အင်အားများများဖြင့် တပ်စွဲမနေကြပါ။ ဂျပန်စကား၊ ဂျပန်စာ သင်ကြားပေးနိုင်သော ဂျပန်စစ်မှုထမ်း အနည်းငယ်နှင့် ထောက်လှမ်းရေးတပ်ဖွဲ့ဝင် အချို့သာရှိသည်။

ဗမာ့တပ်မတော်မှ ဗမာ့ကာကွယ်ရေး တပ်မတော် (B.D.A) အဖြစ်သို့ ပြောင်းလဲဖွဲ့စည်းသော ၁၉၄၂ ခု၊ ဩဂုတ်လတွင် ကနီမြို့သည်လည်း ထူးထူးခြားခြား ပြောင်းလဲမှု မရှိခဲ့ပါ။

တစ်နှစ်အကြာ **၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်တွင်** ဂျပန်တို့က မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးသည်ဆို၍ ဒေါက်တာဘမော် အဓိပတိဖြစ်လာချိန်၌ ကနီမြို့မှာလည်း အခြားမြို့များနည်းတူ လွတ်လပ်ရေးအောင်ပွဲနေ့ ကျင်းပခဲ့သည်။ "လွတ်လပ်ပြီ၊ လွတ်လပ်ပြီ၊ ဒို့ပြည်လွတ်လပ်ပြီ၊ အောင်သပြေကို ဆွတ်ကာချီ၊ ငါတို့ ပိုင်ဆိုင်ပြီ" ဟူသော တေးသီချင်းကို သံပြိုင်သီကြွေး ခဲ့ကြသော်လည်း လွတ်လပ်ရေးမှာ အမည်သာဖြစ်၏။ လွတ်လပ်ရေး၏ အရသာကို ကနီသူကနီသားတို့ မည်သို့ခံစားရပါသလဲ။ ဖက်ဆစ်ဂျပန် စစ်ဖိနပ်အောက်တွင်သာ နင်းပြားဘဝဖြင့် နေခဲ့ကြရသည်။ သို့သော် ပြာပုံထဲက ယာယီတဲကြီးများတွင် နေ၍ စားရေးရော၊ ဝတ်ရေးပါ မပြေလည်သည့် ကနီမြို့မှာ ဂျပန်တို့၏ ညှင်းပန်းမှုကို ထူးထူးကဲကဲ မခံရပါ။ သို့လင့်ကစား မီးဘေးဒဏ်ခံခဲ့ရပြီး စစ်ဘေးဒဏ် ထပ်မံကြုံတွေ့ရပြန်သောကြောင့် "ဂျိုက်သိုးထူရာတွင် တောင်ဇူနာ မှောင့်"ဆိုစကားကဲ့သို့ ဖွတ်ဖွတ်ညက် ညက် ကြေခဲ့ရတော့၏။

ဖက်ဆစ်တော်လှန်ရေး စတင်သည့် ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက် မတိုင်မီကပင် ကနီမြို့တွင် ဂျပန်စစ်သားများကို မတွေ့မြင်ရတော့ပါ။ ကနီ၏ အထက်ဘက်က အမြောက်ပစ်သံ၊ မော်တာထုသံများ တအုန်းအုန်း တဒုန်းဒုန်း ကြားနေရသည်မှာ မတ်လဆန်းလောက်ပင် ဖြစ်၏။ ထိုကာလအတွင်း မဟာမိတ်တပ်များ၏ တိုက်လေယာဉ်ပျံများပေါ်က "လေနတ်သား" အမည်ဖြင့် စာစောင်များကို ကြဲဖြန့်ချပေးသည်။ မကြာမီ ဗြိတိသျှတပ်များက ဂျပန်များ ခိုအောင်းနေဖွယ်ရာ ရှိသော နေရာများသို့ လေတပ်အင်အားသုံး၍ တိုက်ပွဲဆင်နွှဲမည်ဖြစ်သဖြင့် ကနီမြို့သူမြို့သားများ မြို့မှ ခေတ္တဖယ်ခွာကာ အခြားကျေးလက်



တောရွာများသို့ ရှောင်တိမ်း နေကြရန် နှိုးဆော်ထားခြင်း ဖြစ်သည်။ အိမ်ထောင်စု တော်တော်များများလည်း အန္တရာယ်ကင်းရာကင်းကြောင်း အခြားသို့ ပြောင်းရွှေ့ ကြရတော့၏။

မတ်လကုန်လောက်တွင် ဗြိတိသျှခြေလျင်တပ်များ ဝင်ရောက်လာတော့သည်။ ဂျပန်တို့မှာကား ဝင်လာစဉ်က အဆောတလျင် သုတ်ခြေတင်လာပုံ ဟန်ဟန်ပန်ပန်ရှိသလောက် သုံးနှစ်ကြာ မင်းမူပြီးနောက်တွင်မူ အမောတကော ခပ်သောသော ဣန္ဒြေမရ ဆုတ်ခွာထွက်ပြေးသွားရလေသည်။

× × × × ×

## အင်္ဂလိပ်တစ်ကျော့ပြန်ကာလ အခြေအနေ

**စစ်ပြီးကာလ၊ ဗြိတိသျှ၊ မြို့ပြအုပ်ချုပ်ရေး၊**
**စက္ကူဖြူစာ၊ ထုတ်ကြေညာ၊ မြန်မာ လွတ်ဖို့တွေး၊**
**ပိုလ်ချုပ်ဂုဏ်သိန်၊ မြင့်တက်ချိန်၊ နေသူရိန် အစည်းအဝေး၊**
**မြန်မာညီပုံ၊ အင်္ဂလိပ်ဖြုံ၊ ဉသုံ လွတ်လပ်ပေး။**

ဂျပန်တပ်များ ကနီမှ ဆုတ်ခွာသွားပြီးနောက် တစ်လနီးပါးကြာသောအခါ မဟာမိတ်တပ်များသည် တမူး-ကလေးဝ လမ်းကြောင်းမှ ဝင်ရောက်လာသည်။ တစ်နိုင်ငံလုံးကို ဗြိတိသျှတို့ တစ်ကျော့ပြန် စိုးမိုးလာခဲ့ပြီ။ ၁၉၄၅ ခုနှစ် နှစ်လယ်လောက်ကစ၍ မြန်မာနိုင်ငံ မြို့ပြအုပ်ချုပ်ရေး [C.A.S (B) ] စနစ် စတင်ကျင့်သုံးအုပ်ချုပ်တော့၏။ တစ်ဆက်တည်းပင် စက္ကူဖြူကြေညာစာတမ်းကိုလည်း ဗြိတိသျှတို့က ထုတ်ပြန်လိုက်သည်။

မြို့ပြအုပ်ချုပ်ရေးစနစ် ကျင့်သုံးသောကာလအတွင်း ကနီမြို့တွင် မြို့အုပ်ကြီးတစ်ဦးနှင့် တွဲဖက်မြို့အုပ်တစ်ဦးကို ခန့်ထားကာ နယ်ဘက် အုပ်ချုပ်ရေးကို စတင်ပုံသွင်းခဲ့သည်။ မြို့အုပ်ကြီးအဖြစ် အငြိမ်းစား နယ်ပိုင် ဝန်ထောက်ကြီး ဦးမဲ(ဝန်မင်းဦးတုတ်၏ သမက်)အား ခန့်ထား တာဝန်ပေး၍ တွဲဖက်မြို့အုပ်အဖြစ် ဦးလူညွှန့် (ဝန်မင်း ဦးတုတ်၏သား ကနီ ဦးလူညွှန့်)အား ခန့်ထားလိုက်သည်။ ဦးမဲ၏ အုပ်ချုပ်ရေး အတွေ့အကြုံ ရင့်ကျက်မှုနှင့် ဦးလူညွှန့်၏ တက်ကြွထက်မြက်မှု တို့ကြောင့် မြို့နယ်တစ်ဝန်းလုံး အေးချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက် လာခဲ့၏။

မြန်မာတစ်နိုင်ငံလုံးတွင် နိုင်ငံရေးအသိအမြင် တိုးတက်လာချိန် ဖြစ်သောကြောင့် စက္ကူဖြူကြေညာစာတမ်းကို မလိုလားကြပေ။ မကြာ မတင်မှာပင် ဗိုလ်ချုပ်အောင်ဆန်း ဦးစီး၍ နေသူရိန်အစည်းအဝေးကို ကျင်းပကာ ဗြိတိသျှတို့၏ စက္ကူဖြူကြေညာစာတမ်းကို ဆန့်ကျင်ခဲ့ သည်။ တစ်ဆက်တည်းပင် "ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူလွတ် မြောက်ရေး"(ဖ·ဆ·ပ·လ)အဖွဲ့ကြီးကိုလည်း ဖွဲ့စည်းလိုက်၏။

၁၉၄၆ ခုနှစ်၊ "ဟူးဘတ်ရန့်စ်"ဘုရင်ခံဖြစ်လာချိန်၌ ပုလိပ် သပိတ်နှင့် အမှုထမ်းပေါင်းစုံ သပိတ်ကြီး ပေါ်ပေါက်ခဲ့၏။ ကနီမြို့တွင် လည်း အခြားမြို့များနည်းတူ ပုလိပ်နှင့် အမှုထမ်းပေါင်းစုံတို့ သပိတ် မှောက်ကြသည်။ ထိုနှစ်မှာပင် ဗြိတိသျှတို့က ဗိုလ်ချုပ်အောင်ဆန်း ဝန်ကြီးချုပ်အဖြစ် ဦးစီးဆောင်ရွက်သော ဖ·ဆ·ပ·လ အစိုးရအဖွဲ့ကို ဖွဲ့စည်းခွင့်ပြုလိုက်ရ၏။ မြန်မာခေါင်းဆောင်တစ်ဦး၏ အစိုးရလက်ထက် တွင် သပိတ်များလုန်လိုက်ကြ၏။ ကနီမြို့ အခြေအနေမှာလည်း ဆက်လက်တည်ငြိမ်အေးချမ်းလျက်ပင် ရှိသည်။



မြန်မာတို့၏ သွေးစည်းညီညွတ်ပုံ၊ စစ်အတွင်းကာလမှာပင် မြန်မာတို့တွင် စစ်အတတ်ပညာများ အတွေ့အကြုံရရှိထားပုံ၊ ရှေးဗြိတိသျှခေတ်ကထက် မြန်မာတို့တွင် စစ်ဘက်လူသူအင်အားနှင့် လက်နက် အင်အားတောင့်တင်း၍ ၎င်းတို့အား အန်တုလာနိုင်ပြီဖြစ်ပုံ တို့ကို အင်္ဂလိပ်တို့ သဘောပေါက်လာပြီး မြန်မာတို့အပေါ် အတော် အတန်"ဖြုံ"၍ တုန်လှုပ်လာခဲ့၏။ ဤအခြေအနေကြားထဲက မြန်မာ နိုင်ငံကို သုညကစလျက် ပြန်လည်ထူထောင်ရာ၌ နှစ်အတန်ကြာ လိုငွေပြနေမည့် တာဝန်ကြီးကိုလည်း ထမ်းဆောင်ဖို့ ဝန်လေးနေမည် သာ ဖြစ်၏။ ကိုလိုနီနိုင်ငံ အမြောက်အမြားအပေါ် ဆက်လက်ထိန်းသိမ်း ချုပ်ကိုင်ဖို့ မဆိုထားဘိ၊ သူတို့မိခင်နိုင်ငံအတွက်ပင် အတော်အတန် ရုန်းကန်ရမည့်အကြောင်းလည်း ရှိနေ၏။ ထို့ကြောင့်လည်း ၁၉၄၈ ခုနှစ် နှစ်ဦးပိုင်းမှာပင် "အောင်ဆန်းအက်တလီ"စာချုပ်ကို ချုပ်ဆို၍ တစ်နှစ် အတွင်း လုံးဝလွတ်လပ်ရေးပေးတော့မည့် အခြေအနေသို့ ရောက်ရှိ လာခဲ့လေသည်။

ကနီနယ်သူနယ်သားများလည်း လွတ်လပ်တော့မည့်အရေးကို မျှော်တွေးလျက် အများနည်းတူ ပျော်ရွှင်စိတ်အေး၍ နေကြပေသည်။

× × × × ×

## ကနီသင်္ကြန် 'ကျည်'ပက်ဟန်

**လွတ်လပ်ပြီးစ၊ မငြိမ်ကြ၊ ထကြွ သောင်းကျန်းဘေး၊**
**သင်္ကြန်ရက်ဆီ၊ 'ကျည်'ပက်ပြီ၊ ကနီ သွေးချောင်းပြေး၊**
**သောင်းကျန်းမင်းမူ၊ ရဲဘော်ဖြူ၊ စိုးယူ သိမ်းခဲ့သေး၊**

## ရဲဘော်ဖြူနောက်၊ 'ရှားကိုး'ရောက်၊ တောက်လျှောက် တည်ငြိမ်ရေး၊ တောင်ပေါ်နစ်လီ၊ ချင်းတပ်မှီ၊ ကနီ သာယာအေး။

၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့၏။ လွတ်လပ်ရေးရပြီး မကြာမတင်မှာပင် မူဝါဒနှင့် အယူအဆ အမျိုးမျိုးသော သဘောထားများ ကွဲလွဲကြ၍လည်းကောင်း၊ နေရာယူမှုအပေါ် မကျေနပ်ကြ၍လည်းကောင်း တော်လှန်ရေး ရဲဘော်ဟောင်းအချို့နှင့် ပါတီနိုင်ငံရေးသမား အချို့တို့သည် ဖ•ဆ•ပ•လ အစိုးရကို ဆန့်ကျင်ကာ လက်နက်စွဲကိုင်၍ တောခိုပြီး သောင်းကျန်းသူဘဝသို့ ရောက်သွားကြတော့၏။ အထွေထွေ သောင်းကျန်းမှုကာလ၏ နိဒါန်းပင် ဖြစ်သည်။ အရောင်အသွေးစုံလင်သော ထကြွသောင်းကျန်းသူများ ဒေသအလိုက် ပေါ်ပေါက်ခဲ့သည်။ ထိုသို့ ပေါ်ပေါက်ခဲ့ရာတွင် မုံရွာခရိုင်အတွင်း၌ အလံနီအဖွဲ့နှင့် ရဲဘော်ဖြူအဖွဲ့တို့မှာ အထူးထင်ရှားသည်။ ချောင်းဦးမြို့နယ်၊ ဆားလင်းကြီးမြို့နယ် တောင်ပိုင်းနှင့် ပုလဲမြို့နယ်အနောက်ပိုင်းတို့တွင် အလံနီကြီးစိုးကြပြီး ပုလဲမြို့နယ် မြောက်ပိုင်း၊ ယင်းမာပင်မြို့နယ်နှင့်ကနီမြို့နယ်တို့တွင် ရဲဘော်ဖြူတို့ ကြီးစိုးကြသည်။

လွတ်လပ်ရေးရပြီး တစ်နှစ်အတွင်းမှာပင် မုံရွာခရိုင်ရှိ မြို့နယ်ခုနှစ်မြို့နယ်အနက် ကနီမြို့နယ်မှတစ်ပါး အခြားမြို့နယ်များရှိ ရဲဌာနအားလုံးကို မုံရွာမြို့သို့ စုစည်းခေါ်ယူထားလိုက်ရ၏။ ချင်းတွင်းမြစ်အနောက်ဘက်ခြမ်းရှိ ဆားလင်းကြီးနှင့် ယင်းမာပင်မြို့နယ်များမှ ရဲဘော်ဖြူတို့၏ ဩဇာအာဏာအောက်သို့ ရောက်ရှိသွားတော့၏။ ထိုအချိန်က ကနီမြို့ရဲဌာနတွင် ဌာနပိုင်(စခန်းမှူး) ဦးဆောင်သော ရဲအဖွဲ့အင်အားအယောက် ၂၀ ခန့်သာ ရှိ၏။ လက်နက်အင်အားမှာလည်း ဘရင်းဂန်းနှစ်လက်၊ စတင်းဂန်း သုံးလက်၊ ခြောက်လုံးပြူးနှစ်လက်နှင့် ရိုင်ဖယ် ၁၄ လက်ခန့်သာ ရှိ၏။



၁၉၄၉ ခုနှစ် ဧပြီလ ၁၃ ရက် သင်္ကြန်အကျနေ့ နံနက် ၄း၀၀ နာရီခန့် ဖြစ်၏။

ကနီရဲဌာနကို ရဲဘော်ဖြူအင်အား ငါးရာခန့်ဖြင့် လာရောက်စီးနင်းသည်။ တိုက်ပွဲမှာ နံနက် ၁၀း၀၀ နာရီသာသာတွင် ပြီးခဲ့သည်။ ရဲဘော်ဖြူတို့၏ လက်နက်အင်အားမှာ နှစ်လက်မ မော်တာအပါအဝင် မောင်းပြန်သေနတ်များလည်း အတော်အတန် ပါလာသဖြင့် ဌာနပိုင်ဂါတ်စာရေးနှင့် ရဲသားအချို့ကျဆုံးပြီးနောက် လူအင်အား၊ လက်နက်အင်အား မမျှသောကြောင့် ရဲတပ်ဖွဲ့ဝင်များ လက်နက်ချလိုက်ရတော့သည်။ သို့ဖြင့် ကနီသင်္ကြန်အကျနေ့တွင် ရေမပက်ကြရဘဲ ကျည်ဆန်ပက်ခဲ့ကြရသည်ဟု ဆိုစမှတ်ရှိတော့သည်။ ရဲဌာနတွင် သင်္ကြန်အကျနေ့၌ အကျွေးအမွေးဖြင့် အလှူအတန်းလုပ်ရန် ညဥ့်ဦးက ချက်ပြုတ်၍ အရုဏ်ဦးက နွှေးထားသော ထမင်းဟင်းလျာများမှာ ရဲဘော်ဖြူများအတွက် ညှော်ခံစရာ နံနက်စာဖြစ်သွားရလေတော့၏။ ထိုနေ့ထိုရက်မှစ၍ သောင်းကျန်းသူ ရဲဘော်ဖြူများသည် ကနီမြို့ကို သိမ်းပိုက်စိုးယူမင်းမူခဲ့လေသည်။

တိုက်ပွဲဖြစ်စဉ်က ရဲဌာနအနောက်ဘက် သိမ်တော်ခင် ဘုရားကုန်းတွင် ရဲတပ်သားလူငယ်တစ်ဦး ကျဆုံးခဲ့၏။ နောက်တစ်နေ့တွင် သူ့မိခင်သည် တစ်ဦးတည်းသော သားလေးအတွက် သောကပရိဒေဝမီး တောက်လောင်ကာ တစ်မြို့လုံးရှိ လမ်းတကာတွင် ဟိုဝင်သည်ထွက်ဖြင့် ဦးတည်ရာမရ လျှောက်သွားရင်း အော်ဟစ်ငိုကြွေးနေသည်။ ကြာလာသောအခါ အသံပင် မထွက်ရှာတော့ပါ။ ရဲဘော်ဖြူများ

အောင်ပွဲခံသည့် အခမ်းအနားကျင်းပရာနေရာသို့ ရောက်သွားသောအခါ ရဲဘော်ဖြူ ဗိုလ်တစ်ဦးက

"ဒီမယ် . . အမယ်ကြီး . . ခင်ဗျား သားတစ်ယောက်တည်း သေတာမဟုတ်ဘူး . .။ ကျုပ်တို့ရဲဘော်တွေလဲ သေတာပဲ။ တော်လှန်ရေးအတွက် အသက်စတေးကြရတာ မဆန်းဘူး . .။ ခင်ဗျား ငိုမနေနဲ့။ ငိုချင်ရင် တော်ရာသွားငို။ ကျုပ်တို့အောင်ပွဲအတွက် ကျက်သရေ မရှိဘူး" ဟု ငေါက်ငမ်းကာ မောင်းထုတ်လိုက်သည်။

အောင်ပွဲ အခမ်းအနားပြီးဆုံးသော ရဲဘော်ဖြူ ခေါင်းဆောင်က မြို့ပေါ်ရှိ အမှုထမ်းများအား စာသင်ကျောင်းကြီးပေါ်သို့ ဖိတ်ခေါ်လိုက်၏။ ရဲဘော်ဖြူများ ရောက်မလာမီကပင် အမှုထမ်းများသည် ရှားပါးစရိတ် ၁၄ ရာခိုင်နှုန်း ဖြတ်တောက်ခံရခြင်းကို အကြောင်းပြု၍ သပိတ်မှောက်ထား ကြသည်။ အမှုထမ်းများအနေဖြင့် လစာရတော့မှာလေလား၊ တိုးပေးဦးမှာလေလား စသည်ဖြင့် စိတ်မှန်းနှင့် ကျိတ်၍ ဝမ်းသာနေကြသည်။

နေ့လယ် ၁၂:၀၀ နာရီခန့်တွင် ခရိုင်ခေါင်းဆောင်ရောက်လာ၏။

"ခင်ဗျားတို့ အမှုထမ်းပေါင်းစုံ သမဂ္ဂဖွဲ့ကြပါ။ မကြာခင် ကျုပ်ပြန်လာမယ်။ အဲဒီအခါမှာ သမဂ္ဂဖွဲ့စည်းပြီးသား ဖြစ်ပါစေ . ." ဟု တိုတိုတုတ်တုတ် ပြောပြီး ဆင်းသွားသည်။

သမဂ္ဂဖွဲ့ရေး သပိတ်မှောက်အမှုထမ်းများ ဆွေးနွေးကြရာ၌ လက်ရှိအားဖြင့် သပိတ်မှောက်ထားဆဲကာလ ဖြစ်သည့်အလျောက် အမှုထမ်းဟု ဆိုရမည့်အခြေအနေ မဟုတ်ကြောင်း၊ ယခုရောက်လာသော ရဲဘော်ဖြူများကရော လစာမည်သို့ ပေးမည်မသိရဘဲ သမဂ္ဂဖွဲ့ရန် မဖြစ်နိုင်ကြောင်း သဘောထားရရှိပါသည်။



မွန်းလွဲ ၂:၀၀ နာရီတွင် ခရိုင်ခေါင်းဆောင် ပြန်လာ၏။ သမဂ္ဂဖွဲ့စည်း မပြီးသေးဆိုသဖြင့်

"ဒီကနေ့ နှစ်နာရီကြာ စဉ်းစားကြတယ်၊ မပြီးဘူး။ နက်ဖြန် လေးနာရီ စဉ်းစား၊ နောက်တစ်နေ့ ရှစ်နာရီ စဉ်းစား၊ နောက်ဆုံးသမဂ္ဂ မဖွဲ့ဖြစ်ရင် ကျုပ်ပြောလိုက်မယ် . .၊ ဒီကနေ့ လူတစ်ယောက်တန်ဖိုးဟာ ခြောက်မူးတစ်ပဲသာ ရှိတယ် . ." ဟု စိတ်ဆိုး မာန်ဆိုး ပြောသည်။ သူပြောသောစကားတွင် "ခြောက်မူးတစ်ပဲ" ဟု ပါရှိရာ ဆိုလိုရင်း အဓိပ္ပာယ်မှာ "၃၀၃" ကျည်ဆန်တစ်တောင့်၏ ထိုခေတ်က တန်ဖိုးကို ဆိုလိုခြင်း ဖြစ်၏။ ၎င်းတို့အား ကြောက်ရွံ့အောင် တမင်အာဏာပြ ခြိမ်းခြောက်ခြင်းသာ ဖြစ်သည်။

နောက်ဆုံးတွင် သပိတ်မှောက်ဆဲအမှုထမ်းများမှာ သမဂ္ဂဖွဲ့လိုက်ကြရသည်။ ဥက္ကဋ္ဌအဖြစ် ကျောင်းအုပ်ဆရာကြီး ဦးထွန်းပိုင်၊ ဒု-ဥက္ကဋ္ဌအဖြစ် မြို့ပိုင်ရုံး စာရေးကြီး ဦးသိန်းဖေ၊ အတွင်းရေးမှူးအဖြစ် မြေစာရင်းဌာနမှ ဦးတင်ဝင်း(စာရေးသူ၏ အစ်ကို၊ နောင်-နိုင်ငံဝန်ထမ်းအကြီးတန်းနှင့် တရားရုံးချုပ်ရှေ့နေ)၊ တွဲဖက်အတွင်းရေးမှူးအဖြစ် ဦးမြစ်(ဆရာမ ဒေါ်ခင်ဉာဏ်၏ဖခင်)တို့ ဖြစ်ကြသည်။

သမဂ္ဂဖွဲ့ပြီးနောက် အမှုထမ်းများကို တာဝန်ပေးလိုက်သည်။ မြို့နယ်အတွင်းမှ ကျေးလက်ဒေသရှိ ကလေးသူငယ်များအား ပညာသင်ပေးရန်ဖြစ်၏။ လခမှာ မိသားစု အနည်းအများပေါ် မူတည်၍ ၁၀၀ိ/။ ၁၂၀ိ/- သတ်မှတ်ပေးသည်။ စာသင်ကြားပေးခြင်းနှင့် ကလေးသူငယ်များအား အုပ်ချုပ်ထိန်းသိမ်းခြင်းတို့၌ အတွေ့အကြုံမရှိကြသော အချို့အမှုထမ်းများအတွက် အခက်အခဲနှင့် ကြုံဆုံကြရသောကြောင့် စိတ်ပျက်လက်ပျက် ဖြစ်ကြရသည်။

အမှုထမ်းပေါင်းစုံ သပိတ်နှင့် ဆက်နွယ်၍ လခစား မိဘများ အပေါ် အမှီပြုပြီး ပညာသင်ကြားနေရသော ကျောင်းသားများလည်း အစိုးရအပေါ် မကျေမနပ်ချက်ကြောင့် သပိတ်မှောက်ထားသည့်ကာလ ပင်ဖြစ်၏။ သို့ဖြစ်သည်နှင့်အညီ မုံရွာမြို့သို့ သွားရောက်ပညာသင်ကြား နေသည့် ကျောင်းသားများလည်း သပိတ်မှောက်သည့်အထဲတွင် ကိုကိုကြီး (နောင်-စာရေးဆရာ မင်းထေ)၊ ကိုစံလှ (ဆရာကြီး ဦးထွန်းပိုင်၏တူ)၊ ကိုဘလှ (နောင်-ပ·မ·ည·တ·အမတ် ဦးမောင်လေး၏တူ) တို့ ပါဝင်သည်။ ထို့ပြင် မင်းကင်းသို့ သွားရောက်ပညာသင်နေသူ အချို့ ပြန်ရောက်လာကြသည့် အချိန်အခါလည်း ဖြစ်၏။

အထက်ပါ သပိတ်မှောက် ကျောင်းသားများနှင့်အတူ ကနီတွင် အလွတ်ပညာသင်နေကြသော ကျောင်းသားကြီးများကိုပါ ခေါ်ယူ၍ အမှုထမ်းပေါင်းစုံ သမဂ္ဂဖွဲ့စည်းခိုင်းသည့်နည်းတူ ကျောင်းသားသမဂ္ဂ ဖွဲ့စည်းရန် ခရိုင်ခေါင်းဆောင်က တာဝန်ပေးသည်။ ကျောင်းသားများ လည်း သမဂ္ဂဖွဲ့ရန် သတ်မှတ်ပေးသည့် အချိန်ကာလအတွင်း မဖွဲ့စည်း နိုင်ဘဲရှိသည်။ အမှုထမ်းများအပေါ် အာဏာပြ၍ အရိုန်အဝါ သုံးနိုင် သော်လည်း ကျောင်းသားများအပေါ်တွင်ကား ထိုသို့မသုံးဘဲ ဆွေးနွေး ဦးမည်ပြောကာ စာသင်ကျောင်းကြီးပေါ်တွင် ထပ်မံချိန်းဆိုသည်။

ချိန်းဆိုထားသည့်အတိုင်း လူစုံသောအခါ ခရိုင်ခေါင်းဆောင်က

"ခင်ဗျားတို့ ဘာကြောင့် သမဂ္ဂမဖွဲ့နိုင်တာလဲ"ဟု မေးရာ ကိုကိုကြီးက

"ကျုပ်တို့ ဘာအတွက် သမဂ္ဂဖွဲ့ရမယ်ဆိုတာ မသိရသေးဘူး"ဟု ပြန်ပြော၏။

"ကျုပ်တို့နဲ့အတူ လက်တွဲ အလုပ်လုပ်ဖို့ပေါ့ဗျ"



"ရဲဘော်တို့နဲ့ လက်တွဲရနိုင်မှာ မဟုတ်ပါဘူးဗျာ··"

"ဘာလို့ လက်မတွဲနိုင်ရတာလဲ ဆိုပါဦး··"

"ရဲဘော်တို့မှာ ဘာ"မူ"မှ မရှိဘူး··၊ ကွန်မြူနစ်ကမှ "မူ"ရှိ သေးတယ်··"

ဤကဲ့သို့ ပြောင်ပြောင်တင်းတင်း ဆွေးနွေးငြင်းပယ်ခြင်းဖြင့် သမဂ္ဂဖွဲ့ရေးမှာ မပြီးပြတ်ခဲ့ပါ။ ရဲဘော်ဖြူတို့လည်း ကနီကျောင်းသားများ အပေါ် စည်းရုံးလွှမ်းမိုးနိုင်ခြင်း မရှိပါ။

ကနီတွင် ရဲဘော်ဖြူများ အုပ်စိုးလျက်ရှိသည်ကို အထက် ချင်းတွင်းရှိ မင်းကင်း၊ ကလေးဝ၊ မော်လိုက်စသည့်မြို့များက မသိကြ သေးပါ။ ထို့ကြောင့် ရေဝတီ (ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့) ပိုင် "H-2"(နောင်-"ဟံသာဝတီ-၂") သင်္ဘောသည် မင်းကင်းမှ စုန်လာ၏။ ကနီမြို့သို့ ရောက်ရှိဆိုက်ကပ်သောအခါ ထိုသင်္ဘောနှင့် တကွ အတူပါလာသော သင်္ဘောအမှုထမ်းများသည် ရဲဘော်ဖြူတို့ ၏ လက်တွင်းသို့ ဘုမသိ ဘမသိဖြင့် ကျရောက်ရတော့၏။

အဆိုပါ သင်္ဘောကို မိုင်းခွဲ၍ ရေတွင်မြှုပ်ပစ်ရန် ရဲဘော်ဖြူများ စိတ်ကူးကြသေး၏။ သို့သော် သင်္ဘောကို သဲသောင်ခုံတစ်နေရာတွင် ထိုးတင်ထားပြီး ရေယက်မှု အားပေးသောမောင်းတံကြီးများကို ဖြုတ်၍ အခြားတစ်နေရာတွင် သိုဝှက်ထားကာ သင်္ဘောအမှုထမ်းတို့အား မုံရွာ သို့ လှေကြုံဖြင့် ထည့်လွှတ်လိုက်သည်။

"H-2"သင်္ဘောအမှုထမ်းများ မုံရွာသို့ ရောက်သောအခါ ယင်းသင်္ဘောကို ကနီမြို့နယ်အတွင်း သဲသောင်ခုံတစ်ခုပေါ်တွင် တင်ထားခဲ့ရကြောင်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ရုံးသို့ သတင်းပို့ကြ၏။ ထိုမှတစ်ဆင့် မုံရွာရှိ ဌာနဆိုင်ရာများ သိရှိသွားခဲ့၏။

အထက်ချင်းတွင်းနှင့် အောက်ချင်းတွင်းအကြား အစိုးရဌာနအချင်းချင်း အပြန်အလှန် ဆက်သွယ်ရန် သောင်းကျန်းသူအုပ်ချုပ်မှုအောက်တွင် ကျရောက်နေသော ကနီမြို့ကို အစိုးရအာဏာစက်အောက် ရောက်ရှိရေးမှာ ဦးစားပေးရမည့်ကိစ္စ ဖြစ်လာခဲ့၏။ ထို့ကြောင့် မုံရွာခရိုင် စစ်ဘက်၊ ရာဇဝတ်ဘက်၊ နယ်ဘက် တာဝန်ရှိသူတို့ စည်းဝေးတိုင်ပင်ကာ ကနီမြို့ကို ပြန်လည်သိမ်းယူရန် ဆုံးဖြတ်ချက်ချကြသည်။

ကနီတွင် ရဲဘော်ဖြူ အုပ်စိုးသောကာလမှာ ချောက်လကြာခဲ့ပေပြီ။

အောက်တိုဘာလသို့ တိုင်ခဲ့၏။

မုံရွာက အစိုးရတပ်များ၊ ခရိုင်ရာဇဝတ်ဝန်"ရှားကိုး"ဦးစီးသော ရဲတပ်ဖွဲ့များ၊ စစ်ရဲတပ်ဖွဲ့များသည် သင်္ဘောကြီးငယ်အစုံဖြင့် ကနီသို့ ဆန်တက်လာကြ၏။ ထိုသတင်းကြားသည်နှင့် ရဲဘော်ဖြူများလည်း ကနီနယ်မြေကို စွန့်ခွာထားခဲ့ကြပြီဖြစ်၏။ သေနတ်တစ်ချက်ပင် မဖောက်ရဘဲ ကနီမြို့ကို အစိုးရအာဏာစက် သက်ရောက်ခဲ့တော့၏။

ထိုအခါမှစ၍ ကနီတွင် ရဲဌာနနှင့် အခြားအစိုးရဌာနများ ပြန်ဖွင့်နိုင်ပေပြီ။ အမှုထမ်းများလည်း သပိတ်လှန်လိုက်ပြီ။ သပိတ်မှောက် ကျောင်းသားများလည်း ကနီမှ ပြန်လည်ထွက်ခွာသွားကြပြီ။ ကနီမြို့ ရွှေမြင်းဖြူတောင်နှင့် သိမ်တော်ခင် ဘုရားကုန်းတို့တွင် ချင်းတပ်ဖွဲ့ဝင်များ တပ်စွဲထားနိုင်ပြီ။ အထက်ချင်းတွင်းရှိ မြို့များနှင့် မုံရွာအကြား ရေကြောင်းလမ်းလည်း ဥဒဟို ကူးသန်းသွားလာနိုင်ခဲ့ပေပြီ။ "H-2" သင်္ဘောကိုလည်း မြစ်တွင်းသို့ဆွဲချမောင်းနှင်လာနိုင်ပြီ။ ဤသို့ဖြင့် ကနီမြို့မြေသည် အဖြူရောင်နယ်မြေအဖြစ်သို့ တစ်ပြန်တစ်လည် ပြောင်းလဲသွားခဲ့ပါတော့သည်။

× × × × ×



## ဖ.ဆ.ပ.လ ခေတ် ကနီ

**အမတ်လောင်းလျာ၊ သတ်မှတ်ရာ၊ ပ,ကာ ထားသည့်အရေး၊**

**ဥက္ကဋ္ဌအား၊ မလျာထား၊ တစ်ပါးသူမှ ဦးစားပေး၊**

**လှည့်ကွက်လုပ်ကြ၊ မျက်လှည့်ပြ၊ ဥက္ကဋ္ဌ လွှင့်စဉ်ဘေး၊**

**ညာဏ်နက် ညာဏ်နီ၊ သုံးကြပြီ၊ ပွေလီ နိုင်ငံရေး၊**

**တစ်သီး ပုဂ္ဂလ၊ ပြောင်းလဲရ၊ လှျောကျ ရှုံးနိမ့်သေး၊**

**ဆင် ကုလားဖန်၊ မူမမှတ်၊ လူမှန် စွန့်ခွာပြေး၊**

**ကျေးဇူးတင်စရာ၊ ဆင်ခြင်ရာ၊ ရင်မှာ ပီတိအေး။**

၁၉၄၉ ခုနှစ် အောက်တိုဘာလတွင် ကနီမြို့၌ အစိုးရအာဏာ သက်ဝင်ခဲ့ပြီဖြစ်၏။

ရုံးဌာနများ ပြန်လည်ဖွင့်၍ ပုံမှန်အတိုင်း အလုပ်လုပ်နိုင်ခဲ့ပြီ။

မူလတန်းလွန်ကျောင်းလည်း ပြန်၍ဖွင့်ခဲ့ပြီ။ ကနီမြို့မှ ငါးတန်း အောင်ပြီးနောက် အထက်တန်းကျောင်းများရှိရာ မုံရွာ၊ မင်းကင်းစသည့် မြို့များသို့ သွားရောက် ပညာမသင်ယူနိုင်သော ကျောင်းသားများမှာ ကနီမှာပင် စေတနာဆရာများထံ ချဉ်းကပ်၍ ပညာဆည်းပူးကြရ၏။ ထိုအထဲတွင် စာရေးသူ၏ အစ်ကိုနှစ်ယောက်လည်း ပါသည်။ အစ်ကို ကြီး ကိုတင်ဝင်းမှာ စစ်ကြိုခေတ်က တိုင်းရင်းမြန်မာ ၉ တန်းအောင် ထားပြီးဖြစ်၍ အင်္ဂလိပ်စာ တစ်ဘာသာတည်းကိုသာ ဦးစားပေး လေ့လာလျက်ရှိ၏။ အစ်ကိုငယ် ကိုတင်မြ ခေါ် ကိုတင်မောင်ဝင်းသည် အဋ္ဌမ တန်း အဆင့်နှင့် ညီမျှသော သင်ခန်းစာများကို လေ့လာဆည်းပူးလျက် ရှိ၏။

အင်္ဂလိပ်စာနှင့် ဗြိတိသျှရာဇဝင်ကို ဦးဘစိန်က သင်ပြပေး၍ ကျန်ဘာသာရပ်များကို ဆရာကြီး ဦးထွန်းးပိုင် သင်ကြားပေးသည်။ ၁၉၅၁ ခုနှစ်တွင် အစ်ကိုကြီးသည် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုရာ အောင်မြင်ခဲ့၏။ အစ်ကိုငယ်သည် ကျောင်းထွက်လက်မှတ်ရ စာမေးပွဲနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတို့ကို ဖြေဆိုရာ နှစ်ခုစလုံး အောင်မြင်ခဲ့၏။

ဦးဘစိန်သည် တောင်ငူသား ဖြစ်သည်။ "ချစ်ဒုက္ခ" ဦးဘညွန့်၊ ရွှေကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးဘဌေးတို့နှင့် တစ်ခေတ်တည်း တက္ကသိုလ်တက်ခဲ့၍ ၁၉၃၀ ပြည့်နှစ်က ဘီအေဘွဲ့ရထားသည်။ အမြုတ်ခွန် ဝန်ထောက်လုပ်ခဲ့၏။ ကန္နီဝန် ဦးတုတ်၏မြေး၊ ဝန်ထောက်ကြီး ဦးမဲ၏သမီး ဒေါ်တင်မကြီးနှင့် လက်ထပ်ခဲ့သည်။ အမြုတ်ခွန်ဌာနတွင် ကြာကြာမလုပ်ဘဲ ကနီသို့ လိုက်ပါနေထိုင်ခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ဦးဘစိန်သည် ကနီမြို့နယ် ဖ·ဆ·ပ·လ အဖွဲ့တွင် ဥက္ကဋ္ဌဖြစ်လာ၏။ ရဲဘော်ဖြူခေတ်လွန်ကာလအထိ ဦးဘစိန်သည် မိမိကိုယ်မိမိ ဥက္ကဋ္ဌရာထူး၌ မြဲလျက်ရှိသည်ဟု မှတ်ယူထား၏။ သို့သော် ရဲဘော်ဖြူခေတ်တွင် ဦးဘစိန်အား မနရှင်လူတန်းစားသာ ဖြစ်သည်ဟု သတ်မှတ်ထားကြသည့် ပစ္စည်းမဲ့ဆိုသူ ဆန့်ကျင်ဘက်များက သူ့အား ဥက္ကဋ္ဌအဖြစ် အသိအမှတ် မပြုချင်ကြတော့ပါ။

စာရေးသူသည် စတုတ္ထတန်းအောင်သည်အထိ ယင်းမာပင်တွင် ကျောင်းနေခဲ့သည်။ ယင်းမာပင်မြို့နယ်အတွင်း ရဲဘော်ဖြူများ အုပ်စိုးသောကာလတွင် ပညာမသင်ယူခဲ့ရပါ။ ၁၉၅၀ ပြည့်နှစ်တွင် အစ်ကိုကြီး ဦးတင်ဝင်းက ကနီသို့ခေါ်၍ အလွတ်ပညာသင်ယူစေသဖြင့် ဦးဘစိန်၏ ကျောင်းသားတပည့် ဖြစ်လာခဲ့၏။



၁၉၅၂ ခုနှစ်တွင် လွှတ်တော်အမတ် ရွေးချယ်တင်မြှောက်ပွဲရှိလာရာ ဦးဘစိန်သည် လက်ရှိ ဖ·ဆ·ပ·လ ဥက္ကဋ္ဌဖြစ်၍ အမတ်လောင်းအဖြစ် မဲရွေးခံရမည့် ပုဂ္ဂိုလ်ဖြစ်သည်။ သို့သော် ရဲဘော်ဖြူခေတ်ကတည်းက ဦးဘစိန်အား မလိုလားသော ကနီသားအချို့က ခရိုင် ဖ·ဆ·ပ·လ ပုဂ္ဂိုလ်များထဲက အရေးပါအရာရောက်သူများထံ ချဉ်းကပ်၍ ဦးဘစိန်အစား အခြားသူတစ်ဦးဦးအား သတ်မှတ်လျာထားပေးရန် ကြိုးပမ်းအားထုတ်ကြသည်။ ထို့ကြောင့် ကနီတွင် အမြဲနေထိုင်သူ ဦးဘစိန်အား ပစ်ပယ်၍ ကနီမှ မဟုတ်သော အခြားပုဂ္ဂိုလ်အား ဦးစားပေးလျာထားခဲ့သည်။ ထိုသူသည် ဦးဘစိန်ကဲ့သို့ ခေတ်ပညာတတ် မဟုတ်ပါ။ သို့ဖြင့် ဥက္ကဋ္ဌလည်းဖြစ်၊ ခေတ်ပညာတတ်လည်းဖြစ်၊ ကနီရွာ နေထိုင်သူလည်းဖြစ်သော ဦးဘစိန်သည် ဘေးသို့ရောက်သွားခဲ့ရသည်။ ထိုအချိန်အခါက နိုင်ငံရေးလောကတွင် ဉာဏ်နီဉာဏ်နက်သုံးကြ၊ ကျောကြ၊ စီးပိုးကြ၊ တစ်ဖက်စောင်းနင်းလုပ်ကြဖြင့် မူမမှန်သော အလေ့အထများ ရှိခဲ့သည်။

ရွေးကောက်ပွဲဝင်ရန် အဘက်ဘက်က ပြင်ဆင်ထားပြီးဖြစ်သည့် ဦးဘစိန်မှာ ရွေးရန်တစ်လမ်းသာ ရှိတော့၏။ တစ်သီးပုဂ္ဂလအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရပေတော့မည်။ သူ့အဖို့မှာကား ဖ·ဆ·ပ·လ ဥက္ကဋ္ဌရာထူးမှ သွယ်ဝိုက်သောနည်းဖြင့် တရားမဝင်ဖြုတ်ချခံရခြင်းပင် ဖြစ်ပါ၏။

ရွေးကောက်ပွဲမကျင်းပမီ စာရေးသူအပါအဝင် စာသင်တပည့်အားလုံးနှင့် ကျောင်းသားမိဘ အများစုက ဦးဘစိန်ဘက်က မဲဆွယ်စည်းရုံးလှုပ်ရှားခဲ့ကြသည်။ ဝန်ထမ်းအများစုမှာ ဥပဒေအရ ပါတီနိုင်ငံရေးနှင့် ကင်းကင်းရှင်းရှင်း နေကြရ၍ ပါဝင်လှုပ်ရှားခွင့် မရကြပါ။ ထိုအထဲတွင် ဆရာကြီး ဦးထွန်းပိုင်လည်း အပါအဝင်ဖြစ်သည်။ ရေ့နေ

ဦးညဏ်ထူး(စာရေးသူ၏ဦးလေး)သာ တက်ကြွစွာ ပါဝင်နိုင်ခဲ့သည်။ ဦးနု၏ ဓာတ်ပုံကပ်ထားသော မဲပုံးအတွင်းသို့သာ မဲသာသာထိုးထိုး ရောက်သွားခဲ့၏။ ဦးဘစိန်၏ တစ်သီးပုဂ္ဂလ အဖြူရောင်မဲပုံးမှာ မျက်နှာငယ်ခဲ့ရတော့သည်။

ဦးဘစိန်သည် ဗြိတိသျှကိုလိုနီခေတ်၊ ဂျပန်ခေတ်၊ တစ်ကျော့ပြန် ဗြိတိသျှခေတ်၊ လွတ်လပ်ရေးခေတ်၊ ရဲဘော်ဖြူခေတ်နှင့် ဖ•ဆ•ပ•လ ခေတ်တို့တစ်လျှောက်လုံး ကနီတွင် နှစ်ပေါင်းများစွာ အရှည်အကြာ နေခဲ့၏။ ကနီသူနှင့် အိမ်ထောင်ကျပြီးကတည်းက ကနီသားတစ်ပိုင်း ဖြစ်လာခဲ့၏။ သူတတ်ကျွမ်းသော စာပေပညာကို အသုံးချ၍ စေတနာ ဆရာအဖြစ် စာသင်ကြားပြသပေးခြင်းဖြင့် မြို့ကို အကျိုးပြုခဲ့၏။ ရွေးကောက်ပွဲတွင် အရှုံးနှင့် ရင်ဆိုင်ခဲ့ရသဖြင့် သူ့ခမျာ ရင်နာရှာပေလိမ့်မည်။ တပည့်ကျောင်းသားများလည်း စိတ်တွင် များစွာခံစားခဲ့ကြရသည်။ "မြွေမှုကား ပျောက်၊ ဖားသာ မောက်၍၊ ထက်အောက်ကယ် ပြောင်းပြန်၊ လူမတရား၊ ညဏ်နီများလျက်၊ အမှားသာ မှန်တော့တယ်" ဟူသော စာအဆိုကို သတိရဖွယ်ပင် ဖြစ်တော့၏။

စာရေးသူသည် ၁၆ နှစ်သားအရွယ် ၁၉၅၀ ပြည့်နှစ်က ကနီသို့ ရောက်ပြီးမှ ငါးတန်းစာမေးပွဲ ဖြေရသည်။ ၁၉၅၀-၅၁ ပညာသင်နှစ်တွင် ၆ တန်း၊ ၇ တန်း စာများကို သင်ခဲ့ရပြီး ၁၉၅၁-၅၂ တွင် ၈ တန်း၊ ၉ တန်းစာများ သင်ယူ၍ တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုရာ ၁၉၅၂ ခုနှစ်တွင် နှစ်ချင်းပေါက်ပင် ဒုတိယအဆင့်စာရင်းမှ အောင်မြင်ခဲ့ပါသည်။ စာသင်နှစ် နှစ်နှစ်တာ ကာလအတွင်း အင်္ဂလိပ်စာ ဘာသာရပ်၌ လူလူသူသူဖြစ်ခဲ့ခြင်းမှာ ဦးဘစိန်၏ ကျေးဇူးတရားကြောင့်ဟု ဆိုလျှင် မမှားပါ။



စာရေးသူအပါအဝင် ကနီအလွတ်ပညာသင် ကျောင်းသူကျောင်းသား ၁၇ ဦး ဖြေဆိုသည့်အနက် ၇ ဦး အောင်မြင်ခဲ့သည်။ မုံရွာတစ်ခရိုင်လုံးတွင် ထိုနှစ်က ဖြေဆိုသူများအနက် ၃၇ ဦးသာ အောင်မြင်ခဲ့၏။ ထို ၃၇ ဦးတွင် ကနီမှ ၇ ဦးဖြစ်ပြီး သုံးဦးမှာ ဒုတိယအဆင့်မှ အောင်မြင်ကြသဖြင့် ဦးဘစိန်၏နာမည်လည်း ကျောင်းဆရာလောကနှင့် ကျောင်းသားလောကတွင် ပေါ်ပြူလာဖြစ်ခဲ့ရသည်။

စာရေးသူ ဆယ်တန်းအောင်သည့်နှစ်ကပင် ဦးဘစိန်လည်း ကနီမှ မုံရွာသို့ ပြောင်းရွှေ့ခဲ့ပြီး ဆူးလေကုန်းရပ်ကွက် ပေပင်ကျောင်းလမ်းတွင် "ပညာ့ဗိမာန်" အမည်ဖြင့် အလွတ်ပညာသင်ကျောင်း စတင်ဖွင့်လှစ်ခဲ့သည်။ ကျောင်းတွင် အကြိုတက္ကသိုလ်ဝင်တန်းနှင့် တက္ကသိုလ်ဝင်တန်းဟူ၍ နှစ်တန်းခွဲထားသည်။ ကျောင်းစဖွင့်သည့်နှစ်မှာပင် "ပညာ့ဗိမာန်" သည် မုံရွာမြို့၌ "စတား" ဖြစ်၍ ကျောင်းသူ ကျောင်းသားရာနှင့်ချီကာ ကြိတ်ကြိတ်တိုး စည်ကားလှပါသည်။ စာရေးသူလည်း ကနီသို့ မပြန်တော့ဘဲ ထိုကျောင်း၌ပင် လက်ထောက်ဆရာအဖြစ် ခေတ္တမျှ ကူညီလုပ်အားပေးခဲ့ပါသည်။

ဤသို့ဖြင့် စာရေးသူမှာ ဖ•ဆ•ပ•လ ခေတ်အတွင်း ကနီမြို့တွင် အလွတ်ပညာသင် ကျောင်းသားဘဝဖြင့် နှစ်နှစ်ကြာမျှသာ နေထိုင်ခဲ့ရပါ၏။

၁၉၅၁ ခုနှစ် ဇူလိုင်လအတွင်းက ကနီမြို့သို့ ရဲဘော်ဖြူများ နောက်တစ်ကျော့လာရောက် တိုက်ခိုက်ကြသေး၏။ တောင်ပေါ်တန်းတွင် တပ်စွဲထားသော တပ်မတော်မှ ချင်းအမျိုးသားစစ်သည်များနှင့် မြေပြင်မှ ရဲတပ်ဖွဲ့ဝင်တို့က ကြံ့ကြံ့ခံကာ ခုခံတိုက်ခိုက်နိုင်၍ ရဲဘော်ဖြူများ ဆုတ်ခွာသွားကြရသည်။

စာရေးသူ ဆယ်တန်းအောင်သောနှစ်မှာပင် ကနီမြို့ အစိုးရမူလတန်းလွန်ကျောင်းသည် အလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးခြင်းခံရ၏။ ငါးတန်းအောင်ပြီး အလွတ်ပညာသင်ကျောင်းတွင် စာရေးသူနှင့်အတူ တက်ခဲ့ကြရသော ကျောင်းသူကျောင်းသားများသည် အတန်းစဉ်အတိုင်း သတ္တမတန်းတွင် ဆက်တက်နေကြသည်။ နောက်နှစ်နှစ်ခန့်ကြာသောအခါ အလယ်တန်းကျောင်းမှ အထက်တန်းကျောင်းအဆင့်သို့ တစ်ဖန်တိုးမြှင့်ပေးခြင်းခံရပြန်၏။

ပါလီမန်အမတ်ရွေးပွဲတွင် အကယ်၍ တစ်သီးပုဂ္ဂလ ဦးဘစိန်သာ အမတ်အဖြစ် အရွေးခံခဲ့ရသော် ထိုမျှတိုတောင်းသော ကာလအတွင်း အထက်တန်းကျောင်းကြီး ပေါ်ပေါက်လာနိုင်စရာအကြောင်း မရှိပါ။ ညော့်ကနီသား ဖ ∙ဆ ∙ပ ∙လ အမတ် အရွေးခံရသောကြောင့်သာ အထက်တန်းကျောင်း အမြန်ဆုံးရရှိလာခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ထိုပုဂ္ဂိုလ်အားလည်းကောင်း၊ ထိုပုဂ္ဂိုလ် အမတ်ဖြစ်လာအောင် အဘက်ဘက်က ပံ့ပိုးပေးခဲ့ကြသော ပုဂ္ဂိုလ်အပေါင်းအားလည်းကောင်း ကျေးဇူးတင်ဖွယ်ပင် ဖြစ်ပါသည်။ စာရေးသူ၏ စာသင်ဆရာလည်းဖြစ်၊ အဒေါ်၏ ခင်ပွန်းလည်းဖြစ်သော ဦးဘစိန်လွှတ်တော်အမတ် အရွေးမခံရသဖြင့်အမှန်ပင် စိတ်ထိခိုက်ခဲ့ရ၏။ သို့ရာတွင် အထက်တန်းကျောင်းအမြန်ဆုံးရခဲ့သည့် ကျေးဇူးတရားကို ဆင်ခြင်မိသောအခါ လိုက်လှဲကျေနပ်စွာ ဝမ်းသာပီတိဖြစ်ရပြန်ပါသည်။

× × × × ×



## မုံရွာခရိုင် 'ကတောက်ပန်း' လှိုင်ခဲ့ချိန်က

**ရွေးကောက်ပွဲဝင်၊ ခရိုင်လုံးတွင်၊ ပြာလွင် ကတောက်ဝင့်၊**

**နှစ်နှစ်ကာလ၊ ချိန်ရောက်လာ၊ ခေတ္တ 'အိမ်စောင့်' လင့်။**

၁၉၅၆ ခုနှစ်တွင် ဖြစ်၏။

ပါလီမန် သက်တမ်းတစ်ခု ကုန်ဆုံး၍ နောက်တစ်ကြိမ် ရွေးကောက်ပွဲ ပြုလုပ်ရပြန်သည်။

လေးနှစ်ဆိုသော ကာလအပိုင်းအခြားအတွင်း နိုင်ငံရေး အပြောင်းအလဲများရှိလာခဲ့သည်။ ယခုရွေးကောက်ပွဲ၏ရလဒ်မှာ မုံရွာခရိုင်တွင် အထူးအံ့အားသင့်ဖွယ် ကြုံတွေ့ရ၏။ ဘယ်သူပြိုင်၍ နိုင်အံ့မထင်ရသော ဖ∙ဆ∙ပ∙လ အမတ်လောင်းများ အရေးနိမ့်ခဲ့ရသည်။ လောကဓံတရား၏ မာယာလေလား မဆိုတတ်ပါပြီ။ မုံရွာတစ်ခရိုင်လုံး ဆိုရှယ်နီအမတ်များ အောင်ပွဲခံခဲ့သည်။ ရွေးကောက်ပွဲပြုလုပ်စဉ်က မိုးပြာရောင်မဲပုံးများကို ဆိုရှယ်နီအဖွဲ့က အသုံးပြုခဲ့ရာ တစ်ခရိုင်လုံးမှာ ကတောက်ပန်းပွင့်ရောင် လွှမ်းမိုးခဲ့ပါသည်။

ကနီနယ်မှ ဆိုရှယ်နီအမတ်လောင်း ဦးမောင်လေးသည် အရွေးချယ်ခံရ၏။ သူသည် ကနီသား ဖြစ်သည်။ ကိုကိုကြီး (မင်းဏီ)၏ တစ်ဝမ်းကွဲ အစ်ကိုဖြစ်၏။ စာရေးသူထက် အသက် ၁၀ နှစ်ကျော်ကျော် ကြီးသော်လည်း ဆွေမျိုးစပ်သောအခါ သူက စာရေးသူ၏ နှစ်ဝမ်းကွဲတူတော်သူ ဖြစ်နေပါသည်။

အမတ်မင်း ဦးမောင်လေး၏ လွှတ်တော် သက်တမ်းအတွင်း မိုးပြာရောင်အောက်မှ ဆိုရှယ်နီကနီ၏ အခြေအနေမှာ ထူးထူးခြားခြား မှတ်တမ်းတင်စရာ မတွေ့ခဲ့ရပါ။

လွှတ်တော်သက်တမ်း နှစ်နှစ်ခန့်ကြာလာသောအခါ ဖ.ဆ.ပ.လ အဖွဲ့ကြီးသည် အက်သံပေးလာ၏။ "နုတင်" ဦးဆောင်သော အဖွဲ့တစ်ဖွဲ့နှင့် "ဆွေ-ငြိမ်း" ဦးဆောင်သော အဖွဲ့တစ်ဖွဲ့တို့ ကွဲထွက်ခဲ့၏။ ထိုစဉ်က ဝန်ကြီးချုပ် ဦးနုသည် ဖြစ်ပေါ်လာသော နိုင်ငံရေးအခြေအနေကို တည်ငြိမ်အောင် မထိန်းနိုင်သဖြင့် ဗိုလ်ချုပ်ကြီး နေဝင်းအား ယာယီအားဖြင့် အာဏာလွှဲပြောင်း အပ်နှံလိုက်သည်။ "အိမ်စောင့်" အစိုးရပေါ်ပေါက်လာပြီး "ကြံ့ခိုင်ရေး" အသင်းများ ဖွဲ့စည်းခဲ့သည်။ ဖ.ဆ.ပ.လ အဖွဲ့ကြီး နှစ်ခြမ်းကွဲသွားလင့်ကစား ဆိုရှယ်နီအမတ် ဦးမောင်လေးလက်ထက်တွင် ကနီ ဖ.ဆ.ပ.လအဖွဲ့မှာ ခရိုင်ခေါင်းဆောင်များ၏ ကွဲအက်မှုအပေါ်တွင်သာ တည်မှီလျက် ရှိခဲ့ပါ၏။ ကနီသားတို့၏ နှုတ်ဖျားတွင်ကား

"ဆိုရှယ်နီဆဲ၊ ဖ.ဆ.ကွဲ၊ မောင်လေး ပုံမှန်ပဲ" ဟူသော စာစပ်သံပေါက်လင်္ကာပင် ရှိခဲ့ဖူးသည်ဟု သိရပါသည်။

× × × × ×

## ဖ.ဆ.ပ.လ ချုပ်ငြိမ်းချိန်ကာလမှာ

### အနီ, အဝါ၊ ယှဉ်ပြိုင်ရာ၊ အဝါ ရှေ့က ပြေး။

အိမ်စောင့်အစိုးရသည် တစ်နှစ်ကျော်ကျော်မျှသာ နိုင်ငံတော်ကို ဦးဆောင်တာဝန်ယူခဲ့ပြီး ရွေးကောက်ပွဲ ပြုလုပ်ပေးသည်။ နှစ်ခြမ်းကွဲသွားသော ဖ.ဆ.ပ.လ တွင် "နု-တင်" အုပ်စုသည် "သန့်ရှင်း ဖ.ဆ.ပ.လ" ဟု ဖြစ်လာ၏။ "ဆွေ-ငြိမ်း" အုပ်စုသည် "တည်မြဲ ဖ.ဆ.ပ.လ" ဟု ဖြစ်လာ၏။ ရွေးကောက်ပွဲတွင် သန့်ရှင်း ဖ.ဆ.ပ.လ



ဘက်က မဲပုံး အရောင်မှာ "အဝါ" ဖြစ်၍ တည်မြဲ ဖ.ဆ.ပ.လ မဲပုံးအရောင်မှာ "အနီ" ဖြစ်၏။

ရွေးကောက်ပွဲပြီးသွားသောအခါ တစ်နိုင်ငံလုံး ငပန်းရောင်က လွှမ်း၍ တောင်ဇလပ်ပန်းများ ကွက်တိကွက်ကျားမျှသာ ပွင့်လန်းနိုင်ခဲ့သည်။ ထိုခေတ်က "လူ-တည်မြဲ၊ မဲ-သန့်ရှင်း" ဟူသော အသုံးအနှုန်းသည် တဘောင်စကားပမာ ဖြစ်ခဲ့၏။ ယခင်ရွေးကောက်ပွဲတုန်းက မုံရွာတစ်ခရိုင်လုံး ကတောက်ပန်းများ လွှမ်းမိုးနိုင်ခဲ့သော်လည်း ယခု ရွေးကောက်ပွဲတွင်မူ ငပန်းများက ပြောင်းလဲနေရာယူလိုက်ပြီ ဖြစ်သည်။ ကနီမြို့တွင်လည်း သန့်ရှင်း ဖ.ဆ.ပ.လ အမတ်လောင်း ဦးဘထူးသည် မဲအသာဖြင့် အနိုင်ရခဲ့၏။ မိုးပြာရောင်အောက်က မုံရွာခရိုင်သည် လေးနှစ်အကြာတွင် ငဝါရောင်အောက်သို့ တစ်မုဟုတ်ချင်း ပြောင်းလဲသွားခဲ့သည်။ ထိုအခြင်းအရာကို ဆရာကြီး သိန်းဖေမြင့်က သူ၏ "အညာပြန်ခရီး" စာအုပ်တွင် စုံစုံလင်လင် ရေးသားထားသည်ကို တွေ့ရပါသည်။

ကနီအမတ်မင်း ဦးဘထူးသည် စာရေးသူ ၁၀ တန်းနှစ်က အိမ်နီးချင်း ဖြစ်ခဲ့သည်။ ကျောင်းသွား,ကျောင်းပြန်တိုင်း သူတို့အိမ်ဝင်းကြီးထဲက ဖြတ်၍ သွားရသည်ကို အမှတ်ရဆဲဖြစ်သည်။ သူနှင့် မရင်းနှီးသော်လည်း သူ့သားကိုတင်ဖေနှင့်ကား အတော်အတန်ရင်းနှီး၏။ ဦးဘထူးကို နေ့စဉ်လိုလို မြင်တွေ့ခဲ့ရဖူး၍ တစ်စေ့တစ်စောင်း သတိပြုမိခဲ့သည်။ သူသည် ခေတ်ပညာတတ်ဟု မဆိုရသည်ကလွဲ၍ ရိုးသား၏။ သိမ်မွေ့၏။ စကားနည်း၏။ စဉ်းစားဆင်ခြင်ဉာဏ်ရှိ၏။ အေးဆေးတည်ငြိမ်၏။ ဤဂုဏ်ရည်များကြောင့်လည်း ပါလီမန်အမတ်နေရာနှင့် ထိုက်တန်သူအဖြစ် အသိအမှတ် ပြုရမည်ဖြစ်ပါသည်။

အိမ်စောင့်အစိုးရက ကမကထပြု၍ ကျင်းပပေးသော ရွေးကောက်ပွဲပြီး၍ လွှတ်တော်သက်တမ်း ပထမနှစ်အတွင်းတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေမှာ လှုပ်လှုပ်ရွရွ ဖြစ်လာပြန်သည်။ အစိုးရအဖွဲ့ ဖွဲ့နိုင်ခဲ့သည့် သန့်ရှင်း ဖ·ဆ·ပ·လ အဖွဲ့အတွင်းမှာပင် "ဦး-ဗိုလ်-သခင်"ဟူ၍ အုပ်စုသုံးစု ကွဲကြပြန်၏။ ထိုအတောအတွင်း ရှမ်းပဒေသရာဇ် စော်ဘွားတို့က ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပါ အားနည်းချက်တစ်ရပ်ဖြစ်သည့် "ဖယ်ဒရယ်"မူကို ညွှန်ပြကာ ပြည်ထောင်စုမှ ခွဲထွက်ရန် အားထုတ်စိုင်းပြင်းလာသည်။

ထိုကဲ့သို့ ပြည်ထောင်စုကြီး ပြိုကွဲအံ့ဆဲဆဲမှာပင် တပ်မတော်သည် ပြည်ထောင်စုကြီး မပြိုကွဲရေးကို ရှေးရှုလျက် မလွှဲမရှောင်သာဘဲ ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်တွင် နိုင်ငံတော်၏အာဏာကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ရလေတော့သည်။ ဦးဘထူးလည်း သန့်ရှင်းအမတ်ဘ၀က သံပတ်ကုန်ခဲ့ရလေပြီ။

❖ ❖ ❖ ❖

# အခန်း (၇)

## ထူးခြားထင်ရှား ကွယ်လွန်ပုဂ္ဂိုလ်များ

### ပဋိပတ်ကျက်သရေဆောင် ကနီဆရာတော် ဦးသောဘိတ

**ဗန့်ကျီနယ်ဖွား၊ ကပြု (ကမ်းဖြူ)သား၊ နောက်များ ကနီရောက်၊**
**ကနီရောက်သော်၊ ထင်ရှားကျော်၊ 'သိမ်တော်' တောမှီဆောက်၊**
**'သျှီလတိဿ'၊ အာစရိယ၊ မူလ နိဿယအောက်၊**
**'အုတ်ဖိုလက်ပံ'၊ တောမှီထံ၊ ထပ်မံ ဆည်းပူးရောက်၊**
**ဝင်သက်,ထွက်သက်၊ ရှုမှတ်လျက်၊ တွက်ချက် ဂဏန်းကောက်၊**
**သမာဓိခွင်၊ နိမိတ်ထင်၊ ဤတွင် ဝိပဿ်လျှောက်၊**
**'ဦးကဝိန္ဒ'၊ မြတ်ထေရ၊ သမဏ ထံမှောက်ရောက်၊**
**ကနီ မြို့သူကြီး၊ ကျောင်းဆောက်ပြီး၊ ပင့်ချီး ပူဇော်မြှောက်၊**
**'ဝတ်ကုန်း'ရပ်မှာ၊ ပြောင်းရွှေ့ကာ၊ ကေစာ ကျင့်တည်ဆောက်၊**
**အဆူဆူ စာတမ်း၊ 'ပါရဂူ'ကျမ်း၊ ရေးစွမ်း လွန်ပေါက်မြောက်။**

ပထမကမ္ဘာစစ်ကြီး ပြီးချိန်လောက်က ကနီမြို့တွင် ပရိယတ္တိဘက်တွင်ရော၊ ပဋိပတ္တိဘက်တွင်ပါ ဘက်စုံစွမ်းဆောင်နိုင်သော သာသနာ့အာဇာနည် တစ်ပါး ထင်ရှားပေါ်ထွန်းလာခဲ့ပါသည်။ ထိုအရှင်

မြတ်မှာ ဦးသောဘိတ ဘွဲ့မည်ရသော "ရွှေသိမ်တော်" တောရဆရာတော်ပင် ဖြစ်ပေသည်။ ပဋိပတ္တိဝန်ဆောင် ဆရာတော်များတွင် "ကန္နီဆရာတော်"ဟု နာမည်ကျော်ကြား အထူးထင်ရှားသော ဆရာတော်ပင် ဖြစ်ပါသည်။ "ကန္နီဆရာတော်"ဟု ခေါ်ဆိုရငြားသော်လည်း ကနီဇာတိ မဟုတ်ပါ။ ဗန့်ကျီနယ်အတွင်း အကျုံးဝင်သော ယင်းမာပင်မြို့နယ် ကမ်းဖြူရွာဇာတိ ဖြစ်၏။ ကနီမြို့၏ အနောက်တောင်၊ ယင်းမာပင်မြို့၏ အနောက်မြောက်အရပ်တွင် ရှိသည်။ (ပုံ-"၉"ရှု)



ပုံ-၉။ သာသနာ့ အာဇာနည် ကနီဆရာတော် ဦးသောဘိတ

ဆရာတော်လောင်းလျာသည်ကား အဖ ကျောင်းဒကာကြီး ဦးသာနု၊ အမိ ကျောင်းအစ်မကြီး ဒေါ်ကောင်းတို့မှ ၁၂၄၁ ခုနှစ် တပေါင်းလပြည့်ကျော် ၄ ရက်၊ သောကြာနေ့ည လေးချက်မတီးမီ (စက်နာရီအားဖြင့် နံနက် ၅း၀၀ နာရီခန့်)တွင် မီးရှူးသန့်စင်သည်။



လေးနှစ်သားအရွယ်မှစ၍ "ထီးလဲ"တောရ ဆရာတော် ဦးကလျာဏထံ စတင် ပညာသင်ယူပြီးနောက် ၎င်း၏ တပည့်ဦးနန္ဒိယနှင့် ကမ်းဖြူတောရ ဦးအာစိဏ္ဏတို့ထံတွင် ဆက်လက်ပညာသင်ယူခဲ့သည်။ ရှင်ရဟန်းပြုပြီးသောအခါ မုံရွာ၊ မန္တလေးမြို့များသို့ သွားရောက်ပညာသင်ယူသည်။

ထို့နောက် ကမ်းဖြူရွာသို့ ပြန်ကြွလာပြီး ရွာကျောင်း၌ပင် သီတင်းသုံးသည်။ များမကြာမီ "ကင်းတောင်"တောရသို့ ရွှေ့ပြောင်းသီတင်းသုံးလျက် နှစ်နှစ်ကြာမျှ ပဋိပတ်အလုပ်ကို ကြိုးကုတ်လုပ်ဆောင်၏။ ထို့နောက် တစ်ဖန် ဘုတလင်မြို့နယ်ဘက်သို့ ခြေကျင်ကြွရောက်ကာ အုတ်ဖိုလက်ပံဆရာတော် ဦးအာဒိစ္စထံ ရှစ်လကြာမျှ နည်းနာခံ၏။ ထိုနည်းမှာ တိဗက်ပြည်သား သီဟိုဠ်ပြန် "အရှင် သုျှိလတိဿ" ဆရာတော်ထံမှ ဆင့်ပွားလာသည့် လက်တွေ့နည်းနာဖြစ်၍ အာနာပါန အခြေခံသော ဝိသုဒ္ဓိမဂ်နည်းပင် ဖြစ်သည်။ ဝင်လေ ထွက်လေကို အမှတ်စဉ်အားဖြင့် ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈ ဟု အကြိမ်ကြိမ် အဖန်ဖန်၊ အတန်တန် အခါခါ မှတ်ရ၏။ အားထုတ်၍ ရက်အတန်ကြာလေလျှင် သမာဓိအား ကောင်းလာပြီး ပဋိဘာဂနိမိတ်ကို ရလာနိုင်၏။ ထိုအခါ သမထအာရုံနောက်သို့ မလိုက်ဘဲ ဝိပဿနာလမ်းသို့ ကူးပြောင်းရသောနည်းဟု အဆိုရှိသည်။

ထိုမှ ဆက်လက်၍ ဦးသောဘိတသည် ညောင်ကန်ရွာအနီးတောတွင်း၌ လှည့်လည် သီတင်းသုံးတော်မူသော ဘုန်းတော်ကြီး ဦးသာရွှန်းခေါ် ရဟန္တာဟု သမုတ်ကြသည့် ဦးကဝိန္ဒထံ ဝင်ရောက်နည်းနာခံယူခဲ့ပြန်သည်။ ပြီးမှ ကနီသို့ ပြန်လာ၍ မြို့သူကြီး ဦးမောင်ကြီးနှင့်ဇနီးတို့ ဆောက်လုပ်လှူဒါန်းသော ရွှေကျောင်းကြီးတွင် သီတင်း

သုံးတော်မူ၏။ ထိုကျောင်းတွင် ကြာရှည်သီတင်းမသုံးဘဲ တပည့်တစ်ဦးအား လွှဲခဲ့ကာ ကနီမြို့အနောက်တောင်ရှိ "ဝတ်ကုန်း"အရပ်၌ ကေစာသီတင်းသုံးတော်မူရင်း "ယောဂီပါရဂူကျမ်း"ကို ပြုစုတော်မူရာ **မြန်မာသက္ကရာဇ် ၁၂၈၅ (ခရစ် ၁၉၂၃)** ခုနှစ်တွင် ပြီးမြောက်ခဲ့သည်။

ဆရာတော်၏ ပရိယတ်၊ ပဋိပတ်စွမ်းရည်ကို အကဲခတ်မိကြသော မန်လည်ဆရာတော်နှင့် လက်ပံဆရာတော်တို့က လိုက်လိုက်လှဲလှဲ ချီးမွမ်းထောမနာခဲ့ကြကြောင်း မှတ်သားရပါသည်။

စာရေးသူသည် ကနီမြို့တွင် ကျောင်းသားဘဝ၌ **၁၉၅၀ ပြည့်နှစ်မှ** ၁၉၅၂ ခုနှစ်အထိ နှစ်နှစ်ကြာမျှ နေထိုင်ခဲ့စဉ်ကာလက ဆရာတော်ကြီး သက်တော်ထင်ရှား ရှိနေသေး၏။ ထိုအချိန်က ဆရာတော်ကြီးသည် ရွှေသိမ်တော်ကုန်း ဘို့မယ်ချောင်ရှိ တောကျောင်း၌ သီတင်းသုံးလျက် ရှိ၏။ သို့သော် မဖူးမြင်ခဲ့ရပါ။ ဆရာတော်သည် ထိုအချိန်မတိုင်မီကပင် မျက်စိနှစ်ကွင်း အလင်းမရရှာတော့ပါပြီ။ "ပါရဂူ"အမည်ဆောင်သော ကျမ်းတစ်စောင် ပြုဆဲကာလတွင် ဆရာတော်၏တပည့် ဦးမုနိန္ဒ ဘွဲ့မည်ရသော ရဟန်းတော်တစ်ပါးနှင့် စာရေးသူ၏ အစ်ကိုကြီး ဦးတင်ဝင်းတို့က ဆရာတော်ကြီး နှုတ်ကချပေးသောစာကို နောက်ကလိုက်ရေး၍ မှတ်တမ်းတင်ခဲ့ကြကြောင်း သိရှိရပါသည်။

ဆရာတော် ဦးသောဘိတ ပြုစုခဲ့သော ကျမ်းများမှာ-

၁။ ယောဂီပါရဂူကျမ်း
၂။ သစ္စာပါရဂူကျမ်း
၃။ ဝိဝဋ္ဋ ပါရဂူကျမ်း
၄။ ဓမ္မဝိဒူကျမ်း



၅။ သုဇနပါရဂူကျမ်း
၆။ ဒသနပါရဂူကျမ်း
၇။ အာရဒ္ဓေါဝါဒစာတမ်း
၈။ ဒိဋ္ဌိပဟာယကစာတမ်းနှင့်
၉။ ကလျာဏပွါဒကျမ်းတို့ ဖြစ်ကြသည်။

လယ်တီဆရာတော် ပြုစုသော ကျမ်းများမှာ "ဒီပနီ"ဘွဲ့မည်တပ်ထားသကဲ့သို့ ကနီဆရာတော်ပြုစုသော ကျမ်းများမှာလည်း အများအားဖြင့် "ပါရဂူ"ဘွဲ့မည်တပ်ထားသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးချိန်မှစ၍ ပရိယတ္တိသာသနာသည် ဒွန်တွဲလျက် တိုးတက်ထွန်းကား စည်ပင်ပြန့်ပွားလျက်ရှိရာ ပဋိပတ်သာသနာနှင့် ပတ်သက်၍ ဝိပဿနာလုပ်ငန်းစခန်းပေါင်း မြောက်မြားစွာ ပေါ်ထွန်းလျက်ရှိသည်။ ၎င်းတို့အနက်

- လယ်တီဆရာတော်နည်း
- သထုံဇေတဝန်ဆရာတော်နည်း
- စွန်းလွန်းဆရာတော်နည်း
- ကနီဆရာတော်နည်း
- ဝေဘူဆရာတော်နည်း
- မိုးကုတ်ဆရာတော်နည်း
- မဟာစည်ဆရာတော်နည်း စသည့်နည်းများမှာ အထူးထင်ရှား၏။

စစ်ကိုင်းမြို့တွင်းမှ တောင်ရိုးသို့ ကားလမ်းအတိုင်းသွားလျှင် လမ်းသုံးခွဆုံရာ နေရာရှိ၏။ ထိုနေရာကို "ကနီကွေ့"ဟု ခေါ်ကြသည်။

ထိုကွေ့အမည်သည် ကနီဆရာတော်၏ နည်းနာအတိုင်း တရားအားထုတ်ရာ စခန်းရှိသည့် ရွာလေးထပ်တိုက်သို့ သွားရောက်သောလမ်းခွဲကို ပြည့်ွန်ခြင်းဖြစ်၏။ ကနီဆရာတော်၏နည်းအတိုင်း ဝိပဿနာအလုပ် အားထုတ်သော စခန်းမှာ အရှေ့ပရက္ကမနှင့် အနောက် ပရက္ကမချောင်ပင် ဖြစ်၏။ အရှေ့ပရက္ကမ ဆရာတော် ဦးဝါယမသည် ကနီဆရာတော် ဦးသောဘိတ၏ အန္တေဝါသိက တပည့်ဖြစ်ရာ ယင်းဆရာတော်သည်လည်း "ဘာဝနာပါရဂူကျမ်း"ကို ပြုစုတော်မူခဲ့သည်။

ယခုအခါ စစ်ကိုင်းပရက္ကမချောင်တွင် ကနီဆရာတော်နည်းဖြင့် ဝိပဿနာ အားထုတ်သော စခန်းရိပ်သာ မရှိတော့ကြောင်း သိရသည်။ အခြားအရပ်ဒေသများတွင်လည်း "ကနီဆရာတော်နည်း"ဟု အမည်ခံ၍ ဝိပဿနာအလုပ် စခန်းရိပ်သာများဖွင့်ထားခြင်းမရှိတော့ဘဲ ဆရာစဉ်ဆက် လက်ဆင့်ကမ်းခြင်းဖြင့်လည်းကောင်း၊ စာအုပ်ပါနည်းအရလည်းကောင်း အားထုတ်လျက်ရှိကြောင်း လေ့လာသိရှိရသည်။ ယခုအခါ "ဖားအောက်ရိပ်သာ"မှာ လူသိများ ထင်ရှားလျက်ရှိ၏။ ဖားအောက်ရိပ်သာနည်းကို လေ့လာလျှင် ကနီဆရာတော်၏ ဂဏနာနည်းကို အခြေခံပုံနှင့် မခြားနားသည်ကို တွေ့ရမည်ဖြစ်ပေသည်။

မည်သို့ပင်ဖြစ်စေ ကနီဆရာတော် ဦးသောဘိတသည် ပဋိပတ်ကျက်သရေဆောင် ပုဂ္ဂိုလ်ထူးပင် ဖြစ်သည်။ ဆရာတော်သည် ရဟန်းကိစ္စပြီးသည်ဟု အများလက်ခံ သဘောပေါက်လျက်ရှိရာ ဓမ္မာစရိယ ဦးဌေးလှိုင်က "မြန်မာနိုင်ငံ ပဋိပတ္တိသာသနာဝင် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ"မည်သော ကျမ်းစာအုပ်တွင် တစ်ခန်းတစ်ကဏ္ဍထည့်သွင်းရေးသားဖော်ပြထားသည်ကို တွေ့ရပေသည်။



အထက်တွင် ဖော်ပြခဲ့သော ဆရာတော်ကြီး ပြုစုခဲ့သည့်ကျမ်းများမှာ ဓမ္မာစရိယ ဦးဌေးလှိုင်၏ "ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ" စာအုပ်မှ ကိုးကားထားခြင်းဖြစ်သည်။ ၁၉၈၂ ခုနှစ် ကနီမြို့နယ်မှတ်တမ်း စာမျက်နှာ (၁၆၂)တွင် "အာရဒ္ဓဝါဒစာတမ်း"မပါဝင်ဘဲ "သရဏပါရဂူကျမ်း"၊ "ဓမ္မစက္ကပါရဂူကျမ်း"၊ "ဒုဇနပါရဂူကျမ်း"နှင့် "ဗုဒ္ဓခေတ် အဆုံးအဖြတ်"တို့ကို ထည့်သွင်းဖော်ပြထားပါသည်။ ဤကွဲလွဲမှုအပေါ် ဆက်လက်လေ့လာရန် လိုအပ်ပါသည်။ ဆရာတော်ထွန်းပေါ်ကျော်ကြားသော ခေတ်မှာ မြို့ဝန်ခေတ် မဟုတ်တော့သဖြင့် ဆရာတော်၏ဘွဲ့အမည်ကို "ကနီ"နှင့် တွဲစပ်ကာ ဖော်ပြရခြင်း ဖြစ်ပါသည်။ သက်တော် ၈၈ နှစ်တွင် ပျံလွန်တော်မူ၏။ ပစ္ဆိမဘဝိကဟု မဆိုရသော်မှ ကာမဘုံသို့ ပြန်မလာတော့ဟု မှန်းဆရပါသည်။

× × × × ×

## ဝန်ထောက်ကြီး ဦးမဲ

**'မဒေါ်ရွှာ'မင်း၊ ဂုဏ်ထင်လင်း၊ သားရင်း မည်မောင်မဲ၊**
**ထင်ပေါ်၍ ကောက်၊ ရာထူးမြှောက်၊ ဝန်ထောက် ထိတ်ထိတ်ကြဲ၊**
**ဘွဲ့'အေ.တီ.အမ်'၊ 'ကေ.အက်.အမ်'၊ ပေါ်ထင် အဆင့်စစ်ကဲ၊**
**အရပ် ထောင်မောင်း၊ သျှောင်ငယ်စောင်း၊ ခေါင်းပေါင်း ပဝါမြဲ။**

ကနီပုံရိပ်သွင်ကို ဖော်ပြရာတွင် ကနီသားမဟုတ်လင့်ကစား ကနီနယ်မှ မွေးဖွားပြီး နောင်သောအခါ ကနီသူလူကုံထံအမျိုးသမီးနှင့်

ရေစက်ဆုံကာ ကနီမှာပင် အခြေချ နေထိုင်သူ ပုဂ္ဂိုလ်ကြီးတစ်ဦးကို ချန်လှပ်ထားရန် မသင့်ပါ။ ထိုပုဂ္ဂိုလ်မှာ ဝန်ထောက်ကြီး ဦးမဲဖြစ်သည်။

ဦးမဲသည် "မဒေါရွာ"သူကြီးမင်း၏သား ဖြစ်သည်။ ၎င်း၏ မွေးသက္ကရာဇ်ကို အတိအကျ မသိရသော်လည်း စာရေးသူ၏ဖခင် ပြောပြချက်အရ ဖခင်ကြီးနှင့် အသက်မတိမ်းမယိမ်းဟု သိရသည်။ ထို့ကြောင့် သီပေါမင်း ပါတော်မူချိန်က ဆယ်နှစ်သား အရွယ်ခန့်ဖြစ်ပါလိမ့်မည်။ အမျိုးအနွယ်အားဖြင့် ဦးရွှေဘူးနှင့် ဒေါ်လယ်ရောက်တို့၏ မျိုးဆက်အုပ်စုဝင်ပင် ဖြစ်၏။

ဦးမဲသည် အင်္ဂလိပ်လက်ထက်တွင် မန္တလေးမြို့ ကယ်လီကျောင်း၌ ပညာသင်၍ သတ္တမတန်းမှထွက်ကာ အထွေထွေအုပ်ချုပ်ရေးဌာနတွင် ဝင်ရောက်အမှုထမ်းသည်။ များမကြာမီ မြို့အုပ်ရာထူးတွင် ခန့်ထားခံရ၏။ မြို့အုပ်ဘဝတွင် ကန္နီဝန်ဦးတုတ်နှင့် ဝန်ကတော် ဒေါ်ရွှေသင်းတို့၏ ဒုတိယသမီး ဒေါ်ရွှေခဲ ခေါ် ဒေါ်မမကလေးနှင့် စုလျားရစ်ပတ် လက်ထပ်ခဲ့သည်။ မြို့အုပ်ဘဝတွင် လုပ်ရည်ကိုင်ရည် ကောင်းမွန်ထက်မြက်၍ စစ်ကဲတန်းဟု ခေါ်သော ဝန်ထောက်ရာထူး (Extra Assistant Commissioner)သို့ ထပ်မံတိုးမြှင့် ခန့်ထားခံရပြန်သည်။ နယ်ဘက်အုပ်ချုပ်ရေးတွင် စွမ်းစွမ်းတမံ ရှိသောကြောင့် "အမှုထမ်းကောင်းဘွဲ့"(A .T .M)နှင့် "ကျက်သရေဆောင် ရွှေစလွယ်ရမင်း" (K .S .M)ဘွဲ့တို့ ချီးမြှင့်ခံရသည်။ အင်္ဂလိပ်ခေတ်မှာပင် အငြိမ်းစားယူခဲ့ပြီး တစ်ကျော့ပြန်မြိတီသျှခေတ်တွင် ကနီမြို့အုပ်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်းခံရပြန်သည်။

စာရေးသူ ကနီအလွတ်ပညာသင်ကျောင်းသားဘဝက ဝန်ထောက်ကြီး ဦးမဲကို မြင်ဖူးခဲ့သည်။ နာမည်နှင့် လိုက်အောင်ပင်



အသားမည်း၏။ ပိန်ပိန်ပါးပါးနှင့် ခြောက်ပေနီးပါးအရပ်မြင့်သည်။ ဦးထိပ်တွင် သျှောင်ငယ်ကို ခပ်စောင်းစောင်းထုံးထားပြီး ပိုးပဝါကို ရစ်ပေါင်းထားကာ ခေါင်းပေါင်းမြိတ်ကို လက်လေးသစ်ခန့် ထောင်ထား၏။ ပုဆိုးပေါ်က ခါးပတ် ပတ်ထားပြီး လမ်းထွက်လျှင် ခါးပတ်ရှေ့တည့်တည့်က ခြောက်လုံးပြူးသေနတ်ကို ခပ်စောင်းစောင်း ထိုးချိတ်ထားသည်။ ထိုခေတ်က ဂုဏ်ပုဒ်ပြ အရာဝတ္ထုဖြင့် ဟိတ်ဟန်ထုတ်ခြင်းဟု ဆိုရမည်ဖြစ်သည်။

ဦးမဲကျောင်းသားအရွယ်က မန္တလေးတွင် "အလွန်လက်သံပြောင်သူမဲကလေး"ဟု နာမည်ကြီးခဲ့သည် ကြားဖူး၏။ စီခန် ညံခန် ကြားရ၍ ရန်ပွဲဖြစ်ပြီဆိုလျှင် မဲကလေး၏ လက်ချက်သာ ဖြစ်တော့သည်။ သူကစ၍ ရန်လိုသည်မဟုတ်။ "တောသူကြီးသား"၊ "ရွှံ့ထဲဗွက်ထဲ မောင်ကျွဲ"စသည်ဖြင့် ရန်စခံရလျှင် သည်းမခံနိုင်သည့်အဆုံး၌ လက်ဦးအောင် အကွဲအပြဲ ထိုးကြိတ်တတ်သည်ဟု သိရှိရသည်။

ဦးမဲနှင့်ဒေါ်မမကလေးတို့တွင် ဒေါ်တင်မကြီးအမည်ရှိသော သမီးတစ်ယောက်ထွန်းကားခဲ့သည်။ ဒေါ်တင်မကြီးသည် အမြတ်ခွန်ဝန်ထောက် ဦးဘစိန်နှင့် ထိမ်းမြားလက်ထပ်ခဲ့သည်။ ဦးဘစိန်အကြောင်း "ဖ. ဆ. ပ. လ ခေတ်ကနီ"အခန်းကဏ္ဍတွင် ဖော်ပြထားပြီးဖြစ်ပါသည်။

ဦးဘစိန်နှင့် ဒေါ်တင်မကြီးတို့ ကနီမှ မုံရွာသို့ ပြောင်းရွှေ့ခဲ့သော ၁၉၅၂ ခုနှစ်က ဦးမဲနှင့် ဒေါ်မမကလေးလည်း အတူလိုက်ပါပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ ဦးမဲ၊ ဒေါ်မမကလေးနှင့် ဒေါ်တင်မကြီးတို့သည် စာရေးသူ၏မိဘနှစ်ပါးထက် စော၍ ခန္ဓာကွယ်ခဲ့ကြပါသည်။

× × × × ×

## ပြိုင်ဘက်ရှားဆွန့် ဆရာကြီးဦးလူညွန့်

**နရာ ဘုန်းကွန့်၊ ဦးလူညွန့်၊ မြို့ဝန့် ရင်နှစ်ပန်း၊**
**အင်္ဂလိပ်,မြန်မာ၊ နှစ်ဘာသာ၊ ကျွမ်းရာ အံ့မခန်း၊**
**ဆို,တီးဆိုင်ရာ၊ အနုပညာ၊ သူ့သာ ခေါင်ထိပ်တန်း၊**
**ပညာရပ်စုံ၊ လုပ်ငန်းစုံ၊ ဘက်စုံ ပါရမီဆန်း။**

ယခုအခါ အသက်ငါးဆယ်အောက် ရဟန်းရှင်လူအပေါင်းတို့သည် ကနီဦးလူညွန့်ဟူသော ပုဂ္ဂိုလ်တစ်ယောက်အကြောင်း သိကြသူ နည်းပါလိမ့်မည်။ အချို့သောသူများ ထိုအမည်ကိုပင် ကြားဖူးတော့မည် မဟုတ်ပါ။ နာမည်ကြားဖူးသော်ငြားလည်း ဦးလူညွန့်၏ အတ္ထုပ္ပတ္တိကို သိကြတော့မည် မဟုတ်ပါ။ ယနေ့မျက်မှောက်မှ ကနီနောက်ပေါက်များပင်လျှင် ဦးလူညွန့်၏အကြောင်းကို ဂယနဏ သိသူ အလွန်ရှားပါလိမ့်မည်။ သို့ရာတွင် "ကုန်လွန်ခဲ့သော နှစ်တစ်ရာအတွင်းက ကနီမြို့အကြောင်း ပြောပြပါ" ဟု ဆိုလျှင် ထိုပုဂ္ဂိုလ်ကြီးအား ခြွင်းချန်ထား၍ ဖြစ်မည်မဟုတ်ပါ။

ဦးလူညွန့်၏ အတ္ထုပ္ပတ္တိကို အကျဉ်းချုပ်မျှ ဖော်ပြပါမည်။

ကန္နီဝန်ဦးတုတ်နှင့် ဝန်ကတော် ဒေါ်ပုတို့မှ ၁၉၀၂ ခုနှစ်တွင် ကန္နီမြို့၌ မောင်လူညွန့်ကို မွေးဖွားခဲ့သည်။ ငယ်ရွယ်စဉ်က မြန်မာစာ ရေးတတ်ဖတ်တတ်သည်အထိ ကန္နီမြို့ဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ကြားခဲ့ပြီး မန္တလေးမြို့ အင်္ဂလိပ်ကျောင်းတွင် ဆက်လက် ပညာသင်ကြားသည်။ အင်္ဂလိပ်လို ကောင်းစွာပြောဆိုရေးသားတတ်သည်အထိ နေခဲ့ပြီးနောက် ဘုတလင်မြို့နယ် သမဝါယမအသင်းတွင်



အင်စပက်တော် အလုပ်ကို စတင်လုပ်ကိုင်ခဲ့သည်။ နောင်အခါ ကနီမြို့တွင် ဘုံဘေဘားမား ကုမ္ပဏီမှ နိုင်ငံခြားသားများနှင့် ရင်းနှီးကျွမ်းဝင်စွာ အလုပ်လုပ်ကိုင်ရင်း အင်္ဂလိပ်စာကို ဆက်လက်လေ့လာခဲ့ရာ ပိုမိုကျွမ်းကျင် တတ်မြောက်လာသည်။

အချိန်အရွယ်ရောက်သောအခါ ဘုတလင်မြို့နယ် သခွတ်တနယ် ရွာသူကြီး၏ သမီးဒေါ်လေးမြနှင့် ဖူးစာမျှ၏။ တစ်ဦးတည်းသောသမီး မတင်ဥကို မွေးဖွားသည်။ ဒေါ်တင်ဥသည် ယင်းမာပင်မှ ဦးလှအောင်နှင့် ထိမ်းမြားလက်ထပ်ခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်များ ကနီမြို့သို့ ဝင်ရောက်မလာမီမှာပင် ဦးလူညွန့်ကြောင့် ကနီတစ်မြို့လုံးနီးပါး မီးလောင်ကျွမ်းခဲ့ရ၏။ ထိုဖြစ်ရပ်ကို သီးခြားဖော်ပြခဲ့ပြီးဖြစ်သည်။

ဦးလူညွန့်သည် စစ်ကြိုခေတ်က အဆိုအတီးပညာများ လေ့လာသင်ကြားခဲ့သည်။ ပတ္တလားတီးအတတ်တွင် အထူးကျွမ်းကျင်ကြောင်း တစ်ဆင့် ကြားသိရ၏။

ဒုတိယကမ္ဘာစစ်အပြီး C,A,S (B) ခေတ်တွင် ကနီနှင့် ပုလဲမြို့တို့တွင် မြို့အုပ်အလုပ် လုပ်ခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် မုံရွာမြို့တွင် အလွတ်ပညာသင်ကျောင်းဖွင့်၍ ဆရာလုပ်ခဲ့သေးသည်။ ၁၉၅၈-၅၉ ခုနှစ်တွင် ရန်ကုန်မြို့သို့ ပြောင်းခဲ့ကာ ဂါဒီယန်းသတင်းစာတိုက်တွင် မန်နေဂျာလုပ်သည်။ မကြာမီ ထိုအလုပ်မှထွက်၍ မြန်မာ့အသံတွင် "အိမ်သူကညာ သိမှတ်စရာ" အခန်း၊ ဇာတ်သဘင်လောကနှင့် ပတ်သက်၍ သိမှတ်ဖွယ်များကို ဉာဏ်ပူဇော်ခဖြင့် ထုတ်လွှင့်ခဲ့သည်။

ဆရာကြီး ဦးလူညွန့်သည် ကာရန်အချိတ်အဆက် ပြေပြစ်လုသည့် အသုံးအနှုန်းများ၊ မြန်မာဆန်သော အလင်္ကာစာသားများဖြင့်

စာပေရေးသားပြုစုခဲ့သည်။ ၁၉၆၃ ခုနှစ်က "နဝဒေးစာပေ"မှ "ဦးကျော်လှ သံချိုကဗျာများ"စာအုပ်ကို ပုံနှိပ်ထုတ်ဝေခဲ့သည်။

ဦးလူညွန့်၏ ယောက္ခမသူကြီးမင်းတွင် "ငွေစိန်"အမည်ရှိသော ဆင်လိမ္မာတစ်စီး ရှိသည်။ မုံရွာခရိုင်၊ ရွှေဘိုခရိုင်နှင့် စစ်ကိုင်းခရိုင်အတွင်း နေထိုင်ကြသော လူကုံထံများ၏ရှင်ပြုပွဲများတွင် ငွေစိန်ကို ငှား၍ ရှင်လောင်းလှည့်လေ့ရှိသည်။ ငွေစိန်ရှာပေးသော ငွေဖြင့် ကျောင်းဆောက်လှူဒါန်းနိုင်သောကြောင့် ထိုဆင်မကြီးအား "ကျောင်းအစ်မကြီး"ဟု ခေါ်စမှတ်ရှိကြောင်း သိရှိရသည်။

ဆရာကြီး ဦးလူညွန့်သည် ၁၉၇၄ ခုနှစ် အသက် ၇၂ နှစ်အရွယ် ရန်ကုန်မြို့ တောင်ဥက္ကလာပ နေအိမ်၌ လူကြီးရောဂါဖြင့် လောကကြီးကို ကျောခိုင်းခဲ့ပါသည်။

× × × × ×

## ပမာဆီမီးတိုင် ဆရာကြီး ဦးထွန်းပိုင်

**ကနီ နေထိုင်၊ ဦးထွန်းပိုင်၊ ပျံ့ကြိုင်ဂုဏ်သကတ်၊**
**သမ္မာ အာဇီဝ၊ အာစရိယ၊ သင်ပြ ဆရာမြတ်၊**
**တပည့်များစွာ၊ မွေးထုတ်ရာ၊ သူသာ စံပြမှတ်၊**
**တပည့် အသွယ်သွယ်၊ လိမ္မာဖွယ်၊ ကိုင်တွယ် ဆုံးမတတ်၊**
**ကျင့်ပျက် ဆိုးမိုက်၊ ဒုစရိုက်၊ လိုက်ထိုက် ကာကွယ်တတ်၊**
**ပမာပြုမှီး၊ ထိန်ထိန်ညီး၊ ဆီမီးတိုင်ကြီးမှတ်၊**
**မီးတိုင်ငယ်များ၊ ကူးညှိထား၊ ဆင့်ပွား အလင်းဓာတ်၊**
**ဆီလည်း ခန်းပျောက်၊ မီးစာခြောက်၊ မတောက် အဆုံးသတ်၊**
**သက်တမ်းနိဂုံး၊ ကံကုန်ဆုံး၊ ချုပ်ချုံး နာမ်ကွာပြတ်။**



ကနီဇာတိဖြစ်ပြီး ခေတ်အဆက်ဆက်တွင် ကနီမြို့မှာပင် သမ္မာအာဇီဝ အလုပ်ဖြစ်သော ကျောင်းဆရာအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းသူကို ပြပါဟုဆိုလျှင် ဆရာကြီး ဦးထွန်းပိုင်ကိုသာ ညွှန်ပြရပါမည်။ ယနေ့ အသက် ၄၀ အရွယ်မှ ၈၅ နှစ်အရွယ်အတွင်းရှိသော ပုဂ္ဂိုလ်သည် ကနီမြို့တွင် စာသင်ယူဖူးသူ ကနီသူ ကနီသားမှန်လျှင် ဆရာကြီး ဦးထွန်းပိုင်၏ စာသင်တပည့်သာ ကေန်ဖြစ်ရပေလိမ့်မည်။ ကနီဇာတိ မဟုတ်စေကာမူ အခြားအရပ်မှ ကနီသို့လာရောက်၍ အင်္ဂလိပ်စာ တစ်ဘာသာတည်း လေ့လာသင်ကြားသူ မဟုတ်ပါက ထိုပုဂ္ဂိုလ်သည်လည်း ဆရာကြီး၏ တပည့်ပင် ဖြစ်ပေလိမ့်မည်။

ဦးထွန်းပိုင်သည် ပထမကမ္ဘာစစ် မဖြစ်မီ ၁၉၁၁ ခုနှစ်က ကနီမြို့တွင် ဖွားမြင်ခဲ့သည်။ မိဘများမှာ ဦးကိုဦးနှင့် ဒေါ်မြခေါ် ဒေါ်မယ်မြဖြစ်၏။ ဒုတိယ ကမ္ဘာစစ်မဖြစ်မီက တိုင်းရင်းမြန်မာ ဆယ်တန်း အောင်မြင်ခဲ့ပြီး အထက်တန်းပြဆရာဖြစ် သင်တန်း တက်ရောက်အောင်မြင်ခဲ့သောကြောင့် ဟိုင်းယားဂရိတ်ဆရာဖြစ် လက်မှတ်ရခဲ့သည်။ ထို့နောက် ကနီမြို့တွင် လက်ထောက်ဆရာ၊ မူလတန်းလွန်ကျောင်းအုပ်၊ အထက်တန်းပြဆရာ စသည်ဖြင့် လုပ်ခဲ့သည်။ အသက်ပြည့် အငြိမ်းစားယူပြီးနောက်တွင်လည်း ပြင်ပဆရာ အဖြစ် လုပ်ကိုင်နေခဲ့သည်။

စာရေးသူသည် ၁၉၅၀ ပြည့်နှစ်မှ ၅၂ ခုနှစ်အထိ ကနီတွင် အလွတ်ပညာ သင်ယူခဲ့ရာ ဆရာကြီးထံမှ သင်္ချာ၊ ပထဝီဝင်နှင့် မြန်မာရာဇဝင်တို့ကို သင်ယူခဲ့ရသည်။ စာရေးသူ တက္ကသိုလ်ဝင်တန်း အောင်ပြီးနောက် လေး၊ငါးနှစ်အကြာတွင် ဆရာကြီးလည်း အင်္ဂလိပ်စာ တစ်ဘာသာတည်းဖြေဆို၍ တက္ကသိုလ်ဝင်တန်းကို အောင်မြင်ခဲ့သည်။

တက္ကသိုလ်ဝင်တန်း အောင်မြင်ချိန်က ဆရာသည် အသက်အားဖြင့် လေးဆယ်ကျော်ပြီဖြစ်၍တစ်ကြောင်း၊ သားသမီး မိသားစု အုပ်အင်ကြီးမားလှ၍ တစ်ကြောင်းတို့ကြောင့် တက္ကသိုလ်စာမေးပွဲများကို ပြင်ပမှ ဝင်ရောက်ဖြေဆိုနိုင်ခြင်း မရှိတော့ပါ။ အကယ်၍သာ ဥပစာတန်းကို ပြင်ပမှ ဝင်ရောက်ဖြေဆိုနိုင်ပြီးလျှင် ပညာရေးဘွဲ့မျိုးကို ဆက်လက်ရယူနိုင်မည်ဖြစ်သော အထက်တန်းကျောင်းအုပ်၊ ပညာရေးမှူး စသော ရာထူးများအထိ မလွဲမသွေ ရရှိခဲ့ပေမည်။

ဦးထွန်းပိုင်တွင် သားချင်းမောင်နှမ ငါးဦးရှိ၏။ သူ့အထက် အစ်မကြီး တစ်ယောက်နှင့် သူ့အောက်ညီငယ်သုံးယောက်ရှိသည်။ သူသည် ကိုယ်တိုင်က အမေနှင့် အစ်မကြီးကို ကောင်းစွာ ရိုသေလေးစား၍ ဆိုစကားကို နားထောင်တတ်၏။ သူ၏ညီများကလည်း သူ့အား အလားတူ ရိုသေလေးစားကာ ပြောစကားကို နားထောင်မှုနှစ်သက် သဘောကျသည်။ အကယ်၍ နားမထောင်လျှင် တင်းတင်းကျပ်ကျပ် ဆုံးမတတ်ကြောင်း၊ သို့သော် ခံစားခွင့်မှန်သမျှ အနစ်နာခံတတ်ကြောင်း ကြားဖူးသည်။ သွေးသားမတော်စပ်သူများကို စိတ်ရောကိုယ်ပါ အကူအညီပေးတတ်ခြင်းမှာလည်း သူ၏ဂုဏ်အင်္ဂါ တစ်ရပ်ဖြစ်ပါ၏။

ကျောင်းဆရာအလုပ်ရပြီး များမကြာမီမှာပင် ဆရာသည် ဒေါ်တင်နှင့် လက်ထပ်ခဲ့သည်။ သားသမီး တစ်ကျိပ်တစ်ယောက် ထွန်းကားခဲ့၏။ သား ဆယ်ယောက်၊ သမီးတစ်ယောက်ဖြစ်သည်။ တစ်ဦးတည်းသော သမီးမှာ အမှတ်စဉ် ၆ ဖြစ်၍ အလယ်၌ ရှိသည်။ သားသမီးများကို ဆုံးမရာ၌ ဆရာသည် ညီငယ်များကို ဆုံးမသည်ထက်မလျော့။ ကရုဏာ ဒေါသော စိတ်စောမိလျှင် ထို့ထက်ပင် ပိုတတ်ကြောင်း လော့လာသိရှိရသည်။



ဆရာသည် တပည့်များကို စာသင်ကြားပြသရာတွင် နားမလည်မချင်း စိတ်ရှည်စွာ သင်၏။ တပည့်တို့တွင် ဉာဏ်ထက်သူ၊ ဉာဏ်သင့်သူ၊ ဉာဏ်နုံ့သူ ဟူ၍ သုံးမျိုးသုံးစားရှိရာ၌ ဉာဏ်နုံ့သူများ သဘောပေါက် နားလည်အောင် အလေးပေး သင်ကြားလေ့ရှိသည်။ စာကို စိတ်မဝင်စားလျှင်၊ မကြိုးစားလျှင် တတ်စေလိုသော စိတ်ဆန္ဒဖြင့် ခပ်ကြမ်းကြမ်း ဆုံးမတတ်၏။ အပြောအဆို အပြုအမူ မလိမ္မာလျှင်လည်း လိမ္မာအောင် ကျပ်တည်းစွာ ဆုံးမလေ့ရှိ၏။ ထိုကဲ့သို့ ဆုံးမတတ်သော အလေ့အရ ကျောင်းသားများသည် ဆရာလမ်းလျှောက်လာသည်ကို အဝေးမှမြင်လိုက်သည်နှင့် မျက်နှာချင်းဆိုင် ပက်ပင်းမတွေ့ရအောင် ချက်ချင်းကွေ့ရှောင် သွားကြသည်ချည်းပင်။

ဆရာကြီးသည် တပည့်များကို ဆုံးမရာ၌ ရိုက်ရမည့်အရွယ် ရိုက်၍ နှုတ်ဖြင့် ဆုံးမရမည့်အရွယ်ဖြစ်က မျက်နှာသာမပေးဘဲ နှုတ်ဖြင့် မညှာမတာ ဆုံးမတတ်သောကြောင့် တပည့်များသည် လူကြီးသူကြီး ဖြစ်လာချိန်အထိ ဆရာ့အား ခန့်ညားရိုသေလျက် ရှိကြသည်။

ကျောင်းသားကြီးများ ဘုံဆိုင်သို့ မလာစေရန်နှင့် လာလျှင်လည်း လက်မခံရန် ဘုံဆိုင်တရုတ်အား ဆရာကြီးက ပြင်းပြင်းထန်ထန် ဟန့်တားသတိပေးထားသည်။ ဤသည်ကို ထောက်ရှုလျှင် ဦးထွန်းပိုင်အား အတတ်ပညာသင်ပေးသော ဆရာတစ်ယောက်အဖြစ်သာမက တပည့်များ လိမ္မာယဉ်ကျေး၍ စာရိတ္တကောင်းစေရေးအတွက် ဘေးရန်ဆီးကာပေးတတ်သည့် စေတနာရှင်တစ်ဦးအဖြစ်ပါ ထင်ရှားစွာ တွေ့မြင်ရမည်ဖြစ်ပါ၏။

ဆရာကြီး ဦးထွန်းပိုင်အား မီးထွန်းထားသော ဆီမီးတိုင်ကြီး တစ်တိုင်နှင့် ထပ်တူပြုတင်စားလိုပါသည်။ ဆီမီးတိုင်ကြီးသည် တစ်တိုင်

တည်း ထီးထီးကြီး လင်းနေသည်မဟုတ်။ မီးတိုင်ကလေးပေါင်း မြောက်မြားစွာကို ကူးညှိပေးပြီး နေရာအသီးသီး၌ တစ်ပြိုင်နက်တည်း ထိန်ထိန်ညီးနေစေပါ၏။

ကနီမြို့၏ တစ်ခါက လင်းတောက်ခဲ့သော မီးတိုင်ကြီးသည် မီးစာကုန်ကာ ဆီခန်းခဲ့ပါပြီ။ မီးတိုင်ကြီး ငြိမ်းလေပြီ။ ၁၉၉၀ ပြည့်နှစ် ကပင် ဆရာကြီး ဦးထွန်းပိုင်သည် အသက် ၇၉ နှစ်အရွယ်တွင် သက်တမ်းကုန်၍ ကံလည်းကုန်ခဲ့ပြီတကား။

× × × × ×

## စာရေးဆရာ ရုပ်ရှင်သရုပ်ဆောင် မင်းဏီ

**ကနီခုံမင်း၊ မြေးမြစ်ဆင်း၊ တီရင်း ပေါ်ထွန်းမြင်၊**
**'ကိုကိုကြီး'သာ၊ မည်တွင်ကာ၊ ကျန်းမာ ဆေးမှူးပင်၊**
**ကနီရပ်မှီ၊ ခေါ်သည်ညီ၊ 'မင်းဏီ' ကလောင်ရှင်၊**
**ရုပ်ရှင်ဇာတ်ထုပ်၊ ဇာတ်ပို့လုပ်၊ သရုပ် လွန်ပီပြင်။**

ခုံမင်းကြီး ဦးအုန်းခိုင်၊ ဇနီးဒေါ်စိုတို့မှ ပေါက်ပွားလာသော မြစ်တစ်ဦးဖြစ်သည့် ဝန်ထောက်ကြီးဖြစ်သူ ဦးထွန်းတင့်နှင့်ဇနီး ဒေါ်ခင်ထွေးတို့မှ ၁၉၂၈ ခုနှစ်တွင် ကိုကိုကြီးကို မွေးဖွားခဲ့သည်။ အကြီးဆုံးသား ဖြစ်၏။ ကနီမြို့ ရဲဘော်ဖြူအုပ်စိုးသော ခေတ်အကြောင်း တင်ပြခဲ့ရာတွင် သူ့အကြောင်း အနည်းငယ်ဖော်ပြခဲ့ပြီး ဖြစ်သည်။ ကျောင်းထွက်လက်မှတ်ရ စာမေးပွဲအောင်မြင်ပြီးနောက် ကိုကိုကြီးသည် ပထမပတ် လက်ထောက်ကျန်းမာရေးမှူးသင်တန်း တက်ရောက်



အောင်မြင်ပြီးစီးခဲ့၏။ လက်ထောက်ကျန်းမာရေးမှူးအဖြစ် မုံရွာခရိုင်နှင့် မော်လိုက်ခရိုင်တို့အတွင်း တာဝန်ထမ်းဆောင်ခဲ့သည်။

ဆားလင်းကြီးမြို့နယ် ဆားထုံးရွာ ကျေးလက်ကျန်းမာရေးဌာတွင် တာဝန်ထမ်းဆောင်ရင်း ထိုရွာမှ မအေတာ (စာရေးသူ၏ တပည့် ကျောင်းသူဖြစ်ဖူးသူ)နှင့် အိမ်ထောင်ကျသည်။ မအေတာက အလျင် ကွယ်လွန်ခဲ့၍ သားသမီးသုံးယောက် ကျန်ရစ်သည်။

စာရေးဆရာအဖြစ် "မင်းဏီ"ကလောင်အမည်ခံ၍ ရှုမဝမဂ္ဂဇင်း တွင်း "မိုးသားတွဲတွဲ"ဝတ္ထုတို ရေးခဲ့သည်ကို ပထမဆုံး တွေ့ခဲ့ရ၏။ အခြားဝတ္ထုတိုများလည်း ရေးခဲ့သည်။ "တက္ကသိုလ် မောင်သိန်းနိုင်" ကလောင်အမည်ခံ ဂုဏ်ထူးဦးသိန်းနိုင်နှင့်တွဲ၍ ဝတ္ထုရှည်တစ်ပုဒ် အတူ ရေးသားခဲ့သည်ဟု သိရသည်။ လွန်ခဲ့သော အနှစ်လေးဆယ်ကျော်က ကြော်ငြာကိုသာ တွေ့ခဲ့ဖူးသည်။ ထိုဝတ္ထုအပြီးမသတ်၍ ပုံနှိပ်ထုတ်ဝေ ခြင်း မပြုနိုင်ဟု ယူဆပါသည်။ ဆရာနှစ်ဦး ပူးတွဲရေးသော ဝတ္ထုအမည် မှာ "မျှော်လင့်လို့ဖြင့် မဆုံးနိုင်တယ်"ဟူ၍ ဖြစ်၏။ ဝတ္ထုအမည်ပေးပုံ ထူးခြားသည်။ ယခုထက်တိုင် စာအုပ်ပေါ်ထွက် မလာသေးပါ။

ရှုမဝမဂ္ဂဇင်းတွင် ဝတ္ထုတိုများ ရေးသားခဲ့ရာမှ ရှုမဝဦးကျော်နှင့် ရင်းနှီးမှုရ၍ ရှုမဝရုပ်ရှင်တွင် ကိုကိုကြီးသည် ဇာတ်ပို့သရုပ်ဆောင် လုပ်ခဲ့သည်။ ရှုမဝရုပ်ရှင်ဇာတ်ကား တော်တော်များများတွင် သိက္ခာရှိရှိ၊ သမာဓိတည်တည် ဇာတ်ရုပ်အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သည်တို့ကို တွေ့ရ၏။ အသက် ၅၅ နှစ်အရွယ်တွင် အချိန်ရောက်၍ ချုပ်ပျောက် ခန္ဓာ မငြင်းသာဘဲ မရဏမင်း ခေါ်ဆောင်ကြဉ်းရာသို့ လိုက်ပါရလျက် ရန်ကုန်မြို့မှာပင် စာပေနှင့် ရုပ်ရှင်ပရိသတ်အား နောက်ဆုံးထွက်သက် ဖြင့် နှုတ်ဆက်စွန့်ခွာ သွားရရှာချေပြီ။

ဩော်. . ကိုမင်းဏီ. . ရင်သွေးကလေးများအား စိတ်ချထားရစ်ခဲ့သည်မှာ ၂၅ နှစ်စွန်း၍ ငွေရတုကာလပင် လွန်ခဲ့ပြီကောနော်။

× × × × ×

## စာတိုမောင်ညို့လိုလူ စံပြဦးဘသူ

**'အင်းပေါင်း' တစ်ခွင်၊ ရှာဖွေလျှင်၊ ပေါ်ထင် စံပြလူ၊**
**တစ်ဦးတည်းသာ၊ တွေ့နိုင်ပါ၊ ဆရာ ဦးဘသူ၊**
**ဉာဏ်ရည်ထက်မြက်၊ လုံ့လဖက်၊ တိုးတက် တံခွန်ထူ၊**
**လုပ်ငန်းဆောင်ရွက်၊ လေးအနက်၊ သွက်လက် တာဝန်ယူ၊**
**အကျင့် မပျက်၊ နှိုင်းချင့်လျက်၊ ရင့်ကျက် စိတ်ထားဖြူ၊**
**သားသမီးတို့၊ ကောင်းစေဖို့၊ ဆောင်ပို့ လမ်းပြသူ၊**
**ပန်းတိုင်အရောက်၊ သူတို့လျှောက်၊ ပေါက်မြောက် သူ့ထပ်တူ။**

ဦးဘသူသည် ကနီမြို့နယ် အင်းပေါင်းဟု ခေါ်သောဒေသတွင် အကျုံးဝင်သည့် ဝင်မနားရွာ ဇာတိဖြစ်သည်။ သူသည် စာရေးသူထက် အသက် ဆယ်နှစ်ကျော်ကျော်ကြီးသည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီက တိုင်းရင်းမြန်မာ ဆယ်တန်းအောင်ပြီး "ဟိုင်းယားဂရိတ်" ခေါ် အထက်တန်းပြဆရာဖြစ် သင်တန်းလက်မှတ်ရ ဆရာဖြစ်၏။ စာရေးသူတက္ကသိုလ်ဝင်တန်း အောင်ပြီးနောက် နှစ်အနည်းငယ်ကြာသောအခါ အင်္ဂလိပ်စာ တစ်ဘာသာတည်း ဖြေဆိုခြင်းဖြင့် သူလည်း တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည်။ ထိုအချိန်မှစ၍ သူသည် အထက်တန်းပြအဖြစ် ကနီမြို့အထက်တန်းကျောင်းသို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့သည်။



သူသည် မန္တလေးတက္ကသိုလ်သို့ လာရောက်၍ ဉပစာ (ဝိဇ္ဇာ)တန်းကို ပြင်ပမှ ဝင်ရောက်ဖြေဆိုသည်။ စာမေးပွဲဖြေရန် လာတိုင်း စာရေးသူတို့၏အဆောင်တွင် တည်းလေ့ရှိ၏။ သူကဲ့သို့ ပြင်ပမှ လာရောက် ဖြေဆိုသူတို့နှင့် စာဆွေးနွေးလေ့ရှိသည်။ သူတို့ဆွေးနွေးပြီးလျှင် အချို့သော အင်္ဂလိပ်စာသဒ္ဒါ အသုံးအနှုန်းများနှင့် စပ်လျဉ်း၍ စာရေးသူက သူနှင့် သီးသန့်ဆက်လက် ဆွေးနွေးဖြစ်သည်။ သူ့ယူဆပုံနှင့် စာရေးသူ၏ယူဆပုံ မတူခြားနားလျှင် သူဆောင်ထားသော WREN နှင့် MARTIN ပြုစုသည့် " High School English Grammar and Composition" စာအုပ်ကို လက်တွင် ကိုင်၍ ပြပြီးလျှင် "ခင်ဗျား ဒီစာအုပ်ကြီးထဲပါတဲ့ စာတွေကို အလွတ်ကျက်ထားသလား" ဟု မေးလာပါသည်။

"ဘာလို့လဲ ဆရာ" ဟု ပြန်မေးသောအခါ

"ခင်ဗျားကြည့်ရတာ ဒီစာအုပ်ကြီးမှာပါတဲ့ Grammar တွေ အတော်ပိုင်ပိုင်နိုင်နိုင် ရှိထားတာပဲ" ဟု ပြောသည်။

"တယ်လဲ ဆိုလိုက်ပါလား၊ ရွဲ့တာတော့ မဟုတ်ပါဘူးနော်" ဟု ပြုံး၍ ပြောမိသည်။

"မဟုတ်ရပါဘူးဗျာ . .။ ခင်ဗျား ပြောတာက အမှန်ချည်းပဲ၊ ဒါကြောင့် ခင်ဗျားကို စိတ်ရင်းအတိုင်း ချီးကျူးမိတာပါ . ."

"ဒါဆိုလဲ ဆရာ့ကို ကျေးဇူးတင်ပါတယ် ဆရာရယ် . ."

ဤကား လွန်ခဲ့သော အနှစ်ငါးဆယ်ခန့်က ဖြစ်ရပ်ကို ပြန်လည်အမှတ်ရခြင်း ဖြစ်သည်။

ဦးဘသူသည် စာပေပညာကို အပတ်တကုတ် ကြိုးစား၏။ လုံ့လဝီရိယလည်း ရှိ၏။ ထိုအကျိုးကို သူခံစားရသည်။ တက္ကသိုလ်

စာမေးပွဲများကို အပြင်ဖြေဖြင့် အောင်မြင်ခဲ့ပြီး ပညာရေးဘွဲ့များကိုပါ အောင်မြင်ရရှိခဲ့ကြောင်း စာရေးသူ အလုပ်ထဲ ရောက်ပြီးနောက် ကြားသိရသည်။

ဦးဘသူသည် စာပေပညာကိုသာ ပီပြင်စွာ ကြိုးစားသည်မဟုတ်။ အလုပ်ကိုလည်း ထက်မြက်တက်ကြွစွာ ဝီရိယထားလုပ်သည်။ ထို့ကြောင့်လည်း သူသည် ပညာရေးဘွဲ့များဖြစ်သော B. A (Ed), B.E.d ဘွဲ့တို့ကို အပိုင်ရခဲ့သည့်ပြင် အထက်တန်းပြဆရာမှ ကျောင်းအုပ်၊ ကျောင်းအုပ်မှ ပညာရေးမှူးစသည်ဖြင့် ပညာရေးဌာနတွင် အဆင့်ဆင့်သော တာဝန်များ တိုးမြှင့်ခန့်ထားခြင်းခံရသည်။ လမ်းစဉ်ပါတီခေတ်တွင် တင်းပြည့်ပါတီဝင် ဖြစ်လာချိန်၌ ပါတီတာဝန်များကို မမိုတ်မသုန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း ကြားသိခဲ့ရသည်။ သူသည် မြို့နယ်ပါတီယူနစ်တွင် ကျင်လည်ခဲ့၏။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လည်း ဖြစ်ခဲ့၏။

ဆရာကြီးသည် ပညာတတ်ဖြစ်ရုံသာမက ပညာရှိလက္ခဏာလည်း ပြသနိုင်စွမ်းရှိ၏။ ဝေဖန်ပိုင်းခြားနိုင်သော ပဋိဘာန်ဉာဏ်နှင့် ပြည့်စုံ၍ သဘောထားရင့်ကျက်ပြီးလျှင် ဖြူစင်သော နှလုံးသား၊ ရိုးသားဖြောင့်မတ်သည့်စိတ်ဓာတ်လည်း ရှိ၏။ သူ၏ သားသမီးများကိုလည်း မှန်ကန်သော လမ်းကို ဖြောင့်တန်းစွာ လျှောက်လှမ်းနိုင်စွမ်းရှိအောင် ပြုစုနိုင်သောကြောင့် သည်းချာရင်သွေးများမှာလည်း တစ်ခိုင်လုံး ပွင့်လန်းခဲ့ကြကာ ခေတ်ပညာတတ် ဘွဲ့ရများဖြစ်လာကြ၏။ ယခုအခါ တပ်မတော်အရာရှိများ၊ နယ်ဘက်အရာရှိများနှင့် ကျောင်းဆရာ ဆရာမများအဖြစ်သို့ ရောက်ရှိနေကြ၏။ ဦးဘသူသွေး ပီသသည့် ဦးဘသူ



စိတ်ဓာတ်အပြည့်အဝ ရှိသူများအဖြစ် အသိအမှတ်ပြုရမည် ဖြစ်ပေတော့သည်။

ယခုအခါ တရားရုံးချုပ် တရားသူကြီးများတွင် တစ်ဦးအပါအဝင်ဖြစ်သော အငြိမ်းစား ဗိုလ်မှူးချုပ် ဦးသိန်းစိုးသည် ဦးဘသူ၏ သားကြီးဩရသဖြစ်၍ ယခင်ခေတ်က ပဲခူးတိုင်း ဒေသပါတီဥက္ကဋ္ဌဖြစ်သည့် အငြိမ်းစား ဗိုလ်မှူးကြီး ဦးပီကျော်ဟန်မှာ သူ၏တူဖြစ်သည်။

❖ ❖ ❖ ❖

# အခန်း (၈)

## ဆရာဟောင်းများနှင့် ကျောင်းနေဖက်များ

### မေ့ပျောက်မဖြစ် ထိုနှစ်နှစ်

**အလွတ်ပညာ၊ သင်ယူရာ၊ ချိန်တာ ကြာနှစ်နှစ်၊**
**ဒိဌ ဓမ္မ၊ ကြုံခဲ့ရ၊ ဟဒယ စွဲထင်ရစ်။**

စာရေးသူအဖို့ အလွတ်ပညာသင် ကျောင်းသားဘဝသည် ကနီ ပုံရိပ်သွင်များကို ဒိဋ္ဌဓမ္မ ကြုံဆုံတွေ့မြင်ခဲ့ရသော အခါသမယဖြစ်သဖြင့် အမှတ်ထင်ထင် အရှိဆုံး ဖြစ်ပါသည်။ ထိုအချိန်ကာလအတွင်း စာရေးသူမှာ စာဖွဲ့စရာဆို၍ စာသင်ဆရာ များများစားစား မရှိ၊ နှစ်ဦးသာ ရှိသည်။ ဦးဘစိန်နှင့် ဦးထွန်းပိုင်တို့ ဖြစ်၏။ ထိုဆရာကြီးနှစ်ယောက် အကြောင်း အထက်တွင် အလျဉ်းသင့်သလို ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

ပညာသင်ကာလမှာ ၁၉၅၀-၅၁ ခုနှစ်နှင့် ၁၉၅၁-၅၂ ခုနှစ် ဟူ၍ နှစ်နှစ်ဖြစ်၏။ ပထမနှစ်တွင် အလယ်တန်းအဆင့် ကျောင်းသား များနှင့်အတူ ကျောင်းတက်ခဲ့ရသည်။ ဒုတိယနှစ်တွင် အထက်တန်း အဆင့် ကျောင်းသားများနှင့်အတူ တက်ခဲ့ရသည်။ ထိုအကြောင်း တို့လည်း "ဖ·ဆ·ပ·လခေတ် ကနီ"ခေါင်းစီးအောက်တွင် အရိပ် အမြွက်မျှ ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

ပထမနှစ်တွင် ကျောင်းနေဖက်များမှာ မောင်မောင်လေး (စာရေးသူ၏ ဝမ်းကွဲညီ)၊ ကိုစိန်ထွန်း၊ ကိုစံသိန်း၊ ကိုစန်းလှိုင်၊ ကိုကျော်သိန်း၊ ကိုတင်ဝင်း၊ ကိုပြူး၊ ကိုကြည်၊ ကိုအောင်သန်း၊ ကိုဘငွေး၊ ကိုတင်ရွှေ၊ ကိုစံရွှေမောင်၊ ကိုရန်နိုင်၊ ကိုကျော်ဇေယျ၊ မခင်ရှု၊ မခင်ညာဏ်၊ မဆက်ဆက် စသူတို့ ဖြစ်ကြသည်။

ဒုတိယနှစ်၌ ကျောင်းနေဖက်ဖြစ်လာကြသူများမှာ ကိုရွှေ(ခေါ်) ကိုလှမြင့်၊ ကိုမောင်ထူး(ခ) ကိုခင်မောင်လွင်၊ ကိုမျိုးသန့်၊ ကိုထွန်းရီ(ခ) ကိုထွန်းဆွေ၊ ကိုစိန်လွင်၊ ကိုကောင်းမောင်(ခ) ကိုကျော်စံဝင်း၊ ကိုအောင်မျိုး၊ ကိုညာဏ်လှ၊ ကိုစိန်ဝင်း(ခ) ကိုစောစိန်ဝင်း၊ ကိုလှထွန်း၊ ကိုချိုချို(ခ) ကိုမောင်မောင်ချိုတို့ ဖြစ်ကြ၏။ ကျောင်းသူများမှာ မလေးရင်၊ မစန်းစန်း၊ မခင်လှပိုတို့ဖြစ်ကြသည်။ ထိုသုံးဦးအနက် မလေးရင်မှာ ရပ်ဆွေရပ်မျိုးဖြစ်၍ မစန်းစန်းနှင့် မခင်လှပိုတို့မှာ မိမိ၏ ဖခင်ဘက်က တော်စပ်သော ဆွေမျိုးရင်းချာများ ဖြစ်ကြသည်။

ပညာသင်ခဲ့ကြရာ နေရာမှာ မီးသင့်အုတ်တိုက်ကြီးရှေ့ရှိ ဖ・ဆ・ပ・လ အဖွဲ့ရုံးဟောင်းနေရာဖြစ်သည်။ အလျား ၂၅ ပေ၊ အနံ ၁၈ ပေခန့်ရှိ မြေစိုက်တဲတစ်လုံး ဖြစ်၏။ ဝါးကပ်မိုးထား၍ ဝါးထရံ ကာထားသည်။ အမိုးက ကြယ်မြင်လမြင်၊ အကာက လေဒလဟော ဖြစ်နေ၏။ ခနော်ခနဲ့ စားပွဲရှည်ကိုးလုံးနှင့် ယိုင်ရွဲ့ရွဲ့ ခုံတန်းရှည်ကိုးလုံးက ကာယိန္ဒြေမဲ့သယောင်ရှိ၏။ ခြံဝင်းတစ်ခုလုံးမှာ ငှက်ပျောပင်များ ဝိုင်းရံလျက်ရှိသည်။

စာသင်ခန်းမှာ သားနားမှု ကင်းဘိစွ။ သို့သော် မေ့မရ၊ အမှတ်ထင်ထင်ရှိလှပါတော့၏။

× × × × ×



## ရောင်းရင်းတို့၏ တစ်ဦးချင်း ပုံရိပ်များ

**တစ်ဦးချင်းကြောင်း၊ နောက်ပြန်ပြောင်း၊ ကောက်ကြောင်း ပုံဖော်ခြစ်၊**
**ကနီဝေးရပ်၊ အတွေးကပ်၊ တေးထပ် ဖော်ကျူးလှစ်။**

တက္ကသိုလ်ဝင်တန်း တက်စဉ်က စာရေးသူ၏ ကျောင်းနေဖက် ရောင်းရင်းတို့အကြောင်း တစ်ဦးချင်းအလိုက် ပုံရိပ်အသီးသီးကို ကောက်ကြောင်းပေး၍ တစ်ကြောင်းဆွဲမျဉ်း ရေးခြစ်လျက် အသွင်ဖော်လှစ်ကာ ရေးသားတင်ပြလိုပါသည်။

**ကိုရွှေ(ခ) ကိုလှမြင့်။** ။ကိုရွှေသည် ဆရာကြီးဦးထွန်းပိုင်၏ အကြီးဆုံးသားဖြစ်သည်။ စာရေးသူ ကနီစရောက်သောနှစ်က တက္ကသိုလ်ဝင်တန်းဖြေမည့်ကျောင်းသားဖြစ်၍ မိမိထက် အတန်းကြီး၏။ အသက်လည်း သုံးလခန့်ကြီး၏။ ညာဏ်ရည် ညာဏ်သွေးတွင် သူညီ ကိုငွေလောက် မမြင့်မားဟု အကဲခတ်ရသည်။ ကိုရွှေတို့ ညီအစ်ကို နှစ်ယောက်စလုံး ၁၉၅၁ ခုနှစ်က ကျောင်းထွက်လက်မှတ်ရ စာမေးပွဲနှင့် တက္ကသိုလ်ဝင်စာမေးပွဲတို့ကို အတူဝင်ရောက် ဖြေဆိုကြရာ ကိုငွေက စာမေးပွဲနှစ်ခုစလုံး အောင်မြင်သွားပြီး ကိုရွှေကျန်ခဲ့၏။ စာရေးသူ တက္ကသိုလ်ဝင်တန်း အောင်ပြီး နှစ်အနည်းငယ်ကြာမှ သူလည်း အောင်မြင်လာသည်။ ထို့နောက် ကျောင်းဆရာ ဝင်လုပ်၏။ အငြိမ်းစားမယူမီမှာပင် ရန်ကုန်သို့ ခေတ္တလာရောက်ခိုက် မျက်စိမှိတ်ခဲ့ရှာကြောင်း သိရှိရသည်။

**ကိုမောင်ထူး(ခ) ကိုခင်မောင်လွင်။** ။ ကိုမောင်ထူးသည် စာရေးသူ ကနီသို့ရောက်သည့်နှစ်က ကိုရွှေတို့ ညီအစ်ကိုနှစ်ယောက်နှင့်

အတန်းတူဖြစ်၍ စာရေးသူထက် အတန်းကြီးသည်။ အသက်လည်း တစ်နှစ်ခန့်ကြီး၏။ သူ့ဖခင် ဦးအောင်စိန်မှာ မိမိ၏ ဖခင်ဘက်က ဆွေမျိုးသားချင်းမကင်း ဖြစ်၏။ ကိုထူးသည် စာဖတ်နှုန်း ကောင်း၏။ ဆရာကြီး ဦးဘစိန်က အတန်းတွင်း အင်္ဂလိပ်စာ ဖတ်ပြစေလိုလျှင် သူ့ကို ဦးစားပေးရွေးချယ်ကာ အဖတ်ခိုင်းလေ့ရှိသည်။ ကိုထူးသည် ၁၉၅၂ ခုနှစ်တွင် မုံရွာမြို့၌ ဆရာကြီး ဦးဘစိန် ဖွင့်လှစ်သော "ပညာ့ဗိမာန်"ကျောင်းသို့ ပြောင်း၍ ဆယ်တန်း ပြန်တက်ရ၏။ ၁၉၅၃ ခုနှစ်တွင် ဆယ်တန်းအောင်၍ ဆပ်ကျောင်းခေါ် ဒုရဲအုပ်သင်တန်း ကျောင်းတက်၏။ ပြည်သူ့ရဲတပ်ဖွဲ့တွင် တောက်လျှောက်အမှုထမ်းခဲ့ပြီး မြို့နယ်ဦးစီးမှူး (ဒုတိယရဲမှူး)တာဝန်ဖြင့် အငြိမ်းစားယူကာ ပြင်ဦးလွင်မြို့တွင် အခြေချနေထိုင်ရင်း ကွယ်လွန်သွားကြောင်း သိရသည်။

**ကိုမျိုးသန့်။** ။ ကိုမျိုးသန့်သည် မိမိဖခင်ဘက်က သွေးသားမကင်းသော ဆွေမျိုးအသိုင်းအဝိုင်းမှ ဖြစ်သကဲ့သို့ မိမိကျောင်းသားဘဝက အိမ်နီးချင်းလည်းဖြစ်၏။ စာရေးသူ ကနီရောက်သည့်နှစ်က သူသည် စာရေးသူထက် အတန်းကြီး၏။ အသက်လည်း တစ်နှစ်ခန့်ကြီး၏။ ငယ်မည်မှာ မောင်ဒွေးဖြစ်သည်။ ကန္ဒီဝန် ဦးဒွေးကဲ့သို့ ထင်ရှားသူဖြစ်လာစိမ့်သောငှာ အန္တတ္ထသညာပေးခဲ့ခြင်း ဖြစ်ဟန်ရှိသည်။ စာရေးသူသည် ၁၉၅၁ ခုနှစ်တွင် သူတို့နှင့် အတန်းတူဖြစ်လာသည်။ မိမိတက္ကသိုလ်ဝင်တန်းအောင်သောနှစ်တွင် သူအောင်စာရင်းမဝင်ခဲ့သဖြင့် ထိုနှစ်က မုံရွာတွင်ဖွင့်သည့် ဆရာကြီး ဦးဘစိန်၏ "ပညာ့ဗိမာန်" ကျောင်းသို့ လိုက်ပါပြောင်းရွှေ့ ပညာသင်ယူ၏။ ၁၉၅၃ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး မန္တလေး တက္ကသိုလ်ကောလိပ် ဆက်တက်၏။ ဥပစာ(သိပ္ပံ)တန်း အောင်မြင်၍ ၁၉၅၇ ခုနှစ်တွင်



အထက်တန်းပြဆရာဝင်လုပ်၏။ နောက်ပိုင်းတွင် ပညာရေးဘွဲ့ရကာ ကျောင်းအုပ်ဖြစ်လာ၏။ ပညာရေးဌာနတွင် အမြင့်၊ မောင်ခမ်း၊ ပင်လည်ဘူး စသည့်အရပ်ဒေသများ၌ တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူခဲ့၏။ လွန်ခဲ့သော ဆယ်နှစ်ခန့်က အနိစ္စရောက်ကြောင်း သိရသည်။

**ကိုထွန်းရီ(ခ) ကိုထွန်းဆွေ။** ။ မိမိအလွတ်ပညာသင်ကျောင်းသားဘဝပထမနှစ်တွင် ကိုထွန်းရီအား ကနီတွင် မတွေ့ရပါ။ ထိုနှစ်က သူသည် မင်းကင်းမြို့အထက်တန်းကျောင်းသို့ သွားရောက်ပညာသင်ကြားလျက်ရှိ၏။ စာရေးသူ အထက်တန်းတက်သောနှစ်တွင် သူလည်း ကနီပြန်လာပြီး မိမိတို့နှင့်အတူ တက္ကသိုလ်ဝင်တန်း တက်၏။ စာအထူးကြိုးစားသူ ဖြစ်၏။ စကားနည်း၏။ သဘောထား နူးညံ့သိမ်မွေ့၏။ သူ၏ပြုံးချိုသော မျက်နှာမှာ အပြစ်ကင်း၍ ကောင်းသောစရိုက်လက္ခဏာကို ဖော်လှစ်ပြသကဲ့သို့ ရှိသည်။ စာရေးသူ တက္ကသိုလ်ဝင်တန်းအောင်သည့်နှစ်က သူကျန်ရစ်ခဲ့၏။ များမကြာမီ တစ်ခုသောနှစ်တွင် သူလည်း အောင်စာရင်းဝင်ဖြစ်လာ၍ ဆရာဖြစ်သင်တန်းတက်ပြီး အလယ်တန်းပြဆရာ ဖြစ်ခဲ့၏။ ထို့နောက် အထက်တန်းပြဆရာအဖြစ် တိုးမြှင့်ထားခံရကြောင်း ကြားသိရသည်။ ထိုအချိန်တွင် သူ့နာမည်မှာ ဦးထွန်းဆွေဟု ဖြစ်နေပါပြီ။

၁၉၈၀ ပြည့်လွန်နှစ်တစ်နှစ်က ဘုတလင်မြို့သို့ တာဝန်ဖြင့် စာရေးသူ ရောက်ခဲ့စဉ်က ကိုထွန်းဆွေနှင့် တွေ့ခဲ့ရသည်။ ထိုအချိန်က သူသည် ဘုတလင် အ.ထ.က တွင် တာဝန်ထမ်းဆောင်ဆဲဖြစ်၏။ ထို့နောက် သူနှင့် ထပ်မံမဆုံဆည်းရတော့ပါ။ စာရေးသူ အငြိမ်းစားယူပြီး သူ့အကြောင်း မေးမြန်းကြည့်သောအခါ သူအငြိမ်းစားယူ၍ မကြာမတင်မှာပင် ဘဝတစ်ပါးသို့ ပြောင်းသွားရှာပြီ ဖြစ်ကြောင်း စိတ်မကောင်းစွာ ကြားသိခဲ့ရပါသည်။

**ကိုစိန်လွင်။** ။ ကိုစိန်လွင်သည် ကနီဇာတိ မဟုတ်ပါ။ သူ့ဖခင် ဦးစံသိန်းသည် သစ်တောဌာနတွင် အရာရှိအဖြစ် တာဝန်ထမ်းဆောင်၍ ကနီနယ် ဆယ်ရွာချောင်သူနှင့် အိမ်ထောင်ကျခဲ့ရာမှ သားသမီး ငါးယောက်ထွန်းကားခဲ့သည်။ ထိုအထဲတွင် ကိုစိန်လွင်သည် သားကြီးသြရသ ဖြစ်၏။ ကမ္ဘာစစ်ကြီးအပြီးတွင် ဦးစံသိန်းသည် မကွေးတိုင်း၌ တာဝန်ထမ်းရသည်။ တိုင်းပြည်မငြိမ်သက်သော ကာလမှာပင် လောင်းရှည်တွင် အမှုထမ်းဆောင်ရင်း အကြောင်းမလှ၍ ခေါင်းချခဲ့ရသည်။ ကျန်ရစ်သောဇနီးသည်နှင့် လူလားမြောက်စ ကိုစိန်လွင်၊ အရွယ်မရောက်သေးသော ကလေးလေးယောက်တို့အား ၎င်းတို့၏ ဦးကြီး ဦးချမ်းမြက ဆယ်ရွာချောင်သို့ ပြန်လည်ခေါ်ဆောင်ခဲ့ရသည်။ သားအကြီးဆုံး ကိုစိန်လွင်က ညီငယ်၊ နှမငယ်များအား "အစ်ကိုကြီး အဖအရာ"ဆိုစကားအတိုင်းပင် ဦးဆောင်ကာ လုပ်ကိုင်ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့ရ၏။ သူ့အောက်ညီ ကိုစိန်ထွန်း ဆယ်တန်းအောင်ပြီး မော်လိုက်အရေးပိုင်ရုံးတွင် စာရေးအဖြစ် အလုပ်ဝင်ရောက်လုပ်ကိုင်ချိန်ကျမှ ကိုစိန်လွင်လည်း ကနီသို့ လာရောက်ကာ ဆယ်တန်းစာမေးပွဲဖြေရန် ကျောင်းတက်နိုင်ခဲ့သည်။ ထိုအကြောင်းများကို ဦးချမ်းမြ၏သား ဦးစံလှ ပြောပြသဖြင့် သိရှိရပါသည်။

ကိုစိန်လွင်သည် စာရေးသူထက် ငါးနှစ်ခန့်ကြီး၏။ ကနီတွင် သူကျောင်းပြန်လာတက်ချိန်က သူ့အသက်မှာ ၂၂ နှစ်ခန့် ရှိပါပြီ။ သူသည် အေးဆေးတည်ငြိမ်၍ သဘောပြည့်ဝသူဖြစ်၏။ ဉာဏ်အမြော်အမြင်လည်း ရှိ၏။ လက်ရေးလက်သား ကောင်းမွန်သပ်ရပ်၏။ ညီငယ်၊ နှမငယ်များအတွက် နမူနာပြဖြစ်သကဲ့သို့ ကျောင်းသူ ကျောင်းသားတို့တွင်လည်း စံပြပုဂ္ဂိုလ်ဖြစ်၏။ ၁၉၅၂ ခုနှစ်တွင် မိမိနှင့်အတူ



တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်၏။ စာတိုက်ဌာနတွင် အလုပ်လျှောက်ရာ မော်လိုက်စာတိုက်တွင် စာရေးအဖြစ် ခန့်ထားခံရ၏။ တစ်နှစ်ခန့်ကြာသော် လူထုပညာရေးမှူးသင်တန်း တက်ရောက်ခဲ့၏။ မိမိမန္တလေးတက္ကသိုလ်တွင် ပညာသင်ကြားနေစဉ် သူသည် ယင်းမာပင်မြို့တွင် လူထုပညာရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ရင်း တက္ကသိုလ်စာမေးပွဲများကို ပြင်ပမှ ဝင်ရောက်ဖြေဆိုသည်။ စာရေးသူဘွဲ့ရပြီးနောက် မရှေးမနှောင်းမှာပင် သူလည်း ပြင်ပဖြေဖြင့် ဝိဇ္ဇာဘွဲ့ရသွားသည်။

၁၉၇၂ ခုနှစ် အောက်တိုဘာလလောက်က လူထုပညာရေးအကောင်အထည်ဖော်မှုလုပ်ငန်းရပ်များ ဖျက်သိမ်းလိုက်သဖြင့် ကိုစိန်လွင်သည် အထွေထွေအုပ်ချုပ်ရေးဌာနသို့ မြို့ပိုင်တာဝန်ဖြင့် ပြောင်းရွှေ့အမှုထမ်းခဲ့ရ၏။ စစ်ကိုင်းတိုင်း အင်းတော်မြို့သို့ တာဝန်ထမ်းဆောင်ရန် ရောက်ရှိသောအခါ ပါတီတာဝန်ပေးချက်အရ မြို့နယ်ပါတီယူနစ် ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ယူနစ်ကော်မတီဝင်အဖြစ်လည်းကောင်း ကျင်လည်ခဲ့ပြီး မိခင်ဌာနသို့ ပြန်လည်ရောက်သောအခါ ပြန်တမ်းဝင်အရာရှိအဖြစ် ထမ်းဆောင်ရသည်။ အင်းတော်မှာပင် အငြိမ်းစားယူပြီးနောက် ရန်ကုန်သို့ ပြောင်းရွှေ့လာခဲ့၏။ ရန်ကုန်တွင် အခြေချနေရင်း လွန်ခဲ့သော ရှစ်နှစ်ခန့်က ကမ္ဘာဇရပ် ချုပ်ကွယ်ရရှာ၏။

**ကိုကောင်းမောင်(ခ)ကိုကျော်စံဝင်း။** ။ ကိုကောင်းမောင်သည် အင်းပေါင်းဟု ခေါ်သော အရပ်ဒေသတွင် အကျုံးဝင်သည့် ဝယာရွာဇာတိ ဖြစ်သည်။ စာရေးသူထက် အသက် တစ်နှစ်ခန့်ကြီး၏။ သူသည် လွတ်လပ်ရေးရပြီးချိန်လောက်က မူလတန်းအောင်ပြီးနောက် ကနီသို့လာရောက်ကာ နှစ်နှစ်ခန့် ပညာသင်ယူခဲ့သည်ဟု သိရသည်။ ထိုသို့လာရောက် ပညာသင်ချိန်က စာရေးသူ ကနီသို့

မရောက်သေးပါ။ မိမိကနီသို့ ရောက်ချိန်ကလည်း သူ့ကို ကနီမှာ မတွေ့ရသေးပါ။ သူ့ရွာသို့ သူပြန်သွားပြီး သူ့ဘာသာ အလွတ်ကျက်မှတ် ကြိုးစားနေပုံရသည်။ စာရေးသူ ဆယ်တန်းတက်မည့် ၁၉၅၁-၅၂ ခုနှစ် ပညာသင်နှစ်ကျမှ သူလည်း ကနီသို့ နောက်တစ်ကျော့ ပြန်လာပြီး မိမိတို့နှင့်အတူ ကျောင်းလာတက်သည်။

ကိုကောင်းမောင်သည် ဉာဏ်ရည်ထက်မြက်၏။ စာကျက်စာမှတ် လည်းကောင်း၏။ စာအထူးကြိုးစားသည်။ စကားပြောလျှင် အသံအက် ရှရှ ဖြစ်၏။ စာရေးလျက် လက်လှုပ်ရှားနေချိန်၌ နှုတ်ခမ်းတစ်စုံလည်း လိုက်ပါလှုပ်ရှားနေလေ့ရှိသည်။ ကိုစိန်လွင်၊ ကိုကောင်းမောင်နှင့် စာရေး သူတို့သည် ကနီအလွတ်ပညာသင်ကျောင်းတွင် ဆရာနှစ်ဦး၏ အသိ အမှတ်ပြုခြင်းခံရသူများ ဖြစ်ကြသည်။ သုံးယောက်စလုံးသည် တစ်နှစ် တည်းပင် တက္ကသိုလ်ဝင် စာမေးပွဲကို ဒုတိယအဆင့် စာရင်းမှ နှစ်ချင်း ပေါက် အောင်ခဲ့ကြသည်။ ထိုသို့အောင်ပြီးနောက် ဆရာကြီးဦးဘစိန်က သူ့ကျောင်းတွင် လက်ထောက်ဆရာများအဖြစ် လုပ်အားပေးကူညီကြ ရန် တာဝန်ပေးသောကြောင့် သုံးယောက်အတူ တစ်လခန့် လုပ်အား ပေးကြရသေးသည်။

စာရေးသူတို့သုံးယောက်သည် ဇူလိုင်လတွင် တစ်နေ့တည်း အတူတူ အလုပ်လျှောက်ကြသည်။ စာရေးသူသည် ကံထူးသည်ဟု ဆိုရမည် ဖြစ်သည်။ မုံရွာမြို့လယ်တီ မူလတန်းကျောင်းတွင် အင်္ဂလိပ် စာပြ မူလတန်းဆရာအဖြစ် အလုပ်ရ၏။ သူတို့လည်း ဆယ်ရက်ခန့် အကြာတွင် မော်လိုက်စာတိုက်ကြီး၌ အောက်တန်းစာရေးအဖြစ် ခန့်ထား ခံရ၏။ နှစ်လခန့်ကြာသောအခါ စာရေးသူသည် ဆားလင်းကြီးမြို့နယ် ဆားထုံးရွာ အ ‧ လ ‧ ကတွင် အလယ်တန်းပြရာထူးဖြင့် ခေတ္တ ကျောင်းအုပ်အဖြစ် တာဝန်ယူရန် ခန့်ထားခြင်းခံရသည်။



ကိုကောင်းမောင်သည် စာတိုက်စာရေးလုပ်နေရာမှ အလယ်တန်း ပြဆရာ ရာထူးနေရာတွင် လျှောက်ထားရာ သူလည်း ကင်းတပ် အ ‧ လ ‧ က တွင် အလုပ်ရ၏။ စာရေးသူသည် ၁၉၅၄ ခုနှစ်တွင် ကျောင်းဆရာအလုပ်မှ ထွက်၍ မန္တလေးတက္ကသိုလ်ကောလိပ်ဆက် တက်သည်။ ကိုကောင်းမောင်လည်း ဥပစာ (ဝိဇ္ဇာ)ကို ပြင်ပမှ လာ၍ ဖြေ၏။ ဥပစာတန်းအောင်ပြီးနောက် အထက်တန်းပြဆရာ ဖြစ်လာ၏။ ဆက်လက်၍လည်း ပညာရေးဘွဲ့များရရှိ၏။ အလယ်တန်းကျောင်းအုပ်၊ အထက်တန်းကျောင်းအုပ် စသည်ဖြင့် ရာထူးအဆင့်ဆင့် တိုးတက်ခဲ့၏။ ထိုအချိန်တွင် သူ့အမည်မှာ ဦးကျော်စံဝင်းဟူ၍ ပြောင်းထားပြီး ဖြစ်နေပါပြီ။

စာရေးသူ စာတိုက်နှင့် ကြေးနန်းဌာနတွင် အရာရှိဖြစ်လာပြီး နောက် စစ်ကိုင်းတိုင်းမန်နေဂျာ ဖြစ်နေချိန်တွင် ကိုကျော်စံဝင်းလည်း ကလေးဝ အ ‧ ထ ‧ က၌ ကျောင်းအုပ်ကြီး ဖြစ်နေပါ၏။ သူသည် စစ်ကိုင်းတိုင်းအတွင်း တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့တာဝန် ထမ်းပြီး နောက်ဆုံး၌ လက်ထောက်တိုင်းပညာရေးမှူးတာဝန်ဖြင့် အငြိမ်းစားယူခဲ့သည်။ ထို့နောက် မုံရွာမြို့ အောင်ချမ်းသာရပ်တွင် အခြေချ နေထိုင်လေ၏။

မိမိ အငြိမ်းစားယူပြီးနောက် မုံရွာသို့ ခေတ္တရောက်ခိုက် သူ့ဆီ သွားတွေ့သည်။ ထိုအချိန်တွင် သူ့ကျန်းမာရေး အခြေအနေမကောင်း၊ ဒူးခေါင်းရောင်နေသည်ကို တွေ့ရသည်။ ထို့ကြောင့် စိတ်မချမ်းမြေ့ ဖြစ်ခဲ့မိ၏။ သူလည်း ကိုစိန်လွင်နှင့် ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပင် ဇီဝိန်ချုပ်ငြိမ်း၍ တစ်ဘဝဇာတ်သိမ်းကာ စုတိစိတ်ကျခဲ့ရရှာလေပြီ။ လွန်ခဲ့သော နှစ်ငါးဆယ်ကျော်ကာလက အတူတကွရှိခဲ့ကြသော ဖိုခုံ

လောကသုံးလုံးသဖွယ် လွယ်လွယ်မခွဲ အစဥ်တွဲခဲ့ကြသော ရောင်းရင်းများအနက် ယခုအခါ တစ်လုံးတည်းသော ဖိုခုံလောက်ပမာ မိမိမှာသာ ဘက်ပဲ့၍ ကျန်ရစ်ရပြီ။ သို့ဖြင့် အလှည့်ဘေးဇောကို ငဲ့တွေးတောရင်း သင်္ခါရသဘောကို သံဝေဂဉာဏ်ဖြင့် ဆင်ခြင်ရှုစောမိပါတော့၏။

**ကိုအောင်မျိုး။** ။ ကိုအောင်မျိုးသည် စာရေးသူဖခင်၏ နမဝမ်းကွဲက ပေါက်ဖွားသောမြေး ဖြစ်၏။ ထို့ကြောင့် မိမိ၏နမဝမ်းကွဲတူ ဖြစ်သည်။ သို့သော် သူက အသက်တစ်နှစ်ကျော်ကျော်ကြီး၏။ အတန်းလည်း ကြီး၏။ စာရေးသူ အထက်တန်းတက်ရသောနှစ်တွင် သူနှင့် အတန်းတူလာသည်။ ၁၉၅၃ ခုနှစ်တွင် ကိုအောင်မျိုးသည် မုံရွာ ဦးဘစိန်၏ကျောင်းသို့ ပြောင်းရွှေ့ပညာသင်၏။ နောက်နှစ်တွင် ယင်းမာပင် ပြန်ကြားရေးဌာန လက်ထောက် ပြည်သူ့ဆက်ဆံရေးအရာရှိရုံး၌ စာရေးဝင်လုပ်၏။ နောင်သောအခါ လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့သို့ ပြောင်းရွှေ့တာဝန်ထမ်း၏။ မော်လိုက်မြို့သို့ ပြောင်းခဲ့ပြီး မော်လိုက်မှ ကာယနည်းပြဆရာမ မခင်ဝိုင်းနှင့် ဖူးစာဆုံသည်။ စစ်ကိုင်းတိုင်းအတွင်း မြို့နယ်မှူးတာဝန်ဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့၏။ သားသမီး သုံးယောက်ထွန်းကားသည်။ အငြိမ်းစားယူပြီး မော်လိုက်တွင် နှစ်အနည်းငယ် နေခဲ့သေး၏။ ယခုအခါ မုံရွာမြို့ မြဝတီရပ်ကွက် တိုင်းရင်းဆေးရုံလမ်းခွဲ ဘုရင့်နောင်လမ်းတွင် "စွမ်း"အမျိုးသမီး ဘော်ဒါဆောင် ဖွင့်ထား၏။ တရားဘာဝနာ အားထုတ်ရင်း အေးချမ်းစွာ နေထိုင်လျက် ရှိပါသည်။

**ကိုဉာဏ်လှ။** ။ ကိုဉာဏ်လှသည် ဆွေမျိုးမကင်းသူပင် ဖြစ်၏။ စာရေးသူ အထက်တန်းတက်သောနှစ်တွင် သူသည် ဆယ်တန်း



အောင်ပြီး ဖြစ်၏။ ရံဖန်ရံခါ အင်္ဂလိပ်စာ လာ၍တက်ရင်း မိမိတို့နှင့်အတူ Essay ရေးလေ့ရှိ၏။ စာစီစာကုံး ခေါင်းစီးမြင်လိုက်သည်နှင့် စတင်ရေးသားတော့သည်။ လက်ခပ်သွက်သွက် ရေးတတ်သောကြောင့် ဆရာကြီး ဦးဘစိန်က သူ့အား "စိန်ကလောင်"ဟု အမည်ပေးထားသည်။ ကနီတွင် သူနှင့် မိမိတို့ ကြာကြာမတွဲလိုက်ရပါ။ သူလည်း မော်လိုက်စာတိုက်ကြီးတွင် စာရေးအဖြစ် သွားရောက်အမှုထမ်းရ၏။ တစ်နှစ်ခန့်ကြာသောအခါ မုံရွာ-အလုံသို့ စာတိုက်မှူးတာဝန်ဖြင့် ပြောင်းရွှေ့လာရ၏။ ထိုအချိန်က မိမိမှာ ဆားထုံး အ·လ·က တွင် ဆရာလုပ်နေဆဲ ဖြစ်သည်။ ကျောင်းပိတ်ရက်များတွင် ဆားထုံးမှ မုံရွာ-အလုံသို့ လာ၍ ကိုဉာဏ်လှနှင့်အတူ အချိန်ဖြုန်းရသည်။ ကျောင်းဖွင့်ရက်အမီ ဆားထုံးပြန်ရ၏။ ထိုစဥ်က စာရေးသူမှာ အသက် ၁၈ နှစ်သာသာမျှ ရှိသေးသည်။ ညောင်ပင်ကြီးနှင့်မုံရွာ ကူးသော စက်လှေကူးတို့ခမှာ အစိုးရအမှုထမ်းဖြစ်လျှင် ကင်းလွတ်၏။ ထို့ကြောင့် ကုန်ကျစရိတ် မရှိဖြစ်သည်။ အလုံမှ မုံရွာသို့ စက်ဘီးတစ်စီးနှင့် နှစ်ယောက်လာ၍ ရုပ်ရှင်ကြည့်လျှင် အထက်တန်းကျောင်းသားဟု အမည်ခံကာ ရုံဝင်ခ တစ်ဝက်နှုန်းဖြင့် ကြည့်ကြ၏။ လူငယ်ဘာဝ သက်သာသည့်ဘက်က နေခဲ့ရပုံမှာ မမေ့စရာ ဖြစ်တော့သည်။

၁၉၅၃ ခုနှစ်တွင် ကိုဉာဏ်လှသည် မန္တလေးဆရာအတတ်သင် သိပ္ပံ တက်ရောက်သည်။ တစ်နှစ်သင်တန်းပြီးဆုံး၍ ဆရာဖြစ်လက်မှတ် ရလာသောအခါ သူ့အား ဆားထုံး အ·လ·က ကျောင်းအုပ်တာဝန်ကို လွှဲအပ်ခဲ့ရပြီး စာရေးသူ မန္တလေးတက္ကသိုလ်ကောလိပ်တက်သည်။ မိမိဘွဲ့ရပြီး စာတိုက်နှင့်ကြေးနန်းဌာနတွင် တာဝန်ထမ်းနေစဥ် ကိုဉာဏ်လှမှာ ကနီနှင့် မုံရွာတို့တွင် ကျောင်းဆရာတာဝန်ဖြင့်

ကျင်လည်လျက်ရှိ၏။ အငြိမ်းစားယူပြီးနောက်တွင်လည်း မုံရွာခရိုင်အတွင်း တွဲဖက်အထက်တန်းကျောင်းအချို့တွင် ဆရာလုပ်နေသေးသည်။ ၁၉၉၅ ခုနှစ်က ဆားထုံးရွာ အ.လ.က ပထမအကြိမ် အာစရိယ ပူဇော်ပွဲ အခမ်းအနားသို့ မိမိတို့နှစ်ယောက်အတူ အကန်တော့ခံ တက်ရောက်ခဲ့ကြရသေးသည်။ လွန်ခဲ့သည့် နှစ်နှစ်ကျော်ကာလအထိ ကိုဉာဏ်လှသည် မုံရွာမြို့ မြဝတီရပ်ကွက် မိုးကောင်းဘုရားမြောက်ဘက်တွင် အိမ်တစ်လုံးဆောက်၍ နေ၏။ ယခုအခါ ကနီမြို့ဆေးရုံတောင်ဘက် ကုန်းကျကျနေရာတွင် ခြံဝင်းကျယ်ကြီးအတွင်း၌ ကွမ်းပင်၊ အခြားစားသုံးသီးပင်၊ ပန်းပင်များ စိုက်ပြီး အိမ်တစ်လုံးဆောက်ကာ ဇနီးမောင်နှံနှစ်ယောက် နေထိုင်လျက်ရှိပါသည်။

**ကိုစိန်ဝင်း (ခ) ကိုစောစိန်ဝင်း။** ။ ကိုစိန်ဝင်းသည် ကနီသားမဟုတ်။ မင်းကင်းသား ဖြစ်သည်။ သူ့ဖခင် ဦးဘလင်းသည် ဒေါ်တင်မကြီးနှင့် မောင်နှမ ဝမ်းကွဲဖြစ်သည်။ ထို့ကြောင့် သူသည် စာရေးသူဖခင်ဘက်က ဆွေမျိုးမကင်း တော်စပ်သူပင် ဖြစ်၏။ ကိုစိန်ဝင်းသည် ၁၉၅၁ ခုနှစ်က မိမိတို့နှင့်အတူ ပညာသင်ယူသည်။ သူသည် လူချောလူရည်သန့်ဖြစ်၏။ ရုပ်ရှင်မင်းသား မြင့်အောင်နှင့် သွင်ပြင်လက္ခဏာတူသည်။ ရုပ်ရည်ရူပကာယသာ ချောမောသည် မဟုတ်။ လက်ရေးလက်သားလည်း အလွန်သေသပ်လှပသည်။

ကိုစိန်ဝင်းသည် ဉာဏ်ရည်ထက်မြက်သူ တစ်ဦးဖြစ်၏။ သို့သော်စာကိုကား အပတ်တကုတ် ကြိုးစားခြင်း၊ အလေးပေးခြင်း နည်းသည်ဟု ဆိုရပါမည်။ ထို့ကြောင့် ၁၉၅၂ ခုနှစ်က မိမိတို့နှင့်အတူ တက္ကသိုလ်ဝင်တန်းကို နှစ်ချင်းပေါက်သင့်လျက် မပေါက်မြောက်ခဲ့ပါ။ ထိုနှစ် ဦးဘစိန် ဒေါ်တင်မကြီးတို့ မုံရွာသို့ ပြောင်း၍ "ပညာ့ဗိမာန်"



အလွတ်ပညာသင်ကျောင်း ဖွင့်သောအခါ သူလည်း လိုက်ပါပြောင်းရွှေ့ကာ ကျောင်းဆက်တက်သည်။ ထိုအချိန်မှစ၍ သူ့အမည် စောစိန်ဝင်းဖြစ်လာပါသည်။ ၁၉၅၃ ခုနှစ်တွင် ဆယ်တန်းအောင်၍ ရန်ကုန်တက္ကသိုလ် ဆက်တက်သည်ဟု ထင်ပါသည်။ ကျောင်းပြီးသည်အထိ နေပုံမရပါ။ တပ်မတော်မှတ်တမ်းရုံးတွင် တပ်ကြပ်ကြီးစာရေးဝင်လုပ်သည်ဟု ကြားသိရပါသည်။

စာရေးသူ စာတိုက်နှင့် ကြေးနန်းဌာနတွင် အလုပ်ဝင်စ အချိန်လောက်က မင်္ဂလာတောင်ညွန့်တွင် သူနှင့် အိမ်နားနီးချင်းအဖြစ်ပြန်လည် တွေ့ဆုံရသည်။ ထို့နောက် ထပ်မတွေ့ကြတော့ပါ။ အကယ်၍သာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အရွေးခံလျှင်သူ့အရည်အချင်းအရ မုချအောင်မြင်မည်ဟု ယုံကြည်မိ ပါသည်။ ယခုအခါ တပ်မတော်မှ အနားယူပြီး တောင်ဥက္ကလာပ၌ နေသလိုလိုကြားသိရပါသည်။

**ကိုလှထွန်း။** ။ ကိုလှထွန်း၏ ဖခင်ဦးသိန်းဖေသည် ကနီမြို့သူကြီးမင်း ဦးဘုန်းမို၏ အဆက်အနွယ် ဖြစ်၏။ မိခင် ဒေါ်မြစိန်မှာခုံမင်းကြီး ဦးအုန်းခိုင်၏ အဆက်အနွယ် ဖြစ်၏။ ခုံမင်းကြီးဘက်ကဆက်နွယ်၍ အမျိုးစပ်ရသော် သူသည် စာရေးသူ၏ နှစ်ဝမ်းကွဲမြေးဖြစ်သည်။ ငယ်မည် မောင်တေဟု ခေါ်၏။ မိမိနှင့် သက်တူရွယ်တူဖြစ်၍ သူငယ်ချင်းလို နေခဲ့ကြသည်။ သူသည် မုံရွာဝက်စလီယံကျောင်းမှ ပြောင်းလာသောကြောင့် ဆယ်တန်းနှစ် တစ်နှစ်တည်းသာ အတူပေါင်းခဲ့ရသည်။ မိမိတို့ ဆယ်တန်းစာမေးပွဲ ဖြေပြီးချိန်မှစ၍ ခွဲခွာကြရသည်။ သူလည်း မော်လိုက် မြေစာရင်းဌာနတွင် စာရေးအဖြစ်အလုပ်ဝင်ကြောင်း ကြားသိရသည်။ မိမိစစ်ကိုင်းတိုင်း ဆ.သ.ရ

မန်နေဂျာတာဝန် ထမ်းဆောင်နေချိန်တွင် သူသည် ကနီမြို့နယ် အလုပ်သမားအစည်းအရုံးတွင် အတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်နေ၏။ ကွယ်လွန်သွားရှာပြီဖြစ်သော သူ့သားကြီးသည် မိမိ၏အုပ်ချုပ်မှုအောက်၌ အမှုထမ်းတစ်ဦး ဖြစ်ခဲ့၏။ ထိုသူငယ်သည် ကနီ ဆ・သ・ရ စခန်း၌ ဆ・သ・ရ အဆင့် (၅)အဖြစ် လုပ်ကိုင်ခဲ့သည်။ ကိုလှထွန်းသည် ယခုအခါ အငြိမ်းစားဘဝဖြင့် ကနီမြို့ မူလတန်းကျောင်း အနောက်ဘက်၌ ဇနီးနှင့်အတူ နေထိုင်လျက်ရှိသည်။

**ကိုချိုချို(ခ) ကိုမောင်မောင်ချို** ။ ဝန်ထောက်ကြီး ဦးထွန်းတင့်နှင့် ဒေါ်ခင်ထွေးတို့၏ ဒုတိယသားဖြစ်သည်။ ငယ်နာမည် စံရွှေအောင်ဖြစ်၏။ ဦးထွန်းတင့် နယ်ဘက်အုပ်ချုပ်ရေးအရာရှိအဖြစ် ရခိုင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်ချိန်က မွေးဖွားသဖြင့် ရခိုင်အမျိုးသားအမည်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။ ယခင်က မုံရွာ အ・ထ・က (၁) တွင် ပညာသင်ခဲ့၏။ ထိုစဉ်အခါက သင်္ချာမောင် **တတိယဆုရဖူးကြောင်း သိရသည်။** ၁၉၅၁ ခုနှစ်တွင် ကနီအလွတ်ပညာသင်ကျောင်းသို့ ပြောင်းလာသဖြင့် မိမိနှင့် ကျောင်းနေဖက် ဖြစ်ခဲ့ရ၏။ ဆယ်တန်းစာမေးပွဲ ဖြေဆိုကြပြီးနောက် တစ်ယောက်တစ်ခြားစီ ကွဲသွားကြသည်။ သူ ဆယ်တန်းအောင်၍ ရန်ကုန်တက္ကသိုလ်တက်ကြောင်း သိရသည်။

စာတိုက်နှင့် ကြေးနန်းဌာနတွင် မိမိအလုပ်စဝင်ချိန်က သူ ဝိဇ္ဇာစာမေးပွဲ ဖြေဆိုဆဲဖြစ်၏။ ဘွဲ့ရပြီးသောအခါ အရပ်သို့ပြန်ကာ အထက်တန်းပြဆရာ ဝင်လုပ်၏။ ထိုအချိန်တွင် သူ့အမည်လည်း ဦးမောင်မောင်ချိုဟူ၍ ဖြစ်နေပါပြီ။ ပညာရေးဘွဲ့ ထပ်မံရရှိပြီးနောက်



ရာထူးအဆင့်ဆင့် တက်၍ အထက်တန်းကျောင်းအုပ်ဆရာကြီး ဖြစ်လာ၏။ ကျောင်းအုပ်ဆရာကြီးအဖြစ်ဖြင့်ပင် အငြိမ်းစားယူခဲ့၏။

ကိုမောင်မောင်ချိုသည် အိမ်ထောင်မရှိ။ လူပျိုကြီး ဖြစ်၏။ ကနီမြို့တွင် သူ့ဖခင်ကြီးနေထိုင်ခဲ့သော အိမ်မှာပင် ဝမ်းကွဲတူမ၊ မြေးတို့နှင့် အတူနေ၏။ စာရေးခြင်း၊ စာဖတ်ခြင်း၊ တရားဘာဝနာပွားများအားထုတ်ခြင်းဖြင့် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာ ရှိနေပါသည်။

ကိုမောင်မောင်ချိုနှင့် ပတ်သက်၍ ဒုတိယ ကနီမြို့ဝန် ဦးတုတ်နှင့် ခုံမင်းကြီး ဦးအုန်းခိုင်တို့၏ ပုံရိပ်များကို ဖော်ပြခဲ့စဉ်က သူ့အကြောင်း အနည်းငယ်မျှ တင်ပြခဲ့ပြီး ဖြစ်ပါသည်။

သူနှင့် စာရေးသူတို့သည် တစ်မြို့စီ နေကြသော်လည်း အချင်းချင်း စာအဆက်အသွယ်မပြတ်ကြပါ။ သူသည် ကဗျာဖွဲ့ဆိုမှု၌ ဝါသနာပါသူဖြစ်သည့်အတိုင်း သူစပ်ဆိုသော ကဗျာများ ပို့ပေးသဖြင့် မကြာမကြာ ဖတ်ရပါသည်။ လွန်ခဲ့သော ရှစ်နှစ်ခန့်က သူသည် ကနီအကြောင်း ဖွဲ့ဆိုထားသော တေးထပ်တစ်ပုဒ်ကို မိမိထံ ပို့လိုက်၍ ဖတ်ခဲ့ရသည်။ တေးထပ်ရေးစပ်ဟန် ပုံစံမကျသည်ကို သတိထားမိသည်။ သူလည်း သတိပြုလာနိုင်စိမ့်သောငှာ သူ့ကဗျာပါ အကြောင်းအချက်အချို့ကို အခြေခံလျက် ကနီအလွမ်းဘွဲ့ ရှစ်ဆယ်ပေါ် တေးထပ်တစ်ပုဒ်ကို ရေးဖွဲ့၍ သူ့ထံ ပြန်ပို့ခဲ့သည်။ တေးထပ်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**ကနီစိတ်မှန်း နွှဲအလွမ်း**

**ချင်းတွင်းသလ္လာ ရေနဒီပျို့**

**ရွှေကနီမြို့ တောင်ဂဘယံ (ကမ်းပါးယံ)အခြေ**

မြေညီမို့မို့ သောင်ယံဖွေဝယ်
ရောင်လျှံနွေနေ ရှိန်ရှိန်ပြင်း၊
ရွှေမြင်းဖြူတည့် ပဗ္ဗတာတောင်မှာ
ဟပ်လာအရောင် လောင်မြိုက်ပါဘိခြင်း။
ရေဝါချောင်းက ခွေကာ မြှောင်တယ်
သေလာသိမ်တောင် ခင်တော်မင်း
အင်ကြင်းဝတ်မှုန် ထုံထုံသင်းတဲ့
နဂါးရုံမင်း မြတ်စေတီ၊
'ဘို့မယ်'ဆိုချောင် လျှိုမြောင်တစ်လျှောက်
ကံ့ကော်ပိတောက် ကြိုင်လှောက်ဝေဝေစီ။
မြို့လယ်ရပ်က ရွှေစေတီရယ်
လေပြည် အတည်တည် ကလူနော့တော့
ဆည်းလည်းသံဖျော့ မာန်လျှော့ညိတ်ကာ
ပြန်ကျော့ နိမိတ်ပမာ၊
အတီရှေးက ယခင်အတိတ်အခါကို
ဘဝင်စိတ်မှာ ထင်ဆဲချိန်မို့လေး။
အရှေ့ (အရှည်)ပေါင်းခဲ့ ဆွေဟောင်းသဟာကို
နွေပြောင်း ရက်ခါ ဘယ်မေ့နိုင်လိမ့်လေး။
ရွှေရည်လူးတဲ့ နှစ်ဦးခါဝယ်
သစ်ထူး ပတ္တနာ ခြွေညွှန်းပါလို့လေး။ ။

❖ ❖ ❖ ❖

# အခန်း (၉)

## အနှစ် ၄၀ ကျော်အတွင်း ပြောင်းလဲခြင်းအဖုံဖုံ

### 'လ•အ•က'သမယမှာ

**ခေတ်ပြောင်းအမီ၊ ချိန်ခါညီ၊ ကနီ အေးငြိမ်စွ၊**
**တော်လှန်ရေးကောင်စီ၊ ဖွဲ့ခဲ့ပြီ၊ ကနီ'နလက'၊**
**လမ်းစဉ်ပါတီ၊ ဖွဲ့စည်းပြီ၊ ကနီ'ယူနစ်'စ၊**
**စီးပွားကော်မတီ၊ တည်ဆောက်ပြီ၊ ကနီ'ပပက'၊**
**ရဲတပ်တစ်လီ၊ ပြင်ဖွဲ့ပြီ၊ ကနီ'ပရဖ'၊**
**နှစ်ဆယ် ကျော်သုံး၊ ရေတွက်ဆုံး၊ သိမ်းကျုံး ရုံးဌာန။**

လက်နက်စွဲကိုင် သောင်းကျန်းခဲ့ကြသော ရဲဘော်ဖြူများသည် ၁၉၅၈ ခုနှစ်တွင် အပြီးအပိုင် လက်နက်စွန့်လွှတ်၍ အလင်းဝင်ရောက်လာသဖြင့် ကနီမြို့နယ်သည် အဖြူရောင်နယ်မြေ အဖြစ်သို့ ရောက်ရှိပြီး အေးချမ်းသာယာလျက် ရှိနေသည်။ မျှားမကြာမီ တော်လှန်ရေးကောင်စီပေါ်ပေါက်လာသောအခါ ကနီမြို့နယ်အတွက် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီကို ဖွဲ့စည်းခဲ့၏။

ယခင်က ကနီမြို့တွင် အုပ်ချုပ်ရေးဌာနနှင့် အခြားနယ်ဘက်ဆိုင်ရာ ဌာနအသီးသီးက ဌာနဆိုင်ရာအလျောက် အုပ်ချုပ်ခဲ့ပြီး

ရဲတပ်ဖွဲ့က နယ်မြေလုံခြုံရေးကို တာဝန်ယူခဲ့ရသည်။ န ∘လ ∘က ဖွဲ့စည်းလိုက်သောအခါ တပ်မတော်မှ ဗိုလ်သို့မဟုတ် ဗိုလ်ကြီးအဆင့်ရှိသော အရာရှိတစ်ဦးက ဉက္ကဋ္ဌအဖြစ် ဦးဆောင်ထိန်းကျောင်းလျက်မူလရှိပြီး ဌာနအသီးသီး၏ အုပ်ချုပ်ရေးနှင့် နယ်မြေလုံခြုံရေးကို စီမံကွပ်ကဲကာ အစိုးရဌာနများ၏ လုပ်ငန်းဆောင်တာများကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

မြို့နယ်တစ်ခုလုံးသည် အုပ်ချုပ်ရေးကဏ္ဍ၌ မြို့ပိုင်သည် အဓိကဖြစ်သည်။ မြို့ပိုင်ရုံးသည် အုပ်ချုပ်ရေးတာဝန်၊ အခွန်တော်ငွေကောက်ခံခြင်းလုပ်ငန်း၊ လက်အောက်ငွေတိုက်လုပ်ငန်း၊ တရားစီရင်ခြင်းလုပ်ငန်းနှင့် အခြားအထွေထွေကိစ္စများကို ဆောင်ရွက်ရသည်။ မြို့နယ်လုံခြုံရေးတာဝန်ကို ရဲတပ်ဖွဲ့က တာဝန်ယူရသည်။ ၁၉၆၄ ခုနှစ်တွင် ရဲတပ်ဖွဲ့ကို ပြည်သူ့ရဲတပ်ဖွဲ့အသွင်သို့ ပြောင်းလဲဖွဲ့စည်းခဲ့၏။ ကနီမြို့မှ ရဲစခန်း၊ ဝင်မနားရဲစခန်းနှင့် ကင်းရွာရဲကင်းတို့ ထားရှိပြီး နယ်မြေလုံခြုံရေးကို ပြည်သူ့ရဲတပ်ဖွဲ့က တာဝန်ယူခဲ့ရသည်။ ထိုအချိန်က ကနီမြို့တွင် ရုံးဌာနပေါင်း ၂၃ ခု ရှိခဲ့သည်။

တော်လှန်ရေးကောင်စီ ပေါ်ပေါက်ခဲ့ပြီးနောက် နှစ်လခန့်ကြာမှ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ဖွဲ့စည်းနိုင်ခဲ့သည်။ အမြဲတေပါတီအသွင် ဖြစ်၏။ လမ်းစဉ်ပါတီဖွဲ့စည်းပြီးနောက် ကနီမြို့နယ်တွင် ပါတီယူနစ်ဟူ၍ ချက်ချင်းမဖွဲ့နိုင်သေးဘဲ နှစ်အတန်ကြာမှ ဖွဲ့နိုင်ခဲ့သည်။ ထိုအချိန်က တင်းပြည့်ပါတီဝင် ငါးဦးနှင့် အရန်ပါတီဝင် ၄၈ ဦးဖြင့် စခဲ့ရသည်။ ထို့နောက် တောင်သူလယ်သမားကောင်စီနှင့် အလုပ်သမားကောင်စီတို့ကို ဖွဲ့စည်းနိုင်ခဲ့၏။



စီးပွားရေးကဏ္ဍနှင့် စပ်လျဉ်း၍ ပါတီကြီးကြပ်မှုဖြင့် ဆိုရှယ်လစ်စီးပွားရေးတည်ဆောက်မှု ကော်မတီကို စတင်အကောင်အထည်ဖော်ကာ ကနီမြို့တွင် ပ.ပ.ကဆိုင် ဖွင့်နိုင်ခဲ့သည်။ ထိုနှစ်မှာပင် ကုန်သွယ်ရေးရုံးအဆောက်အအုံကို စတင်ဆောက်လုပ်ခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် မြို့နယ်ကုန်သွယ်ရေးရုံးကို ဖွင့်လှစ်ခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် ကုန်သွယ်ရေးဂိုဒေါင် တစ်လုံး၊ ၁၉၆၉ ခုနှစ်တွင် နောက်ထပ်ဂိုဒေါင် တစ်လုံး ဆောက်ခဲ့သည်။

ပညာရေးကဏ္ဍနှင့် စပ်လျဉ်း၍ ၁၉၇၁ ခုနှစ်တွင် ဒေသလုပ်အားပေး ဆရာ ဆရာမအင်အား ၁၁၀၀ ဖြင့် စာမတတ်သူပပျောက်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့ရာ လူပေါင်း ၁၀၀၀ ကျော်စာတတ်မြောက်လာခဲ့သဖြင့် မြို့နယ်လုံးကျွတ် စာတတ်မြောက်ကြောင်းကြေညာခဲ့သည်။

ကျန်းမာရေးကဏ္ဍနှင့် စပ်လျဉ်း၍ ဆေးရုံအဆောက်အအုံသစ်ကြီးကို ၁၉၆၈ ခုနှစ်က ဆောက်လုပ်ပြီးစီးခဲ့သည်။ ယခင်က ကနီဆေးရုံတွင် ဆရာဝန်မှ အောက်ခြေဝန်ထမ်းအထိ ခြောက်ဦးခန့်သာရှိခဲ့ရာမှ ဆေးရုံသစ်ကြီး တည်ဆောက်ပြီးသောအခါ မြို့နယ်ဆရာဝန်ကြီးတစ်ဦး၊ လက်ထောက်ဆရာဝန်တစ်ဦး၊ ဆေးစပ်သမား တစ်ဦး၊ အထက်တန်း သူနာပြုတစ်ဦး၊ သူနာပြုနှစ်ဦး၊ စာရေးဝန်ထမ်း တစ်ဦးနှင့် အခြားအဆင့် ခြောက်ဦး၊ စုစုပေါင်း ၁၃ ဦးအထိ ရှိလာခဲ့သည်။

ကနီမြို့တွင် န ∘လ ∘က ဉက္ကဋ္ဌအဖြစ် အောက်ဖော်ပြပါ တပ်မတော်အရာရှိများက တာဝန်ယူဆောင်ရွက်ခဲ့ကြကြောင်း လေ့လာသိရှိရသည်-

၁။ ဗိုလ်ကြီး မောင်ကြီး
၂။ ဗိုလ်ကြီး လှမြင့်
၃။ ဗိုလ်ကြီး ဌေးအောင်
၄။ ဗိုလ်ကြီး စောလွင်
၅။ ဗိုလ်ကြီး မောင်မောင်။

ကနီ န·လ·က လက်ထက်တွင် စာမျက်နှာ ၁၅ မျက်နှာပါရှိသော မြို့နယ်မှတ်တမ်းတစ်စောင်ကို အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော အဖွဲ့က ပြုစုထားခဲ့သည်ကို လေ့လာတွေ့ရှိရသည်-

| | | |
|---|---|---|
| ၁။ | ဗိုလ်မောင်မောင် | ဥက္ကဋ္ဌ |
| ၂။ | ဦးခင်မောင်ကြီး၊ မြို့ပိုင် | အဖွဲ့ဝင် |
| ၃။ | ဦးထွန်းရင်၊ နယ်စီးလုံခြုံရေးမှူး၊ ပြည်သူ့ရဲ | အဖွဲ့ဝင် |
| ၄။ | ဦးစိုးတင့်၊ မြို့နယ်မှူး၊ လ·ဝ·ကနှင့်အ·မ·တ | အတွင်းရေးမှူး |
| ၅။ | ဦးထွန်းအောင်၊ န·လ·က ရုံးစာရေး | စာရေး |
| ၆။ | ဦးထွန်းဝေ၊ မြို့နယ်ကုန်သွယ်ရေး | လက်နှိပ်စက်စာရေး။ |

ဖော်ပြခဲ့သော အတိုကောက်စကားလုံးတို့၏ အဓိပ္ပာယ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | |
|---|---|---|
| လ·အ·က | = | လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ |
| န·လ·က | = | မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ |
| ယူနစ် | = | မြို့နယ်ပါတီယူနစ်ကော်မတီ |
| ပ·ပ·က | = | ပြည်သူ့ပစ္စည်းကော်မတီ |
| ပ·ရ·ဖ | = | ပြည်သူ့ရဲတပ်ဖွဲ့ |
| အ·မ·တနှင့် လ·ဝ·က | = | အမျိုးသားမှတ်ပုံတင်နှင့် လူဝင်မှုကြီးကြပ်ရေးဌာန။ |

× × × × ×



## လမ်းစဉ်ပါတီခေတ်တွင်

**လမ်းစဉ်ပါတီ၊ ဦးဆောင်ပြီ၊ စုံစီ ဖော်ဖွဲ့စည်း၊**
**ပြည်သူ့ရေးရာ၊ စီမံကာ၊ ငန်းတာ ခွဲဖွဲ့စည်း၊**
**ပြည်သူ့တပ်ဖွဲ့၊ ရဲပြင်ဖွဲ့၊ တိုးချဲ့ ဖွဲ့စုစည်း၊**
**ပြစ်မှုအခင်း၊ မြို့နယ်တွင်း၊ ကျဆင်း လျော့ပါးနည်း၊**
**ပညာ,ကျန်းမာ၊ တိုးတက်လာ၊ လျော်စွာ ဖွံ့သိပ်သည်း၊**
**ကလျာစုံစုံ၊ အဖုံဖုံ၊ ပြောင်းပုံ နေးကွေးဖြည်း၊**
**ဆိုရှယ်စီးပွား၊ ဖော်ဆောင်ငြား၊ မှန်းထား မမီတည်း။**

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဖွဲ့စည်းပြီးနောက် ပါတီ၏ဦးဆောင်မှုအရ ကနီမြို့နယ်၏ အခြေအနေကို ပြည့်စုံစွာ ထပ်မံဖော်ပြလိုပါသည်။

ပထမဦးစွာ မြို့နယ်ပါတီယူနစ်နှင့် အထောက်အကူပြု အဖွဲ့အစည်းများအကြောင်း ဖြစ်ပါသည်။

၁၉၇၁ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် ကနီမြို့၌ ပါတီယူနစ် မျက်နှာစုံညီ အစည်းအဝေးကျင်းပခဲ့ရာ ထိုစဉ်က တင်းပြည့်ပါတီဝင် ၁၇ ဦးနှင့် အရန်ပါတီဝင် ၂၈ ဦး၊ ပေါင်း ၄၃ ဦးသာ ရှိသေးသည်။ ဆဋ္ဌမအကြိမ်နှင့် သတ္တမအကြိမ် ကျင်းပချိန်တို့မှာ ပါတီသန့်စင်ရေး ကာလဖြစ်သဖြင့် ပါတီဝင် စိစစ်ရေးကို ရပ်ဆိုင်းထားသည်။ (၁၁)ကြိမ်မြောက် မျက်နှာစုံညီ အစည်းအဝေးတွင် တင်းပြည့် ၁၀၂၀ ဦးနှင့် အရန် ၂၀၈၄ ဦးအထိ အင်အားဖြစ်လာခဲ့၏။ ၁၉၇၄ ခုနှစ်က လမ်းစဉ်လူငယ်အဖွဲ့ကို ဖွဲ့စည်းခဲ့ရာ လူငယ်အဖွဲ့ဝင် ၁၈၇ ဦး၊ ရှေ့ဆောင်လူငယ် ၅၀ ဦးဖြင့် စဖွဲ့ခဲ့သည်။ ၁၉၈၂ ခုနှစ်သို့ ရောက်သောကာလ၌

လယ်မ်းစဉ်လူငယ်အဖွဲ့ဝင် ၃၅၀၀ ဦးနှင့် ရှေ့ဆောင်လူငယ်အဖွဲ့ဝင် ၁၀၀၀၀ ဦးအထိ ဖြစ်လာသည်။

တောင်သူလယ်သမားကောင်စီကို အလုပ်အမှုဆောင် ၁၁ ဦး၊ မြို့နယ်ကော်မတီဝင် ၁၈၉ ဦးဖြင့် ၁၉၆၉ ခုနှစ်က စတင်ဖွဲ့စည်းခဲ့သည်။ ၁၉၇၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်တွင် မြို့နယ်တောင်သူလယ်သမား အစည်းအရုံးအသွင်သို့ ပြောင်းလဲဖွဲ့စည်းခဲ့ရာ မူလအမှုဆောင်အရေ အတွက်အတိုင်း ၁၁ ဦးပင် ထားရှိသည်။ ၁၉၇၂ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်တွင် မြို့နယ်အလုပ်သမားကောင်စီကို ဖွဲ့စည်းခဲ့၍ အင်အား ၁၀၇၈ ဦးရှိခဲ့ပြီး အမှုဆောင် ၁၁ ဦးနှင့် ကော်မတီဝင် ဦးရေ ၆၀ ဦးရှိသည်။ ၁၉၇၇ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်တွင် မြို့နယ်အလုပ်သမား အစည်းအရုံးအသွင်သို့ ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ အမှုဆောင်အရေ အတွက်ကို ယခင်အတိုင်းထားပြီး အင်အား ၂၀၂၀ ဦးအထိ ဖြစ်လာ သည်။

စစ်မှုထမ်းဟောင်းအဖွဲ့ကိုလည်း ၁၉၇၉ ခုနှစ် ဒီဇင်ဘာလ ၄ ရက်တွင် အဖွဲ့ဝင် အင်အား ၅၄ ဦးဖြင့် ဖွဲ့စည်းခဲ့၏။ လယ်မ်းစဉ်ပါတီ ကာလအတွင်း မြို့နယ်စာပေလုပ်သားအဖွဲ့ကို ဖွဲ့စည်းနိုင်ခြင်းမရှိကြောင်း လေ့လာသိရှိရ၏။ ထိုကာလအတွင်း ပါတီယူနစ် ဥက္ကဋ္ဌတာဝန်ကို ဦးလုစိုး၊ ဦးဘလှိုင်တို့သည် သက်တမ်းကာလ နှစ်ကြိမ်စီ ယူခဲ့ရကြောင်း သိရ၏။ လွှတ်တော် ကိုယ်စားလှယ်များအဖြစ် ဦးစိုင်းသက်မွန်၊ ဦးဘသူ၊ ဦးတင်ဦးတို့ ရွေးချယ်တင်မြှောက်ခြင်းခံရသည်ကိုလည်း သိရ၏။ မြို့နယ်ကောင်စီ ဥက္ကဋ္ဌများအဖြစ် ဗိုလ်ကြီးအောင်ဝင်း၊ ဦးမင်းဒင်နှင့် ဗိုလ်မှူးစံရင်တို့ တာဝန်ယူခဲ့ကြသည်ကိုလည်း သိရ၏။ ထို့ပြင် ဦးမင်းဒင်သည် ကောင်စီသက်တမ်းနှစ်ကြိမ် တာဝန်ယူခဲ့ကြောင်းနှင့်



ဌင်းတာဝန်ယူသည့် ကာလအတွင်း ကောင်စီရုံး အဆောက်အအုံ သီးခြားတည်ဆောက်ခဲ့ကြောင်း လေ့လာသိရှိရသည်။

၁၉၇၉ ခုနှစ်မှစ၍ စစ်ကြောင်းကြီးငါးကြောင်းဖြင့် မြို့နယ်အတွင်း ဆင်းကာ အမာခံဒေသအဖြစ် တည်ဆောက်ခဲ့သည်။

ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးအရ မြို့နယ်ပြည်သူ့ကောင်စီ အလုပ် အမှုဆောင်အဖွဲ့၊ တရားသူကြီးအဖွဲ့နှင့် လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဟူ၍ ကနီမြို့နယ်အတွက် စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ထိုသို့ဖွဲ့စည်းရာ၌ အလုပ်အမှုဆောင်အဖွဲ့ဝင် ခုနစ်ဦး၊ တရားသူကြီးအဖွဲ့ဝင် သုံးဦးနှင့် လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင် သုံးဦးတို့ ပါဝင်သည်။

ကနီမြို့ပေါ်ရှိ ရပ်ကွက်သုံးခုအတွက် ရပ်ကွက်ပြည်သူ့ကောင်စီ သုံးဖွဲ့နှင့် မြို့နယ်အတွင်းရှိ ကျေးရွာများအတွက် ကျေးရွာပြည်သူ့ကောင်စီ ၄၅ ဖွဲ့ရှိခဲ့သည်။

ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးအရ ပထမအကြိမ် ကနီမြို့နယ် ကောင်စီ အစည်းအဝေးကို ၁၉၇၄ ခုနှစ်၊ မတ်လ ၂ ရက်တွင်လည်း ကောင်း၊ ဒုတိယအကြိမ် အစည်းအဝေးကို ၁၉၇၈ ခုနှစ်၊ မတ်လ ၂ ရက်တွင်လည်းကောင်း၊ တတိယအကြိမ် အစည်းအဝေးကို ၁၉၈၁ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်တွင်လည်းကောင်း ကျင်းပခဲ့သည်။

ပြည်သူ့ရေးရာ စီမံခန့်ခွဲရေး ပုံဖော်ခဲ့ရာတွင် တရားစီရင်ရေး ကဏ္ဍ၌ မှုခင်းစစ်ဆေးခြင်း ပြီးမြောက်မှု တိုးတက်လာပြီး စစ်ဆေးရန် မှုခင်းလက်ကျန် လျော့နည်းကျဆင်းလာသည်ကို တွေ့ရသည်။

လုံခြုံရေးကဏ္ဍတွင် ပြည်သူ့ရဲတပ်ဖွဲ့ ပြင်ဆင်ဖွဲ့စည်းနိုင်ခဲ့ခြင်း သည် အထူးမှတ်တမ်းတင်ဖွယ်ပင် ဖြစ်၏။ တော်လှန်ရေးကောင်စီ၏ ကြေညာချက်အမှတ် ၉၇ အရ စနစ်သစ် အုပ်ချုပ်ရေးအစီအစဉ်

ချမှတ်အကောင်အထည်ဖော်ရာ၌ ၁၉၇၂ ခုနှစ် ဩဂုတ်လ ၈ ရက်မှစ၍ မုံရွာခရိုင်ကို ဖျက်သိမ်းခဲ့၏။ သို့ဖြင့် ကနီမြို့ရဲတပ်ဖွဲ့ကို စစ်ကိုင်းတိုင်းပြည်သူ့ရဲတပ်ဖွဲ့မှူးရုံး ကွပ်ကဲသည့် (ဂ)အဆင့်မြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့ရုံးအဖြစ် သတ်မှတ်ဖွဲ့စည်းခဲ့သည်။

ကနီရဲစခန်းသည် စခန်းမှူးကွပ်ကဲသည့်အင်အား ၃၅ ယောက်ပါဝင်သော ရဲစခန်းအဖြစ်သို့ ရောက်ရှိလာ၏။ မြို့နယ်ရဲအင်အားမှာလည်း အောက်ပါအတိုင်း တိုးတက်ပြောင်းလဲလာ၏-

| | |
|---|---|
| အရာရှိ | ၇ ဦး |
| အကြပ် | ၂၅ ဦး |
| ရဲတပ်သား | ၅၄ ဦး |
| ရဲစာရေး | ၂ ဦး |
| စုစုပေါင်း | ၈၈ ဦး |

အထက်ပါအတိုင်း ပြည်သူ့ရဲတပ်ဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းနိုင်ခြင်းကြောင့် မြို့နယ်အတွင်း ရာဇဝတ်မှုခင်းများ သိသိသာသာ ကျဆင်းလာသည်ကို မှုခင်းအခြေပြဇယားအရ သိရှိရသည်။

မီးဘေးအန္တရာယ် ကာကွယ်ရေးစီမံချက်နှင့် စပ်လျဉ်း၍ ကနီမြို့တွင် ၁၉၄၂ ခုနှစ်က တစ်ကြိမ်၊ ၁၉၆၇ ခုနှစ်ကတစ်ကြိမ် မီးကြီးနှစ်ကြိမ်လောင်ခဲ့ဖူးသဖြင့် ထိုကဲ့သို့သော အနိဋ္ဌာရုံမျိုး မကြုံတွေ့ရအောင် မီးဘေးကာကွယ်ရေးစီမံချက်အရ မြို့နယ်ပြည်သူ့ကောင်စီလက်ထက်တွင် အရန်မီးသတ်တပ်ဖွဲ့ကို အင်အား ၁၃၂ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ မီးသတ်ရေလှောင်ကန် ၁၅ ကန်ကိုလည်း သင့်တော်သော



နေရာများတွင် တည်ဆောက်ထားခဲ့သည်။ ထိုစီမံချက်နောက်ပိုင်းတွင် မီးလောင်ဆုံးရှုံးမှုလည်း သိသိသာသာ ကျဆင်းလာသည်ကို တွေ့ရ၏။

စည်ပင်သာယာရေးကဏ္ဍနှင့် ပတ်သက်၍ ယခင်က အထွေထွေအုပ်ချုပ်ရေးဌာနက တာဝန်ယူဆောင်ရွက်ခဲ့သော လုပ်ငန်းများကို စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လာ၏။ ၁၉၇၄ ခုနှစ်ကစပြီး ဝင်ငွေရလုပ်ငန်းများ ဆောင်ရွက်ရာ၌ ဈေးကောက်ခြင်း၊ ဘီးခွန်ကောက်ခြင်း၊ ကူးတို့လေလံတင်ခြင်း လုပ်ငန်းများနှင့် သားသတ်လိုင်စင်လုပ်ငန်းတို့ ပါဝင်သည်။ ဝင်ငွေအပေါ်မှ ရန်ပုံငွေခွဲဝေ၍ စည်ပင်သာယာရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် လမ်း၊ တံတားတည်ဆောက်မှုလုပ်ငန်းများ၊ ဈေးဝင်းဝယ်ယူခြင်းလုပ်ငန်း၊ ဆိပ်ကမ်းတည်ဆောက်ခြင်း၊ အုတ်ရေမြောင်း ဖောက်လုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ယခင်ငွေတိုက်ခွဲက လက်ခံဆောင်ရွက်ခဲ့သော ငွေသွင်း၊ ငွေထုတ်လုပ်ငန်းများကို ၁၉၇၂ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှစ၍ ဘဏ်ငွေတိုက်ခွဲအဖြစ် ပြောင်းလဲခဲ့ပြီး ၁၉၈၀ ခုနှစ်၊ ဧပြီလ ၁ ရက်တွင် မြို့နယ်ဘဏ်ရုံးခွဲကို ဖွင့်လှစ်ခဲ့သည်။ ထို့နောက်ပိုင်းတွင် ဘဏ်၌ သွင်းငွေ၊ ထုတ်ငွေများ သိသိသာသာ ပြောင်းလဲတိုးတက်လာသည်ကို တွေ့ရ၏။

ပညာရေးကဏ္ဍတွင် ၁၉၈၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်က ကနီမြို့နယ် ကင်းရွာ၌ အထက်တန်းကျောင်းဖွင့်ခဲ့သည်။ ထို့ပြင် ဝင်မနား၊ နတ်ကြီး၊ ချိုင်နှင့် နတ်လဘို့ရွာတို့တွင် တွဲဖက်အထက်တန်းကျောင်းများ ဖွင့်နိုင်ခဲ့သည်။ ၁၉၇၂-၇၃ ခုနှစ်မှစ၍ ကျောင်းအရေအတွက်နှင့် ကျောင်းသားအရေအတွက်တို့သည်

နှစ်စဉ်တိုးတက် များပြားလာသည်ကို လေ့လာတွေ့ ရှိရသည်။ သို့သော် မူလတန်းကြိုကျောင်း၊ နေ့ကလေးထိန်းကျောင်းနှင့် လူငယ်သင်တန်းကျောင်းများ မရှိခဲ့ပါ။

**၁၉၈၆** ခုနှစ်တွင် မြို့နယ်ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးစံရင်လက်ထက် ကနီမြို့ပေါ်၌ စေတီပေါင်းများကို ဖျက်ဖြိုစုစည်းပြီး ပရိဝုဏ်တစ်ခုတည်းတွင် "ဓာတ်ပေါင်းစေတီ" ဟု အမည်ပေးကာ စေတီတော်တစ်ဆူကို သပ္ပာယ်တင့်တယ်စွာ တည်ထားကိုးကွယ်ခဲ့သည်။

လျှပ်စစ်ကဏ္ဍတွင် (၁၆)စကိုဒါစက်တစ်လုံးနှင့် (၁၂)စကိုဒါစက်တစ်လုံးတို့ဖြင့် ညနေ **၆း၀၀** နာရီမှ **၁၁း၀၀** နာရီအထိ၊ ရံဖန်ရံခါ၌ **၆း၀၀** နာရီမှ **၉း၀၀** နာရီအထိ မြို့တွင်း ဓာတ်အားပေးခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ခဲ့သည်။

ပို့ဆောင်ရေးကဏ္ဍတွင် ရေကြောင်းပို့ဆောင်ရေးမှာ တစ်ခုတည်းသော လမ်းကြောင်းဖြစ်သည်။ မုံရွာ၊ ဘုတလင်၊ ညောင်ကန်၊ ကန်နဲ မော်တော်ကားလမ်းမှာ ပွင့်လင်းရာသီတွင်သာ သွားလာနိုင်သော ကုန်းလမ်းဆက်သွယ်မှု ဖြစ်သည်။

ပို့ဆောင်ရေးကဏ္ဍနှင့် ဆက်စပ်၍ ကနီသင်္ဘောဆိပ်ကမ်းသည် အရေးပါ၏။ ဆိပ်ကမ်းတည်ဆောက်ခြင်းလုပ်ငန်းဟူ၍ စည်ပင်သာယာရေးလုပ်ငန်းများတွင် ပါဝင်ကြောင်းအထက်တွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။ သို့ရာတွင် ဆိပ်ကမ်းတည်ဆောက်ခြင်းလုပ်ငန်းဆိုရာ၌ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသင်္ဘောများ ဆိုက်ကပ်ရန်ကိစ္စ ပါဝင်ဟန်မတူပါ။ **၁၉၈၀** ပြည့်လွန်နှစ်များအတွင်းက စာရေးသူသည် အထက်ချင်းတွင်းဘက်သို့ သင်္ဘောဖြင့် ခရီးထွက်ခဲ့စဉ် ကနီဆိပ်ကမ်းတွင် သင်္ဘောဆိုက်ကပ်ခြင်းမရှိဘဲ မြစ်လယ်မှာသာ သင်္ဘောရပ်ဆိုင်းနေရပြီး



ခရီးသည်များမှာ သင်္ဘောဘေးသို့ ယှဉ်ကပ်လာသော လှေကလေးများပေါ်ကတစ်ဆင့် အထက်အဆင်း ပြုလုပ်ကြရသည်ကို ကိုယ်တိုင်ကြုံတွေ့ဖူးသည်။

ဆက်သွယ်ရေးကဏ္ဍ၌ ဝန်ထမ်းသုံးဦးသာရှိသော စာတိုက်ရုံးနှင့် ဝန်ထမ်းသုံးဦးပင်ရှိသော ကြိုးမဲ့ကြေးနန်းရုံးသာ ရှိသည်။ တယ်လီဖုန်းဆက်သွယ်ရေးရုံးဟူ၍ မရှိသေးပါ။ ရှေးယခင်က စာတိုက်နှင့်ကြေးနန်းပူးတွဲရုံး ရှိခဲ့သော်လည်း အထွေထွေသောင်းကျန်းမှု ဖြစ်ပေါ်လာသော ကာလနောက်ပိုင်း ကြေးနန်းကြိုးများ ခိုးယူပျောက်ဆုံးခဲ့ခြင်းကြောင့် စာတိုက်တစ်ရုံး၊ ကြိုးမဲ့ကြေးနန်း တစ်ရုံးဟူ၍ ဖြစ်လာရခြင်းဖြစ်သည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဦးဆောင်မှုကာလအတွင်း ကနီမြို့နယ်တွင် ဆိုရှယ်လစ် စီးပွားရေးစနစ် အကောင်အထည်ဖော်မှုအပေါ် သုံးသပ်ရလျှင် ဗဟိုဦးဆောင်မှုအပိုင်းနှင့် အောက်ခြေအဖွဲ့အစည်းများအပိုင်းတို့တွင် ယုံကြည်ချက်နှင့်ခံယူချက်ချင်း တိုက်ဆိုင်ကိုက်ညီမှုမဖြစ်ဘဲ နားလည်မှု လွဲမှားခြင်းကြောင့် တစ်ကြောင်း၊ ချမှတ်ထားသည့် ရေတိုရေရှည် စီးပွားရေးစီမံကိန်းများ အကောင်အထည်ဖော်ရာ၌ ဗဟိုက ချမှတ်ပေးသော ထိန်းကွပ်ကိန်းဂဏန်းများနှင့် အောက်ခြေ၌ လက်တွေ့ဖော်ဆောင်မှုဖြစ်ရပ် အခြေအနေမှန် ကိန်းကဏန်းတို့ သဟဇာတ မဖြစ်သောကြောင့် တစ်ကြောင်းတို့ကြောင့် စီမံကိန်းလျာထားချက်များ ပြည့်မီလာခြင်းမရှိကြောင်း လေ့လာတွေ့ရှိရသည်။ ဤအားနည်းချက်သည် ကနီတစ်မြို့နယ်တည်း ဖြစ်ကောင်းမှ ဖြစ်ပေမည်။ နောက်ဆုံးအကြိမ် ပါတီညီလာခံ၌ ထိုစဉ်က ပါတီဥက္ကဋ္ဌကြီး၏ သုံးသပ်ချက် မိန့်ခွန်းကို ပြန်လည် အမှတ်ရဖွယ်ပင် ဖြစ်တော့သည်။

× × × × ×

## တပ်မတော်အစိုးရ လက်ထက်ဝယ်

**ရေးခင်း ဖြစ်ပေါ်၊ 'ငြိမ်,တည်'ဖော်၊ တပ်မတော် အစိုးရတက်၊**
**ငြိမ်,တည်ဆင့်ပိုး၊ 'အေး,ဖွံ့ဖြိုး'၊ နောက်တိုး အဖွဲ့ဆက်၊**
**ကနီ 'ပုန်း'သုံး၊ 'အိတ်ချိန်း'ရုံး၊ အလုံး မြင့်တိုးတက်၊**
**ကြိုးမဲ့ဖြစ်သွား၊ 'အိုင်ပီစတား'၊ ထူးခြားဖော်ဆောင်ချက်၊**
**ကားလမ်းလည်းဖောက်၊ ခရီးပေါက်၊ တောက်လျှောက် မန်းနှင့်ဆက်၊**
**ကားသင်းလေးခု၊ ဖြစ်ပေါ်မှု၊ လူထု ကောင်းကျိုးတွက်၊**
**တည်ဆောက်ပြုပြင်၊ မြို့တစ်ခွင်၊ အောင်မြင် တိုးတက်လျက်။**

၁၉၈၈ ခုနှစ် ဆူပူမှု အရေးအခင်း ပေါ်ပေါက်ခဲ့သဖြင့် တပ်မတော်က တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက်ခဲ့ရာ ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့များကို ဗဟိုမှ အောက်ခြေအထိ အဆင့်ဆင့် ဖွဲ့စည်းခဲ့သည်။ ကနီမြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကို တပ်မတော်အရာရှိတစ်ဦးက ဥက္ကဋ္ဌအဖြစ် ဦးဆောင်၍ တာဝန်ယူ ဆောင်ရွက်ခဲ့သည်။ ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကို ပြင်ဆင်ဖွဲ့စည်းခဲ့၏။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ဥက္ကဋ္ဌအဖြစ်တာဝန်ယူခဲ့ရသည်။

ကနီမြို့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ရှေးယခင်က အငယ်တန်းအရာရှိအဆင့်ဖြစ်သော မြို့ပိုင်က ဦးစီးကွပ်ကဲခဲ့၏။ ယခု မြို့နယ်ဦးစီးမှူးသည် ပြန်တမ်းဝင်အရာရှိအဆင့်ဖြစ်၏။ ၎င်း၏လက်အောက်တွင် ဒုတိယဦးစီးမှူးတစ်ဦး၊ အကြီးတန်းနှင့် အငယ်တန်းစာရေး ရှစ်ဦးနှင့် အခြားအဆင့် အမှုထမ်းငါးဦးခန့် ရှိလာပြီဖြစ်၏။ သို့ဖြင့်



မြို့နယ်အထွေထွေအုပ်ချုပ်ရေးဌာနတွင် ဝန်ထမ်းဖွဲ့စည်းပုံအင်အားမှာ ပိုမိုများပြားလာသောကြောင့် လုပ်ငန်းများ ထိရောက်သွက်လက်လာသည်ဟု သုံးသပ်ရသည်။ အလားတူပင် အခြားသောအစိုးရဌာနများ၏ မြို့နယ်ရုံးဖွဲ့စည်းပုံတို့လည်း တိုးတက်ပြောင်းလဲလာသည်ကို တွေ့ရသည်။

အတိတ်ကာလများက ကနီမြို့တွင် ဈေးနေရာ သတ်သတ်မှတ်မှတ် မရှိသော်လည်း တပ်မတော်အစိုးရလက်ထက်တွင် ဈေးနေရာ ရှိလာသည်။ ယခင်ဝန်ထောက်ကြီး ဦးမဲ၏ ဝင်းနေရာကို စည်ပင်သာယာရေးက ဝယ်ယူ၍ ဈေးနေရာအတွက် အသုံးပြုခဲ့သည်။

ပညာရေးကဏ္ဍတွင် ကနီအထက်တန်းကျောင်းအတွက် နှစ်ထပ်ကျောင်းဆောင် တစ်ဆောင်ကို မြို့နယ်ကောင်စီဥက္ကဋ္ဌ ဦးအောင်စိုး လက်ထက်၌ ထပ်မံတိုးချဲ့ဆောက်လုပ်နိုင်ခဲ့သည်။ (ပုံ"၁၀"ရှု)



ပုံ-၁၀။ ကနီမြို့ အခြေခံပညာအထက်တန်းကျောင်း
နှစ်ထပ်အဆောက်အအုံ

ပို့ဆောင်ရေးကဏ္ဍနှင့် စပ်လျဉ်း၍ ကုန်းလမ်းပို့ဆောင်ရေးအတွက် ယခင်က မုံရွာ- ဘုတလင်-ကနဲ ကားလမ်းသာရှိခဲ့သည်။ ပွင့်လင်းရာသီတွင်သာ သွားလာနိုင်သောလမ်းဖြစ်၏။ ယခုအခါ ချင်းတွင်းတံတား(မုံရွာ)ဖွင့်ပြီးနောက် မုံရွာ-ယာကြီး-ကလေးဝလမ်းမှတစ်ဆင့် ချောင်းမရွာမှခွဲ၍ ကနီအထိ ၁၃ မိုင်နီးပါး ကားလမ်းကို ဖောက်လုပ်နိုင်ခဲ့၏။ ဤစာရေးနေချိန်တွင် လက်ရှိအားဖြင့် အောက်ပါ ကားအသင်းများက ကနီနှင့် မန္တလေးအကြား ပြေးဆွဲပို့ဆောင်ပေးလျက်ရှိသည်-

၁။ ရတနာပုံ
၂။ သူရိန်ထွန်း
၃။ ရွှေနန်းတော်
၄။ စိုးမေတ္တာ

ရန်ကုန်အထိ သွားလိုသော ခရီးသည်များအတွက် မုံရွာ ကားသင်းများနှင့် ချိတ်ဆက်ပြုလုပ်၍ စီစဉ်ပေးနိုင်ကြောင်း သိရပါသည်။

တပ်မတော်အစိုးရလက်ထက်တွင် ယင်းမာပင်မြို့နယ် နှောရိုးရွာမှခွဲ၍ ကနီအထိ တယ်လီဖုန်းကြေးနန်းကြိုးဆွဲပြီး ကနီမှ အဝေးဆက်သွယ် ပြောဆိုနိုင်သော တယ်လီဖုန်းအိတ်ချိန်းရုံး ဖွင့်ပေးနိုင်ခဲ့သည်။ ယခုအခါ ကြေးနန်းကြိုးကို မသုံးစွဲဘဲ iPStar ဟုခေါ်သော ဂြိုဟ်တုဖုန်း ဆက်သွယ်ရေးစနစ်ဖြင့် ကနီသို့ခေါ်ဆိုနိုင်ကြောင်း သိရသည်။ ရန်ကုန် ကုဒ် (၀၁)ခံ၍ ဂဏန်းခုနစ်လုံးဖြင့် ဆက်သွယ်သောစနစ်ဖြစ်၏။ ရာသီဥတုအပေါ် မူတည်၍ လိုင်းဖြင့် ဆက်သွယ်ခေါ်ဆိုရသလောက် ဆက်သွယ်မှု အဆင်မပြေကြောင်း ကြားသိရသည်။ အိတ်ချိန်းရုံးတွင် တာဝန်ခံတစ်ဦးနှင့် နေ့စား သုံးဦးရှိကြောင်း သိရသည်။

စာရေးသူသည် ၂၀၀၈ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်အတွင်းက ကနီမြို့သို့ ရောက်ခဲ့ရာ မိမိ ကနီမှာ နေခဲ့သည့်ကာလ



အတွင်း လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းမှ တစ်ရက်ခြား တစ်ခါ ညနေ ၆း၃၀ နာရီမှ ၈း၃၀ နာရီအထိ လျှပ်စစ်ဓာတ်အားပေးနိုင်သည်ကို တွေ့ရသည်။ ကနီမြို့တွင် ဒီဇယ်ဆီဖြင့်မောင်းသော ဓာတ်အားပေးစက် အသုံးပြု၍ တစ်မြို့လုံးသို့ လျှပ်စစ်ဓာတ်အားပေးခြင်း ဖြစ်သည်။

စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် မှတ်တမ်းတင်ဖွယ်များ ရှိသည်။ ကနီမြို့တွင် ယခင်က မြေလွတ် မြေရိုင်းအဖြစ် ရှိခဲ့သော နေရာများကို ခုတ်ထွင်ရှင်းလင်းမြေပြုပြင်ပြီး သနပ်ခါးပင်များ စိုက်ပျိုးခြင်းနှင့် ကွမ်းစိုက်ပျိုးခြင်းတို့ ရှိလာ၏။ ကနီတစ်ဝန်းတွင် ခြံစည်းရိုးကြက်ဆူပင်များ ဖြစ်ထွန်းလျက်ရှိသည်ကိုလည်း တွေ့ရ၏။ ချောင်းမနှင့် သမင်ခြံကျေးရွာတို့အကြား ကားလမ်းဘေးတစ်လျှောက်နှင့် အနီးပတ်ဝန်းကျင်တွင် အလေ့ပေါက် ဆီးတောကြီးရှိသည်။ တောင်သူများ စိုက်ပျိုးသော နှမ်း၊ ပဲစင်းငုံ၊ နေကြာ စသော သီးနှံစုံလည်း ရှိသည်။ ထို့ကြောင့် ယင်းကားလမ်းဘေးတွင် စီးပွားဖြစ် ပျားမွေးမြူခြင်းလုပ်ငန်းကို ဝ,တိုင်းရင်းသားတို့ ဖောက်ချလုပ်ဆောင်လျက်ရှိသည်ကို တွေ့ရသည်။

တပ်မတော်အစိုးရလက်ထက်တွင် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများ အတန်ပင် ဆောင်ရွက်နိုင်သည်ကို လေ့လာတွေ့ရှိရ၏။

မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးခင်မောင်လေးလက်ထက်တွင် ကနီမြို့လယ်လမ်းမကြီးနှင့်တကွ ထိုလမ်းမကြီးမှ မြို့လယ်ချောင်းထဲရပ်ကို ကျော်ဖြတ်၍ ရွှေမြင်းဖြူတောင်တက် အုတ်လှေကားရင်းအထိ သွားသည့်လမ်းကို ကတ္တရာခင်းပေးနိုင်ခဲ့သည်။

မြို့နယ်ဥက္ကဋ္ဌ ဦးလှဝေလက်ထက်တွင် ဓမ္မစကြာဘုရားနှင့် ဓမ္မပါလ သာသနာ့ဗိမာန်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး အဆောက်အအုံ၊ မီးသတ်အဆောက်အအုံ၊ မိခင်နှင့်ကလေး

စောင့်ရှောက်ရေးအဖွဲ့ အဆောက်အအုံ၊ ပြည်ထောင်စုကြံ့ခိုင်ရေးအသင်း အဆောက်အအုံတို့ကို ဆောက်လုပ်နိုင်ခဲ့ကြောင်း သိရသည်။ (ပုံ- ၁၁ နှင့် ၁၂ ရှု။)



ပုံ-၁၁။ ဓမ္မစကြာဘုရားနှင့် ဓမ္မပါလ သာသနာ့ဗိမာန်တော်



ပုံ -၁၂။ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးအဝင်



ဆရာကြီးဦးထွန်းပိုင် ကွယ်လွန်ခဲ့ပြီးနောက် ဆရာ့သားသမီးများက ၎င်းတို့၏ မိဘများနေထိုင်ခဲ့သော ဝင်းမြေနှင့်အိမ်ကို ထုခွဲရောင်းချ၍ ရရှိသည့်ငွေဖြင့် မြို့လယ်ဘုရားကြီးအား ရွှေသင်္ကန်းကပ်ခြင်း၊ ဆီမီးပူဇော်ခြင်းစသည့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ခဲ့ကြသည်။ ၎င်းတို့၏ စေတနာ သဒ္ဓါတရားအတွက် သာဓုအနုမောဒနာ ခေါ်ဆိုမိပါသည်။ အထူးသဖြင့် ကနီမြို့သို့လာရောက်၍ ကာယကံမြောက် ဦးစီးဦးဆောင်ပြုကာ ကောင်းမှုကုသိုလ်ပြုလုပ်ခဲ့သော အငြိမ်းစား တိုင်းပို့ဆောင်ရေးဦးစီးမှူး ဦးမြင့်မောင်အား ချီးကျူးဂုဏ်ပြုကာ မှတ်တမ်းတင်ရပါသည်။ (ပုံ"၁၃" ရှု)



ပုံ-၁၃။ မြို့လယ်စေတီတော်

မြို့လယ်ဘုရားကြီး ပတ်ပတ်လည်၌ အကာအရံမဲ့လျက်ရှိသည်ကို ယခင်အခါက မြင်တွေ့ခဲ့ရ၏။ ယခုအခါ မဟာရံတံတိုင်း ခတ်ထားသဖြင့် ဘုရားပရိဝုဏ်မှာ သတ်သတ်မှတ်မှတ် ထည်ထည်ဝါဝါ တွေ့မြင်ရသောကြောင့် အထူးပင် ကြည်နူးပီတိဖြစ်ရ၏။

ရွှေမြင်းဖြူတောင်၏ တောင်ဘက်ခြေရင်းမှ ဘုရားရင်ပြင်တော်ပေါ်အရောက် မော်တော်ကားလမ်းကို လှူဝင်မှုနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန အငြိမ်းစား ဒုတိယဝန်ကြီး ဦးမောင်အောင်နှင့်ဇနီး ဒေါ်မွှေးမွှေး(စာရေးဆရာ မင်းဏီ၏နှမ)တို့က ဖောက်လုပ်ကာ ကောင်းမှုပြုခဲ့ပါသည်။ ကြည်ဖြူစွာ သာဓုခေါ်ရပါ၏။

ပညာရေးဌာနမှ ဦးကင်တွဲ+ဒေါ်တင်ဥတို့ကလည်း ရွှေမြင်းဖြူတောင်ပေါ်တွင် ဇရပ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့သည်။ ဦးလှဟန် ဇနီးနှင့်မိသားစုတို့ကလည်း ရင်ပြင်တော်ပေါ်တွင် အုတ်ခင်း၍ ပုညကုသလ ပြုကြသည်။ ထိုကောင်းမှုကုသိုလ် အသီးသီးအတွက်လည်း အနုမောဒနာ ခေါ်ဆိုမိပါ၏။

ထိုတောင်ပေါ်မှာပင် ဦးလှူညွန့်၏သမီး ဒေါ်တင်ဥနှင့်မြေး ဒေါ်ချိုချိုအောင်တို့က ဘိုးဘိုးကြီးနတ်ကွန်းကိုလည်းကောင်း၊ ဦးမောင်အောင်နှင့်ဇနီး ဒေါ်မွှေးမွှေးတို့က ကိုးမြို့ရှင် နတ်ကွန်းကိုလည်းကောင်း ဆောက်လုပ်ထားသည်ဟု သိရပါသည်။

ဓာတ်ပေါင်းစေတီ ပရိဝုဏ်အတွင်း စေတီတော်၏စနေထောင့်တွင် ဓမ္မာရုံအဆောက်အအုံကို ဦးမျိုးဆွေ(စာရေးသူ၏ နှစ်ဝမ်းကွဲတူ)နှင့် ဒေါ်ငွေးငွေးတို့ မိသားစုက တင့်တယ်ခံ့ညားစွာ ကောင်းမှုပြုလုပ်ထားသည်ကို တွေ့မြင်ရသည်။ "ကောင်းပေစွ၊ ကောင်းပေစွ"ဟု နှုတ်မှ ရွှန်းရွှန်း တဖွဖွ ရွတ်ဆိုဖြစ်ပါ၏။



ထူးထူးခြားခြား ခေတ်မီစွာ ပညာဒါနမျိုးစေ့ချထားသော စံနမူနာပြ ကုသလတစ်ရပ်ကို ကြားသိခဲ့ရသည်။ ထိုကုသိုလ်ရှင်တို့ကား ဦးဝင်းနှင့် ဒေါ်စောအုန်းခင် (စာရေးသူ၏ နှစ်ဝမ်းကွဲတူမ)တို့ဖြစ်သည်။ သူတို့သည် အထက်တန်းကျောင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းအတွက် ကျပ်ငွေ နှစ်ဆယ့်ငါးသိန်းကို ငွေပဒေသာပင်အဖြစ် မ,တည် စိုက်ထူထားကြောင်း သိရခြင်းဖြစ်၏။ ၎င်းတို့၏စေတနာ (မှန်ကန်သော ကုသလကမ္မပထ) အတွက် ချီးကျူးမှတ်တမ်းတင်ရပါ၏။

ဤစာရေးနေချိန်တွင် ကနီမြို့နယ်ကောင်စီဥက္ကဋ္ဌမှာ ဦးကပ်ကျော်ဖြစ်သည်။ ၎င်း၏လက်ထက်တွင် ကနီမြို့မူလတန်းကျောင်း၏ တောင်ဘက်ရှိ ရွှေဘုရား(စေတီတော်)ကို ဘက်စုံပြုပြင်မွမ်းမံလျက်ရှိသည်ကိုတွေ့ရသည်။ (ပုံ"၁၄"ရှု)



ပုံ ၁၄။
ကနီဒုတိယမြို့ဝန်
ဦးတုတ်၏ကုသိုလ်
"ရှင်ပင်စစ်သား
ရွှေဘုရား"

ပြောင်းလဲမှုများမှာ အပုံပုံပင်။ ကနီမြို့တစ်ခွင် တည်ဆောက်ပြုပြင်မှုများအပေါ် မှတ်ချက်ပြုကာ ဖြည့်စွက်တင်ပြစရာ ရှိပါသည်။

ရွှေမြင်းဖြူဘုရားကုန်းတော်ပေါ် တစ်နေရာတည်း၌ သာသနိကအဆောက်အအုံများနှင့် အတူတကွ နတ်ကွန်းများ ရှိနေခြင်းမျိုးမှာ ကနီမြို့မှာသာ ဟုတ်မည် မထင်ပါ။ အခြားသော အရပ်ဒေသမှာလည်း အလားတူ အခြေအနေမျိုးများ ရှိကောင်းရှိပါလိမ့်မည်။ သောဘနစေတသိက်ဖြစ်သော "သဒ္ဓါ"နှင့် ယှဉ်သည့်စိတ်ဖြင့် သရဏဂုံသုံးပါးကိုးကွယ်မှုနှင့် ပကိဏ်းစေတသိက်ဖြစ်သည့် "ဆန္ဒ"နှင့် ယှဉ်သော စိတ်ဖြင့် ဘုမ္မသိက ဥပပါတ်နတ် ကိုးကွယ်မှုတို့ ရောစပ်နေသည်ကို သတိပြုမိပါသည်။

"ရွှေဘုရား"ဟု လူသိများသော "ရှင်ပင်စစ်သား ရွှေဘုရား"၏ မူလကောင်းမှုရှင်မှာ ကန်ဇ္ဇဝန်ဦးတုတ်ဖြစ်၏။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်တွင် ဦးတုတ်၏သမက်ဝန်ထောက်ကြီး ဦးမဲက မွမ်းမံပြင်ဆင်ခဲ့ဖူးသည်။ နှစ်အတန်ကြာသောအခါ ဘုရားပရဝဏ်၏ မုခ်ဦးကို (ဦးဘစိန်)၊ ဒေါ်သိန်းတင် (ဦးတုတ်၏မြေး)နှင့် မိသားစုတို့က တည်ဆောက်ကုသိုလ် ပြုထားသည်။ ၂၀၀၈ ခုနှစ်တွင် စေတီတော်ကြီးကို "တင်ထွန်းဝင်း ကုမ္ပဏီ"က တာဝန်ယူ မွမ်းမံပြင်ဆင်ခဲ့၏။

အထက်တွင် အသုံးပြုခဲ့သော အတိုကောက် စကားလုံးများ၏ အဓိပ္ပာယ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | |
|---|---|---|
| ငြိမ်,တည် | = | ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ |
| အေး,ဖွံ့,ဖြိုး | = | အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ |
| ဖုန်း | = | Telephone |
| အိုင်ပီစတား | = | iPstar |
| အိတ်ချိန်း | = | Exchange |

❖ ❖ ❖ ❖

# အခန်း (၁၀)

## မရေရာသေးသော ရှေ့ရေး

### အနာဂတ်မျှော်ရည် မြို့ကနီ

ပထဝီကြောင့်၊ လမ်းပန်းထောင့်၊ နေးနှောင့် ဖွံ့ဖြိုးရေး၊
လူတို့ပြုပြင်၊ စီရင်လျှင်၊ လျင်လျင် ပြောင်းမည်တွေး၊
ရွှေစာရေးမှာ၊ ရေကာတာ၊ 'ပါဝါ'ထုတ်ဖို့အရေး၊
ရေနေများဆုံ့၊ ဆည်တည်အုံ့၊ သုံ့သုံ့ ကြားမိသေး၊
ဆည်တည်ပြီးခါ၊ ရေလျှံမှာ၊ မြို့သာ ရွှေ့ဖို့တွေး၊
မုံရွာ-ကလေးဝ၊ ကားလမ်းက၊ ချောင်းမ ရွာဘက်ရွှေး၊
ကလ္လာ ပုံပုံ၊ စုအပုံ၊ ဘက်စုံ တိုးတက်ရေး၊
လူမှုစီးပွား၊ ဖြစ်ထွန်းကား၊ မြင့်မား ခြေနေပေး၊
ကျွန်းဆွယ်သုံးစင်း၊ သွယ်ဆက်ခြင်း၊ 'အေးရှင်း' လမ်း'ဟိုင်းဝေး'၊
ရည်မှန်းစဉ်စီ၊ ဖြစ်တည်မှီ၊ ကနီ ရှေ့အရေး။

ရေမြေတောတောင် သယံဇာတဖြစ်တည်မှု ပထဝီအနေအထားနှင့်လမ်းပန်းဆက်သွယ်မှု အခြေအနေတို့အရ ကနီမြို့ လူမှုရေး၊ စီးပွားရေးတို့၏ နောင်အလားအလာမှာ များစွာပြောင်းလဲလာနိုင်စရာ မရှိဟု သုံးသပ်ရပါသည်။ လူဖန်တီးမှု တစ်စုံတစ်ခုကို အကြောင်းပြုကာ အပြောင်းအလဲကြီး ပြောင်းလဲလာနိုင်သေးသည်ကို ကြုံဖန်တွေးမိပါသည်။

ချင်းတွင်းမြစ် ရွှေစာရေးဝဲနေရာတွင် မဂ္ဂါဝပ် ၆၆ဝ ရှိ ရေအား လျှပ်စစ်ဓာတ် ထုတ်လုပ်ရေးအတွက် ရေကာတာတစ်ခု တည်ဆောက် မည့် စီမံကိန်းတစ်ရပ် အကောင်အထည်ဖော်မည်ဟူသော သတင်း စကားကို မကြာသေးသည့်နှစ်များအတွင်းက သိုးသိုးသဲ့သဲ့ ကြားခဲ့ ရဖူးပါသည်။ ဤစီမံကိန်းမျိုးကိုသာ အမှန်တကယ် အကောင်အထည် ဖော်နိုင်ခဲ့မည်ဆိုပါက ကနီမြို့၏ အနာဂတ် အလားအလာမှာ အပြောင်း လဲကြီး ပြောင်းလဲလာစရာ ရှိမည်ဟု မှန်းဆကြည့်မိပါသည်။

လွန်ခဲ့သော ဆယ်စုနှစ်အတွင်းက စစ်ကိုင်းတိုင်းတွင် သဖန်းဆိပ် ဆည်ကြီးကို အောင်မြင်စွာ တည်ဆောက်ပြီးစီးခဲ့သည်။ ယခုအခါ ရဲရွာရေအားလျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ဆဲ ဖြစ်သည်။ ရဲရွာရေအားလျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်း တွင် ၁၉၇ ဒသမ ၅ မဂ္ဂါဝပ် အင်အားရှိသည့် ဖရန်စစ်တာဘိုင်အမျိုး အစား လေးလုံးတပ်ဆင် အသုံးပြုသွားမည်ဖြစ်သဖြင့် စုစုပေါင်း စက်တပ်အင်အား မဂ္ဂါဝပ် ၇၉ဝ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဖော်ပြပါ ရေကာတာ တည်ဆောက်မှု စီမံကိန်းလုပ်ငန်းတို့နှင့် နှိုင်းယှဉ်လျှင် ပထဝီအနေအထားအရ ဖြစ်ပေါ်လာအံ့သော ချင်းတွင်း မြစ်ဝှမ်းရေနေ အကျယ်အဝန်းသည် သဖန်းဆိပ်ရေကာတာအပြီး မူးမြစ်ဝှမ်း ရေနေအကျယ်အဝန်းကဲ့သို့ ဖြစ်လာဖွယ်ရာရှိသည်။ ကျွန်းလှ မြို့သည် ရေလွှတ်ရာ ကုန်းကျကျနေရာသို့ ရွှေ့ပြောင်းခဲ့ရသည့်နည်းတူ ကနီမြို့လည်း ရေလွတ်မည့် အခြားတစ်နေရာရာသို့ ပြောင်းရွှေ့ရမည် သာ ဖြစ်သည်။

ရှေးအခါက ကျွန်းလှမြို့သည် လမ်းပန်းဆက်သွယ်မှု မကောင်း သော သွားလာရန် ဝေးလံခက်ခဲသည့် နေရာဒေသတွင် တည်ရှိခဲ့၏။



သဖန်းဆိပ်ဆည် တည်ဆဲကာလကပင် မီးရထားလမ်းနှင့်နီးရာ အရပ် ဒေသသို့ ပြောင်းရွှေ့လာရသဖြင့် လမ်းပန်းဆက်သွယ်မှု ပိုမိုလွယ်ကူ ချောမွေ့ခဲ့ပေပြီ။ လူမှုပတ်ဝန်းကျင် အခြေအနေလည်း ရှေးကထက် တိုးတက်ပြောင်းလဲနေပေပြီ။

ရွှေစာရေး ရေအားလျှပ်စစ်ဓာတ် ထုတ်လုပ်ရေးစီမံကိန်း အကောင်အထည်ဖော်နိုင်မည်သာ ဖြစ်ခဲ့သော် ကနီမြို့သည်လည်း မော်တော်ကားလမ်းနှင့်နီးရာ အရပ်ဌာနသို့ ပြောင်းရွှေ့ရပေတော့မည်။ အဖြစ်နိုင်ဆုံးနေရာမှာ ချောင်းမရွာ ပတ်ဝန်းကျင်တွင် ဖြစ်နိုင်စရာရှိ သည်။ ဤကဲ့သို့ လူနေအိမ်ခြေအားလုံး ပြောင်းရွှေ့ခဲ့ရငြားအံ့။ လက်ရှိ နေထိုင်လျက်ရှိသော ကနီဌာနေအားလုံး ကသိကအောက်နှင့် ကသီ ကရီဖြစ်ကြရမည်။ သို့လင့်ကစား နောင်လာနောက်သားများအဖို့ ပိုမို ကောင်းမွန်သော လူမှုပတ်ဝန်းကျင် အခြေအနေများ ဖြစ်ထွန်းရရှိမည် အမှန်ဖြစ်၏။ မြို့မှာလည်း တစ်မျိုးတစ်ဖုံ ဖွံ့ဖြိုးတိုးတက် ပြောင်းလဲလာ မည်ဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့လာမည်ဖြစ်သော ကြောင့် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသော အခြေ အနေကောင်းများ တွေ့ကြုံခံစားကြရပေလိမ့်မည်။ ကနီမြို့သည် နေရာ သစ်တွင် အခြေခိုင်စွာ တည်ရှိလာချိန်၌ လျှပ်စစ်ဓာတ်အား ၂၄ နာရီ ရရှိပေလိမ့်မည်။ လျှပ်စစ်ဓာတ်အားအပေါ် အခြေပြု၍ စက်မှုစီးပွား လုပ်ငန်းများလည်း ဖြစ်ထွန်းတိုးတက်လာပေလိမ့်မည်။ ရေကာတာ၏ အမြင့်ပေ အလျောက် အချို့သော ယာမြေများ လယ်မြေအဖြစ်သို့ အသွင်ပြောင်းလာပြီး သီးထပ်စိုက်ပျိုးရေးများလည်း ပေါ်ပေါက်လာပေ လိမ့်မည်။ ရေလုပ်ငန်းများလည်း အောင်မြင်ဖွံ့ထွားလာနိုင်စရာရှိသည်။

ထိုအချိန်တွင် ကနီမြို့ဟောင်းနေရာသည် ကုန်းမြင့်ခင်တန်းနေရာများများမှအပ ရေအောက်သို့ ရောက်ရှိသွားမည် ဖြစ်၏။ မြို့လယ်စေတီတော်ကြီးလည်း ရေလယ်ဘုရားကြီးအသွင်သို့ ပြောင်းလဲသွားမည်ဖြစ်၏။ ကနီမြို့နယ်အတွင်း မြေနိမ့်ရပ်ဝန်းရှိ ရွာများလည်း ကနီကဲ့သို့ပင် ကုန်းကျသော အရပ်ဒေသသို့ ရွှေ့ကြရပေမည်။ ချင်းတွင်းမြစ်လက်ယာဘက်ခြမ်းရှိ ရွာများသည် မုံရွာ-ကလေးဝ ကားလမ်းတစ်လျှောက် ရောက်လာမည်ဖြစ်သကဲ့သို့ လက်ဝဲဘက်ခြမ်းရှိ ရွာများမှာလည်း ဒီပဲယင်းနယ်၊ ဘုတလင်နယ်စပ်များသို့ နီးကပ်သွားမည်ဟု မှန်းဆရသည်။ ချင်းတွင်းမြစ်ရေပြင်သည် အင်းလေးကန်ပမာ မိုင်ပေါင်းအတော်အတန် အနံကျယ်ဝန်းလာမည်ဆိုပါက လက်ဝဲဘက်ခြမ်းရှိ ကျေးရွာများမှာ လမ်းပန်းဆက်သွယ်ရေးအရ လုံခြုံရေးနှင့် အုပ်ချုပ်ရေးအလို့ငှာ ကနီမြို့နယ်နယ်နိမိတ်အတွင်း ဆက်လက်ရှိကောင်းမှ ရှိမည်။ ကနီမြို့နယ်အတွင်းမှာပင် ယခင်အတိုင်း ဆက်လက်သွတ်သွင်း ထားမည်ဆိုပါက ရေပြင်ကျယ်ကြီးကို ဖြတ်သန်းသွားလာရန် “စပိဘုတ်” ခေါ် စက်တပ်အမြန်ယာဉ်များ ထားရှိသုံးစွဲရပေမည်။

ကနီမြို့သည် ကားလမ်းမကြီးအနီးသို့ ရောက်ရှိလာပါက ထိုအချိန်တွင် အင်ဒိုချိုင်းနားကျွန်းဆွယ်၊ အိန္ဒိယကျွန်းဆွယ်၊ အာရေဗီယကျွန်းဆွယ်တည်းဟူသော ကျွန်းဆွယ်သုံးသွယ်ကို ဆက်သွယ်ထားမည့် မြန်မာနိုင်ငံကို ဖြတ်၍ အာရပ်ဒေသအထိ ပေါက်ရောက်သော အာရှအဝေးပြေးလမ်းမကြီး တစ်သွယ်လည်း ဖြစ်ထွန်းပေါ်ပေါက်လျက်ရှိကောင်းရှိပေလိမ့်မည်။ ထိုသို့ဆိုလျှင် ကနီမြို့၏ တည်ရှိမှုအနေအထားသည် လက်ရှိအနေအထားနှင့်မတူ ခြားနားကာ များစွာတိုးတက်ပြောင်းလဲလျက်ရှိနေမည်ဟု အနာဂတ်အရေးကို စိတ်မှန်းဖြင့် တွေးမိပါတော့၏။

❖ ❖ ❖ ❖

# နိဂုံး

စာရေးသူသည် မုံရွာခရိုင် ယင်းမာပင် (ရင်းမာပင်)မြို့ ဇာတိဖြစ်သည်။ ဖခင်မှာ ကနီသားဖြစ်၍ မိခင်မှာ ယင်းမာပင်သူ ဖြစ်သည်။ ယင်းမာပင်သည် ဗန့်ကျီနယ်အတွင်း အကျုံးဝင်၏။ ထို့ကြောင့် စာရေးသူသည် ကနီနွယ်ဖြစ်ပြီး ဗန့်ကျီနယ်သား ဖြစ်ရသည်။ အသက် ၁၆ နှစ်အရွယ်အထိ မွေးရပ်မြေတွင် နေခဲ့ရသဖြင့် ယင်းမာပင်အကြောင်း ပို၍သိသည်။ မိမိ မမွေးမီ ကနီအတိတ်ဖြစ်စဉ်များကို ငယ်ရွယ်စဉ်က ဖခင်ကြီးပြောပြသောကြောင့်လည်းကောင်း၊ ကနီမြို့တွင် ၁၉၃၉ မှ ၁၉၄၂ ခုနှစ်အထိ သုံးနှစ်နေခဲ့ဖူးသော အစ်မကြီး ပြောပြသောကြောင့်လည်းကောင်း စဉ်လာစကားများကို ကြားဖူးခဲ့ပြီး ကနီအကြောင်း ကနီသားတစ်ယောက်နှင့်မခြား ကောင်းစွာသိရှိပါသည်။ ကနီမြို့သို့ ၁၆ နှစ်သားအရွယ်တွင်မှ ရောက်ဖူးပြီး အလွတ်ပညာသင်ကျောင်းသားအဖြစ်ဖြင့် နှစ်နှစ်ကြာမျှ နေခဲ့၏။ ထို့ကြောင့် မိမိမရောက်မီနှင့် ရောက်ပြီး ကနီဖြစ်စဉ်များကို ရှေ့နောက် ဆက်စပ်လေ့လာသိရှိခဲ့ခြင်း ဖြစ်သည်။

တက္ကသိုလ်ဝင်တန်းအောင်ပြီး ၁၈ နှစ်သားအရွယ်တွင် ကနီမှထွက်ခွာခဲ့၏။ ထို့ကြောင့် ကနီနှင့် အတန်ပင် ကင်းကွာနေခဲ့သေးသည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပြီး စစ်ကိုင်းတိုင်းတွင် တိုင်းဦးစီးမှူး တာဝန်ထမ်းဆောင်ခဲ့ရသော ၁၉၇၇ မှ ၁၉၈၃ ခုနှစ်အထိ ခြောက်နှစ်တာ ကာလအတွင်း

ကနီမြို့သို့ နယ်လှည့်ခရီးထွက်ရင်း ရောက်ရပြန်သည်။ ဤသို့ဖြင့် ကနီ၏နောက်ပိုင်းဖြစ်စဉ်များကို ဆက်စပ်သိရှိလာနိုင်ခဲ့၏။ အသက်ပြည့် အငြိမ်းစားယူပြီး ၁၉၉၉ ခုနှစ်တွင် အလည်တစ်ခေါက် ရောက်ခဲ့သေး၏။ ၂၀၀၈ ခုနှစ်တွင်လည်း နောက်တစ်ကျော့ ရောက်ခဲ့ပြန်၏။ ယခင်သိရှိပြီး ဖြစ်စဉ်များနှင့်တစ်ဖန် ဆက်စပ်၍ နောက်ဖြစ်စဉ်များကို ဆွေမျိုးမိတ်သင်္ဂဟများထံမှ ထပ်မံသိရှိလာရပြန်သည်။ သိလိုသော အကြောင်းအချက်များကိုလည်း စူးစမ်းလေ့လာနိုင်ခဲ့သည်။

ခေတ်ကာလအလျောက် အကြောင်းအချက်များကို အခန်းအလိုက် ခေါင်းစီးကြီးများခွဲ၍ ထိုခေါင်းစီးကြီးများအောက်တွင် အကျုံးဝင်သင့်သော အချက်အလက်ခွဲများကို ခေါင်းစီးငယ်များ ဖွဲ့ကာ တင်ပြထားပါသည်။

ခေါင်းစီးငယ်များအောက်ရှိ အကြောင်းခြင်းရာများနှင့် စပ်လျဉ်း၍ အကျဉ်းချုပ် သိသာရန် လင်္ကာသံပေါက်များကို ကနဦး ရေးဖွဲ့ထားပါသည်။ သို့ဖော်ပြရခြင်းတွင် ရည်ရွယ်ရင်းများရှိပါသည်။ မုံရွာခရိုင်အတွင်းရှိ အရပ်ဒေသများမှ ရေးစာဆိုကြီးများသည် လင်္ကာသံပေါက်များဖြင့် သံခိပ်အသွင် မှတ်တမ်းတင်ခဲ့သည့် ပုံစံကို နည်းနာခံလျက် အစဉ်အလာမပျက် ဖော်ပြလိုသည်တစ်ကြောင်း ဖြစ်၏။ ထို့ပြင် မျိုးဆက်သစ်များလည်း မိမိတို့မှတ်သားလိုသည့် အကြောင်းခြင်းရာများကို အကျဉ်းဆောင်ပုဒ်များအဖြစ် လွယ်လင့်တကူ ဆောင်ယူထိန်းသိမ်း ထားနိုင်ရေးအတွက် တင်ပြလိုသည်လည်း တစ်ကြောင်းဖြစ်၏။

အခန်းအသီးသီးအောက်တွင် ဖော်ပြထားသည့် အကြောင်းအရာများအနက် အချို့သော အချက်အလက်များမှာ အငြင်းပွားစရာ၊



အစွန်းငြိစရာ ကိစ္စများရှိပါသည်။ ထိုသို့ရှိလျှင် အကြောင်းတိုက်ဆိုင်လာတိုင်း ရှင်းလင်းချက်များကို မှတ်ချက်သဖွယ် ဆက်နွယ်ဖော်ပြထားပါသည်။

ကနီဖြစ်စဉ် ပုံရိပ်သွင်များအတွက် အထောက်အကူဖြစ်စေမည့် မှတ်တမ်းဓာတ်ပုံများ၊ နောက်ဆက်တွဲများနှင့် ကျမ်းကိုးများကို လိုအပ်သလို ထည့်သွင်းဖော်ပြထားပါသည်။

ကနီနှင့် ဗန့်ကျီနယ်မြေနှစ်ရပ်သည် ဆက်စပ်လျက်ရှိသည့်အလျောက် ကနီဖြစ်စဉ်များအနက် အချို့ဖြစ်စဉ်များမှာ ဗန့်ကျီနှင့် တိုက်ရိုက်ပတ်သက်နေသည်များလည်း ရှိပါသည်။ စာရေးသူသည် ထိုဖြစ်စဉ်များကို ဖော်ပြရာ၌ ကနီသားတစ်ယောက်လိုလည်း မခံစား၊ ဗန့်ကျီနယ်သား တစ်ယောက်လိုလည်း မခံစားဘဲ ကြားလူတစ်ယောက်အနေမျိုးဖြင့် ရေးသားတင်ပြထားပါသည်။ သို့ရာတွင် ကနီသားဖြစ်သော ဖခင်ကြီး ပြောပြသည့် ရေးအတိတ်ပုံရိပ်သွင်များကို ဖော်ပြရာ၌ ဖခင်ကြီး ခံယူမှုသဘောထား လောင်းရိပ်အောက်မှ မထွက်မြောက်နိုင်သည်လည်း ရှိကောင်းရှိပါမည်။

မြန်မာမင်းများလက်ထက်က အကြောင်းဖြစ်စဉ်များကို တင်ပြရာတွင် ထိုခေတ်အခါက သုံးနှုန်းခဲ့သော ဝေါဟာရများအတိုင်း ဖော်ပြထားပါသည်။ နှောင်းခေတ် စာဖတ်သူများ နားလည်နိုင်မည့် ဝေါဟာရအသုံးအနှုန်းများကို လိုအပ်မည့် နေရာများတွင် လက်သည်းကွင်းအတွင်း၌ ထည့်သွင်းကာ ယှဉ်တွဲဖော်ပြထားပါသည်။

ရဲဘော်ဖြူ ခေတ်ကာလကို သရုပ်ဖော်ရာ၌ အစိုးရအား ဆန့်ကျင်သည့် သောင်းကျန်းသူများအဖြစ် ဖော်ဖွဲ့ရခြင်းဖြစ်သဖြင့် ၎င်းတို့အား အပြစ်တင်သည့်လေသံ ပါကောင်းပါရှိပါမည်။ ထိုသို့ဖြစ်ရ

ခြင်းမှာ စာရေးသူသည် ၁၉၄၉ ခုနှစ်နှင့် ၁၉၅၀ ပြည့်နှစ်များအတွင်း ယင်းမာပင်တွင် နှစ်နှစ်တာမျှ ရဲဘော်ဖြူခေတ်သမယ၌ ပညာမသင်ခဲ့ရသော ကာလအတွက် ခံစားချက်ဓာတ်ခံကြောင့် တစ်ကြောင်းလည်း ဖြစ်နိုင်ပါ သည်။

အခြားသော ဖြစ်စဉ်ပုံရိပ်သွင်များကို တတ်နိုင်သမျှ အမှန်ကန်ဆုံးဖြစ်အောင် ကြိုးစားတင်ပြထားပါသည်။ အကြောင်းခြင်းရာနှင့် အခြေအနေတို့ကို ဖော်ပြရာတွင်လည်းကောင်း၊ အသီးသီးသော ပုဂ္ဂိုလ်များအကြောင်း ဖော်ပြရာတွင်လည်းကောင်း ထိခိုက်နစ်နာစေမည့် အသုံးအနှုန်းများကို အတတ်နိုင်ဆုံး ရှောင်ရှားခဲ့ပါသည်။

“အမှတ်ထင်ထင် ကနီပုံရိပ်သွင်များ”ကို ခြုံငုံသုံးသပ်ကြည့်ရန် လိုအပ်မည် ဖြစ်ပါသည်။ စာရေးသူ၏ တင်ပြချက်သည် ကနီဖြစ်စဉ်သီးသန့်ကိစ္စတစ်ရပ်ဟု ကျဉ်းမြောင်းစွာ ယူရန် မဟုတ်ပါ။ သီးသန့်ကိစ္စရပ်မှ ယေဘုယျဘောင်မှုသို့ ဆောင်ယူရန် လိုအပ်ပါသည်။ ထိုသို့ဆိုလျှင် လူ့ဘဝဇာတ်ခုံပေါ်က အဖုံဖုံသော ဖြစ်ရပ်တို့အပေါ် လျှောက်ပတ်သော အဖြေတစ်ရပ်ကို ထုတ်ဖော်ကြည့်အပ်ပါသည်။ ထိုအခါ ကာလ၊ ဒေသ၊ ပယောဂဟု ဆိုရမည့်အခြေခံသဘောတရားနှင့် မလွတ်ကင်းသော ဤလူ့ဘုံ လူ့လောကတွင် အမှတ်ထင်ထင် ကြုံဆုံရသမျှတို့သည်ကား ကြည်နူးနှစ်လိုဖွယ် အခြင်းအရာများ၊ ပြုံးရွှင်ပျော်မွေ့စရာ အကြောင်းရပ်များ၊ သနားကရုဏာသက်စရာဖြစ်ရပ်များ၊ ရက်စက်ကြမ်းကြုတ်မှု မြင်ကွင်းများ၊ ရွံရှာစက်ဆုပ်ဖွယ် အခြေအနေများ၊ ထိတ်ရွံ့တုန်လှုပ်ဖွယ် အဖြစ်အပျက်များ၊ ရဲစိတ်ရဲမာန်ဖြစ်ဖွယ်ကိစ္စများ၊ ရင်သပ်ရှုမော အံ့သြဘနန်း အတွေ့အမြင်များ၊ စိတ်နှလုံး တည်ကြည်ငြိမ်သက်မှုကို ဖြစ်စေသော သွင်ပြင်လက္ခဏာ



များနှင့်သာ ပြွမ်းတီးပြည့်နှက်လျက်ရှိသည်ကို ပီပြင်စွာ သိမြင်လာမည် ဖြစ်ပါသည်။

အထက်ပါအတိုင်း သိမြင်ခံစားလာသည်နှင့်အမျှ ကောင်း,ဆိုးနှစ်တန်၊ မှား,မှန်နှစ်ရပ်တို့ကို ပိုင်းခြားလျက် သင်ခန်းစာများကောက်နုတ်ရယူနိုင်မည် ဖြစ်ပါသည်။ တစ်ဆက်တည်းပင် အဆိုးကိုရှောင်ခြင်း၊ အကောင်းကို ဆောင်ခြင်းဖြင့် လမ်းမှားကို မနှစ်ခြိုက်ဘဲလမ်းမှန်သို့သာ လိုက်ကြမည်ဟု ယုံကြည်မိပါသည်။

ကနီပုံရိပ်သွင်များသည် နိုင်ငံ၏သမိုင်းမှ တစ်စိတ်တစ်ပိုင်း ဖြစ်သည်ကို သိမြင်နိုင်ပါသည်။ ကနီ၏ ခေတ်ကြေးမုံကို သုံးသပ်လျှင်မြန်မာ့ပုံရိပ်အသွင်လည်း ထင်ဟပ်လျက် ရှိနေပါသည်။ စာရေးသူတို့ဖြတ်သန်းခဲ့သော ခေတ်အဆက်ဆက်တွင် အခြား အခြားသော အခါသမယများကို အပထား၊ ပညာသင်ကြားခဲ့ရမည့် ကာလဖြစ်သည့်ဂျပန်ခေတ်နှင့် သောင်းကျန်းသူခေတ်တို့ကို ကွက်၍ရှုပါ။ ထိုခေတ်သမယ၌ စာရေးသူတို့ လျှောက်လှမ်းခဲ့ရသည့် မဖြောင့်ဖြူးသောပညာရေးခရီးကြမ်းနှင့် အကျိုးဆက်များမှာ မနှစ်မြို့ဖွယ်များ ခြံရံလျက်ရုန်းကန်လှုပ်ရှားခဲ့ရသည့် အတွေ့အကြုံများသာ ဖြစ်ကြောင်း သိသာထင်ရှားပါသည်။ ဤတွင် လွတ်လပ်ရေး၏ ဂုဏ်ရည်ကို လည်းကောင်း၊ တည်ငြိမ်အေးချမ်းမှု၏ အနှစ်သာရကို လည်းကောင်း တန်ဖိုးထားကာနိုင်ငံသားတိုင်း ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်သည် အဘယ်ဖြစ်သည်ကိုပါ နားလည်သဘောပေါက်စရာ ဖြစ်ပါသည်။

ဤမှတ်တမ်းပြုစုရာတွင် အဘက်ဘက်က ဝိုင်းဝန်းကူညီအားပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား ကျေးဇူးတင်ကြောင်းသောင်းပြောင်းရည်ညွှန်းကာ အမှုကွန်းတင်အပ်ပါသည်။

❖ ❖ ❖ ❖

# ကျမ်းကိုးစာရင်း


- ကနီမြို့နယ်မှတ်တမ်း၊ ကနီ န.လ.က
- ကနီမြို့နယ်မှတ်တမ်း၊ ကနီ မ.က.စ၊ ၁၉၇၉
- ကနီမြို့နယ်မှတ်တမ်း၊ ကနီ မ.က.စ၊ ၁၉၈၂
- ကဝိလက္ခဏာသတ်ပုံ၊ စိန္တကျော်သူ ဦးဩ၊ သုဓမ္မဝတီပုံနှိပ်တိုက်၊ ၁၂၈၅
- ကုန်းဘောင်မင်းဆက် ရာဇဝင်တော်ကြီး(တတိယတွဲ)၊ ဦးမောင်မောင်တင်(၁) လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်၊ ၁၃၂၉
- ကျည်းကန်ရှင်ကြီး မေတ္တာစာနှင့်အဖြေ၊ ဦးဖိုးစိန်၊ တိုးပုံနှိပ်တိုက်၊ ၁၂၉၉
- ဂမ္ဘီရကဗျာကျမ်း၊ လယ်တီဆရာတော်၊ အမျိုးသားပုံနှိပ်တိုက်၊ ၁၂၇၃
- ဆုထူးပန်အဘိဓမ္မာ(ပထမတွဲ)၊ ဆုထူးပန် ဆရာဟန်၊ ပြည်မြန်မာပုံနှိပ်တိုက်၊ ၁၉၉၆
- ဆုထူးပန်အဘိဓမ္မာ(ဒုတိယတွဲ)၊ ဆုထူးပန် ဆရာဟန်၊ ပြည်မြန်မာပုံနှိပ်တိုက်၊ ၁၉၉၈
- နိဗ္ဗာနဂါမိနိပဋိပဒါ(ပထမတွဲ)၊ ဖားအောက်ဆရာတော်၊ ဓမ္မဒေသနာ ပြန့်ပွားရေး ပုံနှိပ်တိုက်၊ ၂၀၀၄
- ပရမတ္ထသံခိပ်ဋီကာ၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၊ ကဝိမျက်မှန်ပုံနှိပ်တိုက်၊ ၁၂၉၉
- ဘာဝနာပါရဂူကျမ်း၊ အရှင်ဝါယမ လှခင်အင်ဆန်းပုံနှိပ်တိုက်၊ ၁၉၆၃
- မဟာဂီတပေါင်းချုပ်(သတ္တမအကြိမ်)၊ ဦးပြုံးချို၊ ရတနာ့ဂုဏ်ရည်ပုံနှိပ်တိုက်၊ ၁၉၇၇
- မောင်းထောင် ဦးကျော်လှ၊ သံချိုပေါင်းချုပ်၊ ယဉ်ကျေးမှုဗိမာန်၊ ၁၉၈၃
- မြန်မာစာ မြန်မာမှု၊ မင်းသုဝဏ်၊ နံ့သာပုံနှိပ်တိုက်၊ ၁၉၆၅
- မြန်မာစာလုံးပေါင်း သတ်ပုံကျမ်း၊ မြန်မာစာအဖွဲ့၊ ၁၉၉၉
- မြန်မာအဘိဓာန်၊ မြန်မာစာအဖွဲ့၊ ၁၉၉၁
- မြန်မာ့ရေးရာ သုတပဒေသာ၊ မောင်ဇနိယ၊ ခါတော်မီစာပေ၊ ၁၉၆၆
- မြန်မာ့အလင်းသတင်းစာ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ၁၂–၁၁–၀၈
- ယောဂီပါရဂူကျမ်း(စတုတ္ထအကြိမ်)၊ ကနီဆရာတော် ဦးသောဘိတ၊ သာသနာရေးဦးစီးဌာန၊ ၁၉၉၇
- ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ၊ ဦးဌေးလှိုင်၊ ဗုဒ္ဓအသံစာပေ၊ ၁၉၉၃
- သင်္ဂြိုဟ်သင်နည်းသစ်၊ ဒေါ်ဉာဏသီ၊ C.S.S(Apple) ၂၀၀၃
- အညာပြန်၊ သိန်းဖေမြင့်
- ဦးကျော်လှ သံချိုကဗျာများ၊ ကနီ ဦးလှူညွှန့်၊ နဝဒေးစာပေ၊ ၁၉၆၃
- မှန်နန်းရာဇဝင်တော်ကြီး (ပ–ဒု–တ)၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

နောက်ဆက်တွဲ "က"



စစ်ကိုင်းတိုင်း၊ မုံရွာခရိုင် ကနီမြို့တည်ရှိနေရာပြမြေပုံ

နောက်ဆက်တွဲ "ခ"

